သံသရာဝင်္ဂမ္ဗ လွတ်၍ မဂ်ဖိုလ်နိဗ္ဗာန်ရောက်ကြောင်း

ဖြစ်သော

ဦးဝရသာဓိဘိဝံသ (ဓမ္မာစရိယ)

၏

ပဋိစ္စသမုပ္ပါဒ်အကြောင်း သိကောင်းစရာ

ပဋိစ္စသမုပ္ပါဒ်နှင့်ပတ်သက်၍

တရားပွဲများသုံးနိုင်သည်။

၇၆

ဂဏ္ဍာရုံသာယာပိဋကတ်စာအုပ်ဆိုင်

အမှတ် - ၂၇/ ၂၈/ ၂၉၊ ဇွဲတိုက်ဘုရားဈေးတော်ရုံ

ရန်ကုန်မြို့။ ဖုန်း- ၃၇၄၈၁၃

သံသရာဝဋ်ဖြစ် လွတ်၍ ဗဂ်ဖိုလ်နိဗ္ဗာန်ရောက်ကြောင်း

ဖြစ်သော

ဦးဝဏ္ဏသာဖိဘိဝံသ (မွန်စစရိယ)

၏

ပဋိစ္စသမုပ္ပါဒ်အကြောင်း

သိကောင်းစရာ

ပဋိစ္စသမုပ္ပါဒ်နှင့်ပတ်သက်၍

တရားပွဲများသုံးနိုင်သည်။

ကောဇာသတ္ထုရာဇ် - ၁၃၇၄ သာသနာသတ္ထုရာဇ် - ၂၅၅၆

ပုံနှိပ်မှတ်တမ်း

ထုပ်ဝေသည့်လ - ၂၀၁၂ခုနှစ်၊ စက်တင်ဘာလ

အကြိမ် - ပထမအကြိမ်

အုပ်ရေ - ၅၀၀

တန်ဖိုး - ၂၀၀၀ ကျပ်

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ် - ဒေါ်စမ်းစမ်းအေး (၀၅၃၀၀)
ရတနာ့ဂုဏ် အော့ဖ်ဆက်
အမှတ် - ၅၁၊ ၁၄၀ - လမ်း၊
တာမွေမြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ - ဦးစိုးတင့်၊ ဧရွှေပြည်သာစာပေ
၆/၁၀၊ ချင်းတွင်းလမ်း၊
ရွှေပြည်သာ။



ကုဏ္ဍာသယစာပေ
အမှတ် (၂၇/၂၈/၂၉)၊
ရွှေတိဂုံဘုရား တောင်ဘက်မုခ်၊ ဈေးတော်ရုံး၊
ဖုန်း - ၃၇၄၈၁၃

ဦးဝရသာမိဘိဝံသ ၂၉၄.၈၃
ပဋိစ္စသမုပ္ပါဒ်အကြောင်းသိကောင်းစရာ
ဦးဝရသာမိဘိဝံသ (မွန်စရိယ)၊ ရန်ကုန်
ရွှေပြည်သာစာပေ၊ ပထမအကြိမ် - ၂၀၁၂။
စာ - ၂၁၆၊ ၁၃.၅ × ၂၀စင်တီ
(၁) ပဋိစ္စသမုပ္ပါဒ်အကြောင်းသိကောင်းစရာ။

အကြောင်းအရာ မိတ်ဆက်လွှာ

သတ္တဝါအပေါင်း အဆုံးမရှိ၊ ကောင်းကင် အဆုံးမရှိ၊ စကြဝဠာ အဆုံးမရှိ၊ ဘုရားရှင်၏ဉာဏ်တော် အဆုံးမရှိဟု ဗုဒ္ဓဝံသပါဠိတော်၌ အနန္တ တရားလေးပါး ရှိကြောင်း လာပေ၏။

ကျွန်းငယ်ငါးရာစီ အခြံအရံနှင့် အရှေ့ အနောက် တောင် မြောက် ကျွန်းကြီးလေးကျွန်း၊ အလယ်မှာ မြင်းမိုရ်တောင်တစ်ခုကို စကြဝဠာတစ်ခု ခေါ်၏၊ ၎င်းစကြဝဠာသည်လည်း မရေမတွက်နိုင်။

၎င်းမရေတွက်နိုင်သော စကြဝဠာအားလုံးကို ပေါင်းလိုက်လျှင် ရုပ်နာမ် နှစ်ပါးသာရှိသည်၊ ၎င်းရုပ်နာမ်နှစ်ပါးကို ဘုရားရှင်သည် ကျွတ်ထိုက်သော ဝေနေယျသတ္တဝါတို့ကို ကြည့်၍လည်းကောင်း၊ ဒေသနာတော်ကို တန်ဆာဆင်၍လည်းကောင်း၊ စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်၊ ခန္ဓာ, အာယတန, ဓာတ်, သစ္စာ, ပဋိစ္စသမုပ္ပါဒ်, ဗောဓိပက္ခိယတရားစသည်ဖြင့် ဟောတော်မူခဲ့ပေသည်။

မပြတ်ဖြစ်ရာ သံသရာ

ခန္ဓာ, အာယတန, ဓာတ်တို့၏ မပြတ်ဖြစ်ခြင်းကို 'သံသရာ'ဟု ခေါ်၏။

ငင်းတို့ဖြစ်ပျက်နေသည်မျာလည်း ပဋိစ္စသမုပ္ပါဒ်နည်းအတိုင်း ဖြစ်ပျက်နေ၏၊ ငင်းတို့၏ အကြောင်းအကျိုးကို ဟေတုသတ္တိ စသည် ဆက်နွယ်ထားသည်၊ အကြောင်းအကျိုး နှစ်မျိုးသာရှိ၏၊ ငင်းရုပ်နာမ်နှစ်ပါး အပေါင်းကို ယောကျ်ား, မိန်းမသတ္တဝါဟု ခေါ်ဝေါ်နေ၏၊ ပဋိစ္စသမုပ္ပါဒ် စက်ယန္တရားကြီး အကြောင်းအကျိုးကို ပညာမျက်စိဖြင့် မြင်ဖို့ လိုသည်။ သို့မှ ပဋိစ္စသမုပ္ပါဒ် စက်ယန္တရားကြီး ရပ်ကာ ဒုက္ခအေးမည်၊ မရပ်ကာ သုံးဆယ့်တစ်ဘုံမှာ ကျင်လည်နေကြရမည်။

ပဋိစ္စသမုပ္ပါဒ်တရားကို မသိခြင်းအပြစ်

ပဋိစ္စသမုပ္ပါဒ်စက် မရပ်မတည် သွားလာနေက ဇာတိစသော မီးများ ကြီးပွားရသည်၊ လောကမှာ ဘယ်တရားဖြစ်ဖြစ် ဒုက္ခသာတည်း။ သို့သော် မြင်၏ဟူသည် အားလုံးသော ရုပ်နာမ်များကို သိဖို့ မလို။ ဘုရားရှင်မှာသာ လိုသည်၊ ပထဝီ စသော ရုပ်တစ်ခုခု၊ ဖဿ ဝေဒနာ စသော နာမ်တရားတစ်ခုခုကို သိကလည်း သောတာပန်အစ, ရဟန္တာထိ ဖြစ်နိုင်သည်၊ သောတာပန်ကျင့်အပ်သော တရားကို သကဒါဂါမ်စသည့် မကျင့်ရဟူ၍လည်း မရှိ၊ သောတာပန်ကျင့်အပ်သောတရားက တစ်မျိုး၊ သကဒါဂါမ်ကျင့်အပ်သောတရားက တစ်မျိုးဟူ၍လည်း မရှိနိုင်ဟု မူလ ပဏ္ဏာသ မူလပရိယာယသုတ် အဋ္ဌကထာ (၅၄)၌ လာ၏။

အရွက်ကို မြင်လာသူလည်း ပေါက်ပင်ကို မြင်လာသူ၊ အသီးကို မြင်လာသူလည်း ပေါက်ပင်ကို မြင်လာသူ မည်သကဲ့သို့ ပထဝီဓာတ်က တက်တက်၊ အာပေါဓာတ်က တက်တက်၊ ဖဿ ဝေဒနာစသော နာမ်တရားတစ်လုံးလုံးက တက်တက် နိဗ္ဗာန်ကို ရောက်နိုင်သည်ဟု ကိုသုထော

ပမဏတ်၊ ကိသုဏောပမသုတ်၌ ဘုရားရှင် ဟောတော်မူသည်။ အရှင် သာရိပုတ္တရာက ဓနေဉာနီပုဏ္ဏားကြီးအား တရားဟောခြင်း၊ အရှင်သာရိ ပုတ္တရာသည် ပန်းထိမ်သည်သားအား ကမ္မဋ္ဌာန်းပေးခြင်း၊ အရှင်သာရိ ပုတ္တရာသည် နေဝသညာနာသညာယယတနဘုံ၌ နာမ်တရားတို့.ကို ကမ္မဋ္ဌာန်းမစီးဖြန်းနိုင်ခြင်းစသည်ကို ရှု၊ ဒေသနာတော်တို့၌ ရာဂစရိုက် စသည် ခြောက်ပါးရှိသည်ကိုလည်း သတိပြုအပ်၏။

ခက်ခဲနက်နဲသော တရားလေးပါး

သစ္စာလေးပါးတရား၊ သတ္တဝါအကြောင်း၊ ပဋိသန္ဓေအကြောင်း၊ ပဋိစ္စသမုပ္ပါဒ်တရားတည်းဟု သမ္မောဟဝိနောဒနီအဋ္ဌကထာ (၁၂၃)၌ လာပေ၏။

ဤပဋိစ္စသမုပ္ပါဒ်တရားသည် သမုဒ္ဒရာ၌ ယုန်ငယ်-သသ ခြေထောက်ချ၍ မရသည်နှင့် တူ၏၊ ကိုယ်တိုင်သိဖို့.လည်း ခဲယဉ်း၏၊ ကိုယ် တိုင်သိသော်လည်း သူများသူတကာကို ဟောပြောဖို့. ခဲယဉ်း၏။ နာသော သူလည်း သိဖို့. ခဲယဉ်း၏။ ဘုရားရှင်သည်ပင် ဤပဋိစ္စသမုပ္ပါဒ်တရားကို သိမြင်ဖို့.အတွက် လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်း ကာလပတ်လုံး ဒါန စသော တရားတို့.ကို အားထုတ်ခဲ့ရသည်ဟု မဟာနိဒါနသုတ်အဋ္ဌကထာ (၈၅)၌ လာပေ၏။

ဤစာအုပ်၏ ရည်ရွယ်ချက်

ဤပဋိစ္စသမုပ္ပါဒ် ဒေသနာတော်သည် ရုပ်နာမ်တရား ပရမတ္ထ သဘောဖြစ်၍ ခက်ခဲနက်နဲသည်၊ ထို့.ကြောင့် စိတ်မဝင်စားကြပေ။ ကြည့်ရှုကျက်မှတ်ဖို့.ရန် ပျင်းရိတတ်ကြ၏။ သို့.သော် ပရမတ္ထဟူသည် ပညတ်

နှင့် မကင်းတတ်ပေ။ ထို့ကြောင့် ပညတ်အပေါ်မှာ တင်၍ လေ့လာပါမူ စိတ်ဝင်စားနိုင်စရာအကြောင်းရှိပေ၏။

ဟုတ်မှန်ပါ၏၊ ဘုရားရှင်သည်လည်း လူနတ်ဗြဟ္မာစသည်ဖြင့် ဟောတော်မူက သံသရာက လွတ်မည့်ပုဂ္ဂိုလ်ကို လူနတ်ဗြဟ္မာဟု သမ္မုတိ သစ္စာဖြင့် ဟောတော်မူ၏။ ရုပ်နာမ်စသည်ကို ဟောတော်မူက သောတာပန်စသည်ဖြစ်မည့်ပုဂ္ဂိုလ်ကို ရုပ်နာမ်စသည်ဖြင့် ပရမတ္ထဒေသနာကို ဟောတော်မူ၏။ 4.

ဤစာအုပ်၏ ရည်ရွယ်ချက်မှာ – ပဋိစ္စသမုပ္ပါဒ်နှင့် ပတ်သက်၍ တရားဟောလိုသူစသည်တို့သည်လည်း ကျက်မှတ်၍ကောင်း၊ ဟောပြော၍ကောင်း၊ နားထောင်၍ကောင်း၊ ကြည့်ရှုဖတ်၍ကောင်းအောင် သုတ္တန် ဇာတ်နိပါတ် ဝတ္ထုသက်သေများ ဥပမာဆောင်၍ပြခြင်း၊ ဥပမာဥပမေယျ ပြည့်ပြည့်စုံစုံ တန်ဆာဆင်ထားခြင်း၊ စကားပြေ ချောအောင် ရေးသားထားခြင်း၊ ပါဠိ အဋ္ဌကထာ ဋီကာ အနက်သင့်လျော်ကန်အောင် ရေးထားခြင်းစသည်တို့ဖြင့် ဝေဝေဆာဆာ တင်ပြထားသည်။

ဤ၌ နိဒါန်းသည်ပင် တရားတစ်ပုဒ်၊ ပဋိစ္စသမုပ္ပါဒ် ဟူသည် စသောခေါင်းစဉ်နှင့် ပတ်သက်၍ တရားတစ်ပုဒ်၊ အဝိဇ္ဇာစသော အင်္ဂါတစ်ဆယ့်နှစ်ပါး၊ တရားတစ်ဆယ့်နှစ်ပုဒ်၊ 'အဝိဇ္ဇာပစ္စယာ သင်္ခါရာ'စသည်၌ အဝိဇ္ဇာဘာကြောင့် ဖြစ်သလဲဟူသော အင်္ဂါထဲမှာပါသည့် ကဏ္ဍအစိတ်အပိုင်းတစ်ခုနှင့်ပင် တရားတစ်ပုဒ်၊ အချို့အင်္ဂါ၌ သုတ်ကြီးတစ်သုတ်သည်ပင်လျှင် ဆိုင်ရာ ပါဠိပါဌ်သား၊ ဇာတ်ဝတ္ထုစသည်ထည့်၍ တရားတစ်ပုဒ်စသည်ဖြင့် အလှူမရွေး နေ့ညမရွေး အရှည်အတို ဟောနိုင်သည်။

ဇာတ်တော်များ၊ သုတ်ကြီးများကို အတိုကောက်ထည့်ထားသဖြင့် စာပေဗဟုသုတမက တရားဟောရာ၌ စကားကြွယ်ဝခြင်း၊ စကားခန့်ညားခြင်း၊ စကားထည်ဝါခြင်း၊ စကားအဆင့်အတန်းမြင့်ခြင်း၊ တရားရှည်ရှည်ဟောနိုင်ခြင်းစသည် အကျိုးလည်း ရှိမည်၊ တရားကို ချဲ့လိုက ကျမ်းညွှန်းလည်း ပါသည်၊ ဝတ္ထုညွှန်းလည်း ပါသည်။

ယခုခေတ် တရားစာအုပ်တို့ကာ ပါဠိမပါ စကားပြေ သက်သက် ရေးကြ၏၊ စာပေအခြေခံမရှိသူတို့အတွက် ဖတ်၍ကောင်း၏၊ အခြေခံရှိသူတို့ကား စကားပြေသက်သက်ကို မဖတ်ချင်ကြ၊ စကားပြင်တစ်ပုဒ် ရစေကာမူ ချဲ့၍ မလွယ်ကူ၊ သူတစ်ပါးကို ဟောပြောဖို့ကား ပါဠိတစ်ပုဒ်ရလျှင် ချဲ့ချင်သလောက် ချဲ့၍ရ၏၊ ဤစာအုပ်ကား အခြေခံနည်းနည်းပါးပါးရှိ၍ တရားဟောလိုသူတို့အတွက် ပို၍အဆင်ပြေမည်၊ တရားဟောဉာဏ်ပွင့်လင်းစေရန်လည်း နေရာတိုင်းမှာလိုလို အမှာများလည်း ထည့်၍ထား၏၊ ဆောင်ပုဒ်များ ထည့်ထား၏၊ ဆောင်ပုဒ်များ ထည့်ထားသဖြင့် စာကျက်ရလည်း သက်သာ၏။

အာသီသ

အဆိုပါ အကြောင်းအရာတို့ကြောင့် ဤစာအုပ်ကို ကျက်မှတ်၍ တစ်ဆင့်ဟောပြောလိုသူတို့လည်း ကျေနပ်နှစ်သိမ့်ပြီး တရားဟောနည်းဉာဏ်ပွင့်လင်းကာ ပစ္စုပ္ပန် သံသရာအကျိုးရှိလိမ့်မည်ဟု ယုံကြည်မိ၍ ဗဟုသုတအဖြစ်ဖြင့် ကြည့်ရှုမှတ်သားလိုသောသူတို့သည်လည်း ဗဟုသုတပြည့်ဝကာ ကြည်နူးမိပေလိမ့်မည်။

နိဒါန်း

ဤသို့ သူတစ်ပါးအား တစ်ဆင့်ဟောခြင်း၊ ကြည့်ရှုနားထောင်ခြင်း၊ ကြိုးစားအားထုတ်ခြင်းကြောင့် အရိယာဖြစ်၍ ပဋိစ္စသမုပ္ပါဒ် သံသရာစက်ရဟတ်မှ ထွက်မြောက်နိုင်ကြပါစေကုန်သတည်း။

စီစဉ်တင်ပြသူ
ဦးဝရသာမိဘိဝံသ (ဓမ္မာစရိယ)
တက္ကသိုလ်ပရိယတ္တိကျောင်း
ရောဝဏ်လမ်း၊ (၇)ရပ်ကွက်၊

နိဒါန်း

မာတိကာ

စဉ် အကြောင်းအရာ စာမျက်နှာ

အကြောင်းအရာ မိတ်ဆက်လွှာ

မပြတ်ဖြစ်ရာ သံသရာ ၈

ပဋိစ္စသမုပ္ပါဒ်တရားကို မသိခြင်းအပြစ် ခ

ခက်ခဲနက်နဲသော တရားလေးပါး ဂ

ဤစာအုပ်၏ ရည်ရွယ်ချက် ဂ

အာသီသ ဃ

ပဋိစ္စသမုပ္ပါဒ်အကြောင်း သိကောင်းစရာ

ပဏာမ ၁

ပဋိစ္စသမုပ္ပါဒ်အနုလုံပါဠိတော်အနက် ၂

ပဋိစ္စသမုပ္ပါဒ်ပဋိလုံပါဠိတော်အနက် ၃

ပဋိစ္စသမုပ္ပါဒ် ဟူသည် ၄

ခက်ခဲနက်နဲသောတရားလေးပါး ၆

အနန္တတရားလေးပါး ၇

လောကဓာတ်သုံးပါး ၇

ခေတ်သုံးပါး ၈

ရောဟိတသနတ်သား ၈

အရှင်သာရိပုတ္တရာ မသိခြင်း ၉

မကြေစည်နိုင်သော တရားများ ၁၁

ပဋိစ္စသမုပ္ပါဒ်တရား၏ နက်နဲခြင်းလေးပါး ၁၁

စဉ်	အကြောင်းအရာ	စာမျက်နှာ
	သာဂရလေးပါး	၁၂
	မဟာဂတိဂမိယတိဿထေရ်	၁၃
	ကေတ္တာစသောနည်းလေးသွယ်	၁၃
	အရှင်အာနန္ဒာနှင့်ပဋိစ္စသမုပ္ပါဒ်တရား	၁၄
	အရှင်အာနန္ဒာ၏ ရှေးဘဝက ပါရမီ	၁၄
	ပါယာသိရာဇညမြို့စား	၁၅
	ပဋိစ္စသမုပ္ပါဒ်တရားကို သိခြင်းအကျိုး	၁၅
(၁)	အဝိဇ္ဇာပစ္စယာ သင်္ခါရာ အကြောင်း သိကောင်းစရာ	
	အဝိဇ္ဇာ-ဟူသည်	၁၇
	အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်ပုံ	၁၇
	ပုညာဘိသင်္ခါရစသည် အကျိုးပေးပုံ	၁၉
	သဘာဝတရားအမျိုးမျိုး အစားစား	၂၁
	အဝိဇ္ဇာတွေဝေပုံ	၂၂
	အဝိဇ္ဇာ၏ ဥပမာများ	၂၅
	အဝိဇ္ဇာ ဘာကြောင့် ဖြစ်သလဲ	၂၆
	အဝိဇ္ဇာ၏ ဆန့်ကျင်ဘက် သမ္မာဒိဋ္ဌိ	၂၇
	ဝိပဿနာပညာ မင်းရာဇာ	၃၂
	ဝိပဿနာပညာ အနုသယကို ပယ်ခြင်း	၃၃
	ဝိပဿနာခေါင်းဆောင်ကြီး	၃၄

မာတိကာ

စဉ် အကြောင်းအရာ စာမျက်နှာ

(၂) သဒ္ဒါရုပစ္စယာ ဝိညာဏံ-အကြောင်း သိကောင်းစရာ ၃၇

လမ်းနှစ်သွယ် ၃၈

သဒ္ဒါရအာမျိုးမျိုး ၃၈

သောဏသုဇ္ဇေးသား ၄၁

သဒ္ဒါရတရား မဖြစ်ဟားနည်း ၄၂

တိရစ္ဆာနကထာသုံးဆယ့်နှစ်ပါး ၄၅

သပ္ပါယကထာ ၄၆

ယသသုဇ္ဇေးသား ၄၈

(၃) ဝိညာဏပစ္စယာ နာမရူပံ-အကြောင်း သိကောင်းစရာ

ဝိညာဏ်ကြောင့် နာမ်ဖြစ်ပုံ ၅၁

လှည်းဘီးစက်ပမာ ဤသံသရာ ၅၄

ဘုရားရှင်နှင့်မာဂဏ္ဍိယပရိဗိုဇ် ၅၆

ဝိညာဏ်ကြောင့် ရုပ်ဖြစ်ပုံ ၅၈

မဟာဘုတ်လေးပါး ၅၉

ကံ ကမ္မနိမိတ် ဂတိနိမိတ် ၆၁

ပဋိသန္ဓေလေးပါး ၆၂

အံ့ဩဖွယ်ရာ အဖြစ်အပျက်များ ၆၃

ဝက်မငယ်တစ်ဦး ၆၅

ဘုရားရှင်နှင့်အရှင်အနုရုဒ္ဓါ ၆၆

မာတိကာ

စဉ် အကြောင်းအရာ စာမျက်နှာ

(၄) 'နာမရူပပစ္စယာ သဠာယတနံ'အကြောင်း သိကောင်းစရာ

အာယတနခြောက်ပါး ၆၉

မုန်ညက်ရွာပ်ကြီး ၇၀ 7

အဌကလာပ်ရွာပ်ရွစ်ပါး ၇၁

အကြောင်းကြောင့် အကျိုးဖြစ်ခြင်း ၇၄

စိတ်ကို အလိုမလိုက်သင့် ၇၆

ပုထုဇဉ်နှစ်မျိုး ၇၈

သံဝရဝိနည်းငါးပါး ၇၉

ပဟာနဝိနည်းငါးပါး ၇၉

တဒင်္ဂပဟာန်ဖြင့် ပယ်ပုံအမျိုးမျိုး ၇၉

ဝိက္ခမ္ဘနပဟာန်ဖြင့် ပယ်ခြင်းအမျိုးမျိုး ၈၁

သမုစ္ဆေဒပဟာန်ဖြင့် ပယ်ခြင်းအမျိုးမျိုး ၈၁

ကိုးကွယ်ရာ တရားဆယ်ပါး ၈၂

စိတ်သည် မျက်လှည့်ဆရာ ၈၂

(၅) 'သဠာယတနပစ္စယာ ဖဿော'အကြောင်း သိကောင်းစရာ

ဖဿခြောက်ပါး ၈၅

မှတ်သားဖွယ်ရာ ဥပမာ ၈၆

ရဟန်းထူးသုံးပါး ၈၇

စည်ပင်သာယာ ပြည်ခန္ဓာ ၉၀

နှစ်ပါးသော ကံမင်း စစ်ခင်းခြင်း ၉၂

တိုင်းပြည်ရှာထူတောင်ခြင်း ၉၃

စိတ်အရေးကြီးပုံ ၉၄

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
	ဖမ္ဘဒီပါအလား ဤသတ္တဝါများ	၉၅
	အရှင်အာနန္ဒာနှင့်ဆန္နပရိပိုဖ်	၉၆
	ပညာတရားပေါင်းချုပ်ကြီး	၉၆
	ရွှေမြို့တော်ကြီး	၉၈
	အရိယာဝါသတရားဆယ်ပါး	၉၉
(၆)	'ဖဿပစ္စယာ ဝေဒနာ'အကြောင်း သိကောင်းစရာ	
	ဖဿ၏ လက္ခဏာစသည်	၁၀၁
	ကိလေသာအား	၁၀၁
	အာဟာရတရားလေးပါး	၁၀၂
	အာဟာရဒုက္ခ	၁၀၄
	အာဟာရဒုက္ခရှင်းပြီး	၁၀၉
	နန္ဒာဘယထေရ်	၁၁၁
	ဝါတမိဂဇာတ်	၁၁၁
	နာဂိတထေရ်	၁၁၅
	ဆန္နောဝါဒသုတ်	၁၁၆
(၇)	'ဝေဒနာပစ္စယာ တဏှာ'အကြောင်း သိကောင်းစရာ	
	ဝေဒနာစသည့် ဥပမာ	၁၂၀
	ဝေဒနာပျောက်မှ နိဗ္ဗာန်ရောက်မည်	၁၂၁
	ဝေဒနာ၏အဆက်အနွယ်များ	၁၂၂
	ဝါတော်ခြောက်ဆယ်ရ မထေရ်ကြီး	၁၂၃
	မဟာသီဝထေရ်	၁၂၇

စဉ်	အကြောင်းအရာ	စာမျက်နှာ
	အရှင်သာရိပုတ္တရာ	၁၂၈
	မြက်သစ်ရွက်ပမာ ဤခန္ဓာ	၁၂၉
	ဉာတပရိညာ	၁၃၀
	တီရဏပရိညာ	၁၃၁
	ထန်းတောကြီးပမာ	၁၃၂
	ဒုက္ခပရိညာ	၁၃၄
	အနတ္တပရိညာ	၁၃၄
	ပဟာနပရိညာ	၁၃၅
	မဂ္ဂင်တစ်ပါးဖြစ်က နောက်ခုနစ်ပါးဖြစ်ခြင်း	၁၃၆
(၈)	'တဏှာပစ္စယာ ဥပါဒါန်' အကြောင်း သိကောင်းစရာ	
	တဏှာ၏ဥပမာများ	၁၃၇
	အုံဩဖွယ်ရာ ဤတဏှာ	၁၃၈
	ဇရကရဟန်း	၁၄၂
	မရောင့်ရဲနိုင်သောတရား	၁၄၂
	ရာဓထေရ်နှင့်ဘုရားရှင်	၁၄၄
	ဤခန္ဓာကား စက်ဆုတ်စရာ	၁၄၅
	မုဠလိန္ဒနဂါးမင်းနှင့်ဘုရားရှင်	၁၄၆
	အရှင်ပုဏ္ဏထေရ်နှင့်ဘုရားရှင်	၁၄၆
	ဘုရားရှင်နှင့်လောဘတရား	၁၄၇
	အနတ္တရိယခြောက်ပါး	၁၄၇

မာတိကာ

စဉ် အကြောင်းအရာ စာမျက်နှာ

(၉) 'ဥပါဒါနုပစ္စယာ ဘဝေါ'အကြောင်း သိကောင်းစရာ

ကာမုပါဒါန် ၁၄၉

ပညောင်ပင်ပြီးစသည်အလား ၁၅၀

ဆက်ကာဆက်ကာ လင်ကို သတ်ခြင်း ၁၅၂

ဒိဋ္ဌုပါဒါန် ၁၅၂

အကျင့်အမျိုးမျိုး ၁၅၃

တစ်နည်း အကျင့်လေးမျိုး ၁၅၃

ကြောက်မက်ဖွယ်ရာ သမုဒ္ဒရာ ၁၅၅

အာသဝတရားမဖြစ်နိုင်ပုံ ၁၅၅

အာသဝတရားကို နှလုံးမသွင်းခြင်း ၁၅၇

မျက်စိစသော ဣန္ဒြေကို စောင့်စည်းခြင်း ၁၅၇

ပစ္စည်းလေးပါးဌ ဆင်ခြင်မှီဝဲခြင်း ၁၅၈

အချမ်းအပူစသည်ကို ဆင်ခြင်ခြင်း ၁၅၉

အဆွေခင်ပွန်းကောင်းအဂါ ၁၆၀

ကမ္မဋ္ဌာန်းအားထုတ်ရန် လျောက်ပတ်သောကျောင်း ၁၆၀

ကြမ်းသော တိရစ္ဆာန်စသည်တို့မှ ရှောင်ကြဉ်ခြင်း ၁၆၁

ဝိတက်တရားကို ချေဖျက်ခြင်း ၁၆၁

ဗောဇ္ဈင်တရားများကို ဆင်ခြင်ရသည်။ ၁၆၂

အနာမဲ့သူ ရှင်ဗာကူ ၁၆၂

(၁၀) 'ဘဝပစ္စယာ ဇာတိ'အကြောင်း သိကောင်းစရာ

လောကသုံးပါး ၁၆၄

လယ်တောယာတော ၁၆၇

စဉ်	အကြောင်းအရာ	စာမျက်နှာ
	နွားကျောင်းသားပမာ	၁၆၈
	တစ်နည်း နွားဥပမာ	၁၆၈
	ဘုရားရှင်နှင့်ဓနိယနွားကျောင်းသား	၁၆၉
	အင်္ဂတေရုပ်ပမာ	၁၇၃
	ဘဝအမျိုးမျိုးကြောင့် ဇာတိအမျိုးမျိုးဖြစ်ပုံ	၁၇၄
	အရှင်သမိဒ္ဓိနှင့်နတ်သားတစ်ယောက်	၁၇၈
	အရှင်သမိဒ္ဓိနှင့်အရှင်သာရိပုတ္တရာ	၁၈၂
(၁၁)	'ဇာတိပစ္စယာ ဇရာမရဏသောကပရိဒေဝဒုက္ခ ဒေါမနဿုပါယာသာ' အကြောင်း သိကောင်းစရာ	
	မီးပုံကြီးပမာ ဤသံသရာ	၁၉၆
	ဥပဝါဏာရဟန်းနှင့် ဘုရားရှင်	၁၉၇
	အရှင်သာရိပုတ္တရာနှင့်သာမေဏကပရိဗိုဇ်	၁၉၈
	ဒုက္ခကင်းစင် နိဗ္ဗာန်ဝင်	၁၉၈
	ပျော်ပျော်ပါးပါး နိဗ္ဗာန်များ	၁၉၉
	ဘုရားရှင်နှင့်ဇာဏုသောဏိပုဏ္ဏား	၂၀၁
	တိုက်တွန်းချက်	၂၀၂
	ကျမ်းပြီးနိဂုံး	၂၀၃

ပဋိစ္စသမုပ္ပါဒ်အကြောင်း သိကောင်းစရာ ပြီးပြီ။

* * * *

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ပဋိစ္စသမုပ္ပါဒ်အကြောင်း သိကောင်းစရာ

ပထမ

အရဟံ ပစ္စယာကာရေ၊ ဝန္ဒာမိ ဓမ္မမုတ္တမံ။
သံယဉ္စ မိစ္ဆာရဟိတံ၊ ကဿံ ဣမံ သုလက္ခိတံ။

အဟံ–ရုပ်နာမ်နှစ်ရပ် ပညတ်မည်ခေါ် တပည့်တော်သည်၊ ပစ္စယာကာရေ–ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်၌၊ အရဟဉ္စ–အဝိဇ္ဇာပုံးတောင်းချက်မ ဇရာမရဏအကွတ် သခါရစသော အကန့်အကွက်တို့ကို အရဟတ္တမဂ် စိန်သံလျက်ဖြင့် ပယ်သတ်တော်မူ၍ အရဟံ–ဟူသော အမည်နာမကို ခံယူတော်မူသော ဘုရားရှင်ကိုလည်းကောင်း၊ ဥတ္တမံ–ကိလေသာတို့မှ လွတ်သည်ဖြစ်၍မြတ်သော၊ ဓမ္မဉ္စ–မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန် ပရိယတ် ဆယ်ပါးသော တရားတော်မြတ်ကိုလည်းကောင်း၊ မိစ္ဆာရဟိတံ–မိစ္ဆာဒိဋ္ဌိ ငါ–ငါ၏ဥစ္စာ စသည်အယူမှ ကင်းသော၊ သံယဉ္စ–မဂ္ဂဋ္ဌာန်လေးယောက် ဖလဋ္ဌာန်လေးယောက် ရှစ်ယောက်ထင်ပေါ် အရိယာသံဃာတော်အပေါင်းကိုလည်းကောင်း၊ ဝန္ဒာမိ–ရှိခိုးပါ၏၊ ဝန္ဒိတ္ဝာ–ရှိခိုးပြီး၍၊ သုလက္ခိတံ–ပဋိစ္စသမုပ္ပါဒ်တရားကို ပြရာပြကြောင်းဖြစ်၍ ကောင်းသော၊ ဣမံ–ဤပဋိစ္စသမုပ္ပါဒ် ဟောပုံအကြောင်း သိကောင်းစရာဖြစ်သော ကျမ်းကို၊ ကဿံ–ရေးသားပြုပြင်စီရင်ပေအံ့သတည်း။

ပဋိစ္စသမုပ္ပါဒ်အနုလုံပါဠိတော်အနက်

အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပပစ္စယာ သဠာယတနံ၊ သဠာယတနပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာမရဏ သောကပရိဒေဝဒုက္ခဒေါမနဿုပါယာသာ သမ္ဘဝန္တိ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။ (ဥဒါန်းပါဠိ၊ ၇၆)

အဝိဇ္ဇာပစ္စယာ–သစ္စာလေးပါး သံသရာ၏ ရှေ့အစွန်း, နောက်အစွန်း, ရှေ့နောက်အစွန်း, ပဋိစ္စသမုပ္ပါဒ်တရားတို့၌ မသိခြင်း–မောဟဟူသော အကြောင်းကြောင့်၊ သင်္ခါရာ–ပုညာဘိသင်္ခါရ, အပုညာဘိသင်္ခါရ, အာနေဉ္ဇာဘိသင်္ခါရဟူသော သုံးပါး၊ ကာယသင်္ခါရ, ဝစီသင်္ခါရ, စိတ္တသင်္ခါရ ဟူသောသုံးပါး ဤခြောက်ပါးသော တရားတို့သည်၊ သမ္ဘဝန္တိ–ဖြစ်ကြကုန်၏၊ သင်္ခါရပစ္စယာ–ခြောက်ပါးသော သင်္ခါရဟူသောအကြောင်းကြောင့်၊ ဝိညာဏံ–စိတ်တစ်ခုယုတ် ကိုးဆယ်သော ဝိညာဏ်သည်၊ သမ္ဘဝတိ–ဖြစ်၏၊ ဝိညာဏပစ္စယာ–ဝိညာဏ်ဟူသော အကြောင်းကြောင့်၊ နာမရူပံ–စေတသိက်ငါးဆယ့်နှစ်ခု, ရုပ်နှစ်ဆယ့်ရှစ်ခုသည်၊ သမ္ဘဝတိ–ဖြစ်၏၊ နာမရူပပစ္စယာ–နာမ်ရုပ်ဟူသော အကြောင်းကြောင့်၊ သဠာယတနံ–စက္ခာယတန, သောတာယတန, ဃာနာယတန, ဇိဝှါယတန, ကာယာယတန, မနာယတနသည်၊ သမ္ဘဝတိ–ဖြစ်၏၊ သဠာယတနပစ္စယာ–ခြောက်ပါးသော သဠာယတနဟူသော အကြောင်းကြောင့်၊ ဖဿော–စက္ခုသမ္ဖဿ, သောတသမ္ဖဿ, ဃာနသမ္ဖဿ, ဇိဝှါသမ္ဖဿ, ကာယသမ္ဖဿ, မနသမ္ဖဿသည်၊ သမ္ဘဝတိ–ဖြစ်၏၊ ဖဿပစ္စယာ–ခြောက်ပါးသော ဖဿဟူသော အကြောင်းကြောင့်၊ ဝေဒနာ–စက္ခုသမ္ဖဿဇဝေဒနာ, သောတ

သမ္ပယုတ္တဝေဒနာ, ဃာနသမ္ပယုတ္တဝေဒနာ, ဇိဝှါသမ္ပယုတ္တဝေဒနာ, ကာယသမ္ပယုတ္တဝေဒနာ, မနောသမ္ပယုတ္တဝေဒနာသည်၊ (၀၂) သုခဝေဒနာ ဒုက္ခဝေဒနာ ဥပေက္ခာဝေဒနာသည်၊ သမ္ဟဝတိ-ဖြစ်၏၊ ဝေဒနာပစ္စယာ-ဝေဒနာဟူသောအကြောင်းကြောင့်၊ တဏှာ-ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာသည်၊ (၀၃) ရူပတဏှာ သဒ္ဒတဏှာ ဂန္ဓတဏှာ ရသတဏှာ ဖောဋ္ဌဗ္ဗတဏှာ ဓမ္မတဏှာသည်၊ သမ္ဟဝတိ-ဖြစ်၏၊ တဏှာပစ္စယာ-တဏှာဟူသော အကြောင်းကြောင့်၊ ဥပါဒါနံ-ကာမုပါဒါန် ဒိဋ္ဌုပါဒါန် သီလဗ္ဗတုပါဒါန် အတ္တဝါဒုပါဒါန်သည်၊ သမ္ဟဝတိ-ဖြစ်၏၊ ဥပါဒါနပစ္စယာ-ဥပါဒါန်ဟူသောအကြောင်းကြောင့်၊ ဘဝေါ-ကမ္မဘဝ ဥပပတ္တိဘဝသည်၊ သမ္ဟဝတိ-ဖြစ်၏၊ ဘဝပစ္စယာ-ဘဝဟူသော အကြောင်းကြောင့်၊ ဇာတိ-ရုပ်၏ဇာတိ, နာမ်၏ဇာတိသည်၊ သမ္ဟဝတိ-ဖြစ်၏၊ ဇာတိပစ္စယာ- ဇာတိဟူသော အကြောင်းကြောင့်၊ ဇရာမရဏာ သောကပရိဒေဝဒုက္ခဒေါမနဿုပါယာသာ-အိုခြင်း, သေခြင်း, စိုးရိမ်ခြင်း, ငိုကြွေးခြင်း, ဆင်းရဲခြင်း, နှလုံးမသာယာခြင်း, ကိုယ်စိတ်ပင်ပန်းခြင်းတို့သည်၊ သမ္ဟဝန္တိ-ဖြစ်ကုန်၏။ ဧဝံ-ဤသို့၊ ကေဝလဿ-ချမ်းသာမဖက် သက်သက်သော၊ ဧတဿ ဒုက္ခက္ခန္ဓဿ-ထိုဆင်းရဲအစု၏၊ သမုဒယော-ဖြစ်ခြင်းသည်၊ ဟောတိ-ဖြစ်သည်သာတည်း။

ပဋ္ဌာနပကရဏဝိဘင်္ဂပဋ္ဌာနလုံပါဠိတော်အနက်

အဝိဇ္ဇာယတ္တေဝ အသေသဝိရာဂနိရောဓာ သင်္ခါရနိရောဓော၊ သင်္ခါရနိရောဓာ ဝိညာဏနိရောဓော၊ ဝိညာဏနိရောဓာ နာမရူပနိရောဓော၊ နာမရူပနိရောဓာ သဠာယတနနိရောဓော၊ သဠာယတနနိရောဓာ ဖဿနိရောဓော၊ ဖဿနိရောဓာ ဝေဒနာနိရောဓော၊ ဝေဒနာနိရောဓာ တဏှာနိရောဓော၊ တဏှာနိရောဓာ ဥပါဒါနနိရောဓော၊ ဥပါဒါနနိရောဓာ ဘဝ

နိရောဓော၊ ဘဝနိရောဓာ ဇာတိနိရောဓော၊ ဇာတိနိရောဓာ ဇရာမရဏာ သောကပရိဒေဝဒုက္ခဒောမနဿုပါယာသာ နိရုဇ္ဈန္တိ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ။ (ဥဒါနပါဠိ၊ ၇၈)

အဝိဇ္ဇာယတွေဝ-အဝိဇ္ဇာ၏သာလျှင်၊ အသေသဝိရာဂနိရောဓာ-အကြွင်းမဲ့တပ်မက်ချုပ်ခြင်းကြောင့်၊ သင်္ခါရနိရောဓော-သင်္ခါရ၏ချုပ်ခြင်းသည်၊ သမ္ဘဝတိ-ဖြစ်၏၊ သင်္ခါရနိရောဓာ-သင်္ခါရချုပ်ခြင်းကြောင့်၊ ဝိညာဏနိရောဓော-ဝိညာဏ်၏ချုပ်ခြင်းသည်၊ သမ္ဘဝတိ-ဖြစ်၏- စသည် ပေးလေ။

ပဋိစ္စသမုပ္ပါဒ် ဟူသည်

ပဋိစ္စသမုပ္ပါဒ်ဟူသည် အကြောင်းရုပ်နာမ်တရားတို့.ကို စွဲ၍ ဟောတု သဟဇာတ-စသော နှစ်ဆယ့်လေးပစ္စည်းတို့.တွင် တစ်ခုသောသတ္တိ, နှစ်ခုသောသတ္တိစသည် ဆက်သွယ်ကျေးဇူးပြုသဖြင့် ရုပ်နာမ်တရားတည်းဟူသော အကျိုးများဖြစ်သည်ကို ခေါ်သည်။

တစ်လောကလုံး သက်ရှိသက်မဲ့ ပုဂ္ဂိုလ်သတ္တဝါ အရာဝတ္ထုတို့.ကို ပေါင်းလျှင် ဟထဝိစသော ရုပ်နှစ်ဆယ့်ရှစ်ပါး, စိတ်ရှစ်ဆယ်ကိုးခု, စေတသိက်ငါးဆယ့်နှစ်ခု, နိဗ္ဗာန်ဟူသော နာမ်နှစ်ပါးသာရှိသည်၊ ၎င်းရုပ်နာမ်နှစ်ပါးကိုပင် လူနတ်ပြဟ္မာ သတ္တဝါ ယောကျ်ား မိန်းမ တိရစ္ဆာန်စသည် ခေါ်ဝေါ်နေကြသည်။

ဘုရားရှင်၏ဝါဒမှာ နာမ်တရားက စားချင်၍၊ သောက်ချင်၍၊ သွားချင်လာချင်၍ ရုပ်တရားက စားသည်၊ သောက်သည်၊ သွားသည်၊ လာသည်-ဟု ဟောတော်မူ၏။ တိတ္ထိတကြွဒွန်းတို့.၏ အယူအဆမှာကား ၎င်းရုပ်နာမ်ကိုပင်၊ တစ်နည်း ၎င်းရုပ်နာမ်မှအပ ခန္ဓာကိုယ်ထဲမှာ စားတတ်

သောပုဂ္ဂိုလ်၊ သောက်တတ်သောပုဂ္ဂိုလ်၊ သွားတတ်လာတတ်သောပုဂ္ဂိုလ် သတ္တကောင်, အတ္တကောင်, ဇီဝကောင်, ဝိညာဉ်ကောင်, လိပ်ပြာကောင် စသည် ရှိသည်ဟု ယူဆသည်၊ အတ္တဝါဒသာတည်း။

တချို့က ဤကမ္ဘာမြေကြီးကို ဂေါတမဘုရား, ဗြဟ္မာ မဟာပိသိန်းနတ်, မဟာပိန္ဒနတ်တို့ ဖန်ဆင်းသည်ဟု ယူဆကြသည်၊ မဖန်ဆင်းနိုင်၊ အကြောင်းအကျိုးသာ၊ ၎င်းကို ကံသဿရ–အစိုးရသောဝါဒ၊ နိမ္မာန–ဖန်ဆင်းနိုင်သောဝါဒ ခေါ်သည်၊ အတ္တဝါဒသာတည်း၊ ၎င်းဝါဒရှိသမျှ ဘယ်လောက်ပဲ တရားအားထုတ်ထုတ် နိဗ္ဗာန်မရပေ။

ဘုရားရှင်သည် ၎င်းရုပ်နာမ်နှစ်ပါးကိုပင် ဒေသနာတော်ကို တန်ဆာဆင်ခြင်းဟူသော ဒေသနာဝိလာသ၊ ပုဂ္ဂိုလ်၏ အလိုဆန္ဒကို ကြည့်၍ ဟောတော်မူခြင်းဟူသော ပုဂ္ဂလဇ္ဈာသယအားဖြင့် သတ္တဝါတို့ကို သနားမေတ္တာထား၍ သံသရာမှ လွတ်ကြောင်း ကောင်းရာသုဂတိသို့ ရောက်ရာ ရောက်ကြောင်း ဟောတော်မူသည်၊ ၎င်းရုပ်နာမ်နှစ်ပါးကိုပင် ခန္ဓာငါးပါး အာယတနတစ်ဆယ့်နှစ်ပါး, ဓာတ်တစ်ဆယ့်ရှစ်ပါး, ပဋိစ္စသမုပ္ပါဒ်, အာသဝ, ဩဃ, ယောဂ, ဂန္ထ, အနုသယ, ကိလေသာ, ဗောဓိပက္ခိယတရား စသည်တို့ဖြင့် အမျိုးမျိုးအဖုံဖုံ ဟောတော်မူခဲ့တုံဘိ၏။

ဥပမာရုပ်ဟူ၍ ဟောတော်မူက နားမလည်မည့်ပုဂ္ဂိုလ်၊ သံသရာဝဋ်မှ မလွတ်မည့်ပုဂ္ဂိုလ်ကို ရူပက္ခန္ဓာ၊ စက္ခာယတန၊ စက္ခုဓာတ်စသည်ဖြင့် ဟောတော်မူ၏။ အမှန်မှာ ရုပ်တရားသာတည်း၊ နာမ်ဟူ၍ ဟောတော်မူက နားမလည်မည့်ပုဂ္ဂိုလ်ကို ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ မနာယတန မနောဓာတ် စသည်ဖြင့် ဟောတော်မူ၏၊ အမှန်မှာ နာမ်တရားသာတည်း၊ တချို့အား ရုပ်နာမ်ဟု ဟောတော်မမူဘဲ ပါဏာတိပါတ အဒိန္နာဒါနစသည် ဟောတော်မူသည်။

နာမရူပမတ္တာတော ဥဒွံ အညော သတ္တော ဝါ ပုဂ္ဂလော ဝါ ဒေဝါ ဝါ ဗြဟ္မာ ဝါ နတ္ထိတိ နိဒ္ဒံ ဂစ္ဆတိ။ (ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊ ဒု၊ ၂၂၈)

နာမရူပမတ္တာတော–နာမ်ရုပ်မှ၊ ဥဒွံ–အထက်၌၊ အညော–တစ်ပါးသော၊ သတ္တော ဝါ–သတ္တဝါသည်လည်းကောင်း၊ ပုဂ္ဂလော ဝါ–ပုဂ္ဂိုလ်သည်လည်းကောင်း၊ ဒေဝါ ဝါ–နတ်သည်လည်းကောင်း၊ ဗြဟ္မာ ဝါ–ဗြဟ္မာသည်လည်းကောင်း၊ နတ္ထိ–မရှိ၊ ဣတိ–ဤသို့၊ နိဒ္ဒံ–ဆုံးဖြတ်ခြင်းသို့၊ ဂစ္ဆတိ–ရောက်သည်သာတည်း။ 13

တစ်နည်းအားဖြင့် ဘုရားရှင်သည် ပရမတ္ထသစ္စာ သမ္မုတိသစ္စာဟူ၍ နှစ်ပါးအားဖြင့် ဟောတော်မူခြင်းပင်တည်း။

သတ္တဝါတို့သည် အနိစ္စ ဒုက္ခ အနတ္တ အသုဘ၌ သညာဝိပလ္လာသ စိတ္တဝိပလ္လာသ ဒိဋ္ဌိဝိပလ္လာသအားဖြင့် ဖောက်ပြန်နေကြ၍ သံသရာမှ မလွတ်နိုင်ကြချေ။

ခက်ခဲနက်နဲသော တရားလေးပါး

သစ္စံ သတ္တော ပဇိသန္ဒိ၊ ပစ္စယာကာရမေဝ စ။
ဒုဒ္ဒသာ စတုရော ဓမ္မာ၊ ဒေသေတုံ စ သုဒုက္ကရာ။
(သမ္မောဟဝိနောဒနီအဋ္ဌကထာပါဠိ၊ ၂၃)

သစ္စံ–သစ္စာလေးပါးတရားလည်းကောင်း၊ သတ္တော–သတ္တဝါတို့အကြောင်းအကျိုးလည်းကောင်း၊ ပဇိသန္ဒိ–ပဋိသန္ဓေအကြောင်းလည်းကောင်း၊ ပစ္စယာကာရမေဝစ–ပဋိစ္စသမုပ္ပါဒ်တရားလည်းကောင်း၊ စတုရော ဓမ္မာ–လေးပါးသောတရားတို့သည်၊ ဒုဒ္ဒသာ–မြင်နိုင်ခဲကုန်၏၊ ဒေသေတုံ စ–ပြောဟောခြင်းငှာလည်း၊ သုဒုက္ကရာ–အလွန်ပဲခဲယဉ်းကုန်သည်သာတည်း။

အနန္တတရားလေးပါး

သတ္တကာယော စ အာကာသော၊ စက္ကဝဠာ အနန္တကာ။
ဗုဒ္ဓဉာဏ် အပ္ပမေယျံ၊ နှ သက္ကာ တေ ဝိဇာနိတုံ။
(ဗုဒ္ဓဝံသပါဠိတော်)

သတ္တကာယော စ-သတ္တဝါအပေါင်းလည်းကောင်း၊ အာကာသော-ကောင်းကင်လည်းကောင်း၊ စက္ကဝဠာ-စကြဝဠာလည်းကောင်း၊ အနန္တကာ-အဆုံးမရှိကုန်၊ ဗုဒ္ဓဉာဏ်-ဘုရားရှင်၏ဉာဏ်တော်သည်၊ အပ္ပမေယျံ-မနှိုင်းယှဉ်အပ်၊ တေ-ဤလေးပါးသောတရားတို့.ကို၊ ဝိဇာနိတုံ-ပိုင်းခြားရှင်းသိခြင်းငှာ၊ နှ သက္ကာ-မတတ်ကောင်းသည်သာတည်း။

လေးကျွန်းနှင့်တစ်မြင်းမိုရ်ကို စကြဝဠာတစ်ခုခေါ်၏၊ အရှေ့ကျွန်း အနောက်ကျွန်း တောင်ကျွန်း မြောက်ကျွန်း ငှင်းကျွန်းကြီးလေးကျွန်းတို့၌ ကျွန်းငယ်ငါးရာစီ အခြံအရံပါ၏၊ စကြဝဠာတစ်ခုကို နေလနှစ်ခု လှည့်ပတ်သွား၏၊ နှစ်ဆယ့်လေးနာရီ၊ တစ်ရက်၊ တစ်ပတ်စေ့၏၊ စကြဝဠာမရေတွက်နိုင်၍ နေလတို့.လည်း မရေတွက်နိုင်၊ အထက်က စတုမဟာရာဇ်စသော နတ်ဘုံများလည်း မရေတွက်နိုင်၊ တခြားသော စကြဝဠာတို့၌ ဘုရားစသော အရိယာများမရှိ၍ ဒါနစသည် မပြုကြရကား ကချို့နတ်ဘုံ ပြဟ္မာဘုံများ၌ နတ်ပြဟ္မာများမရှိ၍ ဟာလာဟင်းလင်းလည်း ရှိ၏။

လောကဓာတ်သုံးပါး

စကြဝဠာတစ်ထောင်ကို စူဠလောကဓာတ်တစ်ခု၊ စကြဝဠာတစ်သောင်းကို မဇ္ဈိမလောကဓာတ်တစ်ခု၊ စကြဝဠာကုဋေတစ်သိန်းကို မဟာလောကဓာတ်တစ်ခု ခေါ်၏။

ခေတ်သုံးပါး

စကြဝဠာတစ်သောင်းကို ဇာတိခေတ်တစ်ခု၊ စကြဝဠာကုဋေတစ်သိန်းကို အာဏာခေတ်တစ်ခု၊ အဆုံးမရှိသော စကြဝဠာသည် ဝိသယခေတ်မည်၏။ ဘုရားလောင်းတို့ ပဋိသန္ဓေနေခြင်းစသည်၌ စကြဝဠာတုန်လှုပ်ကဇာတိခေတ်တစ်ခုလုံး တုန်လှုပ်နိုင်၏။ ကမ္ဘာမီးလောင်ခြင်း ပျက်ခြင်းစသည်တို့၌လည်း အတူတူဖြစ်ပျက်နိုင်၍ ဇာတိခေတ်ခေါ်၏။ ဘုရားရှင်၏ အာဏာနာဋိယသုတ်စသည်တို့သည် စကြဝဠာကုဋေတစ်သိန်း ပျံ့နှံ့နိုင်၍ အာဏာခေတ်ခေါ်၏၊ ဘုရားရှင်သည် အလိုရှိပါမူကား စကြဝဠာအဆုံးမရှိ အာရုံပြုနိုင်သည်၊ ၎င်းကို ဝိသယခေတ်ခေါ်၏၊ ပုက္ကုသာတိမင်းကြီး၏ဝတ္ထုကို ထောက်၍ ဘုရားစသော အရိယာပုဂ္ဂိုလ်တို့သည် ပစ္စန္တရာဇ်အရပ်၌ အာရုံတက်ရိုး ထုံးစံမရှိ။

ရောဟိတသနတ်သား

ရောဟိတသနတ်သားသည် ဘုရားရှင်အား "အရှင်ဘုရား... လောကသည် အဆုံးရှိပါသလား"ဟု လျှောက်၏။ ဘုရားရှင်က "ရောဟိတသနတ်သား ... ဤလောက၏အဆုံးကို ခြေကျင်လျှောက်၍ မရောက်အပ်၊ မရောက်ခြင်းကြောင့် ဒုက္ခမှလည်း မလွတ်နိုင်ဟု အဂုံတွရစတုက္ကစသော နိပါတ် (၃၅၉)၌ ဟောတော်မူ၏။

ထိုအခါ နတ်သားက "အရှင်ဘုရား ... စကားသည် မှန်ပါ၏၊ ရှေးအခါက တပည့်တော်သည် ရောဇမည်သောရဿေ့၏သား ရောဟိတသမည်ပါ၏၊ စကြဝဠာတံတိုင်း ဟိုဖက်သည်ဖက်ကို ခြေတစ်လှမ်းတည်းနှင့် ကျော်နိုင်၏။ လေ့ကျက်အပ်ပြီးသော သရဝေဒီ၊ ဝါဠဝေဒီ၊ အက္ခဏဝေဒီ လေးသမားတို့၏ မြားကဲ့သို့ လျင်မြန်ပါ၏၊ ဤကဲ့သို့ ဘုန်းတန်ခိုးဖြင့်

သွားသော်လည်း လောက၏အဆုံးသို့ မရောက်ဘဲ သေခဲ့ပါ၏ဟု လျှောက်ထားလေ၏။ ဘုရားရှင်သည် လူနတ်ဗြဟ္မာတည်းဟူသော သတ္တလောက၊ ရုပ်နာမ်တည်းဟူသော သင်္ခါရလောက၊ တောတောင်ရေမြေစသော ဩကာသ လောကကို သိတော်မူ၍ လောကဝိဒူမည်တော်မူ၏။

ဤပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကို ဤမျှအဆုံးမရှိသော ဉာဏ်တော်ရှိတော်မူသော ဘုရားရှင်တို့သာ ဟောတော်မူနိုင်သည်။ ပညာအရာမှာ ဇောဒက်ရသော အရှင်သာရိပုတ္တရာတို့၏အရာမဟုတ်။

အရှင်သာရိပုတ္တရာ မသိခြင်း

ဘုရားရှင်က အရှင်သာရိပုတ္တရာအား လှူတော်မူ၏၊ အရှင်သာရိပုတ္တရာကလည်း ဘုရားရှင်အား လှူတော်မူပြီး၍ ဘုရားရှင်က သင်နှင့်ငါ ဘယ်သူအကျိုးများမည်နည်းဟု မေးတော်မူရာ အရှင်ဘုရားသည် လောကမှာ အမြတ်ဆုံးဖြစ်၍ တပည့်တော်အလှူကို မြတ်ပါလိမ့်မည်ဟု လျှောက်ရာ ဘုရားရှင် "ငါသည် ဒါန၏အကြောင်းအကျိုးကို အားလုံးသိ၍ ငါလှူသည်က မြတ်၏"ဟု ဟောတော်မူ၏။ (ဥပရိပဏ္ဏာသအဋ္ဌကထာ၊ ဒက္ခိဏာဝိဘင်္သုတ်ကို ရှုအပ်၏။

အရှင်သာရိပုတ္တရာသည် ဓနေဥာနီပုဏ္ဏားကြီးအား သမထတရားကို ဟော၍ ၎င်းပုဏ္ဏားသည် သေ၍ ဗြဟ္မာပြည်မှာ သွား၍ဖြစ်သည်၊ ဘုရားရှင် သိ၍ ထိုအခါက ထိုပုဏ္ဏားအား ဝိပဿနာတရားကို ဟောက အရိယာဖြစ်မည်ကို မြင်တော်မူ၍ အရှင်သာရိပုတ္တရာအား ဗြဟ္မာပြည်တက်၍ ဝိပဿနာတရားဟောစေရာ အရိယာဖြစ်သည်။ (မဇ္ဈိမပဏ္ဏာသပါဠိတော်၊ ဓနဥာနီသုတ်ကို ရှုအပ်၏)

ပန်းထိန်သည်သားတစ်ယောက်ကို အရှင်သာရိပုတ္တရာသည် ငယ်သေး၍ ရာဂများမည်ဟု ရာဂစရိုက်နှင့်လျော်အောင် အသုဘကမ္မဋ္ဌာန်းကို အားထုတ်စေ၏။ ရက်လကြာသော်လည်း ကမ္မဋ္ဌာန်းနိမိတ်အရိပ်အရောင်ပင် မလာ၍ ၎င်းလူသည် ဘုရားရှင်အား အကြောင်းကို လျှောက်ရာ ဘုရားရှင်က တန်ခိုးဖြင့် ပဒုမ္မာကြာပန်းတစ်ခုကို ရှုစေ၏၊ ၎င်းကြာပန်းသည် နေရောင်နှင့် ထိ၍ ညှိုးသည်ကို မြင်၍ မိမိခန္ဓာလည်း မမြဲသော သဘောပါတကားဟု အသိဉာဏ်ပေါက်ကာ ရဟန္တာဖြစ်သည်။ (သုတ္တနိပါတ်အဋ္ဌကထာကို ရှုအပ်၏။)

သုံးဆယ့်တစ်ဘုံမှာ အထက်ဆုံး နေဝသညာနာသညာယတနဘုံ၌ နာမ်တရားများ သိမ်မွေ့လွန်အား ကြီး၍ ဝိပဿနာရှု၍ မရပေ။ (ဇိနာလင်္ကာရဋီကာကို ရှုအပ်၏)

အရှင်သာရိပုတ္တရာအလောင်းက အရှင်အဿဇိထေရ်အား တရားတောင်းရာ ငါကား ရဟန်းဖြစ်ခါရှိသေး၍ များများမဟောတတ်ဟု "ယေ ယေ ဓမ္မာ ဟေတုပ္ပဘဝါ"ဂါထာကိုသာ ဟော၏။ အားလုံးသော ရုပ်နာမ်တရားက ဒုက္ခသစ္စာ၊ ၎င်းတရားများ လောဘတဏှာ သမုဒယသစ္စာကြောင့် ဖြစ်၏၊ ၎င်းနှစ်ပါးချုပ်က နိရောဓသစ္စာ၊ ၎င်းနိရောဓသစ္စာသို့ မဂ္ဂင်ရှစ်ပါးဖြင့် ရောက်အပ်၏ဟု ဟောတော်မူ၏။ တရားဟော၏အဆုံး၌ သောတာပန်ဖြစ်သည်။

သောတာပန်ဖြစ်ရန်အတွက် အားလုံးသော တရားကို သိဖို့ မလိုပေ၊ ရုပ်တစ်လုံးလုံး၊ နာမ်တစ်လုံးလုံးကို သိက သောတာပန်အစ ရဟန္တာထိ ဖြစ်နိုင်သည်။ သောတာပန်ကျင့်အပ်သော တရားကို သကဒါဂါမ် မကျင့်အပ်ဟု မရှိပေ၊ သောတာပန်ကျင့်အပ်သောတရားက တခြား၊ သကဒါဂါမ်ကျင့်အပ်သောတရားက တခြားမရှိကြောင်းကို နိဒါန်း၌ ရေးပြီးပြီ။

မကြဲစည်နိုင်သော တရားများ

စျာန်၏အရာ၊ ကံ၏အရာ၊ ဘုရားရှင်၏အရာ၊ လောက၏အရာ ဟူ၍ အစိန္တေယျလေးပါးတို့. အဂုံတွာရစတုက္ကနိပါတ် (၃၉၂)၌ လာကြ၏၊ ဤတရားများသည် ကြဲစည်၍ မဆုံးနိုင်၊ ရှူးသွယ်ဖွယ်ရာသာရှိ၏။

ရှေးက လူတစ်ယောက်သည် ရေကန်နား၌ ထိုင်နေစဉ် သေနတ်ကိုယ်စီနှင့် စစ်သားများသည် ကြွာရိုးထဲသို့. ဝင်သွားသည်ကို မြင်၍ ငါမြင်ခြင်းသည် ဟုတ်မှ ဟုတ်ပါ့မလား၊ ငါရူးပြီထင်၏ဟု လူများအား ပြော၏၊ လူများကလည်း ရူးပြီဟု ပြော၏။ ဘုရားရှင်အား လျှောက်ရာ ဘုရားရှင်က သင်ကား ရူးသည်မဟုတ်၊ သိကြားမင်းတို့အား ရှုံး၍ အသုရာများ အသုရာပြည်သို့. သွားခြင်းသာဖြစ်၏၊ လောကကို မကြဲစည်နှင့်၊ လောကမှ လွတ်ကြောင်းသာ ကြံပါဟု ဟောတော်မူ၏။

ပဋိစ္စသမုပ္ပါဒ်တရား၏ နက်နဲခြင်းလေးပါး

(၁) ဓမ္မဂမ္ဘီရ = ပါဠိပါဠ်သား အကြောင်းအရာ နက်နဲခြင်း၊

(၂) အတ္ထဂမ္ဘီရ = အနက်အဓိပ္ပာယ် အကျိုးနက်နဲခြင်း၊

(၃) ဒေသနာဂမ္ဘီရ = ဘုရားရှင်၏ ဟောပုံ နက်နဲခြင်း၊

(၄) ပဋိဝေဓဂမ္ဘီရ = ထိုးထွင်းသိခြင်း၌ နက်နဲခြင်း။

ဥပမာ – အလွန်တရာနက်စောက်လှစွာသော သမုဒ္ဒရာ၌ ယုံငယ်သည် ခြေထောက်ချ၍ ကူးခြင်းငှာ မလွယ်ကူသကဲ့သို့. လည်းကောင်း၊ ဝါးလုံးကို လိပ်သတ္တဝါသည် တက်ခြင်းငှာ မလွယ်ကူသကဲ့သို့. လည်းကောင်း၊ ရာဇဂြိုဟ်သူဌေး၏ စန္ဒကူးသပိတ်တိုင်ကို မကွလီဂေါသာလစသော သူတို့.သည် တက်ယူခြင်းငှာ မလွယ်ကူသကဲ့သို့. လည်းကောင်း၊ စျာန်အဘိညာဉ်နှင့် ပြည့်စုံသော အရှင်ပိဏ္ဍောလသာ ယူနိုင်ပေ၏။

နန္ဒောပနန္ဒ နဂါးမင်းကို တခြားသော ရဟန်းများ ဆုံးမခြင်းငှာ မလွယ်ကူသကဲ့သို့လည်းကောင်း အရှင်မောဂ္ဂလာန်သာ ဆုံးမနိုင်သည်။ မိလိန္ဒမင်းကို တခြားသော ရဟန်းတော်များ ဆုံးမခြင်းငှာ မလွယ်ကူသကဲ့သို့လည်းကောင်း အရှင်နာဂသိန်သာ ဆုံးမနိုင်သည်။ အာဠဝကဘီလူး, သုစိလောမဘီလူး, ခရလောမဘီလူးတို့ကို ဘုရားရှင်သာ ဆုံးမနိုင်သကဲ့သို့လည်းကောင်း၊ သုံးဆယ့်တစ်ဘုံ၏အထက်ဆုံး နေဝသညာနာသညာယတနဘုံကို လက်ဖြင့် ကိုင်ပြခြင်းငှာ ခဲယဉ်းသကဲ့သို့လည်းကောင်း၊ ယူဇနာပေါင်း ရှစ်သောင်းလေးထောင်နက်သော သမုဒ္ဒရာမှ မြင်းမိုရ်တောင်ကို စွဲယူခြင်းငှာ ခဲယဉ်းသကဲ့သို့လည်းကောင်း၊ သမုဒ္ဒရာရေကို လက်ခုပ်ဖြင့် ယူပစ်ခြင်းငှာ မစွမ်းနိုင်သကဲ့သို့လည်းကောင်း၊ သမုဒ္ဒရာရေကို တင်းတောင်းစသည်ဖြင့် ယူခြင်းငှာ မစွမ်းနိုင်သကဲ့သို့လည်းကောင်း၊ ကောင်းကင်မှ ရွာချလိုက်သော မိုးရေမိုးပေါက်ကို ဤရွာသွန်းမှုရှိ၏ဟု ရေတွက်ခြင်းငှာ မလွယ်ကူသကဲ့သို့လည်းကောင်း၊ ကမ္ဘာမြေကြီးမှာ ရှိသော သဲလုံးကို ရေတွက်၍ မရနိုင်သကဲ့သိုလည်းကောင်း၊ ယူဇနာပေါင်း နှစ်သိန်းလေးသောင်းအထူရှိသော ကမ္ဘာမြေကြီးကို လှန်၍ ဩဇာတာတ်ကို ယူခြင်းငှာ အရှင်မောဂ္ဂလာန်မှတစ်ပါး မတတ်နိုင်သကဲ့သို့ ပဋိစ္စသမုပ္ပါဒ်တရားကို သိဖို့ရန် ခဲယဉ်း၏။

သာဂရလေးပါး

(၁) ဇလသာဂရ = သမုဒ္ဒရာကျယ်ပြန့်ခြင်း၊
(၂) နယသာဂရ = ပဋ္ဌာန်းဒေသနာတော်နည်း ကျယ်ပြန့်ခြင်း၊
(၃) ဉာဏသာဂရ = ဘုရားရှင်၏ဉာဏ်တော် ကျယ်ပြန့်ခြင်း၊
(၄) သံသာရသာဂရ = သံသရာကျယ်ပြန့်ခြင်းဟူ၍ အဋ္ဌသာလိနီနိဒါန်း (၁၁)၌ လာ၏။

မဟာဂတိဂမိယတိဿထေရ်

ဤမဟာဂတိဂမိယတိဿထေရ်သည် မဟာဗောဓိသို့ သင်္ဘောဖြင့် သွားရာ ဤသမုဒ္ဒရာကား ကျယ်ဝန်း၏၊ ဤထက်ပင် ဘုရားရှင်၏ ပဌာန်း ဒေသနာတော်ကား ကျယ်ပြန့်.၏ဟု အာရုံပြု၍ ရဟန္တာဖြစ်သည်။

* ယုန် လိပ် သပိတ်၊ မင်း ဆိပ်နဂါး၊ ဘီလူးဘုံတောင်၊ မှတ်လောင် ရေများ၊ သဲများမိုးသောက်၊ ရေထောက်မသွား၊ မြေလှန်က ခက်လှသူငါများ။

ကတ္ထစသော နည်းလေးသွယ်

ကတ္ထနည်းဟူသည်ကား အကြောင်းအကျိုး ဆက်စပ်၍ သန္ဓာန် ဖြစ်နေသည်ဟု သိသဖြင့် သေလျှင် ပြတ်၏ဟူသော ဥစ္ဆေဒဒိဋ္ဌိ၏၊ နာနတ္တနည်းဟူသည်ကား အသစ်အသစ် သခါရတို့.၏ ဥပါဒ်ခဏကို သိခြင်းကြောင့် ရုပ်နာမ်မြဲ၏ဟူသော သဿတဒိဋ္ဌိ၏၊ အဗျာပါရနည်းဟူသည်ကား ရုပ်နာမ်တရားတို့.၏အလိုသို့ မလိုက်သည်ကို သိခြင်းကြောင့် အစိုးရခြင်း အတ္တဒိဋ္ဌိ၏။ ဝေဓမ္မတာနည်းဟူသည်ကား အကြောင်းအကျိုး ကို သိခြင်းကြောင့် ကံ,ကံ၏အကျိုးမရှိဟူသော အကိရိယဒိဋ္ဌိ၏။

* ကြောင်းကျိုးဆက်စပ်၊ သန္ဓာန်မှတ်၊ သိလတ်တွေ့၊ ခွါဘိဥစ္ဆေဒါ။
  အသစ်အသစ်၊ ဥပါဒ်ဖြစ်၊ သိလစ်နာနတ္တာ၊ ခွါဘိသဿတာ။
  အလိုမလိုက်၊ သိကပိုက်၊ ယူထိုက်အဗျာပါ၊ ခွါဘိမှာအတ္တာ။
  ကြောင်းကျိုးသိက၊ ဝေဝါ၊ ဓမ္မတာနည်းမှာ၊ ခွါဘိအကိရိယာ။
  (ဗကပြဟ္မာစသော ဒိဋ္ဌိအကြောင်းကို ချဲ့နှိုင်၏)

အရှင်အာနန္ဒာနှင့် ပဋိစ္စသမုပ္ပါဒ်တရား

ဘုရားရှင်သည် ပဋိစ္စသမုပ္ပါဒ်တရား၏ ခက်ခဲနက်နဲကြောင်း ဟောတော်မူသည်ကို ကြားရ၍ အနုလုံ ပဋိလုံ ဆင်ခြင်ကြည့်ရာ ဉာဏ်၌ မြင်၍ ဘုရားရှင်အား လျှောက်လေလျှင် ဘုရားရှင်သည် အောက်ပါ ဒေသနာတော်ကို ဟောတော်မူလေသည်။ 1

တေသ အာနန္ဒ မမွသ အညာဏာ အနနုဗောဓ အပ္ပဋိဝေဓ ဝေမယံ ပဇာ တန္တာကုလကဇာတာ ကုလဂဏ္ဌိကဇာတာ မုဠ္ဆပဗ္ဗဇာဂူတာ အပါယံ ဒုဂ္ဂတိ ဝိနိပါတိ သံသာရံ နာတိဝတ္တတိ။ (သုတ်မဟာဝါပါဠိတော်၊ မဟာနိဒါနသုတ်၊ ၄၇)

အာနန္ဒ-ချစ်သားအာနန္ဒာ၊ တေသ ဓမွသ-ဤပဋိစ္စသမုပ္ပါဒ်တရားတော်ကို၊ အညာဏာ-မသိခြင်းကြောင့်၊ အနနုဗောဓာ-လျော်စွာမသိခြင်းကြောင့်၊ အပ္ပဋိဝေဓာ-ထိုထွင်း၍မသိခြင်းကြောင့်၊ ဝေံ-ဤသို့၊ အယံ ပဇာ-ဤသတ္တဝါသည်၊ တန္တာကုလကဇာတာ-ရက်ကန်းသည်တို့၏ ခြည်ထွေးနှင့်တူ၏၊ ကုလဂဏ္ဌိကဇာတာ-စာပေါင်းသိုက်သို့ ရှုတ်ထွေးလှ၏၊ မုဠ္ဆပဗ္ဗဇာဂူတာ-ပိန်းမြက်ဖြူဆံမြက်သို့ဖြစ်၏၊ အပါယံ-ချမ်းသာကင်းသော၊ ဒုဂ္ဂတိ-မကောင်းသဖြင့် သွားရာဖြစ်သော၊ ဝိနိပါတိ-ဖရိဖရဲကျရာဖြစ်သော၊ သံသာရံ-သံသရာကို၊ နာတိဝတ္တတိ-မလွန်နိုင်သည်သာတည်း။

အရှင်အာနန္ဒာ၏ ရွေးဘဝက ပါရမီ

အရှင်အာနန္ဒာသည် ပဒုမုတ္တရဘုရားရှင်လက်ထက်တော်၌ ပဋိစ္စသမုပ္ပါဒ်ထင်မြင်လွယ်စေကြောင်း ဆုမွန်ကောင်းတောင်းဖူး၏၊ ပဋိစ္စသမုပ္ပါဒ်တရားနှင့် ပတ်သက်၍ လေ့လာဆည်းပူးခြင်း၊ သောတာပန်ဖြစ်ခြင်း၊ ဗဟု

သုတရှိခြင်း စသည်တို့ကြောင့် ပဋိစ္စသမုပ္ပါဒ်တရား ထင်မြင်လွယ်၏၊ လေ့ကျက်ပြီးသောသူသည် သူများသူတကာထက် အလေးချိန်များစွာ ထမ်းဆောင်နိုင်သကဲ့သို့လည်းကောင်း၊ သမုဒ္ဒရာသည် ဘယ်လောက်ပင် ကျယ်သော်လည်း ယူဇနာငါးရာတစ်ထောင်စသည် ရှည်လျားသော တိမိလ တိမိရ တိပိဂ်လငါးတို့သည် ငါတို့ကား လွတ်လပ်စွာ သွားလာ၍ မရဟု ပြောသကဲ့သို့လည်းကောင်း၊ သမုဒ္ဒရာသည် ဘယ်လောက်ပင် နက်သော်လည်း အရပ်ယူဇနာလေးထောင့်ရှစ်ရာ၊ နှာခေါင်းတစ်ပေါက်စီ ယူဇနာငါးဆယ် မျက်စိတစ်လုံးစီ၊ ယူဇနာငါးဆယ် လက်တစ်ဆစ်စီ ယူဇနာ ငါးဆယ်ရှိသော ရာဟုအသူရိန်ကား ငါသည် ဆင်းကြည့်က ခြေမျက်စိပင် မမြုပ်ပါတကားဟု ပြောသကဲ့သို့လည်းကောင်း၊ ကောင်းကင်ဘယ်လောက်ပင် ကျယ်ဝန်းပါသော်လည်း ယူဇနာတစ်ရာ နှစ်ရာရှိသော ကဠုန်ငှက်တို့က ငါတို့သည် လွတ်လပ်စွာ သွားလာဖို့ရန် မဖြစ်နိုင်ဟု ပြောသကဲ့သို့ ရှိသည်။

ပါယာသိရာဇည်မြို့စား

ပါယာသိရာဇည်မြို့စားသည် နောင်ဘဝမရှိ၊ တစ်ဆယ့်ငါးနှစ်ခြောက်နှစ်ရှိသော ကမ္ဘာဦးသူ နတ် ပြဟ္မာတည်းဟူသော သြပပါတိက သတ္တဝါ မရှိ၊ ကုသိုလ် အကုသိုလ် အကြောင်းအကျိုးမရှိစသည်ကို ယူဆ၍ နောက်မှ အရှင်ကုမာရကဿပ ရှင်းပြမှ ဒိဋ္ဌအယူမှ ကင်းစင်လေသည်။

(သုတ်မဟာဝါပါဠိတော်၊ ပါယာသိရာဇညသုတ်ကို ရှု)

ပဋိစ္စသမုပ္ပါဒ်တရားကို သိခြင်းအကျိုး

ဤပဋိစ္စသမုပ္ပါဒ်တရားကို သိသောဉာဏ်ကို အကြောင်းအကျိုးကို သိမ်းဆည်းတတ်သောကြောင့် ပစ္စယပရိဂ္ဂဟဉာဏ်၊ ဘာမှမရှိသော

သုညတ၊ အစိုးမရ အလိုသို့ မလိုက်တတ်၍ အနတ္တဟု သိသောကြောင့် ဓမ္မဋ္ဌိတိညာဏ်၊ ဥပါဒ်ခဏအားဖြင့်ဖြစ်၍ ဥပ္ပါဒဋ္ဌိတိညာဏ်၊ ပဝတ္တဋ္ဌိတိညာဏ်၊ အကြောင်းကြောင့် ဖြစ်သည်ကိုသိတတ်သောကြောင့် နိမိတ္တညာဏ်၊ ဆင်းရဲစသည်ကို ဆောင်တတ်သည်ဟု သိတတ်၍ အာယူဟနညာဏ်၊ သံသရာကို ချဲ့တတ်သည်ဟု သိတတ်၍ သညောဂဋ္ဌိတိညာဏ်၊ စိုးရိမ်ကြောင့်ကြဖြစ်သည်ကို သိတတ်၍ ပလိဗောဓဋ္ဌိတိညာဏ်၊ ဇာတိဒုက္ခကို ဖြစ်စေတတ်သည်ဟု သိတို၍ သမုဒယဋ္ဌိတိညာဏ်၊ အဝိဇ္ဇာစသောအကြောင်းနှင့်တကွ ဖြစ်သည်ဟု သိတတ်၍ ဟေတုဋ္ဌိတိညာဏ်၊ ပစ္စယဋ္ဌိတိညာဏ်ခေါ်သည်။

* ပစ္စယ,နိမ္ဓ၊ အာယူဟနာ၊ ဓမ္မ, ဥပါဒ် ပဝတ္တပါ။
သညောဂသိ၊ ပလိဗောဓာ၊ မှတ်ဟေတု သမုဒယလာ။

ဤပဋိစ္စသမုပ္ပါဒ်တရားကို သိက လောဘစသော ကိလေသာတောင်အမိုက်မှောင်ကို ဝိဇ္ဇာဉာဏ်ဖြင့် ဖောက်ခွဲနိုင်၏၊ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ရေအယဉ်ကို ခန်းခြောက်စေနိုင်၏၊ သဒ္ဓါစသော သူတော်ကောင်းတရားကို ရွှေးရွှပြုနိုင်၏၊ မိစ္ဆာမဂ္ဂင်များကို ဖျောက်ဖျက်နိုင်၏၊ သမ္မာမဂ္ဂင်များကို ပွားများနိုင်၏၊ အပါယ်တံခါးပိတ်၏၊ လူနတ်ပြဟ္မာ ကောင်းရာသုဂတိသို့ ရောက်၏၊ ရန်သူမျိုးငါးပါးဘေးကင်း၏၊ ဘုရားရှင်၏ သားတော်သမီးတော်များ ဖြစ်ကြ၏၊ စွာန်အဘိညာဉ်မဂ်ဖိုလ်နိဗ္ဗာန်ကို ရောက်တတ်ပေ၏။

* ကိလေဖောက်ခွဲ၊ ခန်းပဲသံသာ၊ သူတော်တရား၊ ရှေ့ထားပေရာ၊
မိစ္ဆာပယ်ဖျောက်၊ ပယ်လှောက်ပါယာ၊ သုဂတိ-ရောက်ဘိသား
တော်သာ။

(ဤကဏ္ဍကို နေရာတိုင်း ရောနိုင်၏။)

(၁) 'အဝိဇ္ဇာပစ္စယာ သင်္ခါရာ' အကြောင်း သိကောင်းစရာ

အဝိဇ္ဇာ-ဟူသည်

အဝိဇ္ဇာ-မောဟဟူသည် တွေဝေတတ်သောတရားတည်း၊ တစ်နည်းကား မသိတတ်ခြင်းလက္ခဏာရှိ၏ဟု အဋ္ဌသာလိနီ (၂၉၁)၌ လာပေ၏။ အလုံးစုံသော မကောင်းမှု အကုသိုလ်တရားတို့၏ မူလ-အမြစ်ရင်းမည်၏၊ ပဋိစ္စသမုပ္ပါဒ်တရားကို ဖုံးလွှမ်းထားသည်၊ ဘုံအားဖြင့် နေဝသညာနာသညာယတနဘုံ၊ ဓမ္မအားဖြင့် သောတာပတ္တိမဂ်ရှေ့ ဂေါတြဘူ၊ ပုဂ္ဂိုလ်အားဖြင့် အနာဂါမ်တိုင်အောင် ဖုံးလွှမ်းထားသည်။ ဤမောဟတရားကြောင့် တိရစ္ဆာန်ဘုံ၌ ဖြစ်တတ်သည်။

တတ္ထ ကတမာ အဝိဇ္ဇာ-စသည်ဖြင့် ဝိဘင်းပါဠိတော် (၁၄၂)၌ သစ္စာလေးပါးကို မသိခြင်းသည် အဝိဇ္ဇာမည်၏ဟု ဟောတော်မူ၏။

အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်ပုံ

ဂုဏ်းအဝိဇ္ဇာကြောင့် ပုညာဘိသင်္ခါရ, အပုညာဘိသင်္ခါရ, အာနေဉ္ဇာဘိသင်္ခါရဖြစ်သည်၊ ကာမကုသိုလ်, ရူပကုသိုလ်စေတနာသည် ပုညာဘိသင်္ခါရ၊ အကုသိုလ်စေတနာသည် အပုညာဘိသင်္ခါရ၊ အရူပကုသိုလ်စေတနာသည် အာနေဉ္ဇာဘိသင်္ခါရမည်၏။ တစ်နည်း ကာယကံကုသိုလ် အကုသိုလ်ကံစေတနာသည် ကာယသင်္ခါရ၊ ဝစီကံကုသိုလ် အကုသိုလ်ကံစေတနာသည် ဝစီသင်္ခါရ၊ မနောကံ ကုသိုလ် အကုသိုလ်ကံစေတနာသည် စိတ္တသင်္ခါရမည်၏၊ ဤသို့ ဖြစ်ပွားသည်။

မောဟဖြစ်ပျက်၊ ကြားက ဟေတု အာရမ္မဏစသည် ဖြစ်ပျက်၊ နောက် စေတနာဖြစ်။

နာမ်တရားဟူသည် မျက်စိတစ်မှိတ်၊ လျှပ်တစ်ပြက်ခဏမှာ ကုဋေတစ်သိန်းမက ဖြစ်ပျက်နိုင်သည်၊ ရှေ့တရားပျက်ရခြင်းသည် နောက်တရားဖြစ်ရန်အတွက် ချုပ်ပေးရသည်၊ အနန္တရပစ္စည်းတည်း။

တစ်လောကလုံး ရုပ်နာမ်နှစ်ပါးသာ၊ ၎င်းသည် အကြောင်းအကျိုး 19
တည်း၊ အကြောင်းနှင့်ကင်းသော အကျိုးမရှိ၊ အကျိုးနှင့် ကင်းသော အကြောင်းမရှိ၊ ၎င်းအကြောင်းအကျိုးသည်လည်း တစ်ခုသောအကြောင်းကြောင့် တစ်ခုသောအကျိုးမဖြစ်၊ တစ်ခုသောအကြောင်းကြောင့် များစွာသော အကျိုးမဖြစ်၊ များစွာသော အကြောင်းကြောင့် တစ်ခုသော အကျိုးမဖြစ်၊ များစွာသော အကြောင်းကြောင့် များစွာသော အကျိုးသာဖြစ်သည်။

ဥပမာ – များစွာကုန်သော ရေမြေမျိုးစေ့ဟု ဆိုအပ်ကုန်သော အကြောင်းတို့ကြောင့် သစ်ပင်ကား များသော အဆင်း အနံ့ အရသာနှင့် ပြည့်စုံသော အသီး အပွင့် အညွှန့်တို့ဖြစ်ကုန်၏။

(၁) တစ်နည်း သလိပ်နာဖြစ်သည်ဟူရာ၌ သလိပ်သည် ထင်ရှားသည်၏အဖြစ်ကြောင့် တစ်ခုတည်းသောအကြောင်းကိုသာ ဆိုသည်၊ ကံ အာဟာရစသောအကြောင်းတို့သည်ကား မထင်ရှားသကဲ့သို့တည်း။

(၂) လူစသော သတ္တဝါဖြစ်ရာ၌လည်း ကံ စိတ် ဥတု အာဟာရ အစုအဝေးကြောင့် ဖြစ်၏။

(၃) တစ်နည်း သတ္တဝါအရာဝတ္ထုဖြစ်ရာ၌ ရုပ်အစု ဥတုအစု အာဟာရအစုကြောင့် ဖြစ်သည်၊ စိတ်တစ်ခုတည်း၊ စေတသိက်တစ်ခုတည်း၊ အာဟာရတစ်ခုတည်း၊ ရုပ်တစ်ခုတည်း၊ ဥတုတစ်ခုတည်း မဟုတ်၊ ယုတ်စွအဆုံး ရုပ်ဖြစ်ရာ၌လည်း အဋ္ဌကလာပ်ရုပ်ရှိသည်။

(၄) ဝေဒနာပစ္စယာ တဏှာ စသည်ဖြစ်ရာ၌လည်း ဝေဒနာစသော စေတသိက်တစ်လုံးတည်း မဟုတ်၊ စေတသိက်လည်း စိတ်နှင့်ကင်း၍

မဖြစ်၊ စိတ်ကား စေတသိက်နှင့်ကင်းရှဲ့ ဖြစ်၏၊ စိတ်ဖြစ်ရာဌာနလည်း တစ်လုံးတည်း မဖြစ်၊ မင်းလာသည်ဆိုရာ၌ နောက်ပါ အခြံအရံများပါသကဲ့သို့ တည်း။

(၅) (အဋ္ဌကလာပ်ရုပ်အကြောင်းကို သိ)

ပုညာဘိသင်္ခါရစသည် အကျိုးပေးပုံ

နိရောဓသမာပတ်မှ ထလာသော အရှင်မဟာကဿပကိုယ်တော် မြတ်ကြီးအား မိန်းကလေးတစ်ယောက်သည် ကာမာဝစရကုသိုလ်တည်းဟူသော ပေါက်ပေါက်လှူဖူး၏၊ နောက်မြွေကိုက်၍ သေရာ ချက်ချင်း တာဝတိံသာနတ်ပြည်၌ ပေါက်ပေါက်ပန်းသဖွယ် တန်ဆာဆင်ထားသော ဘုံဗိမာန်၌ ဖြစ်၏။ (သမဏနတ်သားဝတ္ထုစသည် ရှ)

ရှပါဝစရကုသိုလ်ကြောင့် ဝိတက် ဝိစာရ ပီတိ သုခ ဧကဂ္ဂတာ တည်းဟူသော စျာန်တရားကို ရ၏၊ လောဘစသော တရားတို့ကို လောင်ကျွမ်းစေတတ်၍ စျာန်ခေါ်၏၊ ပဋ္ဌမစျာန်ကို အခြေပြု၍ ကွဒ္ဓိဝိဓ-တန်ခိုးအမျိုးမျိုး ဖန်ဆင်းခြင်း၊ ဒိဗ္ဗသောတ-နတ်တို့၏နားကဲ့သို့ ကြားစွမ်းနိုင်ခြင်း၊ ပရစိတ္တဝိဇာနန-သူတစ်ပါးစိတ်ကို သိစွမ်းနိုင်ခြင်း၊ ပုဗ္ဗေနိဝါသာနုဿတိ-ရှေ့၌ဖြစ်ဖူးသည်ကို သိခြင်း၊ ဒိဗ္ဗစက္ခု-နတ်တို့၏မျက်စိကဲ့သို့ မြင်စွမ်းနိုင်ခြင်းတည်းဟူသော လောကီ အဘိညာဉ်များကို ရ၏။

အရှုပကုသိုလ်ကြောင့် အာကာသာနဉ္စာယတနစျာန်စသော လောကီစျာန်ကို ရ၏၊ ရက်ကန်းသည်မ သီချင်းသံကြောင့် ကောင်းကင်မှ လာသော ကိုယ်ရင်လေး စျာန်လျှောကျသည်၊ ရက်ကန်းသည်မနှင့် အတူနေစဉ် လွန်းထိုးမိ၍ မျက်စိကန်းလေသည်။ (တဏှာဝဂ်၊ ဝိဇ္ဇာန်ကဝတ္ထု၊ ဥတ္တရသာမဏေဝတ္ထု စသည်သို)

ရှေးအခါက လူတစ်ယောက်သည် မီးသွေးထမ်းလာ၍ ကိုယ်မှာ ပေကျံနေ၏၊ နောက်က ကိုယ်ရင်များက တစ်ပါးကိုတစ်ပါး မင်းအဖေ မင်းဦးကြီးစသည် နောက်ပြောင်ကြ၏၊ ၎င်းလူသည် လှည့်ကြည့်ကာ ကိုယ်ရင်တို့. ရှေးအခါက တပည့်တော်သည် ရဟန်းဘဝနှင့် မြေလျှိုး မိုးပျံနေခဲ့ရသည်၊ ယခုကား မီးသွေးထမ်းနေရသည်ဟု ပြော၏။ (ဒေဝဒတ်တို့၏ လောကီစွာန်မျိုး) 2

စွာန်ပျံသည် ဟူသည်ကား အမှန်မှာ စွာန်ဖြင့် မြေလျှိုးမိုးပျံ မတတ်နိုင်၊ အဘိညာဉ်ရမှသာ တတ်နိုင်သည်။ (ဘုရားရှင်နှင့် အာဠာရ, ဥဒက တို့.ကို သိ)

အပုညာဘိသင်္ခါရကြောင့် အပါယ်လေးဘုံမှာ ဖြစ်ရသည်၊

လောကီကုသိုလ်မှာ လောကုတ္တရာကုသိုလ်သို. တက်ရသည်၊ လောကီကုသိုလ်ကား လုပ်ဆဲခဏ၌ ကိုယ်စိတ်ပင်ပန်းရသည်၊ တရား အားထုတ်စဉ်လည်း ပင်ပန်းရသည်၊ ထမင်းချက်စဉ် ဒုက္ခ၊ စားက သုခ၊ ဟိုဖက်ကမ်းကို ကူးက လော်ရခြင်း ဒုက္ခ၊ ရောက်က သုခ၊ ဆင်သေကောင်နားနသောကျီး မျောနေစဉ် ဒုက္ခ၊ ကမ်းကို ရောက်က သုခ၊ သဘော်ပျက်၍ ပျဉ်ချပ်ကို စီးခြင်းက ဒုက္ခ၊ ကမ်းကို ရောက်က သုခတည်း။

အဝိဇ္ဇာသည် သင်္ခါရကို ဖြစ်စေရာ၌ လောကုတ္တရာစေတနာကိုကား ဝဋ်မြှစ်ပြတ်တတ်သောကြောင့် မယူအပ်၊ အဝိဇ္ဇာ တဏှာကား ဝဋ်မြှစ်တည်း၊ အမတဂ္ဂသုတ်ကို ရှုအပ်၏။

(သုံးဆယ့်တစ်ဘုံ ဒုက္ခကို ကိုယ်တွေ့.မှစ၍လည်းကောင်း၊ ငရဲမှ စ၍လည်းကောင်း ပြောပြပါ။)

လောကီကုသိုလ် အကုသိုလ်၊ ၎င်းကြောင့်ဖြစ်သော ရုပ်နာမ်သည် အနိစ္စ ဒုက္ခ အနတ္တသာတည်းဟု ရှုပါမှ အဝိဇ္ဇာပျောက်မည်၊ လောကီကုသိုလ် အကုသိုလ်သည် မီးပုံသို့ သွားရာကံလမ်းမည်၏၊ တစ်နည်း ပန်းချီဆရာသည် ဆေးရေးခြင်းနှင့် တူ၏။

သဘာဝတရားအမျိုးမျိုး အစားစား

အဝိဇ္ဇာကြောင့် သခါရဖြစ်ရာ၌ အဝိဇ္ဇာသည် မကောင်းသော အကြောင်းတရားဖြစ်ရကား မကောင်းသော အပုညာဘိသင်္ခါရကိုသာ ဖြစ်စေသင့်ပါလျက် ကောင်းသော ပုညာဘိသင်္ခါရ, အာနေဉ္ဇာဘိသင်္ခါရ အဘယ်ကြောင့် ဖြစ်နိုင်ပါသနည်း၊ ပူးစေ့က ပူးပင်၊ ဖရုံစေ့က ဖရုံပင်၊ တမာစေ့က တမာပင်သာ ပေါက်သင့်သည် မဟုတ်လောဟူမူ လောက၌ အကြင်သဘာတရားတို့ကား ဆန့်ကျင်သည့် အကျိုးဝိပါက်လည်း ရှိသည်၊ မဆန့်ကျင်သည့် အကျိုးဝိပါက်လည်း ရှိသည်၊ တူသောအကျိုးဝိပါက်လည်း ရှိသည်၊ မတူသော အကျိုးဝိပါက်လည်း ရှိသည်။

ပဥ္စဒွါရာဝဇ္ဇန်း၊ စက္ခုဝိညာဏ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ ဇော၊ တဒါရုံဟု ဆိုအပ်သော ဝိထိစိတ်အစီအစဉ်၌ ရှေးစိတ်သည် နောက်စိတ်အားလည်းကောင်း၊ ရှေ့အတတ်ပညာသင်ခြင်းစသည်တို့သည် နောက်အတတ်ပညာသင်ခြင်းစသည်တို့အားလည်းကောင်း၊ နာမ်စေတနာစိတ်သည် စိတ်ကြောင့်ဖြစ်သော ရုပ်အားလည်းကောင်း၊ ကံသည် ကံကြောင့်ဖြစ်သော ရုပ်အားလည်းကောင်း၊ နို့သည် နို့ဓမ်း ထောပတ်အားလည်းကောင်း၊ အလင်းရောင် ရှုပါရုံစသည်သည် စက္ခုဝိညာဏ်စိတ်စသည်အားလည်းကောင်း၊ သကာ တင်းလဲ ထန်းလျက် စသည်တို့သည် အရက်အားလည်းကောင်း ဆန့်ကျင်သည့်အကြောင်းဖြစ်သည်။ (၁)

* ဝိထိ အတတ်၊ စိတ် ကံမှတ်၊ နို့ထပ် အာရုံ သကာများ။

စက္ခုပသာဒရုပ်၊ ရူပါရုံစသည်တို့သည် စက္ခုဝိညာဏ်စိတ် စသည် အားလည်းကောင်း၊ ရှေးရှေးဖောစိတ်သည် နောက်နောက်ဖောစိတ်အား လည်းကောင်း မဆန့်ကျင်သည့်အကြောင်းဖြစ်ပေသည်။ (၂)

ရုပ်ကို ဖြစ်စေရာ၌ ဥတုကြောင့် ဥတုဇရုပ်ဖြစ်သည်၊ အာဟာရ 2
ကြောင့် အာဟာရဇရုပ်ဖြစ်သည်၊ သလေးစပါး, ဗူး, ဖရုံစသော မျိုးစေ့ သည် သလေးစပါး ဗူး ဖရုံ စသည်တို့ကို ဖြစ်စေရာ၌ တူသောအားဖြင့် ကျေးဇူးပြုသည်။

နာမ်က ရုပ်ကို ကျေးဇူးပြုခြင်း၊ နွားမွေး သားမွေး သားချို နို့ဓမ်း မုန့်ညက်စသည်တို့သည် မြေဖြူက် မြက်နုံသာစသည်တို့အား မတူသောအားဖြင့် ကျေးဇူးပြုသည်။ (၄)

အဝိဇ္ဇာတွေဝေပုံ

အကြင်မောဟ အဝိဇ္ဇာ မကင်းသောသူသည် အသက်ဟု ခေါ်သော ရုပ်ဇီဝိတ နာမ်ဇီဝိတ ပြတ်ခြင်းစုတိခဏ၌လည်းကောင်း၊ ရုပ်ဇီဝိတ နာမ် ဇီဝိတ အစဉ်ဖြစ်ခြင်း ပဋိသန္ဓေခဏ၌လည်းကောင်း၊ ခန္ဓာ အာယတန ဓာတ် မပြတ်ဖြစ်ရာ သံသရာတည်းဟူသော ပဋိစ္စသမုပ္ပါဒ်၌လည်းကောင်း၊ လူစသော သတ္တဝါ၌လည်းကောင်း၊ သခါရရုပ်နာမ်တရားတို့၏ ဝိသေသ လက္ခဏာ သာမညလက္ခဏာ၌လည်းကောင်း တွေဝေစေတတ်၏။

အလုံးစုံသော ဘဝတို့၌ စုတိပဋိသန္ဓေကို မမှတ်မိသောသူသည် အတ္တသည် သေ၏၊ အတ္တသည် ပဋိသန္ဓေနေ၏၊ ဤသို့စသည်ဖြင့် ကြံ စည်တွေဝေသည်။

ပဋိစ္စသမုပ္ပါဒ်အကြောင်းအကျိုးတို့၌ မသိသည်ဖြစ်၍ ပစ္စုပ္ပန်လောက မှ တမလွန်လောကသို့ သတ္တဝါသည် သွား၏၊ သတ္တဝါသည် လာ၏၊

ဤသို့. အလွဲလွဲအမှားမှား ကြံစည်သည်၊ သတ္တ အတ္တ ဇီဝ ဝိညာဏ် လိပ်ပြာကောင် သွား၏၊ လာ၏ဟု ကြံစည်ခြင်းပင်တည်း။

အဝိဇ္ဇာကြောင့် သခါရတို့၏ဖြစ်ခြင်းကို မှန်မှန်ကန်ကန် မသိသည် ဖြစ်၍ သတ္တ အတ္တ ဇီဝ ဝိညာဉ် လိပ်ပြာကောင် ဖြစ်ပျက်သည်ဟု ယူဆ၏၊ တချို့က လောကကို ဗိသနိုးနတ် မဟာပိန္ဒုနတ် ပြဟ္မာကြီး ဂေါတမဘုရား စသည် ဖန်ဆင်းသည်ဟု ယူဆကြ၏။ ၎င်းဝါဒကို ဣသရ-အစိုးရသည့် နိမ္မာန--ဖန်ဆင်းသည့် ဝါဒခေါ်၏၊ အတ္တဝါဒတည်း၊ ၎င်းဝါဒရှိသမျှ ဘယ်လောက်ပဲ တရားအားထုတ်ထုတ် ဤဘဝ၌ မဂ်ဖိုလ်နိဗ္ဗာန် မရပေ၊ နည်းတူ လူသေလျှင် သပိတ်မသွတ်မီ လိပ်ပြာကောင် အိမ်မှာ ရှိသေးသည်ဟူသော ဝါဒလည်း အတူတူတည်း။ သို့သော် ဒါနစသည် ပြုနေကြ၍ နတ်ပြည်ကိုတော့ ရောက်နိုင်၏၊ တချို့မိစ္ဆာဒိဋ္ဌိဝါဒများ မဂ်ဖိုလ်ကို တားမြစ်၏၊ နတ်ရွာသုဂတိကို မတားမြစ်၊ တချို့ဝါဒကား နှစ်ပါးကို တားမြစ်လည်း ရှိပေ၏။

သခါရတို့၏ လက္ခဏာ၌ တွေဝေသောသူသည် ရုပ်တို့၏ ဖောက်ပြန်ခြင်း၊ နာမ်တို့၏ ခံစားခြင်း၊ ရုပ်တို့၏ ကြမ်းတမ်းခြင်း၊ ဖဿစသည်တို့၏ တွေ့ထိခြင်းစသော အများနှင့်မတူသော ဝိသေသလက္ခဏာကိုလည်းကောင်း၊ အနိစ္စ ဒုက္ခ အနတ္တဟူသော အလုံးစုံသော ရုပ်နာမ်တို့၏ တူမျှသော သာမညလက္ခဏာကိုလည်းကောင်း မသိသည်ဖြစ်၍ ရုပ်နာမ်မမှသခါရတို့ကို အတ္တအားဖြင့်လည်းကောင်း၊ အတ္တနှင့်စပ်သောအားဖြင့် လည်းကောင်း ဤသို့စသည်ဖြင့် အလွဲလွဲအမှားမှားကြံစည်စိတ်ကူးသည်။

မောဟသမ္မန္ဓနော လောကော၊ ဘဗ္ဗရူပေါဝ ဒိဿတိ။
ဥပဓိသမ္မန္ဓနော လောကော၊ တမသာ ပရိဝါရိတော။
သဿတောရိဝ ခါယတိ၊ ပဿတော နတ္ထိ ကိဉ္စနံ။

လောကော–လောကသည်၊ မောဟသမ္မန္ဓနော–မောဟနှင့်ဆက်စပ်၏၊ ဘဗ္ဗရူပေါဝ–ဟုတ်သကဲ့သို့၊ ဒိဿတိ–ထင်၏၊ လောကော–လောကသည်၊ ဥပဓိသမ္မန္ဓနော–ခန္ဓာနှင့်စပ်၏၊ တမသာ–အမိုက်တိုက်ဖြင့်၊ ပရိဝါရိတော–ခြံရုံအပ်၏၊ သဿတောရိဝ–မြဲသကဲ့သို့၊ ခါယတိ–ထင်၏။ ပဿတော–ရှုမြင်သောသူအား၊ ကိဉ္စနံ–ကြောင့်ကြခြင်းသည်၊ နတ္ထိ–မရှိသည်သာတည်း။ (ဥဒါန်းပါဠိတော်၊ ၁၇၆)

ယေန မောဟေန မုဇ္ဇာသေ၊ သတ္တာ ဂစ္ဆန္တိ ဒုဂ္ဂတိံ။
တံ မောဟံ သမ္မဒညာယ၊ ပဇဟန္တိ ဝိပသ္သိနော။
ပဟာယ နံ ပုနာယန္တိ၊ ဣမံ လောကံ ကုဒါစနံ။
(ဣတိဝုတ်ပါဠိတော်၊ ၁၉၆)

ယေန မောဟေန–အကြောင်မောဟဖြင့်၊ မုဇ္ဇာသေ–တွေဝေကြကုန်သော၊ သတ္တာ–သတ္တဝါတို့သည်၊ ဒုဂ္ဂတိံ–အပါယ်လေးဘုံသို့၊ ဂစ္ဆန္တိ–သွားရောက်ကြကုန်၏၊ တံ မောဟံ–ထိုမောဟကို၊ အညာယ–သိ၍၊ သမ္မာ–ကောင်းစွာ၊ ဝိပသ္သိနော–ဝိပဿနာရှုကုန်သောသူတို့သည်၊ ပဇဟန္တိ–ပယ်စွန့်ကြကုန်၏၊ ပဟာယ–ပယ်စွန့်၍၊ ပုန–တစ်ဖန်၊ ဣမံ လောကံ–ဤသုံးဆယ့်တစ်ဘုံသို့၊ ကုဒါစနံ–တစ်ရံတစ်ခါ၊ န အာယန္တိ–မလာကုန်သည်သာတည်း။

သတ္တဝါတို့၏ အဖျက်တည်သန္တာန်မှာရှိသော လောဘ ဒေါသ မောဟကြောင့် ကမ္မာကို မီး ရေ လေ ဖျက်ရသည်၊ ရောဂန္တရကပ်၊ ဒုဘ်ိက္ခန္တရကပ်၊ သတ္ထန္တရကပ်ဖြစ်ရသည်၊ သတ္တဝါတို့၏ အလိုဆန္ဒကြောင့် နေလေ ပေါ်ထွန်းရသည်။ (ပဋ္ဌာန်းဆက်–ပကတူပနိဿယပစ္စည်းတည်း)

မှုဇ္ဇော အတ္ထံ န ဇာနာတိ၊ မှုဇ္ဇော ဓမ္မံ န ပဿတိ။
အန္ဓတမံ တဒါ ဟောတိ၊ ယံ မှုဇ္ဇော သဟတေ နရံ။

မူဌော–မောဟတရားသည်၊ အတ္ထံ–အကျိုးရှိသည်, မရှိသည်ကို၊ နံ ဇာနာတိ–သတိမချပ် မသိတတ်၊ မူဌော–မောဟတရားသည်၊ ဓမ္မံ–အကြောင်းဟုတ်သည်, မဟုတ်သည်ကို၊ နံ ပဿတိ–သတိမမြင် မဆင်ခြင်၊ မူဌော–မောဟတရားသည်၊ ယံ နရံ–အကြင်သတ္တဝါကို၊ သဟတေ–နှိပ်စက်၏၊ တဒါ–ထိုအခါ၌၊ အန္ဓတမံ–အမိုက်တိုက်သည်၊ ဟောတိ–ဖြစ်သည်သာတည်း။

22

အဝိဇ္ဇာ၏ ဥပမာများ

အဝိဇ္ဇာသည် ဦးစီးခေါင်းဆောင်ပြုသည်၊ ညြဖာ အာဏာပေးသည်၊ ခိုင်းစေတတ်သည်။ လက်သမားကြီး၊ ကျောင်းသားကြီး ဦးစီးနာယကထောင်မှူး၊ ကျောင်းဆရာ၊ လမ်းပြ၊ မုဆိုး၊ ရှင်ဘုရင်၊ စစ်ဗိုလ် စသည်နှင့် တူပေ၏။ အိမ်တစ်လုံး၏ အဆောက်အဦး သစ်ဝါးစသည်တို့သည် အိမ်အထွတ်မှာ စုဝေးသကဲ့သို့ မကောင်းဟူသမျှ အဝိဇ္ဇာပဓာနဖြစ်သည်၊ အဟိရိက အနောတ္တပ္ပ နောက်ကလိုက်သည်၊ မိစ္ဆာဒိဋ္ဌိ မိစ္ဆာသင်္ကပ္ပစသော တရားများဖြစ်သည်ဟု မဟာဝဂ္ဂသံယုတ်ပါဠိတော် (၁)၌ လာပေ၏။

ဘုရားရှင်သည် ၎င်းအဝိဇ္ဇာကို အဝိဇ္ဇာသဝ အဝိဇ္ဇာယောဂ အဝိဇ္ဇာနီဝရဏ၊ အဝိဇ္ဇာနုသယ၊ အဝိဇ္ဇာသံယောဇန၊ မောဟကိလေသာဟူ၍ အမျိုးမျိုးဟောတော်မူခဲ့၏။

ဤလောဘ ဒေါသ မောဟတရားသည် ဒေဝဒတ်အား သံဃဘေဒကံကြောင့်လည်းကောင်း၊ အဇာတသတ်အား ပိတုဃာတကံကြောင့်လည်းကောင်း ငရဲသို့ ရောက်ရသည်၊ ငှက်ပျောင်၊ ပေပင်၊ ကျူပင်၊ ဝါးပင်စသည် မိမိအသီးကြောင့် သေရသည်၊ မိမိအသီးသည် သတ်သည်မည်၏၊ အသတို့ရှိမြင်းမကား ကလေးမွေးက သေရတတ်၏။

လောဘော ဒေါသော စ မောဟော စ၊ ပုရိသံ ပါပစေတသံ။
ဟိသန္တိ အတ္တာသမ္ဘူတာ၊ တစသာရံဝ သဖလံ။
(ကုတိဝုတ်ပါဠိတော်၊ ၂၂၆)

လောဘော စ-လောဘသည်လည်းကောင်း၊ ဒေါသော စ-ဒေါသသည်လည်းကောင်း၊ မောဟော စ-မောဟသည်လည်းကောင်း၊ ပါပစေတသံ-ယုတ်မာသော စိတ်ရှိသော၊ ပုရိသံ-သတ္တဝါကို၊ တစသာရံ-အခွံလျှင်အနှစ်ရှိသော ဝါးပင်စသည်ကို၊ သဖလံ-မိမိ၏အသီးသည်၊ ဟိသတိ ကုဝ-နှိပ်စက်သကဲ့သို့၊ အတ္တာသမ္ဘူတာ-မိမိကြောင့်ဖြစ်ခြင်းကြောင့်၊ ဟိသန္တိ-ဇာတိဒုက္ခ စသည့် တရားတို့သည် နှိပ်စက်ကုန်သည်သာတည်း။

အဝိဇ္ဇာ အဘယ့်ကြောင့် ဖြစ်သလဲ

ဗျာန်မဂ်ဖိုလ်တရားတို့ကို တားမြစ်တတ်သောကြောင့် နိဝရဏာခေါ်၏၊ ၎င်းနိဝရဏတရားတို့သည် ကာမစ္ဆန္ဒနိဝရဏ၊ ဗျာပါဒနိဝရဏ၊ ထိနမိဒ္ဓနိဝရဏ၊ ဥဒ္ဓစ္စကုက္ကုစ္စနိဝရဏ၊ ဝိစိကိစ္ဆာနိဝရဏ၊ အဝိဇ္ဇာနိဝရဏဟူ၍ ခြောက်ပါးရှိ၏။

"အာသဝါနံ သမုပ္ပါဒါ အဝိဇ္ဇာ စ ပဝတ္တတိ"ဟူသည်နှင့်အညီ အဝိဇ္ဇာသည် အဝိဇ္ဇာသဝစသော နိဝရဏကြောင့် ဖြစ်၏၊ နိဝရဏတို့၏အကြောင်းကား ဒုစရိုက်ဆယ်ပါးတည်း၊ ဒုစရိုက်ဆယ်ပါးတို့၏အကြောင်းကား မျက်စိစသည်ကို စောင့်စည်းခြင်း ဣန္ဒြိယသံဝရသီလ မရှိခြင်းတည်း၊ ဣန္ဒြိယသံဝရမရှိခြင်းကား "အသတာ အသမ္ပဇညတာ"ဟူသည်နှင့်အညီ သတိ ပညာမရှိခြင်းတည်း၊ သတိပညာ၏ မရှိခြင်းကား အယောနိသော မနသိကာရတည်း၊ အယောနိသော မနသိကာရ၏ အကြောင်းကား သဒ္ဓါ

မရှိခြင်း အဿဒ္ဓိယတည်း၊ သဒ္ဓါမရှိခြင်းကား သူတော်ကောင်းတရားကို မနာခြင်း အဿဒ္ဓမ္မသဝနတည်း၊ အဿဒ္ဓမ္မသဝနကား လူမိုက်ကို မှီဝဲခြင်း အသပ္ပုရိသသံသေဝတည်း။

3 (အာသဝမဖြစ်က အဝိဇ္ဇာ မဖြစ်ခြင်းစသည် အပြန်အလှန်ကိုလည်းကောင်း၊ ဣန္ဒြိယသံဝရသီလ၌ စိတ္တဂုတ္တထေရ် ပေါင်ကျိုး တိသ၊ အနုရာဓမြို့ကို ဆွမ်းခံသွားတိသရဟန်း၊ အသတာ အသမ္ဘဇ္ဈ၌ သာမဉ်ဖလသုတ်အဋ္ဌကထာကိုလည်းကောင်း၊ အဿဒ္ဓိယ၌ သဒ္ဓါတရားကိုလည်းကောင်း၊ အဿဒ္ဓမ္မသဝန၌ ပဉ္စဂုံတွဂရပါဠိတော်လာ တရားနာကျိုးကိုလည်းကောင်း၊ အသပ္ပုရိသသံသေဝ၌ အဇာတသတ်, တပုဿ ဘလ္လိကစသည်ကိုလည်းကောင်း ချဲ့နှိုင်ပေ၏။)

အဝိဇ္ဇာ၏ ဆန့်ကျင်ဘက် သမ္မာဒိဋ္ဌိ

ဘုရားရှင်သည် အရှင်အာနန္ဒာအား သမ္မာဒိဋ္ဌိကို ပွားအပ်သည် ရှိသော် ရာဂ ဒေါသ မောဟ ပျောက်တတ်သည်ဟု မဟာဝဂ္ဂသံယုတ် ပါဠိတော် (၅)၌ ဟောတော်မူ၏၊ သစ္စာလေးပါးကို သိတတ်သော တရားတည်းဟု မဟာဝဂ္ဂသံယုတ်ပါဠိတော် (၇)၌ ဟောတော်မူ၏။

သမ္မာဒိဋ္ဌိဖြစ်ကြောင်းကို သူတစ်ပါး၏ တရားစကားကို ကြားနာရခြင်း ပရတောဃောသ၊ အသင့်အတင့် နှလုံးသွင်းခြင်း ယောနိသောမနသိကာရ တည်းဟု ပေဋကောသပါဠိတော် (၁၆၇)၌ ဟောတော်မူ၏။ ထို့ကြောင့် အရှုပဘုံ၌ နားသောတပသာဒ မရှိ၍ ပရတောဃောသကို မရအပ်သဖြင့် သောတာပန်စသည် မဖြစ်နိုင်။ အသညသတ်ဘုံ၌ နားတည်ဟူသော သောတပသာဒရုပ်၊ ယောနိသောမနသိကာရ နာမ်တရားမရှိသောကြောင့် ၎င်းဖြဟ္မာဘုံ၌ သောတာပန်စသည် မဖြစ်နိုင်ပေ၊ နည်းတူ အပါယ်လေးဘုံ၌လည်း ဤနည်းနှင်နှင်တည်း။

သူတစ်ပါးထံမှ တရားစကားကို ကြားနာရခြင်းသည် သုတမယ ဉာဏ် သညာသိမည်၏၊ ရုပ်မှန်း နာမှန်းသိ၏၊ လက္ခဏာရေးသုံးပါးဖြင့် မပွားများတတ်ပေ၊ ကလေးရွှေကောက်ရသည်နှင့် တူ၏။ သုတမယဉာဏ် အတိုင်း ဆင်ခြင်ခြင်းသည် ဝိညာဏ်သိ၊ စိန္တာမယဉာဏ်မည်၏။ ရုပ်မှန်း နာမ်မှန်းလည်း သိ၏၊ လက္ခဏာရေးသုံးပါးဖြင့်လည်း ပွားတတ်၏၊ မဂ်သို့ကား တင်မပေးတတ်၊ ကလေးကောက်ရသောရွှေကို မိဆင်သိသည်နှင့် တူ၏၊ ၎င်းနှစ်ပါးကို အခြေခံအုတ်မြစ်ပြု၍ သမ္မာဒိဋ္ဌိဉာဏ်စသည် ပေါ်လာ၏။ ၎င်းကို ဘာဝနာမယဉာဏ် ပညာသိခေါ်၏၊ ရုပ်မှန်းနာမ်မှန်းလည်း သိ၏၊ လက္ခဏာရေးသုံးပါးဖြင့်လည်း ပွားတတ်၏၊ မဂ်သို့လည်း တင်ပေးတတ်၏၊ ၎င်းရွှေကို ရွှေပန်းထိန်သည် သိသည်နှင့် တူ၏။ သစ္စာလေးပါးကို ဟုတ်မှန်တိုင်းသိခြင်းသည် သစ္စဉာဏ်မည်၏၊ ထိုသစ္စာလေးပါးတို့၌ ပိုင်းခြား၍ သိခြင်း၊ ပယ်ခြင်းကို သိ၏၊ ဤသို့ ပြုအပ်သောကိစ္စကို သိတတ်သောဉာဏ်သည် ကိစ္စဉာဏ်မည်၏၊ ပိုင်းခြား၍သိပြီ၊ ပယ်အပ်ပြီ၊ ဤသို့ ထိုထိုကိစ္စကို ပြုအပ်သောအဖြစ်ကို သိတတ်သော ဉာဏ်သည် ကတဉာဏ်မည်၏ဟု သစ္စသံယုတ်အဋ္ဌကထာ (၃၂၈)၌ လာပေ၏။

ဤသို့ သမ္မာဒိဋ္ဌိဉာဏ်ကို ရမှ "သယံကတံ သုခဒုက္ခံ"ဟူသည်နှင့်အညီ ချမ်းသာဆင်းရဲကို ကိုယ်တိုင်ပြု၏ဟု ယူဆသည့် သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိစသည် ပျောက်၏၊ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်အတိုင်း ဖြစ်ပျက်နေသည်ဟု သိ၏။ အဝိဇ္ဇာ တဏှာကား သားမိုက် တပည့်မိုက်၊ သမ္မာဒိဋ္ဌိဉာဏ်ကား မိဖဆရာသမားနှင့် တူ၏၊ ရာဂ ဒေါသ မောဟကို မပယ်နိုင်သမျှ ဇာတိစသည်ကို မပယ်နိုင်ရာ။

၎င်းဇာတိစသော သံသရာမှ လွတ်ကြောင်းအတွက် မောဟ၏ ဆန့်ကျင်ဘက် ဝိဇ္ဇာပညာဉာဏ်ကို လို၏၊ ၎င်းဉာဏ်ပညာတရားသည် သစ္စာ

လေးပါးတို့၏ လက္ခဏာစသည်ကို သိတတ်၍ ဝိဇ္ဇာ၊ အနက်အဓိပ္ပာယ်ကို သိတတ်သောကြောင့် ပညာ၊ အနိစ္စစသည်၏အစွမ်းဖြင့် ရှုတတ်သောကြောင့်လည်း ပညာ၊ အပြားအားဖြင့် သိတတ်သောကြောင့် ပဇာနန၊ အနိစ္စစသည်ဖြင့် ရွေးချယ်စိစစ်တတ်သောကြောင့် ဝိစယ၊ အပြားအားဖြင့် ရွေးချယ်စိစစ်တတ်၍ ပဝိစယ၊ သစ္စာလေးပါးကို ရွေးချယ်စိစစ်တတ်၍ ဓမ္မဝိစယ၊ အနိစ္စစသော လက္ခဏာနှင့်တကွ ဖြစ်၍ သလက္ခဏာ၊ ထိုအနိစ္စသော တရားတို့နှင့် စွဲ၍ စွဲ၍ ကပ်၍မှတ်တတ်သောကြောင့် ပစ္စုပ လက္ခဏာ၊ ပညာရှိသည်အဖြစ်ကြောင့် ပဏ္ဍိစ္စ၊ လိမ္မာသည်၏အဖြစ်ကြောင့် ကောသလ္လ၊ သိမ်မွေ့စသည်၏အဖြစ်ကြောင့် နေပုဏ, အနိစ္စစသည်တို့ကို ထင်စွာပြတတ်သောကြောင့် ဝေဘဗျ၊ အနိစ္စစသည်တို့ကို ကြံစည်တတ်သောကြောင့် စိန္တာ၊ အနိစ္စစသည်တို့ကို စူးစမ်းဆင်ခြင်တတ်၍ ဥပပရိက္ခာ၊ သိမ်မွေ့ကျယ်ပြန့်သဖြင့် မြေကြီးနှင့်တူသောကြောင့် ဘူရီ၊ ဖြစ်တတ်သော အနက်အဓိပ္ပာယ်တို့၌ မွေ့လျော်တတ်သောကြောင့်လည်း ဘူရီ။

ကိလေသာကို ညှဉ်းဆဲတတ်၍ မေဓာ၊ လျင်စွာယူဆောင်တတ်သောကြောင့်လည်း မေဓာ၊ ယုတ်မှန်တိုင်းသော လက္ခဏာကို ထိုးထွင်း၍ သိခြင်း၌ ညွှတ်စေတတ်သောကြောင့် ပရိဏာယိက၊ အနိစ္စစသည်ဖြင့် ရှုတတ်၍ ဝိပဿနာ၊ ကောင်းစွာ အနိစ္စစသည်တို့ကို သိတတ်၍ သမ္မဇည၊ နှင်တံနှင့် တူ၍ ပတောဒ၊ ရှုခြင်းလက္ခဏာ၌ အစိုးရခြင်းကို ပြုတတ်၍ ကုန္ဒြိယ၊ ပညာတည်းဟူသော အစိုးရခြင်းကို ပြုတတ်၍ ပညိန္ဒြိယ၊ အဝိဇ္ဇာကြောင့် မတုန်လှုပ်တတ်၍ ပညာဗလ၊ ကိလေသာကို ဖြတ်တတ်၍ ဓားနှင့်တူသောကြောင့် ပညာသတ္ထ၊ ဖြောင့်ဖြောင့်တက်တတ်၍ ပြာသာဒ်နှင့်တူသောကြောင့် ပညာပါသာဒ၊ ဉာဏ်အလင်းရောင်ကို ဖေးတတ်၍ ပညာလောက။

အလင်းရောင်တည်းဟူသောအနက်ကြောင့် ပညောဘာသ၊ ထွန်းလင်းတောက်ပတတ်၍ ပညာပဇ္ဇောတ၊ မွေ့လျော်ခြင်းကို ပြုခြင်း၊ မွေ့လျော်ခြင်းကို ပေးခြင်း၊ မွေ့လျော်ခြင်းကိုဖြစ်စေခြင်း၊ ခဲယဉ်းသောဖြစ်ခြင်း၊ အတုမရှိခြင်း။ အတိုင်းမသိသော သတ္တဝါတို့၏ အသုံးအဆောင်ဖြစ်ခြင်းကြောင့် ပညာရတန၊ မမေ့မလျော့တတ်၍ အမောဟ၊ ဟုတ်မှန်တိုင်း သံသရာမှ ထုတ်ဆောင်တတ်၊ အပြစ်မရှိသောအယူဖြစ်၍ သမ္မာဒိဋ္ဌိ၊ တရားကို ပွားခြင်းဟု ဆိုအပ်သော ကောင်းသော ချီးမွမ်းအပ်သော သိခြင်းအဂါဖြစ်၍ ဗောဇ္ဈင်၊ မဂ်၏အင်္ဂါဖြစ်၍ မဂ္ဂင်၊ အရိယာမဂ်၌ အကျုံးဝင်၍ မဂ္ဂပရိယာပန္နဲ၊ လောကုတ္တရာတရားကို ပြည့်ကြောင်း၌ အခြေခံဖြစ်၍ ဣဒ္ဓိပါဒ်စသည်ဖြင့် ဘုရားရှင်ဟောတော်မူ၏။ 2

ပညာသည် သဘာဝမွမ်းကို မဖောက်မပြန် သိခြင်းလက္ခဏာရှိ၏၊ မြားစူးဝင်ခြင်း လမ်းညွှန်သော ယောကျ်ားနှင့် တူ၏။

အလောဘသည် မစွဲစွဲရ အညစ်အကြေး၏ ဆန့်ကျင်ဘက်၊ အဒေါသသည် သီလမရှိခြင်း၊ အညစ်အကြေး၏ ဆန့်ကျင်ဘက်၊ အမောဟသည် ကုသိုလ်တရားကို မဟုတ်မှားခြင်း၌ ဆန့်ကျင်ဘက်တည်း။

အလောဘသည် ဒါန၏အကြောင်း၊ အဒေါသသည် သီလ၏အကြောင်း၊ အမောဟသည် ဘာဝနာအကြောင်း၊ အလောဘသည် မပို့လွန်သည်ကို ယူတတ်၏၊ အဒေါသသည် မယုတ်သည်ကို ယူတတ်၏၊ အမောဟသည် မဖောက်ပြန်သည်ကို ယူတတ်၏၊ အလောဘသည် ဒေါသကို မဖုံးလွှမ်းတတ်၊ အဒေါသသည် ဂုဏ်ကို မချေဖျက်တတ်၊ အမောဟသည် မှန်မှန်ယူတတ်၏၊ အလောဘသည် ချစ်သောသူတို့နှင့် ကွေကွင်းရ၍ ဒုက္ခမဖြစ်၊ အဒေါသသည် မုန်းသောသူတို့နှင့် အတူနေရ၍ ဒုက္ခမဖြစ်၊ အမောဟသည် လိုအပ်သည်ကို မရခြင်း၌ ဒုက္ခမဖြစ်၊ အလောဘဖြင့်

ဇာတိဒုက္ခမဖြစ်၊ အဒေါသဖြင့် ဇရာဒုက္ခမဖြစ်၊ အမောဟဖြင့် မရဏဒုက္ခမဖြစ်၊ အလောဘဖြင့် လူတို့အား၊ အဒေါသဖြင့် အားလုံးသော သတ္တဝါတို့အား၊ အမောဟဖြင့် ရဟန်းတို့အား ချမ်းသာစွာ ဆက်ဆံ၏။ အလောဘဖြင့် ပြိတ္တာဘုံ၊ အဒေါသဖြင့် ငရဲဘုံ၊ အမောဟဖြင် တိရစ္ဆာန်ဘုံမှ လွတ်နိုင်၏။ အလောဘသည် ရာဂကင်းခြင်း၊ အဒေါသသည် ဒေါသကင်းခြင်း၊ အမောဟသည် လျစ်လျူမရှုခြင်းကင်း၏။

အလောဘဖြင့် နိက္ခမသညာ၊ အဒေါသဖြင့် အဗျာပါဒသညာ၊ အမောဟဖြင့် ဝိဟိံသသညာဖြစ်၏။ အလောဘဖြင့် အသုဘသညာ၊ အဒေါသဖြင့် အပ္ပမာဏသညာ၊ အမောဟဖြင့် ဓာတုသညာဖြစ်၏။။ အလောဘဖြင့် ကာမဂုဏ်ကို ခံစားအပ်၏ဟု ယူဆခြင်း ကာမသုခလွတ်ကာနယောဂ၊ အဒေါသဖြင့် ဒိဋ္ဌတို့၏အကျင့် အတွက်လမထာနယောဂကို ရှောင်ကြဉ်၏၊ အမောဟဖြင့် မဇ္ဈိမပဋိပဒါရှိ၏။ အလောဘဖြင့် လောတည်းဟူသော အဘိဇ္ဈာကာယဂန္ထ၊ အဒေါသဖြင့် ဒေါသတည်းဟူသော ဗျာပါဒကာယဂန္ထ၊ အမောဟဖြင့် နှစ်ပါးလုံးပျက်၏။

သတိပဋ္ဌာန်၌ ရှေးအလောဘ အဒေါသဖြစ်၏၊ နောက် အမောဟဖြစ်၏။ အလောဘသည် အနာကင်းခြင်းအကြောင်း၊ အဒေါသသည် အရွယ်နှင့်ပြည့်စုံခြင်းအကြောင်း၊ အမောဟသည် အသက်ရှည်ခြင်း၏ အကြောင်းဖြစ်၏။ အလောဘဖြင့် ဘောဂသမ္ပတ္တိ၊ အဒေါသဖြင့် မိတ္တသမ္ပတ္တိ၊ အမောဟဖြင့် ပညာသမ္ပတ္တိနှင့် ပြည့်စုံ၏။ အလောဘဖြင့် ဒိဗ္ဗဝိဟာရ၊ အဒေါသဖြင့် ဗြဟ္မဝိဟာရ၊ အမောဟဖြင့် အရိယဝိဟာရနေခြင်းဖြင့် နေ၏။ အလောဘဖြင့် မိမိ၏ အသင်းအပင်း သတ္တဝါ သခ်ါရတို့၊ အဒေါသဖြင့် သူတစ်ပါး၏ အသင်းအပင်း သတ္တဝါသခ်ါရတို့၊ အမောဟဖြင့် လျစ်လျူရှုခြင်းအဖို့တို့၌ ငြိမ်းအေး၏။ အလောဘဖြင့်

အနိစ္စ၊ အဒေါသဖြင့် ဒုက္ခ၊ အမောဟဖြင့် အနတ္တကို ရှုမြင်နိုင်၏။ (လောဘ ဒေါသ မောဟတို့ကို တိကုဏ်တွာရစသည်၌ ရှု)

ဝိပဿနာပညာ မင်းရာဇာ

မင်းသည် စစ်သားတို့အား ရန်သူတို့ကို တိုက်ခိုက်စေ၏၊ နိုင်လျှင် စစ်ဗိုလ်ချုပ်ကြီး၊ ဗိုလ်မှူးကြီး၊ အမတ်ကြီး၊ မြို့အုပ်ဝန်ထောက်စသည့် ရာထူးများကို ပေး၏။ တိုက်ပွဲ၌ ကျဆုံးသူများလည်း ရှိ၏။ ပုထုဇဉ်အား ဝိပဿနာပညာ မင်းရာဇာသည် လောဘစသော သူများ စစ်သားများကို တိုက်ခိုက်ခိုင်း၏၊ ဗောဓိပက္ခိယလက်နက်များဖြင့် တိုက်ခိုက်ရ၏၊ ထို့ကြောင့် နိုင်သူတို့ကား သောတာပန် သကဒါဂါမ် အနာဂါမ် ရဟန္တာ ရာထူးများကို ရကြ၏၊ တိုက်ပွဲရှုံးသူများ သံသရာ၌ ကျင်လည်ရလေသည်။

သစ်ပင်၏ ပင်စည်သည် ပုထုဇဉ်၊ စည်ကားသော အကိုင်း အခက် စသည်သည် သဒ္ဓါ သတိစသည်၊ မကောင်းသော အကိုင်း အခက်စသည် သည် လောဘစသည်၊ မကောင်းသော အသီးကို စားခြင်းစသည်သည် အကုသိုလ်၊ ကောင်းသောအသီးကို စားခြင်းစသည်သည် ကုသိုလ်၊ ချဉ်ခါးခြင်းစသည်သည် သံသရာဒုက္ခ၊ ချိုဆိမ့်ခြင်း စသည်သည် သုဂတိဘဝတည်း။

* သစ်ပင်ကြီးက၊ ဘဝမှာမို့၊ ပညာပေါက်တူး၊ ဖြတ်ခွေးယောဂီ၊
တောင်သမာဓိ၊ ခွဲဘိကျင့်ပြု၊ မီးသွေးဖြစ်၊ မဂ်စစ်ဒီပနီ။

(အဓိဟ္မာယ်သိလွယ်၏)

"ဒသယိမာနိ ဘိက္ခဝေ နိဇ္ဈရဝတ္ထူနိ" စသည်ဖြင့် ဒသဂုံတွာရပါဠိတော် (၄၃၀)၌ သမ္မာဒိဋ္ဌိကြောင့် မိစ္ဆာဒိဋ္ဌိဆွေးမြေ့သည်၊ မိစ္ဆာဒိဋ္ဌိကြောင့်

ဖြစ်သော အကုသိုလ်တရားများ ဆွေးမြေ့သည်၊ သမ္မာဒိဋ္ဌိကြောင့် ကုသိုလ်တရား တိုးပွားသည်ဟု ဟောတော်မူ၏။ တစ်နည်း ပျို့အံ့သည်နှင့် တူ၏။ ဤသို့ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ၊ သမ္မာဉာဏ၊ သမ္မာဝိမုတ္တိ ဆယ်ပါးတို့ကို သိအပ်၏။

ကံ,ကံ၏အကျိုးကို ယုံကြည်တတ်သော ဒသဝတ္ထု သမ္မာဒိဋ္ဌိသည် သာသနာပဋ္ဌ ရသေ့ပစ္စေကဗုဒ္ဓါ ဗြဟ္မာတို့သည်လည်း ဟောအပ်သောကြောင့် လူတို့သိရသဖြင့် ဟိရိကသမ္မာဒိဋ္ဌိမည်၏။ ကမ္မသကတာသမ္မာဒိဋ္ဌိလည်းမည်၏။ သာသနာတွင်း သမ္မာဒိဋ္ဌိသည် သာသနိကသမ္မာဒိဋ္ဌိမည်၏။ မဟဂ္ဂုတ်ကုသိုလ်နှင့်ယှဉ်သော သမ္မာဒိဋ္ဌိသည် စျာနသမ္မာဒိဋ္ဌိမည်၏၊ မဂ်နှင့်ယှဉ်သောပညာသည် မဂ္ဂသမ္မာဒိဋ္ဌိမည်၏၊ ဖိုလ်နှင့်ယှဉ်သော ပညာသည် ဖလသမ္မာဒိဋ္ဌိမည်၏၊ မဟဂ္ဂုတ်စျာန်ကိုးပါးကို ဆင်ခြင်သော ပညာသည်လည်းကောင်း၊ ပယ်အပ်သောကိလေသာ၊ ကြွင်းသောကိလေသာ၊ မဂ်ဖိုလ်နိဗ္ဗာန်ကို ဆင်ခြင်သောပညာသည် ပစ္စဝေက္ခဏာသမ္မာဒိဋ္ဌိမည်၏။

ဝိပဿနာပညာ အနုသယကို ပယ်ခြင်း

သမ္မသနစသော ဝိပဿနာပညာဖြင့် ပရိယုဋ္ဌာနကိလေသာကို ပယ်ကုန်၏၊ အမြစ်ပြတ်သော် အကိုင်း အခက်စသည် ပြတ်သည်နှင့် တူ၏၊ တစ်နည်း ပိတ်ထားဖုံးထားသည်နှင့်တူ၏ဟု နေတွိပါဠိတော် (၁၃)၌ လာပေ၏။

ကြားနာမှတ်သားခြင်းသည် ဗဟုသုတကို ပွားတတ်၏၊ ဗဟုသုတသည် ပညာကို ပွားတတ်၏၊ ပညာကြောင့် အကျိုးကို သိ၏၊ အနက်

အကျိုးကို သိခြင်းသည် ချမ်းသာကို ဆောင်တတ်၏ဟု သုသုတာ သုတ ဝမုနီစသည်ဖြင့် တေရဂါထာပါဠိတော် (၂၅၀)၌ ဟောတော်မူ၏။

* ဝိပဿနာ၊ စိုက်ပါသစ်ပင်၊ သီလခြံရုံ၊ ရေမှန်ကြားမြင်၊ မင်္ဂိုလ် နိဗ္ဗာန်၊ သီးမွန်ကောင်းလျှင်၊ စောင့်ရှောက်ကြ ဓမ္မကစ္ဆင်း။ (အဓိပ္ပာယ်သိလွယ်၏။)

ဝိပဿနာခေါင်းဆောင်ကြီး

သရဘင်္ဂဇာတ်ပါဠိတော် (၁၀)၌ "ပညာ ဟိ သေဋ္ဌာ ကုသလာ ဝဒန္တိ" စသည်ဖြင့် သီလသည်လည်းကောင်း၊ ကျက်သရေသည်လည်းကောင်း၊ သူတော်ကောင်းတရားသည်လည်းကောင်း ပညာရှိသော သူ အားအစဉ်လိုက်ကုန်၏၊ နက္ခတ်တာရာတို့၌ခြံရုံအပ်သော လသည် တင့်တယ်သကဲ့သို့ ပညာသည်သာလျှင် မြတ်၏ဟု လိမ္မာသောသူတို့ ဆိုကြကုန်၏။

"လောကိယဓမ္မဠို ပတ္တာ" စသည်ဖြင့် အဋ္ဌသာလိနီ (၁၁၀)၌ လာရကား လောကီတရား၌ စိတ်သည် အကြီး ဖဋ္ဌ ဓုရ ပုဗ္ဗင်္ဂမဖြစ်သကဲ့သို့ လောကုတ္တရာတရား၌ကား စေတသိက်ပြဋ္ဌာန်း၏၊ နိဗ္ဗာန်ရောက်ရာ၌ကား ဒါနစေတနာ သီလစေတနာ သမထ သမာဓိထက် ဝိပဿနာပညာ အကြီးအမှူးဖြစ်၏။ သို့သော်လည်း ဒါန သီလ သမထ မပါလျှင်လည်း မပြီးပေ။ ဝိပဿနာပညာကို အကူအညီပေး၏။

ဆိုလိုရင်းကား ဒါနတစ်ခုတည်းနှင့်လည်း နိဗ္ဗာန်ကို မရ၊ သီလတစ်ခုတည်းနှင့်လည်း နိဗ္ဗာန်ကို မရ၊ သမထတစ်ခုတည်းနှင့်လည်း နိဗ္ဗာန်ကို မရ၊ ဝိပဿနာတစ်ခုတည်းနှင့်လည်း နိဗ္ဗာန်ကို မရပေ။ လေးခုလုံး စုံမှ ရသည်။ သင်္ဘောတစ်စင်း တစ်ဖက်ကမ်းကို ကူးရာ တက်ပဲ့ကိုင် စက်ဆရာ ဓာတ်ဆီ စက်ဆီစသည် စုံလင်ရသည်။ ၄က်တစ်ကောင် တစ်ပင်

နှင့်တစ်ပင်ကူးရာ ခေါင်း အတောင် မျက်လုံး ခြေထောက်စသည် စုံမှ ရောက်သည်နှင့် တူ၏။။

ဝိပဿနာပညာဟု ဆိုအပ်သော သမ္မာဒိဋ္ဌိသည် အဝိဇ္ဇာတည်းဟူသော အမိုက်တိုက်ကို ချေဖျက်၍ ခိုးသူသတ်သကဲ့သို့ ကိလေသာတို့ကို သတ်လျက် ယောဂီသည် နိဗ္ဗာန်သို့ ရောက်သည်ဟု သီလက္ခန္ဓ မဟာလိသုတ် အဋ္ဌကထာ (၂၈၁)၌ လာသည်။

ပညာရှိသောပုဂ္ဂိုလ်သည် ဝိပဿနာကို ပွား၍ အရိယာမဂ်တည်းဟူသော တံခါးကို ဖွင့်လျက် နိဗ္ဗာန်ဝင်လတ္တံ့၊ သာဝကပါရမီဉာဏ် ပစ္စေကဗောဓိဉာဏ် သမ္မာသမ္ဗောဓိဉာဏ်ကို ထိုးထွင်း၍သိလတ္တံ့၊ နိဗ္ဗာန်ရောက်သောတရားတို့တွင် ပညာသည် အမြတ်ဆုံး၊ ကျန်တရားတို့သည် အခြံအရံဖြစ်ကုန်၏ဟု သုတ္တန်ပါတ်အဋ္ဌကထာ၊ ပဋ္ဌဂုံတ္တရပါဠိတော် (၁၃၆)၌ လာပေ၏။။

အကြင်သူသည် ယုတ်သောအားဖြင့် သနပ်ခါး တစ်ခါလိမ်းမျှလည်း မေတ္တာစိတ်ကို ပွားရာ၏၊ အကြင်သူသည် မျက်စိတစ်မှိတ် လျှပ်တစ်ပြက် ခဏမျှလည်း အနိစ္စသညာကို ပွားရာ၏၊ ဤအနိစ္စသညာကို ပွားခြင်းသည် ထိုမေတ္တာတရားပွားခြင်းထက် များသောအကျိုးရှိ၏ဟု နဝဂုံတ္တရပါဠိတော် (၁၀၉)၌ လာ၏။။

အရိယာတို့အား ဂတိမြင်၏၊ ပုထုဇဉ်အား မမြင်၊ အရိယာဖြစ်ရာ၌ လျောင်း ထိုင် ရပ် သွား စားသောက်စဉ်လည်း ဖြစ်တတ်သည်၊ ထေရိကာ အရှင်အာနန္ဒာ၊ ဥဂ္ဂသေနသူဌေးသားဝတ္ထုကို ရှုအပ်၏။။ (ပုဂ္ဂလပညတ္တိ အဋ္ဌကထာ၊ ၃၂-ကို ရှုလေ)

ဘုရားရှင်သည် ပရိနိဗ္ဗာန်ပြုခါနီး သုဘဒ်ရဟန်းကြီးအား သာသနာတော်၌ ဝိပဿနာတရားကို အားထုတ်ကြငြားအံ့! လောကမှာ ရဟန္တာမဆိတ်သုဉ်းဟု မဟာပရိနိဗ္ဗာနသုတ်ပါဠိတော် (၁၂၅)၌ ဟောတော်မူခဲ့သည် မဟုတ်တုံလော။

* * * *

(၂) 'သခ်ါရပစ္စယာ ဝိညာဏံ'အကြောင်း သိကောင်းစရာ

28

"သခ်ါရပစ္စယာ ဝိညာဏံ"၌ သခ်ါရဟူသည် စေတနာစေတသိက်တည်း၊ စေ့စပ်နှိုးဆော်ခြင်းလက္ခဏာရှိ၏၊ မိမိကိစ္စ သူတစ်ပါးကိစ္စကို ပြီးစေတတ်သော တပည့်ကြီး လက်သမားကြီးနှင့် တူပေ၏။

သခ်ါရဟူသော အကြောင်းကြောင့် စက္ခုဝိညာဏ်၊ သောတဝိညာဏ်၊ ဃာနဝိညာဏ်၊ ဇိဝှါဝိညာဏ်၊ ကာယဝိညာဏ်၊ မနောဝိညာဏ်ဖြစ်သည်ဟု ဝိဘင်းပါဠိတော် (၁၄၂)၌ လာ၏။

ပုညာဘိသခ်ါရကြောင့် လူ့ဘုံ နတ်ဘုံ၌ မျက်စိ နား နှာခေါင်း လျှာ ကိုယ် စိတ်နှင့် ပတ်သက်၍ ၎င်းဝိညာဏ်ခြောက်ပါးဖြစ်သည်၊ လူ့ဘုံ၌ အမိဝမ်းတွင်းမှ စက္ခုပသာဒရုပ်စသည် ချို့တဲ့သူလည်း ရှိသည်၊ ၎င်းကို ဖစ္စွန္ခခေါ်သည်။ နားချို့တဲ့သူကို ဖစ္စဗဓိရခေါ်သည်။ အပါယ်လေးဘုံ၌ အပုညာဘိသခ်ါရကြောင့် ၎င်းဝိညာဏ်ခြောက်ပါးဖြစ်သည်။ ငြဟ္မာ့ဘုံ၌ ဃာနပသာဒရုပ်၊ ဇိဝှါပသာဒရုပ်၊ ကာယပသာဒရုပ် မရှိ၊ နှာခေါင်း လျှာ ကိုယ်ကား ရှိ၏။ ဘာဝနာနှင့်ပယ်ထား၍ ၎င်းနှင့် ပတ်သက်သော ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံကို မခံစားတတ်၊ ၎င်းသုံးခုနှင့် ပတ်သက်၍ ကုသိုလ်မဖြစ်၊ အကုသိုလ်သာဖြစ်သောကြောင့်ပေတည်း၊ ဘုရားဖူးရန် စက္ခုဝိညာဏ်စိတ်၊ တရားနာရန် သောတပသာဒစိတ်ကိုကား ဘာဝနာဖြင့် မပေပေ။ စေတနာစသော နာမ်တရားတို့သည်အာရုံသို့ ညွှတ်တတ်၍ နာမ်ခေါ်၏၊ ထင်ရှားရှိ၍ ပရမတ္ထတရားခေါ်၏၊ သစ်သီး၏အစေ့မှ အညောက် လျှပ်စစ်ရောင် မိုးကြိုးသံ လက်နှိပ်ဓာတ်မီးရောင် မှန်ဘီလူး

မီး လင်းကွင်းသံ စောင်းသံ လက်ခုပ်သံစသည်သို့ အကြောင်းညီညွတ်က ပေါ်လာတတ်သည်။

လမ်းနှစ်သွယ်

ပုထုဇဉ်သတ္တဝါတို့သည် မျက်စိကန်းသူကား လမ်းပြ လက်တွဲ 2 မည့်သူမရှိ၍ တစ်ခါတစ်လေ လမ်းတည့်တည့်၊ တစ်ခါတစ်လေ လမ်းဘေး ရောက်သွားသကဲ့သို့ သံသရာ၌ တစ်ခါတစ်လေ ကုသိုလ်ပြုသည်လည်း ရှိသည်။ တစ်ခါတစ်လေ အကုသိုလ်ပြုသည်လည်း ရှိသည်၊ အကြင် အခါ၌ အဝိဇ္ဇာကင်းသည်ဖြစ်၍ သစ္စာတို့ကို ထိုးထွင်း၍ သိလတ္တံ့၊ ထိုအခါ ငြိမ်းအေးရပေ၏။ (သမ္မောဟအဋ္ဌကထာ (၁၄၂)ကို ရှု၀ါ)

သဒ္ဓါရအမျိုးမျိုး

စေတနာတည်းဟူသော သဒ္ဓါရကို ဘုရားရှင်သည် "စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ"ဟူ၍ ကံမည်ကြောင်း ဟောတော်မူသည်။ ၎င်းကံသည် ဂရုကကံစသည်ဖြင့် များစွာရှိသည်၊ ထို့ကြောင့် ဘုရားရှင်သည် "ကမ္မဝိပါကော အစိန္တေယ္ယော"ဟုလည်း ဟောတော်မူခဲ့၏။

ကံတစ်ပါးတို့ မတားမြစ်နိုင်၍ လေးသော မဟဂ္ဂုတ်ကုသိုလ်၊ လောကုတ္တရာကုသိုလ်၊ နတ္ထိကဒိဋ္ဌိ အဟေတုကဒိဋ္ဌိ အကိရိယဒိဋ္ဌိ၊ မာတု ဃာတက ပိတုဃာတက အရဟန္တဃာတက လောဟိတုပ္ပါဒက သံဃ ဘေဒက အကုသိုလ်ကံသည် ဂရုကံမည်၏။ အဇာတသတ်မင်း အတ္ထုပ္ပတ္တိ ဒေဝဒတ်ရေဟန်း၊ စိဉ္စမာန စသည်ကို ရှု၊ အဇာတသတ်နှင့်ပတ်သက်၍ သာမညဖလသုတ်ပါဠိတော် အဋ္ဌကထာကို ရှု။

သေခါနီးကာလ၌ အောက်မေ့အပ် ပြုအပ်သောကံသည် အာသန္နကံ မည်၏၊ မပြတ်လေ့ကျက်အပ်သောကံသည် အာစိဏ္ဏကံမည်၏၊ ဒဋ္ဌဂါမဏိ

မင်းအကြောင်းကို သိအပ်၏၊ ပြုကာမျှဖြစ်သောကံသည် ကဋ္ဌတ္တာကံမည်၏။

ပစ္စုပ္ပန်၌ အကျိုးပေးသော ပထမဇော စေတနာသည် ဒိဋ္ဌဓမ္မ
9 ဝေဒနီယကံမည်၏၊ ကာကဝလ္လိယ မဟာဒုဂ် စသည်ကို ရှု၊ ဒုတိယဘဝ၌ အကျိုးပေးသော အလယ်ဇောငါးချက်သည် ဥပပဇ္ဇဝေဒနီယကံမည်၏၊ တတိယဘဝမှစ၍ နိဗ္ဗာန်မရမီ တစ်ဘဝ ဘဝ၌ အကျိုးပေးသောကံသည် အပရာပရိယဝေဒနီယကံမည်၏၊ အကျိုးမပေးသောကံသည် အဟောသိကံမည်၏။

ဝိပါက်ကမ္မဇရုပ်ကို ဖြစ်စေတတ်သောကံသည် ဇနကကံမည်၏၊ ထောက်ပံ့ခိုင်စေတတ်သောကံသည် ဥပတ္ထမ္ဘကကံမည်၏၊ ကပ်၍နှိပ်စက်တတ်သောကံသည် ဥပပီဠကကံမည်၏၊ ကပ်၍သတ်တတ်သောကံသည် ဥပယာတကကံမည်၏။ သတ္တလောကသည် ယောကျ်ား၊ ကြယ်၏ အရောင်တို့သည် အာရုံခြောက်ပါး၊ ကြယ်ရောင်များကို မရေမတွက်နိုင်သကဲ့သို့ လက္ခဏာရေးသုံးပါးကို မသိနိုင်ကြဟု နေတို့အဋ္ဌကထာ (၇၄)၌ လာပေ၏။ ထို့ကြောင့် ဘုရားရှင်သည် ခန္ဓဝဂ္ဂသံယုတ်ပါဠိတော် (၃၅)၌ မိမိ၏ တရားတော်သည်သာလျှင် သံသရာမှ ထုတ်ဆောင်တတ်၍ ကိုးကွယ်ရာဖြစ်ကြောင်းကို ဟောတော်မူ၏။ ဘုရားရှင်ကား ဒီပင်္ကရာဘုရားရှင်၏ လက်ထက်တော်၌ နိဗ္ဗာန်ဆုကို ရသော်လည်း မယူဘဲ သူများအတွက် လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်း ဘုရားဖြစ်အောင် ကျင့်တော်မူကာ သတ္တဝါတို့အား သံသရာမှ ကယ်တင်တော်မူခဲ့၏။ အရှင်သာရိပုတ္တရာ အရှင်မောဂ္ဂလာန် စသော ရဟန္တာတို့၊ မဟာဒုက် ကာကဝလ္လိယ စသော သူတို့အား အကျိုးရှိစေ၏။

ငိုကြွေးခြင်းသည် ကလေးအား၊ လက်နက်များသည် ဓားပြအား၊ အမျက်ထွက်ခြင်းသည် မိန်းမအား၊ ဥပဓေသည် အစိုးရအား၊ ကဲ့ရဲ့ခြင်းသည် လူမိုက်အား၊ စဉ်းစားခြင်းသည် ဗဟုသုတရှိသူအား၊ သည်းခံခြင်းသည် ရဟန်းပုဏ္ဏားအား အကျိုးရှိ မရှိဟု ရှုခြင်းသည် ရဟန်းပုဏ္ဏားအားဟု အဋ္ဌဂုတ္တရပါဠိတော် (၅၈)၌ ဟောတော်မူလေသည်။

ကျင့်ကြံကြိုးစားရာ၌လည်း ကာလ ဒေသ ပုဂ္ဂလစသည် အကြောင်းအင်္ဂါ ညီညွတ်ပါမှ အကျိုးများတတ်ပေ၏။ သူတော်ကောင်းတရားကို ကြိုးစားအားထုတ်သူသည် သာသနာတော်နှင့် ကြုံကြိုက်ဖို့ လို၏။ ဘုရားပွင့်ရာဒေသ၌ ဖြစ်ဖို့လည်း လို၏။ ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ်၊ ကွန်ဒြေချို့တဲ့သူ၊ မိစ္ဆာဒိဋ္ဌိ၊ ပစ္စန္တရာဇ်ဒေသ၊ အသညသတ်ဘုံ၊ အရူပဘုံ၌ ဖြစ်နေပါမူကား ကုသိုလ်တရားကို ကြိုးစားဖို့ မလွယ်ကူပေ။

ရပ်ပြစ်ရှစ်ပါးမှတစ်ပါး ဘုရားပွင့်ရာ ကိုးခုမြောက်နဝမက္ခဏာသည် ကုသိုလ်ပြုရန် အခွင့်ကောင်း အခါကောင်းပေတည်း။ မူလပဏ္ဏာသ သလ္လေခသုတ်ပါဠိတော် (၅၂)၌ စုန္ဒအား ဘုရားရှင်သည် ကုသိုလ်စိတ် ဖြစ်ကာမှုဖြင့် အကျိုးများကြောင်း ဟောတော်မူသည်။

"သုခုမန္တေ ပဋိဝိဇ္ဈန္တီ"စသည်ဖြင့် သေးငယ်လှစွာသော သားမြီးဖျားကို မြားဖြင့် ပစ်နိုင်သကဲ့သို့ ခန္ဓာငါးပါးကို ကိုယ်ပိုင်အတ္တမဟုတ် ရှုပွားရမည်ဟု မဟာမောဂ္ဂလ္လာနထေရဂါထာ၌ ဟောတော်မူ၏။

"သေယျထာပိ ဘိက္ခဝေ အာဒိတ္တစေလော ဝါ အာဒိတ္တသီသော ဝါ တသ္သေဝ စေလဿ ဝါ သီသဿ ဝါ" စသည်ဖြင့် အကုသိုလ်ကို ပယ်ခြင်းငှာ ပုဆိုးမီးလောင် ခေါင်းမီးလောင်သည်ထက် အရေးတကြီး ဝီရိယကို ဖြစ်စေရမည်ဟု အဋ္ဌဂုတ္တရပါဠိတော် (၁၃၉)၌ ဟောတော်မူ၏။ သို့သော်လည်း သတိ သမာဓိ ပညာစသော တရားများ မျှတဖို့ လို၏။

သောဏသုဇ္ဈေးသား

ဤသောဏသုဇ္ဈေးသားသည် ရေးဘုရားရှင်တို့၌ ဆုတောင်းပါရမီရှိဖူးသည်၊ ဤသူသည် အနောမဘုရားရှင်လက်ထက်တော်၌ သူဇ္ဈေးဖြစ်ခဲ့၏။ နောက်ပါ ဥပါသကာအခြံအရံတို့ဖြင့် ဘုရားရှင်၏ တရားတော်ကို ကြားနာရ၍ ကြည်ညိုစိတ်ဟူးက ဘုရားရှင်၏ စကြိုကြွရာ၌ အင်္ဂတေခင်း၏၊ အထူးထူးအပြားပြား အရောင်အဆင်းရှိသော ပန်းတို့ဖြင့် မျက်နှာကြက်ပြု၏၊ ဘုရားရှင်နှင့်တကွ ရဟန်းသံဃာတော်တို့အား ဇရပ်ကြီးဆောက်လုပ်လှူဒါန်း၏။ လူ့ပြည် နတ်ပြည်တို့၌ ကျင်လည်ပြီးကာ ပဒုမုတ္တရ ဘုရားရှင်လက်ထက်တော်၌ ဟံသာဝတီမြို့ဝယ် သူဇ္ဈေးဖြစ်သည်၊ ဘုရားရှင်၏ တရားတော်ကို နာရစဉ် ရဟန်းတော်တစ်ပါးအား ဝိရိယအရာ၌ ဧတဒဂ်ပေးသည်ကို မြင်၍ ဆုတောင်းပါရမီဆည်းပူးသည်။

ကဿပဘုရားရှင်လက်ထက်၌လည်း ပစ္စေကဗုဒ္ဓါတစ်ပါးအား သစ်ရွက်မိုးသောကျောင်းဆောက်၍ ပစ္စည်းလေးပါးဖြင့် ကိုးကွယ်ဖူးသည်၊ ဂေါတမဘုရားရှင်၏ လက်ထက်တော်၌ စမ္ပာမြို့မှာ ဥသဘသူဇ္ဈေးသားဖြစ်သည်။ ပဋိသန္ဓေနေသောနေ့မှစ၍ သူဇ္ဈေးစည်းစိမ်တက်သည်၊ မွေးဖွားသောနေ့၌ တစ်မြို့လုံးလာ၍ ပူဇော်ကြသည်၊ တစ်သိန်းတန် ကမ္မလာထည်ကို လှူဖူး၍ ခန္ဓာကိုယ်နူးညံ့သိမ်မွေ့ပြီး ရွှေအဆင်းရှိသည်။ ထို့ကြောင့် သောဏအမည်တွင်၏။ လက်ဖဝါး ခြေဖဝါး၌ မိုးစွေပန်းအဆင်းရှိသည်၊ ပတ္တမြားနားဆောင်းအဆင်းအမွေးရှိ၏၊ အရွယ်ရောက်လာ၍ ဥတုသုံးပါးနှင့်လျော်သော ပြာသာဒ်ပေါင်း၌ ကချေသည်များ အလုပ်အကျွေးရှိသည်၊ နတ်သားနှင့်တူ၏။

သောဏသူဇ္ဈေးသား စားရန် စပါး၊ စိုက်ပျိုးရာ၌ နို့ရည်၊ နံ့သာရည်တို့ကို သွန်းလောင်းထားသည်၊ ကျိုင်္ဂက်ချိုးများ မကျစေရန် ဖျာမိုး

ထားသည်၊ စပါးကျိုဒ္ဓ အမွေးနံ့သာထည့်ထားသည်၊ ကျိုကို ဖွင့်ကာ တစ်မြို့လုံးမွှေးနေ၏၊ ရွှေခွက်နှင့်စားသည်၊ အမွေးနံ့သာတို့ဖြင့် ပါးစပ်ဆေးသည်၊ ခြေထောက် မြှောက်မထိစေရန် ဆန်းကြယ်သော ကော်ဇောများကို ခင်းထား၏။ နောက်ရဟန်းပြုသည်။ သောဏသူဌေးသားသည် ပြင်းပြင်းထန်ထန် အားထုတ်ပါသော်လည်း ရဟန္တာမဖြစ်နိုင်၍ လူထွက်ရန် စိတ်ကူး၏။ ဘုရားရှင်က စောင်းကြိုးပမာ မလျော့မတင်း အားထုတ်ရသည်၊ ဝီရိယလွန်ကဲက ပျံ့လွင့်သည်၊ ဝီရိယလျော့လွန်းက ပျင်းရိတတ်သည်၊ ထို့ကြောင့် ဝီရိယမျှအောင် ဆောက်တည်ပါ၊ ကွန်ဒေန္ဒမျှအောင် ထိုးထွင်းပါ၊ ထိုအာရုံ၌ နိမိတ်ယူပါဟု ဆက်ကုံတွေရပါဦးတော် (၃၃၀)၌ ဟောတော်မူ၏။

သတ္တဝါတို့ဓမ္မတာလည်း သဒ္ဓါလွန်လျှင် ကွန့်သည်၊ ပညာလွန်လျှင် ဆွံ့သည်၊ ဝီရိယလွန်လျှင် ပြန့်သည်၊ သမာဓိလွန်လျှင် တွန့်သည်၊ သတိကား လွန်သည်ဟူ၍ မရှိ။ ဘုရားရှင်သည်ပင် ဒုက္ကရစရိယာ ကျင့်တော်မူရာ၌ ဘုရားမဖြစ်နိုင်မှန်းသိ၍ မျှမျှတတ အားထုတ်တော်မူရသည်။

သဒ္ဓါရတရား မဖြစ်ပွားနည်း

မြတ်သောအကျင့်ကို ကျင့်ခြင်းကြောင့် မရသေးသော ပညာကို ရစေတတ်သည်၊ ရပြီးသော ပညာကို ပွားစေတတ်သည်၊ ဘာဝနာကို ပြည့်စေတတ်သည်၊ ၎င်းတရားရှစ်ပါးရှိကြောင်းကို "အဋ္ဌမေ ဘိက္ခဝေ ဟေတူ၊ အဋ္ဌ ပစ္စယာ အာဒိဗြဟ္မစရိယိကာယ" စသည်ဖြင့် အောက်ပါအတိုင်း အဋ္ဌဂုံတွေရပါဦးတော် (၂)၌ ဟောတော်မူသည်။

(၁) အကုသိုလ်ပြုခြင်း၌ ဟိရီ ဩတ္တပ္ပတရား ရှိသည်။

လူများတို့သည် ဟိရီ ဩတ္တပ္ပတရား မရှိက ခွေးစသော တိရစ္ဆာန်ပမာ မိခင် ဘခင် ဆရာသမား ညီအစ်ကို မောင်နှမ စသည်ရှိမည်

မဟုတ်ပေ၊ ဤတရားနှစ်ပါးကို လောကစောင့် လောကပါလတရား ခေါ်သည်၊ ရွာသူတို့၏ဝက်သည် မစင်ကို မရွံရှာ၊ ပိုးဖလံသည် မီးပုံကြီးကို မကြောက်သည်နှင့်တူပေ၏။ ဒေဝဓမ္မ-နတ်တို့၏တရားဟုလည်း လာ၏။ ဒေဝဓမ္မဇာတ်၌ ဘီလူးစောင့်သောရေကန်ကို ဆင်းဘီသော မင်းသားနှစ်ယောက်တို့အား စားရန် ဘီလူးဖမ်းထားသည်၊ နောက်ဘုရားလောင်း ဖြေဆိုနိုင်၍ ဘီလူးလက်မှ လွတ်လာကြသည်။

ရှင်ဘုရင်က ရဟန်းတစ်ပါး သစ်ပင်ရင်းမှာ ထိုင်နေသည်ကို မြင်၍ အမတ်တို့အား ဆွမ်းပို့ခိုင်းရာ အမတ်တို့ သွားက ရဟန်းသည် ငါးမျှားနေ၏၊ လူမျှားလာသည်ကို မြင်၍ သစ်ပင်ရင်းသို့ ကပ်ပြီး သက်နှံးကို ခေါင်းမှစ၍ ခြုံကာနေ၏။ ၎င်းအကြောင်းကို ရှင်ဘုရင်အား လျှောက်ရာ ၎င်းရဟန်းမှာ ဟိရီ ဩတ္တပ္ပတရားနှစ်ပါးလောက် မမြဲတ်ဟု ဆွမ်းအုပ်ကို ပို့ခိုင်းသည်။

ဝိနည်းပါဠိတော်တို့၌ ရဟန်းတစ်ပါး အမေရင်း၊ နှမရင်းတို့နှင့် မှားသည်လည်း ရှိသည်။

သီတင်းသုံးဖော်ချင်း, တရားအားထုတ်သူချင်း တရားပြသူ ဘုရားတရား သံဃာ ဆရာသမားအား လေးစားကြည်ညိုသည်။

(၂) တရားတော်နှင့်ပတ်သက်၍ မသိသည်ကို မေးစမ်းရသည်၊ ယုံမှားသံသယ ဝိစိကိစ္ဆာ ဖျောက်ရသည်။

ဝါတကာလ သီတင်းသည်သည် အနှစ်သုံးဆယ်ပတ်လုံး တရားအားထုတ်ပါသော်လည်း ကမ္မဋ္ဌာန်းအရိပ်အရောင်နိမိတ်မျှ မထင်၍ ဘုရားရှင်၏ သာသနာတော်သည် သံသရာမှ လွတ်ကြောင်းဟုတ်မှ ဟုတ်ပါ လေစဟု သံသယရှိ၍ သေက မိကျောင်းပြုတ္တာဖြစ်သည်။ (ကခ်ါရေဝတ ထေရ်ကိုလည်း ရှု)

(၃) ထိုထိုသို့သောပုဂ္ဂိုလ်တို့၏ တရားကို နာရ၍ ကိုယ်စိတ်ငြိမ်းအေး စေရသည်၊ ၎င်းကို သမာဓိတရားခေါ်၏။

၎င်းသမာဓိတရားကို သမထလေးဆယ်တွင် တစ်ခုခုကို အားထုတ်၍ ရတတ်သည်၊ လောလောဆယ်မှာ လောကီစွာန် လောကီအဘိညာဉ် များကို ရတတ်သည်၊ သေက ပြုဟွာ့ပြည်ရောက်တတ်သည်။ (အရှင် အာနန္ဒာကို ရှု)

(၄) သီလတရားရှိရသည်။ (ဝိသုဒ္ဓိမဂ် သီလနိဒ္ဒေသကို ရှု)

(အရှင်နန္ဒသည် ကုန်ဇီယေသု သုဂတ္တာဒ္ဒါရ၌ ဇောဒဂ်ရသည်)

(၅) ကျင့်ဝတ်သိက္ခာပုဒ်၊ သမထ ဝိပဿနာတရားတို့၌ ဗဟုသုတ ရှိရသည်။

အရှင်အာနန္ဒာသည် ဗဟုသုတရှိ၍ သူများသူတကာထက် လျင်မြန် စွာ ပဋိစ္စသမုပ္ပါဒ်တရားကို သိလွယ်သည်။

(၆) ဝိရိယခေါ် သမ္မပ္ပဓာန်တရားရှိသည်။

ဘုရားရှင်သည် ဘုရားဖြစ်ချင်လွန်း၍ ဒုက္ကရစရိယာကျင့်တော်မူ သည်၊ ပုက္ကုသာတိမင်းစသော ရဟန်းခုနစ်ပါးတို့သည် ကာသပဘုရား ရှင် သာသနာတော်နောက်ပိုင်း၌ တောင်ထိပ်ကို လှေခါးနှင့် တက်ကာ လှေခါးကို ကန်ချပြီး တရားမရက ဆွမ်းမစားဟု တရားအားထုတ်ကြသည်။ (ဝမ္မိကသုတ်အဋ္ဌကထာရှု)

(ဝိရိယနှင့် ပတ်သက်၍ မဟာသတိပဋ္ဌာနသုတ်အကြောင်း သိ ကောင်းစရာ၌ မှာထားသည်) (သောဏထေရ်ကိုလည်း ရှု)

(၇) မက်မိုလ်မှ ဖိလာဖြစ်သော တိရစ္ဆာန်ကထာများကို ရှောင်ရှားရသည်။

တိရစ္ဆာနကထာ သုံးဆယ့်နှစ်ပါး

ရာဇကထာ = မင်းနှင့်စပ်သောစကား၊ စောရကထာ = ခိုးသူနှင့်စပ်သောစကား၊ မဟာမတ္တကထာ = အမတ်များနှင့်စပ်သောစကား၊ သေနကထာ = စစ်သည်နှင့်စပ်သောစကား၊ ဘယကထာ = ဘေးနှင့်စပ်သောစကား၊ ယုဒ္ဓကထာ = စစ်ထိုးခြင်းနှင့်စပ်သောစကား၊ အန္နကထာ = အစားအစာနှင့်စပ်သောစကား၊ ပါနကထာ = အဖျော်နှင့်စပ်သောစကား၊ ဝတ္ထကထာ = အဝတ်နှင့်စပ်သောစကား၊ သယနကထာ = အိပ်ရာနှင့်စပ်သောစကား၊ မာလာကထာ = ပန်းနှင့်စပ်သောစကား၊ ဂန္ဓကထာ = နံ့သာနှင့်စပ်သောစကား၊ ဉာတိကထာ = အဆွေအမျိုးနှင့်စပ်သောစကား၊ ယာနကထာ = ယာဉ်နှင့်စပ်သောစကား၊ ဂါမကထာ = ရွာနှင့်စပ်သောစကား၊ နိဂမကထာ = နိဂုံးနှင့်စပ်သောစကား၊ နဂရကထာ = မြို့နှင့်စပ်သောစကား၊ ဇနပဒကထာ = ဇနပုဒ်နှင့်စပ်သောစကား၊ ကူတ္တိကထာ မိန်းမနှင့်စပ်သောစကား၊ သူရာကထာ = သေနှင့်စပ်သောစကား၊ ဝိသိခါကထာ = လမ်းဆုံနှင့်စပ်သောစကား၊ ကုမ္ဘဋ္ဌာနကထာ = ရေဆိပ်နှင့်စပ်သောစကား၊ ပုဗ္ဗပေတကထာ = သေလွန်သောသူတို့နှင့်စပ်သောစကား၊ နာနတ္တကထာ = အထူးထူးသောစကား၊ လောကက္ခာယိတကထာ လောကနှင့်စပ်သောစကား၊ သမုဒ္ဒက္ခာယိတကထာ = သမုဒ္ဒရာနှင့်စပ်သောစကား၊ ကူတိဘဝါဘဝကထာ = သဿတ ဥစ္ဆေဒ ဝုမို ဟာနီ ကာမသုခ အတ္တကိလမထ တည်းဟူသော ဘဝနှင့်စပ်သောစကား၊

၎င်းစကားတို့ကို မင်္ဂဖိုလ်မှ ဖီလာဖြစ်၍ တိရစ္ဆာနကထာခေါ်၏။။

သပ္ပါယကထာ

ကိလေသာခေါင်းပါးစေတတ်သောစကား၊ နိဝရဏကင်းခြင်းငှာ ဖြစ်သော စကား၊ သံသရာ၌ ငြိုးငွေ့ခြင်းငှာ ဖြစ်သောစကား၊ နိဗ္ဗာန်သို့ ရောက်စေတတ်သောစကား၊ အပိုစ္ဆကထာစသည်တို့ကို ပြောဟော အပ်၏။

အပိုစ္ဆကထာ = အလိုနည်းခြင်းစကား၊ သန္တောသကထာ = ရောင့်ရဲလွယ်ခြင်းစကား၊ အသံသဂ္ဂကထာ = ရောနှောခြင်းမရှိသောစကား၊ သီလကထာ = သီလနှင့်စပ်သောစကား၊ ဤလေးပါးကို အဓိသီလဟု ခေါ်၏။

ပဝိဝေကကထာ = ကင်းဆိတ်ခြင်းစကား၊ ဝီရိယာရမ္ဘကထာ = ဝီရိယနှင့်စပ်သောစကား၊ သမာဓိကထာ = သမာဓိနှင့်စပ်ခြင်းကထာ-ဤသုံးပါးကို အဓိစိတ္တာခေါ်၏။

ပညာကထာ = ပညာနှင့်စပ်သောစကား၊ ဝိမုတ္တိကထာ = ကိလေသာမှ လွတ်ခြင်းစကား၊ ဝိမုတ္တိဉာဏဒဿနကထာ = ကိလေသာမှ လွတ်ခြင်းဉာဏ်နှင့်စပ်သောစကား - ဤသုံးပါးကို အဓိပညာခေါ်၏။

အပိုစ္ဆဟော၊ သန္တောသပါ၊ အသံသဂ္ဂ၊ သီလကထာ၊

ပဝိဝေကီ၊ ဝီရိယမှာ၊ သမာဓိလာရှိမြဲတ်ပညာ။

ဝိမုတ္တိ၊ ကျင့်ဘိ ဉာဏဒဿနာ။

(နေရာတိုင်း၌ ဝတ္ထုသက်သေ ထုတ်နိုင်၏၊ ဓမ္မပဒ အဋ္ဌကထာလာ ဗဟုဘဏ္ဍိကဝတ္ထု၊ ကိသာဂေါတမီဝတ္ထုစသည်ရှု)

(၈) ခန္ဓာငါးပါးတို့၌ ဥဒယဗ္ဗယစသည် ရှုရသည်။

ပဋ္ဌာစာရီသည် ရဟန်းမိန်းမဘဝဖြင့် ခြေဆေးရာ ပထမဆေးရေထက် ဒုတိယဆေးရေ၊ ဒုတိယဆေးရေထက် တတိယဆေးရေသည် အနည်းငယ်သာ စီးသွားသည်ကို မြင်၍ နည်းတူ အရွယ်သုံးပါး၌လည်း သေတတ်သည်ဟု သံဝေဂဉာဏ်ဖြစ်ကာ ရဟန္တာမ ဖြစ်လေသည်။

* ဟိရိ သြတ္တပ္ပိ၊ ဝိစိကိစ္ဆာ။ သမာဓိရ၊ သီလဖြည့်ပါ။

ကြားမြင်အသိ၊ ဝိရိယသာ၊ ကထာရှောင် ကျင့်ဆောင် ဥဒယဗ္ဗယာ။

(ကထာနှင့်ပတ်သက်၍ ဥပရိပဏ္ဏာသပါဠိတော် အဋ္ဌကထာ မဟာသုညတသုတ်၊ ဥဒါန်းပါဠိတော် မေယိယသုတ် အဋ္ဌကထာကို ရှု)

ဇိယစ္ဆာ ပရမာ ရောဂါ၊ သခါရာ ပရမာ ဒုက္ခာ။

ဇေတံ ဉတ္တာ ယထာဘူတံ၊ နိဗ္ဗာနံ ပရမံ သုခံ။ (ဓမ္မပဒ၊ ၄၃)

ဇိယစ္ဆာ-မွတ်သိပ်ဆာလောင်ခြင်းသည်၊ ပရမာ-လွန်ကဲသော၊ ရောဂါ-ရောဂါပင်တည်း၊ သခါရာ-သင်္ခါရတရားတို့သည်၊ ပရမာ-လွန်ကဲကုန်သော၊ ဒုက္ခာ-ဆင်းရဲခြင်းတို့တည်း၊ ဇေတံ-ဤသဘောတရားကို၊ ယထာဘူတံ-ဟုတ်မှန်သည့်အတိုင်း၊ ဉတ္တာ-သိ၍၊ နိဗ္ဗာနံ-နိဗ္ဗာန်သည်၊ ပရမံ-လွန်ကဲသော၊ သုခံ-ချမ်းသာသည်ပင်လျှင်တည်း။

မူလပဏ္ဏာသ ဝတ္တသုတ်ပါဠိတော်၌ အဝတ်ကို ရေလျှော်ခြင်း၊ အရောင်ဆိုးခြင်းကဲ့သို့ စိတ်ကို လောကုတ္တရာအရောင်ဆိုးသင့်ကြောင်း ဟောတော်မူ၏။

ထို့ကြောင့် မည်သူ့မဆို ကိလေသာအညစ်အကြေး ကင်းစင်အောင် ဘုရားရှင်၏ ပဋိစ္စသမုပ္ပါဒ်ဒေသနာ သဲဆပ်ပြာဖြင့် လျှော်ဖွပ်ရန် ကောင်းသည်၊ ၎င်းကဲ့သို့ လျှော်ဖွပ်ပါမှ လောကီအကျိုး လောကုတ္တရာအကျိုး

ကျန်းမာရေးနှင့်ညီညွတ်မည်၊ လောဘစသော ကိလေသာကို လျော့ပွပ်ဖို့. သဒ္ဓါတရားတည်းဟူသော ရေလိုမည်၊ ရတနာသုံးပါး, ကံ,ကံ၏အကျိုးကို ယုံကြည်တတ်သော သဒ္ဓါရေဖြင့် လျော့ပွပ်ရသည်၊ လျော့ပွပ်ခြင်း ဝီရိယ တရားလည်း လို၏၊ အဝတ်များကို နေလှန်းသကဲ့သို့. ဝိသုဒ္ဓိခုနစ်ပါးရှိမှ လောကသံသရာ ရုပ်နာမ်ပဋိစ္စသမုပ္ပါဒ်တရားများကို မြင်လာပေမည်၊ ၎င်း အဝတ်များကို ဆင်ယင်လိုသောသူသည် လိုရာ အနီရောင် စသည်တို့.ကို ဆိုးသကဲ့သို့. မဂ်ဉာဏ်အရောင်၊ ဖိုလ်ဉာဏ်အရောင် ဆိုးရသည်၊ သို့.မှ ပွဲလယ်ပရိသတ်သို့. ဝင်ခြင်းတည်းဟူသော နိဗ္ဗာန်ပွဲသို့. ဝင်စံရတော့ မည်။

* ပဋိစ္စသမုပ္ပါဒ်၊ သဲဆပ်ပြာသည့်၊ ကိလေညစ်ကြေး၊ ခန့်.ရေး လောကီ၊ သဒ္ဓါရေများ၊ ဖွပ်လှော်ဝိရိ၊ နေလှန်းက သီလအစမှီ။

(ခန့်.ကား ကိုယ်စိတ်ချမ်းသာခြင်းစသော လောကီ လောကုတ္တရာ အကျိုးတည်း)

ယသသူဌေးသား

ယသသူဌေးသားဟူသည် ဘုရားဖြစ်ခါစ ဘုရားရှင်အား နှံ့.ယနာ လှူသော သုဇာတ၏သားတည်း၊ ညအိပ်နေစဉ် ခြွေရံမိန်းမများ တချို့.က ဟောက်၊ တချို့.က အာစောက်ခံတွင်း ဟင်းလင်းပွင့်လျက် စက်ဆုတ် ဖွယ်သော အနံ့.ရှိသော အရိအရေများ ယိုကုန်သည်၊ တချို့.ကား ကိုယ် ဝတ်ကျွတ်လျက် ဆံပင်ဖားရားကြဲပြီး အိပ်သူက အိပ်နေသည်ကို မြင် လေ၏။ ထိုအခါ ယသသူဌေးသားသည် "အချင်းတို့. တပ်နှစ်သက်ဖွယ် ရှိ၍ ပင်ပန်းနှိပ်စက်လေစွတကား၊ အချင်းတို့. တဏှာပြင်းပြ၍ ညှဉ်းဆဲ ပူလောင်လေစွတကား" ဟု ဥဒါန်းကျူးဖူးသည်။

ဤယသသူဌေးသားသည် ရှေးဘဝက အသုဘမီးသင်္ဂြိုဟ်ရာ ကိုယ်တိုင်လည်း အသုဘရှု၊ သူများအားလည်း ရှုစေဖူးသောအကျိုးတည်း။ ယသသူဌေးသားကို နတ်တို့အိပ်ရာမှ ထစေ၍ တံခါးဖွင့်ပေး၏၊ အိမ်ရာထောင်ခြင်းဟူသော လောကီအာရုံ ကာမဂုဏ်ဟူသည် သူတစ်ပါး အလိုသို့ လိုက်ရသည်၊ ပစ္စည်းဥစ္စာရှာရသည်၊ ပစ္စည်းများကို စောင့်ရှောက်ရသည်၊ ကျွေးမွေးခြင်းစသော ဒုက္ခပေါများလှ၏၊ အိပ်မက်ပမာ အနှစ်သာရမရှိ၊ အဆိပ်သီး မီးကျီးတွင်း သားတစ်ကို ရှက်လုခြင်း၊ အမဲရိုးကို အသားရနှိုးနှိုးဖြင့် ခွေးဝါးသလိုရှိခြင်း၊ ပြွဲဦးခေါင်းသို့ အဆိပ်ပြင်းပြလှ၏၊ စဉ်းတီတုံး ခဏခဏ ဓားခုတ်ခံရသလို ဒုက္ခပေါင်းများလှ၏၊ မြက်မီးရှူးပမာ ခဏသာတည်း၊ ငှားရမ်းသောဥစ္စာ ပိုင်ရှင်ယူသွားသည်နှင့်တူ၏၊ ဓားလုံလက်နှက်ထက်ထက်မြက်၏၊ မျက်လှည့်၊ တံလျှပ်ပမာ အမှန်တရား မဟုတ်၊ ငြောင့်စူးသည်နှင့်တူ၏၊ နောက်ပိတ်ဆုံး အပါယ်သို့ ရောက်ရ၏၊ မရောက်မီ အန္တရာယ်အမျိုးမျိုးနှင့် တွေ့ကြုံရတတ်၏၊ မဟာဇနကမင်း ဥယျာဉ်ကစားထွက်ရာ သရက်ကိုင်းများ ကျိုးကျနေသည်ကို မြင်၍ အသီးရှိက ဒုက္ခရောက်ရသည်ဟု တောထွက်၏၊ ဤသို့စသည်ဖြင့် များလှ၏။

မင်းဒဏ်သင့်သူ လွတ်မြောက်လိုသကဲ့သို့လည်းကောင်း၊ အဆိပ်မိသူ အဆိပ်ပြေစေလိုသကဲ့သို့လည်းကောင်း၊ ငြောင့်စူးသူ ငြောင့်ကို ထွက်စေချင်သကဲ့သို့လည်းကောင်း၊ ပယောဂစွဲနေသူ ရောဂါပျောက်ချင်သကဲ့သို့လည်းကောင်း၊ ကမ္ဘာဦးသူ နေလကို တောင်းတသကဲ့သို့လည်းကောင်း၊ နဂါးသည် ဂဠုန်လက်မှ လွတ်လိုသကဲ့သို့လည်းကောင်း၊ အာသာဝတိနတ်ပန်းကို နတ်များ တောင်းတသကဲ့သို့လည်းကောင်း၊ ကြာဖူးသည် နေရောင်ကို မျှော်လင့်သကဲ့သို့လည်းကောင်း ပဋိစ္စသမုပ္ပါဒ်တရားမှ လွတ်ရန် ကြိုးစားသင့်ပေ၏။

* မင်းဒဏ်သင့်သူ၊ ဆိပ်ပူ ငြောင်းစူး၊
နတ်ပူးယူထိုက်၊ မှောင်တိုက်လူဦး၊
ဂဠုန်နဂါး၊ မျှော်ငြားပန်းမြူး၊
နေရောင်မျှော်၊ မှတ်နှော် ထိုကြာဖူး။

နောက်ယသသူဌေးသည်းသည် ဘုရားရှင်နှင့် တွေ့၍ ရဟန္တာဖြစ်လေသည်၊ အောက်ပါအတိုင်း ဥဒါန်းကျူးရင့်လေသည်။

သုဝိလိတ္ထော သုဝသနော၊ သဗ္ဗာဘရဏဘူသိတော။
တိသော ဝိဇ္ဇာ အဖဿမီ၊ ကတံ ဗုဒ္ဓဿ သာသနံ။
(ထေရဂါထာပါဠိတော်၊ ၂၄၉)

သုဝိလိတ္ထော-စန္ဒကူးနံ့သာမျှားဖြင့် တစ်ကိုယ်လုံး လိမ်းကျံခြင်းရှိသော၊ သုဝသနော-လှလှပပ ဝတ်စားဆင်ယင်ခြင်းရှိထသော၊ သဗ္ဗာဘရဏဘူသိတော-ပုတီး နားဆောင်း ထောင်ပေါင်းများစွာ တန်ဆာဆင်ခြင်းရှိထသော ငါသူဌေးသားသည်၊ တိသော ဝိဇ္ဇာ-ပုဗ္ဗေနိဝါသာနုဿတိဒိဗ္ဗစက္ခု အာသဝက္ခယ တည်းဟူသော အဘိညာဉ်သုံးပါးတို့ကို၊ အဖဿမီ-ပါရမီသမ္ဘာ ရင့်သန်လာသောကြောင့် ရလာပေပြီ၊ ဗုဒ္ဓဿ-ဘုရားရှင်၏၊ သာသနံ-ဆုံးမပေရာ သာသနာတော်ကို၊ ကတံ-ရဟန္တာအရှင်မြတ်ဖြစ်လတ်သည်ထိ အားထုတ်အပ်ပြီးသည်သာတည်း။

* * * *

(၃) 'ဝိညာဏပစ္စယာ နာမရူပံ'အကြောင်း သိကောင်းစရာ

အာရုံကို ကြဲစည်တတ် သိတတ်သောကြောင့် စိတ်မည်၏၊ ၎င်းကို ဝိညာဏ်လည်း ခေါ်၏၊ စိတ်တစ်ခုယုတ် ကိုးဆယ်ရှိသည်၊ လူ၏အဖြစ်, နတ်၏အဖြစ်, ပြဟ္မာ၏အဖြစ် အပါယ်လေးဘုံတို့၌ ကံ အသွင် သညာ အမည်ထူးစသော အပြားကိုလည်း မိမိတို့အဖျတ္တသန္တာန်၌ရှိသော စိတ် သည်ပင် ပြုပြင်၏ဟု အဋ္ဌသာလိနီ (၁၀၇)တို့၌ လာပေ၏။

လော့ကျက်အပ်ပြီးသော သရဝေဒီ ဝါလဝေဒီ အက္ခဏဝေဒီ စသော လေးသမားတို့၏ မြားသည် လျင်ခြင်း၏၊ ထိုထက် လနေအသွား မြန်၏၊ ထိုထက် လနေရှေ့က သွားသော စွာန်အဘိညာဉ်ရ နတ်သား ရဟန္တာတို့ လျင်မြန်၏၊ ထိုထက် စိတ်က အဖြစ်အပျက် လျင်မြန်၏ဟု အဂုတ္တရပါဠိတော် (၉)၌ ဘုရားရှင် ဟောတော်မူသည်။

စိတ်ညစ်ညူးခြင်းကြောင့် လူနတ်ဗြဟ္မာတို့ ညစ်ညူးကြ၏၊ စိတ်ဖြူစင်ခြင်းကြောင့် လူနတ်ဗြဟ္မာတို့ ဖြူစင်ကြ၏၊ စိတ်သဘောဟူသည် ပြိုးပြိုးပြက် ဖြူစင်လျက်သာရှိ၏၊ ရာဂစသော တရားတို့နှင့် တွေ့ကြုံမှသာလျှင် ညစ်ညူးရလေကုန်၏ဟု ကေဂုတ္တရပါဠိတော် (၉)၌ လာပေ၏။

ဝိညာဏ်ကြောင့် ဝေဒနာ သညာ စေတနာ ဖဿ မနသိကာရ တည်းဟူသော နာမ်၊ မဟာဘုတ်လေးပါး ဥပါဒါရုပ် နှစ်ဆယ့်လေးပါး ဖြစ်သည်ဟု ဝိဘင်းပါဠိတော် (၁၄၂) ဟောတော်မူ၏။

ဝိညာဏ်ကြောင့် နာမ်ဖြစ်ပုံ

ဝိညာဏ်ဟူသော စိတ်နာမ်တရားသည် မီးတောက်မီးလျှံကို ဖြစ်စေတတ်သော ထင်း မီးသွေး ရေနံဆီစသည်နှင့် တူ၏၊ မီးတောက်မီး

လျှံအရောင်အဝါသည် ဝေဒနာ သညာ စေတနာ ဖဿ မနသိကာရတို့နှင့်တူ၏။

ဤစိတ်ဝိညာဏ်တရား ထင်းမီးသွေးဟူသော အကြောင်းကြောင့် အနိ အဖြူ အဝါတည်းဟူသော သုံးဆယ့်တစ်ဘုံ၌ ကောင်းသောအာရုံ၊ မကောင်းသောအာရုံတို့.ကို ဝေဒနာက ခံစား၏၊ သညာက အသိအမှတ်ပြု၏၊ စေတနာက ဝိညာဏ်တရားကို ဖြစ်နိုင်အောင် နှိုးဆော်ပေး၏၊ ဖဿက အာရုံ၌ တွေ့.ထိ၏၊ မနသိကာရက နှလုံးသွင်းကာ အာရုံယူ၏။

ငရဲစသော အပါယ်လေးဘုံ၌ ဤဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်ကာ မကောင်းသော ငရဲခွေး၊ ငရဲလင်းတ သံလျက်လွှနှင့် အဆွဲခံရခြင်း တည်းဟူသော အာရုံကို ဝေဒနာက ခံစား၏၊ သညာက မကောင်းသောအာရုံဟု မှတ်၏၊ ဖဿက ၎င်းဒုက္ခအာရုံကို ဝိညာဏ်စိတ်နှင့် တွေ့.ဆုံပေး၏၊ စေတနာက နှိုးဆော်ပေး၏၊ မနသိကာရက နှလုံးသွင်းပေး၏။

ဤဝိညာဏ် ဖဿ ဝေဒနာ စေတနာ မနသိကာရများ မရှိလျှင် မျက်မမြင်ပုဂ္ဂိုလ် အကောင်းအဆိုး မမြင်ရခြင်း၊ နားမကြားပုဂ္ဂိုလ်သည် အကောင်းအဆိုး မကြားရခြင်းနှင့် တူပေမည်။ လူ့ပြည် နတ်ပြည်မှာလည်း ဤနည်းအတူ ဖြစ်ပျက်နေ၏၊ ပြဟ္မာပြည်မှာလည်း နည်းတူ စွာန်အဘိညာဉ်တရားတို့.နှင့် ပတ်သက်ကာ ဖဿ ဝေဒနာ သညာ စေတနာ မနသိကာရများ ဖြစ်ပျက်နေ၏။ ထို့.ကြောင့် ပြဟ္မာစသော သုံးဆယ့်တစ်ဘုံသားတို့.သည် ကျင်လည်နေကြရ၏၊ အတ္တဒီဋ္ဌမကင်းက နေဝသညာနာသညာယတနဘုံသို့. ရောက်နေကြသော်လည်း ကာမဘုံ ရူပဘုံသို့. ပြန်ရောက်ကာ ကျင်လည်နေကြရသည်ဟု ဘုရားရှင်သည် "ဥက္ခိတ္တာပုညတောဇေန"စသည်ဖြင့် ဝိဘင်းပါဠိတော် (၄၄၁)၌ ဟောတော်မူ၏။

တစ်နည်းကား ဝိညာဏ်ကြောင့် နာမ်ဖြစ်သည်ဟူသည် အဖိုးထိုက်တန်သော ကျောက်တုံးကား ဝိညာဏ်နှင့်တူ၏၊ ဖဿ ဝေဒနာ စေတနာ မနသိကာရတို့ကား အရောင်မျိုးစုံနှင့်တူ၏၊ ဝိညာဏ်သည် မျိုးစေ့၊ ကံတရားသည် လယ်ယာမြေ၊ တဏှာသည် အစေးတည်း၊ ထွက်လာသော အပင်စသည်တို့သည် ဖဿစသည်နှင့်တူ၏၊ "ကမ္ဗံ ခေတ္တံ၊ ဝိညာဏံ ဗီဇံ၊ တဏှာ သိနေဟော"ဟု သုဓမ္မဝတီမူ ဖိနာလင်္ကာရဋ္ဌကာ (၂၈၁)၌ လာ၏။

ထို့ကြောင့် ဝိညာဏ်၏ သာယာခြင်း အသာဒအဖြစ်၊ အာဒီနဝ ထွက်မြောက်ရာ နိဿရဏတို့ကို သိဖို့ လို၏၊ ဝိညာဏ်သည် ရုပ်သေး၊ ဖဿ ဝေဒနာ စသည်တို့သည် ကြိုးဆွဲဆရာကြီးတို့ပေတည်း။ ဝိညာဏ်သည် စက်၊ အရာဝတ္ထုအမျိုးမျိုးကို ထုတ်လုပ်ခြင်းသည် ဖဿ ဝေဒနာစသည်တို့တည်း။ ဝိညာဏ်သည် ပိတ်ကား၊ ပန်းချီဆေးရေအမျိုးမျိုးသည် ဖဿ ဝေဒနာစသည်တို့တည်း၊ ဝိညာဏ်သည် ကြည့်လင်သောရေ၊ ဖဿ ဝေဒနာစသည်တို့သည် ဆိုးဆေးတည်း။

ဝိညာဏ်သည် ဗိုလ်၊ ဖဿ ဝေဒနာစသည်တို့သည် တပ်သား၊ ဝိညာဏ်သည် လမ်းမသိသူ၊ ဖဿ ဝေဒနာစသည်တို့သည် လမ်းပြ၊ ဝိညာဏ်သည် မျက်စိမမြင်သူ၊ ဖဿ ဝေဒနာစသည်တို့သည် ခါးကုန်းသူ။ ဝိညာဏ်သည် ရောဂါရှိသူ၊ ဖဿ ဝေဒနာစသည်တို့သည် စုန်းနတ်။ ဝိညာဏ်သည် မုဆိုး၊ ဖဿ ဝေဒနာစသည်တို့သည် ခွေး။ ဝိညာဏ်သည် မင်းသား၊ ဖဿ ဝေဒနာစသည်တို့သည် အထိန်း။ ဝိညာဏ်သည် မိခင်၊ ဖဿ ဝေဒနာစသည်တို့သည် သားသမီးများ။ ဝိညာဏ်သည် ဆရာ၊ ဖဿ ဝေဒနာစသည်တို့သည် တပည့်များနှင့် တူပေ၏။ (ပဋိစ္စသမုပ္ပါဒ်၌ ဥပမာတို့သည် အဂါတစ်ဆယ့်နှစ်ပါးလုံး၌ ရနိုင်၏)

* ထင်း ဆီ ဗီဇ၊ စက်က ရုပ်သေး၊ ပတ္တမြားထား၊ ပိုက်ကား ဖျော်ပေး၊ ဗိုလ် လမ်းမသိ၊ မျက်စိကင်းစေ၊ နတ်ပူမျိုး၊ မုဆိုး မင်းသားရေး၊ မိခင်မှာ ဆရာ ကောင်းဆောင်ရေး။

လူညီးဘီးစက်ပမာ ဤသံသရာ

တစ်လောကလုံး ကံကြောင့် ဖြစ်သည်၊ သတ္တဝါများသည် ကံကြောင့် ဖြစ်သည်၊ သတ္တဝါများ ကံကြောင့် ဖွဲ့နေသည်၊ သွားနေသော ရထားနောက်သို့ နပန်းစွန်းလိုက်သည်နှင့် တူ၏။ ကံကြောင့် ကျော်စောခြင်း၊ ချီးမွမ်းခြင်းဖြစ်သည်။ ကံကြောင့် ဆုံးရှုံးသည်၊ အသတ်ခံရသည်၊ နှောင်ဖွဲ့ခံရသည်။ ဤသို့ ကံ၏အထူးထူးသော အကြောင်းအကျိုးကို သိရာ၏။ ထို့ကြောင့် လောကမှာ ကံမရှိဟု မဆိုထိုက်ပေဟု အဋ္ဌသာလိနီ (၁၀၈)၌ လာ၏။

(ဥပရိပဏ္ဏာသပါဠိ သုဘသုတ်ခေါ် စူဠကမ္မဝိဘင်္သုတ်ကို ရှု)

ဝိညာဏ်သည် မျိုးစေ့နှင့်တူ၏၊ ဝိညာဏ်ကြောင့်ဖြစ်သော ခန္ဓာငါးပါးသည် မြေကြီးနှင့်တူ၏၊ မျိုးစေ့တည်းဟူသော ဝိညာဏ်၊ မြေကြီးတည်းဟူသော ခန္ဓာငါးပါး၊ တဏှာ ရာဂတည်းဟူသော ရေ၊ ၎င်းသုံးပါးပေါင်းဆုံက သတ္တဝါတည်းဟူသော ပင်စည်ဖြစ်၍ ဇာတိ ဇရာ မရဏာစသော အသီးအပွင့် ပင်စည်ဖြစ်၍ ဇာတိ ဇရာ မရဏာစသော အသီးအပွင့် အညွှန့်၊ အကိုင်း အခက် ဖြစ်လေသည်။ ၎င်းက ဒုက္ခသစ္စာတည်း။ ထို့ကြောင့် မျိုးစေ့ကိုလည်း မစိုနှင့်၊ မြေကိုလည်း မရှာနှင့်၊ ရေကိုလည်း မလောင်းနှင့်။

* ဝိညာဏ်မျိုးစေ့၊ မှတ်လေ့စေရာ၊ ခန္ဓာအရေး၊ မြေဆွေးပမာ၊ တဏှာလောဘ၊ ရေကတစ်ဖြာ၊ ယောဂီများ မှတ်သားစေဖို့ရာ။

လင်းနို့ငှက်စသည်တို့သည် သရက်ပင်စသည်သို့ လာ၍ နားသကဲ့သို့ ဝိပဿနာစီးဖြန်းသော ယောဂီနှင့်တူ၏။ ၎င်းသရက်ပင်စသည်တို့သည် ခက်မငါးဖြာရှိသကဲ့သို့ ခန္ဓာငါးပါးကို ရှုအပ်၏။ လင်းနို့ငှက်သည် သရက်သီးအလို့ငှာ လာ၍ နားသကဲ့သို့ ပုထုဇဉ်များ တဏှာမာန ဒိဋ္ဌိစသည်ဖြင့် စွဲလမ်းသည်နှင့် တူ၏။ သရက်ပင်၌ သရက်သီးမရှိသကဲ့သို့ ခန္ဓာ၌ နိစ္စ သုခ အတ္တ သုဘ ရှာမရသည်နှင့် တူ၏။ လင်းနို့ငှက်စားစရာ မရှိ၍ ပျံသွားသကဲ့သို့ ယောဂီများ ခန္ဓာငါးပါး၌ မစွဲလမ်းသည်ကို မှတ်အပ်၏။ (ဇနပဒကလျာဏီ ဧခမာမိဖုရားတို့ကား တဏှာစွဲ၊ ကပိလရဟန်း, ပေါဋ္ဌိလရဟန်းတို့ကား မာနစွဲ၊)

ဒိဋ္ဌိတို့ကား ငါးရှာသူသည် မြွေကို ဖမ်းမိရာ ကြောက်၍ လွှင့်ပစ်သကဲ့သို့ ခန္ဓာငါးပါး၌ အနစ်သာရရှာ၍ မရဘဲ စွန့်ပစ်ကြသည်။

လူများသည် အိပ်နေစဉ် မီးလောင်၍ ကြောက်လန့်ကာ ထွက်ပြေးသကဲ့သို့ ခန္ဓာငါးပါး၌ အပြစ်မြင်၍ အရိယာများ စွန့်ပစ်ကြသည်။

လူတစ်ယောက်သည် ဘီလူးမကို လူမထင်၍ ပေါင်းဖက်မိရာညအခါ၌ ဘီလူးမမှန်းသိ၍ ထွက်ပြေးသကဲ့သို့ အရိယာများ ခန္ဓာငါးပါးကို ဘီလူးပမာ ကြောက်လှပါသဖြင့် ထွက်ပြေးကြသည်။ (တေလပတ္တဇာတ်ကို ရှု)

* လင်းနို့ ငါးရှာ၊ မီးလောင်ရာ၊ ပမာဘီလူးမ။

ဝိပဿနာ ယာဉ်စကြာ

သဒ္ဓါ ပညာသည် ဝလာဟကမြင်း၊ ဥပေက္ခာသည် ရထားထမ်းပိုး၊ ဟိရိသည် ရထားလှည်းသံ၊ ဝိပဿနာသည် ဆွဲကြိုး၊ သတိသည် ရထားထိန်း၊ သီလသည် တန်ဆာ၊ စျာန်တရားသည် ဝင်ရိုး၊ ဝီရိယသည်

ရထားဘီး၊ သမာဓိသည် လှည်းဦး၊ အလောဘသည် ရထား၏အစပ်၊ မေတ္တာ ကရုဏာသည် လက်နက်၊ ခန္တီတရားသည် ချပ်ဝတ်တန်ဆာတည်း။

* သဒ္ဓါ ပညာ၊ ဝလာဟကာ၊ ထမ်းပိုးပုံပြု၊ ရှဉ့ပေကွာ။
ဟိရိလှည်းသံ၊ သီလံတန်ဆာ၊ စိတ်တစ်မျိုး ဆွဲကြိုးဥပမာ။
သတိတရား၊ ရထားထိန်းသာ၊ စွာန်ဝင်ရိုးမှိ ခန္တီချပ်မှာ။
ဘီးဝိရိယာ၊ သမာနပါ၊ အလောဘ စပ်က ရထားသာ။
မေတ္တာတွက်၊ လက်နက်များပမာ။

ဘုရားရှင်နှင့်မာဂဏ္ဍိယပရိဗိုဇ်

ဘာရဒ္ဒါရဇပုဏ္ဏားသည် ထိုင်ရာခင်းပေးသဖြင့် ဘုရားရှင်သည် ထိုင်တော်မူ၏။ ထိုအခါ မာဂဏ္ဍိယပရိဗိုဇ်က ဘုရားရှင်အား အညွှန့်တုံးဟု ခေါ်၏ အမှန်မှာ ဘုရားရှင်အား ရွှေထီးရွှေနန်း ရွှေကြွင်းနှင့် မိဖုရားယသောဓရာကို စွန့်ပစ်ထားခဲ့၍ ရဟန်းပြုသည်ကို မြင်သဖြင့် ပြောဆိုခြင်းဖြစ်၏။ ပရိဗိုဇ်တို့အား ရှုပါရုံစသည်ကို လိုက်စားကောင်း၏၊ လိုက်စားက အပြစ်မရှိဟု ယူဆ၍ ပြောခြင်းပင်တည်း။ "ဒွေမေ ဘိက္ခဝေ အန္တာ ပဗ္ဗဇ္ဇိတေန န သေဝိတဗ္ဗာ"စသည်ဖြင့် ဓမ္မစကြာဒေသနာတော်အတိုင်း ဘုရားရှင်၏ အလိုတော်မှာ ရှုပါရုံစသည်ကို လိုက်စားခြင်းသည် အစွန်းမလွတ် အယုတ်တရားဖြစ်၏။

ခွေးနွားတို့၏အကျင့်ကဲ့သို့ မြက်သစ်ရွက်ကို စားခြင်းကျင့်ခြင်း၊ ရေငုပ်ခြင်း၊ မီးလှုံခြင်း၊ တုံးခုန်ခြင်းစသော အကျင့်သည်လည်း အစွန်းမလွတ် အယုတ်တရားဖြစ်၏။

မဇ္ဈိမပဋိပဒါ၏ အလယ်အလတ် မဂ္ဂင်ရှစ်ပါးသည်သာလျှင် နိဗ္ဗာန်ရောက်ကြောင်းတည်းဟု ဟောတော်မူ၏။ ဘုရားရှင်သည် မာဂဏ္ဍိယပရိဗိုဇ်အား အောက်ပါ ဒေသနာတော်ကို ဟောတော်မူ၏။

38 "မာဂဏ္ဍိယပရိဗိုဇ် စက္ခုဝိညာဏ်စိတ်သည် ရူပါရုံလျှင်အာရုံရှိ၏၊ ရူပါရုံ၌ မွေ့.လျော်၏၊ ရူပါရုံ၌ ဖြစ်၏၊ စက္ခုဝိညာဏ်စိတ်ကို ငါဘုရားရှင်အား ဆုံးမတော်မူအပ်ပြီ၊ လုံခြုံအပ်ပြီးပြီ၊ ကောင်းစွာစောင့်ရှောက်အပ်ပြီးပြီ၊ စောင့်စည်းအပ်ပြီးပြီ၊ ထိုစက္ခုဝိညာဏ်စိတ်ကို စောင့်ရှောက်ခြင်းငှာလည်း ဟောတော်မူအပ်ပြီးပြီ၊ နှလုံးတူ သောတဝိညာဏ်စိတ်စသည်ကို ဟောတော်မူအပ်ပြီးပြီ။

(ကုန်ဆုံးယသံဝရသီလနှင့် ပတ်သက်၍ ဝိသုဒ္ဓိမဂ်သီလနိဒ္ဒေသကို ရှု)

မာဂဏ္ဍိယပရိဗိုဇ် ငါဘုရားရှင်သည် ဥတုသုံးပါးနှင့်လျော်သော ရမ္မသုဘ သုရမ္မတည်းဟူသော နန်းမသုံးဆောင်၌ အထောင်မကသော မိဖုရားတို့နှင့် ပျော်စံခဲ့ပြီးပြီ။

ဥပမာ = သူဌေးသူကြွယ်သားသည် ကာမဂုဏ်ငါးပါးကို ခံစားပြီး၍ သုစရိုက်တရားကို ပြုသဖြင့် တာဝတိံသာသို့ ရောက်စဉ် နန္ဒဝန်ဥယျာဉ်၌ ပျော်မွေ့.ကာ လူတို့.၏ ကာဂုဏ်တရားကို မတောင်းတသကဲ့သို့ ငါသည် ကာမဂုဏ်၏ အပြစ်အပျက်ကို သိ၍ မတောင်းတတော့ပြီ။

တစ်နည်း နှုနှာရောဂါပျောက်ပြီးသူသည် နှုနှာသည် တစ်ယောက်၏ နှုနှာများ မနေနိုင်အောင် ယား၍ မီးကင်နေသည်ကို မြင်သဖြင့် မတောင်းတသကဲ့သို့ ငါသည် ကာမဂုဏ်တရားတို့.ကို မတောင်းတတော့ပြီ။

တစ်နည်းအားဖြင့် နှုနှာသည်သည် နှုနှာရှိစဉ် မီးကင်၍ သက်သာရာရ၏၊ ထိုနှုနှာပျောက်သူကို တခြားလူနှစ်ယောက်တို့.သည် လက်မောင်း

နှစ်ဖက်ကို ကိုင်၍ အလျှံရဲရဲ ညီးသောမီးကျီးတွင်းသို့ အတင်းဆွဲချသော်လည်း မလိုက်ဘဲ ရုန်းကန်နေသည်နှင့်တူ၏။

အဓိပ္ပါးတွင်၌ ကန်းသောသူကို တခြားလူတစ်ယောက်က မဇကာင်းသော အဝတ်ကို ပေးသော်လည်း ကောင်းသည်ဟု ပြောသဖြင့် ကောင်းသည်ဟု ယူဆသည်နှင့် တူပေ၏။ အမှန်မှာ သင်တို့သည် ရူပါရုံစသည်၌ ပညာမျက်စိကန်းနေသည်ဟု ဟောတော်မူ၏။

မာဂဏ္ဍိယပရိဗိုဇ် ဤခန္ဓာကိုယ်သည် ကိုးဆယ့်ခြောက်ဖြာ ဘေးရောဂါသာတည်း၊ နာကျင်တတ်သော ဆူးငြောင့်ခလုတ်တည်း၊ ရူးဝင်တတ်သောမြားနှင့် တူ၏။ အကုသိုလ်တို့၏တည်ရာဖြစ်၏၊ နိပ်လည်း နိပ်စက်တတ်၏ဟု ဟောတော်မူ၏။ (မဇ္ဈိမပဏ္ဏာသပါဠိတော် ၁၇၇၊ စိတ္တာဝင်္ဂ စိတ္တာယဓိုက်ကို ရှု)

ဝိညာဏ်ကြောင့် ရူပါဖြစ်ပုံ

ဝိညာဏ်ကြောင့် ရူပါဖြစ်သည်ဟူရာ၌ 'သမ္မဋ္ဌ ပနေတံ ရူပံ အဟောတုကံ"စသည်ဖြင့် သင်္ဂြိုဟ်ရူပ်ပိုင်း၌ လာရကား ၎င်းရူပ်နှစ်ဆယ့်ရှစ်ခုတို့သည် လောဘစသော ယှဉ်ဖော်ယှဉ်ဖက်တရား မရှိ၍ အဟောတုက။ ကံ စိတ် ဥတု အာဟာရတည်းဟူသော အကြောင်းတရားနှင့်ဖြစ်၍ သပ္ပစ္စယ။ လောစသော အာသဝတရားတို့၏အာရုံဖြစ်၍ သာသဝ။ ကံ စိတ် ဥတု အာဟာရတရားတို့သည် ပြုပြင်အပ်သည်ဖြစ်၍ သခံတ။ ကာမုပါဒါန်စသော ဥပါဒါန်တရားလေးပါးတို့၏ အာရုံဖြစ်၍ သခါရလောက၌ အကျုံးဝင်သည်၏အဖြစ်ကြောင့် လောကိယ။ ကာမတဏှာ၏ ကျင်လည်ရာဖြစ်၍ ကာမာဝစရ။ ရူပါရုံစသော အာရုံကို မယူတတ်၍ အနာရမ္မဏ။ တဒင်္ဂ

ပဟာန်စသည်တို့ဖြင့် မပယ်အပ်သောကြောင့် အပွဟာတဗ္ဗလည်း မည်သည်သာတည်း။ (သင်္ဂဟကျမ်းအတိုင်း ရုပ်ပိုင်းကို သိ)

အရူပဝိပါက်လေးခုကား ရုပ်မရှိသော အရူပဘုံ၌ ဖြစ်တတ်၍လည်းကောင်း၊ ဒိုပဉ္စဝိညာဏ်တစ်ဆယ်တို့သည် ရုပ်ကို ဖြစ်စေခြင်း၌ ထူးသော အကြောင်းဖြစ်သော စျာနင်တို့နှင့် ယှဉ်ခြင်းမရှိသောကြောင့် ရုပ်ကို မဖြစ်စေတတ်။

မဟာဘုတ်လေးပါး

ကြမ်းတမ်းခက်မာခြင်း၊ နူးညံ့ခြင်း လက္ခဏာသည် ပထဝီဓာတ်။ ဖွဲ့စည်းယိုစီးခြင်း စသည်သည် အာပေါဓာတ်။ အအေး အပူ ဟူသော တေဇောဓာတ်။ တွန်းကန်လှုပ်ရှားခြင်းစသည်သည် ဝါယောဓာတ်မည်၏။

ကြီးသောဖြစ်ခြင်းရှိ၍ မဟာဘုတ်ခေါ်၏။ အသက်မရှိခြင်းဟု ဆို အပ်သော အနုပါဒိန္နကသန္တာန်၌ ယူဇနာပေါင်း နှစ်သိန်းလေးသောင်းရှိသော မြေထု၊ ၎င်းမြေထုကို ခံထားသော ယူဇနာပေါင်း လေးသိန်းရှစ်သောင်းရှိသော ရေထု၊ ၎င်းရေကို ခံတတ်သော ယူဇနာပေါင်းကိုးသိန်းခြောက်သောင်းရှိသော လေထု၊ ယူဇနာပေါင်းတစ်သန်းနှစ်သိန်းသုံးတောင်လေးရှောင်းဆယ်ရှိသော စကြဝဠာ၊ မြင်းမိုရ်တောင်, ယုဂန္ဓိုရ်တောင် စသော တောင်စဉ်ခုနစ်ထပ်၊ သီဒါခုနစ်တန်၊ ဟိမဝန္တာတောင်၊ တောင်ကျွန်း ဇမ္ဗူသပြေပင်၊ အသုရာပြည် သခွပ်ပင်၊ ဂဠုန်ပြည် လက်ပံပင်၊ အနောက်ကျွန်း ထိန်ပင်၊ မြောက်ကျွန်း ကမ္ဗာပဒေသာပင်၊ အရှေ့ကျွန်း ကုက္ကိုပြင်၊ တာဝတိံသာ ပင်လယ်ကသစ်ပင်တို့သည် ကြီးမားကုန်၏။

အသက်ရှိသော ဥပါဒိန္နကသန္တာန်၌ ယူဇနာငါးရာတစ်ထောင်ရှိသော တိမိရစသော ငါးတို့သည် ကြီးမားကုန်၏။ မဟာသုတသောမ

ဇာတ်အဌကထာ၌ ငါးတစ်ကောင်သည် ကြီးလွန်းအားကြီး၍ မိမိအမြီး ကိုပင် မသိဘဲ စားမိသည်။

(၂၄-၄-၈၂) လုပ်သားသတင်းစာမှ မာန်အောင်ကျွန်းအနီးရသော ငါးမှာ ပိသာချိန် ၂၅၀၀၊ အရှည် ၃၄-ပေ၊ ၅-လက်မ၊ လုံးပတ် ၂၉-ပေ၊ ၄-လက်မ။ သံတွဲအနီး၌ရသောငါးမှာ ၅၉-ပေရှိ၏။ နောက် ပိုလ် ကလေးမြို့နယ်မှလည်း ငါးကြီးတစ်ကောင်ရရှိသည်၊ ခေါင်းမပါပေ။ ယူဇနာလေးတောင်ရှိ ရာဟုအသူရိန် အတောင်တစ်ရာ့နှစ်ဆယ်ရှိ ဆဒ္ဒန် ဆင်မင်းကို သိ။

မျက်လှည့်နှင့်တူသောကြောင့်လည်း မဟုတ်ဘုတ်ခေါ်၏။ မျက် လှည့်သည် ပတ္တမြားမဟုတ်သည်ကို ပတ္တမြား၊ ရွှေမဟုတ်သည်ကို ရွှေ၊ ဘီလူးမဟုတ်သည်ကို ဘီလူး၊ ငှက်မဟုတ်သည်ကို ငှက် ပြသကဲ့သို့ မည်သော်လည်း အညို၊ ရွှေရောင်မဟုတ်သော်လည်း ရွှေရောင်၊ မဖြူ သော်လည်း ဖြူသည်ကို ပြတတ်၏။

ဘီလူးမသည် လှပသောမိန်းမ မဖန်ဆင်းပြသကဲ့သို့ ယောကျ်ား မိန်းမတို့သည် မလှသော်လည်း လှသကဲ့သို့ အမျိုးမျိုးဝတ်စားဆင်ယင်၍ ပြတတ်ကြသည်။

များစွာသော ဆောင်ရွက်ဖွယ်ရှိသောကြောင့်လည်း မဟာဘုတ် ခေါ်၏၊ သတ္တဝါတို့သည် နေ့တိုင်းနေ့တိုင်း လုပ်ကိုင်စားသောက်ခြင်း စသော ဆောင်ရွက်ဖွယ်ရှိသည်။

များစွာသော ဖောက်ပြန်ခြင်းရှိသောကြောင့်လည်း မဟာဘုတ် ခေါ်၏။ အသက်မရှိရာ၌ ကမ္ဘာကို မီးရေလေဖျက်တတ်သည်၊ အသက် ရှိသော ခန္ဓာကိုယ်၌ ဤဓာတ်ကြီးလေးပါး ပျက်စီး၍ သေကြရသည်။ စာပေများက မြွေကြီးလေးကောင်ဖြင့် နှိုင်းယှဉ်ပြသည်။

(မဟာသတိပဋ္ဌာန်အကြောင်း သိကောင်းစကာမှ ခန္ဓပဗ္ဗကို ရှု)

(သတ္တသူရိယသုတ်စသည်ကို ရှု)

များစွာသော လုံ့လဝီရိယတို့ဖြင့် သိမ်းဆည်းအပ်သည်၏အဖြစ် ကြောင့်လည်း မဟာဘုတ်ခေါ်ဆိုရသည်ဟု အဋ္ဌသာလိနီ ၃၃၆-၌ လာ ပေ၏။

* ကြီး မျက်လှည့်ဆွယ်၊ ဆောင်ရွက်ဖွယ်၊ မှတ်လွယ် ဖောက်ပြန် လုံ့လရှိ။

(ရာဟုလောဝါဒသုတ်၊ မဟာဟတ္ထိပဒေါပမသုတ်ကို ရှု)

က် ကမ္မနိမိတ် ဂတိနိမိတ်

"စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ" ဟု ဘုရားရှင် ဟောတော်မူ သည့်အတိုင်း ကုသိုလ် အကုသိုလ် ပြုစဉ်ခဏ၌ ပြုလုပ်သောသူ၏ စေတနာ ကို ကံခေါ်၏။ အကုသိုလ်ပြုရာ၌ ဓားလက်နက်စသည်သည်လည်းကောင်း၊ ကုသိုလ်ပြုရာ၌ သင်္ကန်း သပိတ်စသော အလှူဝတ္ထုသည်လည်းကောင်း ကမ္မနိမိတ်မည်၏။ အကုသိုလ်ပြုသူအား ငရဲခွေးနက်ကြီး၊ ငရဲအိုး၊ ငရဲ မီးလျှံ စသည်သည်လည်းကောင်း၊ ကုသိုလ်ပြုသူအား နတ်သမီး ဗိမာန် ပဒေသာပင်စသည်သည်လည်းကောင်း ဂတိနိမိတ်မည်၏။

ယင်တစ်ကောင်ကို ပေခုံပေါ်၌ တင်၍ တူနှင့် ထုစဉ် အသေမြန် သော်လည်း ၎င်းသုံးပါးထင်တတ်သည်။ ဓားခုတ်၍ သေသောသူ၊ ရေနစ်၍ သေသောသူစသည်တို့လည်း ဤသုံးပါးထင်တတ်သည်။ သခါနိုးသော သတ္တဝါတို့အား ဤသုံးပါးတို့သည် သေဝင်ခါနီး တောရိပ် တောင်ရိပ် ပမာ ထင်လာတတ်၏။ (ဥပရိပဏ္ဏာသပါဠိ၊ ဒေဝဒူတသုတ်ကို ရှု)

ပဋိသန္ဓေလေးပါး

ပေါက္ဖရသာတိပုဏ္ဏား၊ ပဒုမဒေဝီမိဖုရား၊ အာသက်ာမင်းသမီး စသည်တို့သည် ကြာတိုက်၌ ဖြစ်ကြသည်။ ပဒုမဒေဝီမင်းသမီး၏ သား တော် မဟာပဒုမပစ္စေကဗုဒ္ဓါမှတစ်ပါး လေးရာကိုးကျိပ်ကိုးယောက်သော ပစ္စေကဗုဒ္ဓါတို့သည် အမိဝမ်း၏ သုက်သွေးတို့မှ ဖြစ်ကြသည်။ အမှပါဠို ပြည့်တန်ဆာမကား သရက်ပင်၊ စိဉ္စမာဏာမကား မန်ကျည်းပင်၌ ဖြစ်ကြ သည်။ ပိုးလောက် မှက် ခြင် ယင် စသည်တို့ကား မစင်ကျင်ကြီး စသည်တို့၌ ဖြစ်ကြသည်။ ဤသတ္တဝါတို့ကား သံသေဒဇတို့မည်ကုန်၏။

ကမ္ဘာဦးသူ နတ် ဗြဟ္မာ ငရဲသားတို့သည် တစ်ဆယ့်ငါးနှစ်၊ တစ် ဆယ့်ခြောက်နှစ်အရွယ်တို့ ဖြစ်ကြသည်။ နတ် ငရဲသူ ငရဲသားတို့သည် ခန္ဓာကိုယ် သုံးဂါဝုတ်မျှ ကြီးကြသသည်။ ဤသတ္တဝါတို့သည် ဩပပါတိက တို့မည်ကုန်၏။

ကောန္ဒညဗုဒ္ဓ ညီနောင်တို့သည်လည်းကောင်း၊ ငှက်တို့သည်လည်း ကောင်း ဥ၌ ဖြစ်သောကြောင့် အဏ္ဍဇသတ္တဝါတို့မည်ကုန်၏။

လူစသည်တို့သည် အမိဝမ်းတိုက်၌ ဖြစ်ကြ၍ ကုဏ္ဍသေယျက သတ္တဝါ တို့မည်ကုန်၏။

ၚင်းသတ္တဝါတို့သည် ဆိတ်မဝမ်းတွင်းမှရသော ဆိတ်သူငယ်၏ အမွေးကို ဆီခွက်မှာ နှိုက်၍ အခါတစ်ရာလောက် ခါပြီးမှ ပါလာသော ဆီကြည်မျှ မိဖတို့သုက်သွေးမှစ၍ ဖြစ်ကြသည်။ မပြောပလောက်သော သုက်သွေးမှာ ပဋိသန္ဓေစိတ်နှင့်တကွ ကာယပသာဒရုပ်ပြဋ္ဌာန်းသော ရုပ်ဆယ်၊ ဘာဝရုပ်ပြဋ္ဌာန်းသော ရုပ်ဆယ်ခု၊ ဟဒယဝတ္ထုရုပ်ပြဋ္ဌာန်းသော ရုပ်ဆယ်ခုအားဖြင့် ရုပ်ပေါင်းသုံးဆယ်စု၍ဖြစ်လာသည်။ ဘုရားရှင်သည် သဂါထာဝဂ္ဂသံယုတ်ပါဠိတော် (၂၀၈)၌ ရှေးဦးစွာ ဂရုကြည်ဖြစ်သည်၊

နောက် အမြှုပ်ခဲ၊ ထိုနောက် သားတစ်၊ နောက် အသားတုံး၊ နောက် ခြေနှစ်ချောင်း၊ လက်နှစ်ချောင်း၊ ခေါင်း၊ ခက်မငါးဖြာ ဖြစ်သည်။ နောက် ဆံပင် အမွေး လက်သည်း ခြေသည်း ဖြစ်ကုန်၏ဟု ဟောတော်မူသည်။

ကိုယ်လက်နှီးနှောသဖြင့်လည်းကောင်း၊ ပုဆိုးကို စုတ်သဖြင့်လည်းကောင်း၊ သုက်ကို သောက်သဖြင့်လည်းကောင်း၊ အဆင်းကို မြင်ရသဖြင့်လည်းကောင်း၊ အသံကို ကြားရသဖြင့်လည်းကောင်း၊ အနံ့ကို ရသဖြင့်လည်းကောင်း ကိုယ်ဝန်ကို ယူနိုင်သည်။

ဒုကုလပါရိကာတို့ ဥတုလာသောအခါ ချက်ကို သုံးသပ်၍ ဘုရားလောင်း သုဝဏ္ဏသာမကို မွေးဖွားသည်၊ နည်းတူ မဏ္ဍာဗျသတို့သား စန္ဒပဇ္ဇောတကို မွေးဖွားသည်။ သမင်မတစ်ကောင်သည် ရသေ့တစ်ဦး၏ သုက်နှင့်ကျင်ငယ်ရေကို သောက်၍ မိဂ်သိဂ်ရသေ့ကို မွေးဖွားသည်။ နန်းတွင်းသူများသည် လမ်းသွားလမ်းလာ ယောကျ်ားများကို မြင်၍ ကိုယ်ဝန်ဆောင်ကြသည်။ တချို့ဗျိုင်းများ အဖိုမရှိ၊ ဥတုလာသောအခါ မိုးသံကိုကြား၍ ကိုယ်ဝန်ဆောင်ကြသည်။ ကြက်တို့လည်း နည်းတူ၏။ တချို့နွားမများ အဖိုနံ့ကို ရ၍ ကိုယ်ဝန်ဆောင်ကြသည်။

အံ့သြဖွယ်ရာ အဖြစ်အပျက်များ

သီဟိုဠ်ကျွန်းမှ ရဟန်းတို့သည် မဟာဗောဓိသို့ ဘုရားဖူးသွားကြရာ တောထဲ၌ ခုနစ်ရက်ပတ်လုံး မျက်စိလည်နေကြ၏။ ကိုယ်တစ်ဝက် မြုပ်နေသော လူတစ်ယောက်ကို တွေ့ရာ ရဟန်းသံဃာတော်တို့က မဟာဗောဓိသို့ ဘယ်လမ်းမှ သွားရသနည်းဟု မေးကြ၏။

ထိုအခါ ပြိတ္တာက ကိုယ်တော်တို့ မျက်စိလည်နေသည်မှာ ခုနစ်ရက်သာ ရှိသေးသည်။ တပည့်တော်ကား သံဃိကမြေကို ကျူးကျော်

ဖူး၍ ယခုလယ်ထွန်နေသည်မှာ ကုက္ကုသန်ဘုရားရှင်က စ၍ ဘုရားလေးဆူတိုင် ကျောက်တိုင်သို့ နေရပါသည်ဟု လျှောက်၏။

သီဟိုဠ်ကျွန်းမှ ရဟန်းခြောက်ကျိပ်တို့သည် မဟာဗောဓိသို့ ဘုရားဖူးသွားကြရာ သတိမထားမိကြသဖြင့် တစ်ကောသမှ ကျောက်ဖျာနှင့် တူသော ပြိတ္တာတစ်ဦးပေါ်မှာ တက်အိပ်နေကြ၏။ နောက်မှ ရဟန်းတစ်ပါးသည် လက်ကို မြင့်၍ ပြိတ္တာကလည်း ခေါင်းကို ထောင်ကြည့်၏။ အဘယ့်ကြောင့် ဤကဲ့သို့ ဒုက္ခခံနေရသနည်းဟု မေးကြရာ သံဃာ့အာရာမ်ကို ဖျက်ဆီးဖူးသောကြောင့်ဟု လျှောက်၏။

ရေသောက်ချင်၍ ရဟန်းခြောက်ကျိပ်တို့သည် တစ်ညလုံး သပိတ်ကိုယ်စီနှင့် ရေလောင်းပေးကြရာ မိုးစင်စင်လင်းသော်လည်း ရေတစ်ပေါက်မှ မသောက်ရပေ။

ကျိုးတစ်ကောင်သည် ရဟန်းတော်များအတွက် ဆွမ်း ဟင်းလျာကို တစ်လုတ်စာ ခိုးစားဖူး၍ လျှာကား ငါးယူဇနာ၊ ဦးခေါင်းကား ကိုးယူဇနာ၊ အရှည်ကား နှစ်ဆယ့်ငါးယူဇနာရှိ ပြိတ္တာဖြစ်ရသည်။

(ဤဝတ္ထုတို့.ကာ သံဃဝတ္ထုဒီပနီမှ လာ၏။)

နတ်ပြိတ္တာများကို တွေ့.ရသည်ဟူသည် တန်ခိုးကြွွဒ္ဓိပါဒ်နှင့် ပြည့်စုံသူ၊ နတ်ပြိတ္တာက ကိုယ်ထင်ပြသူ၊ ဆေးမြစ်စသည်ကြောင့် မြင်ရ၏။ မိခင်အစာ ရှာသွားစဉ် ရဟန်းတစ်ပါးကို ဘီလူး ပြိတ္တာကလေးတို့.က "အရှင်ဘုရား တပည့်တော်တို့. ဆာလှပါပြီ၊ တပည့်တော်တို့.၏ မိခင်ကို တွေ့.က လွှတ်လိုက်ပါ"ဟု ပြောကြရာ သင်တို့.၏ မိခင်ကို ငါဘယ်ကဲ့သို့. မြင်ရပါမည်နည်းဟု မေး၏။ နတ်ဘီလူးလေးများက ဆေးမြစ်တစ်ခုကို ပေး၍ ကြည့်ပါလေဟု မှာလိုက်၏။

ဂင်းရဟန်းသည် ဂင်းဆေးမြစ်ဖြင့် ဂင်းဘီလူးမအား နှင်၏သား သမီးတို့က မြန်မြန်လာခဲ့ပါဟု ပြောလေလျှင် သင်ရဟန်းကား ငါ့ကို ဘယ်နည်းနှင့် မြင်သနည်းဟု မေးရာ ဆေးမြစ်ကြောင့် မြင်သည်ဟု ပြော လေလျှင် ဘီလူးမသည် ဂင်းဆေးမြစ်ကိုလုယူသွားလေသည်။

42

(ပြိတ္တာအကြောင်းကို လက္ခဏာသံယုတ်၊ ပါရာဇိကဏ်ပါဠိတော်တို့၌ ရှုပါလေ)

ဝက်မငယ်တစ်ဦး

ဘုရားရှင်သည် ရာဇဂြိုဟ်ပြည်သို့ ဆွမ်းခံကြွတော်မူရာ ဝက်မ ငယ်တစ်ကောင်ကို မြင်၍ ပြုံးတော်မူ၏၊ ပြုံးရခြင်းအကြောင်းကို အရှင် အာနန္ဒာက လျှောက်ထားလေလျှင် "ချစ်သားအာနန္ဒာ ဤဝက်မငယ်သည် ရှေးဘုရားရှင်လက်ထက်တော်၌ ကမ္မဋ္ဌာန်းကျောင်းအနီး ကြက်မငယ် ဖြစ် ဖူးသည်။ ကမ္မဋ္ဌာန်းရွတ်ဖတ်သံကို ကြား၍ သေလျှင် ဥပရိမည်သော မင်းသမီးဖြစ်ဖူးသည်။ နောက် ကုဋိအိမ်သာ၌ ပိုးလောက်တို့ကို မြင်၍ ပုဉ္ဇဝကကမ္မဋ္ဌာန်းကို စီးဖြန်းကာ ဖြာဟွာပြည်သို့ ရောက်လေသည်။

ဂုင်းဘဝမှ ဝက်မငယ်ဖြစ်လာသည်၊ နောက်သုဝဏ္ဏဘူမိတိုင်းပြည်၌ မင်းမျိုးတွင် ဖြစ်သည်။ နောက် ဗာရာဏသီပြည်မှာ ဖြစ်လာသည်။ နောက် သုပါရကသင်္ဘောဆိပ်၌ မြင်းကုန်သည် ဖြစ်လာသည်။ နောက် အနုရာဓ ပြည်မှာ ဖြစ်သည်။ နောက် ဘောက္ကန္တရာ၌ သုမနသူကြွယ်၏သမီး သုမနာ ဖြစ်လာသည်။ နောက် ဒုဋ္ဌဂါမဏိမင်း၏အမတ် မိဖုရားဖြစ်လာ၏။

အရှင်အနုရုဒ္ဓါ ဆွမ်းခံကြွလာစဉ် ရဟန်းတော်များ အချင်းချင်း သူတို့ပြောကြားသံကို ကြား၍ ဇာတိသရဉာဏ်ကိုလည်း ရပြီး သံဝေဂ ဉာဏ်ဖြစ်လာသည်။ လင်ကို တောင်းပန်၍ တိသရဟန်း၏ကျောင်းမှာ

ရဟန်းမိန်းမပြုကာ သတိပဋ္ဌာနသုတ်ဒေသနာတော်ကို ကြားနာရ၍ ရဟန္တာမဖြစ်လေသည်။ သူ့အကြောင်းကို သူများ သံဝေဂရစေရန် တရားဟောပြီး ပရိနိဗ္ဗာန်ပြုလေသည်။

ဘုရားရှင်သည် ဓမ္မပဒ၌ "ယထာပိ မူလေ အနုပ္ပဒ္ဒဝေ ဒဠှေ" 4 စသည်ဖြင့် အမြစ်မပြတ်သော သစ်ပင်သည် ပြန်၍ရှင်သကဲ့သို့ တဏှာနုသယ မကင်းသောသူသည် ထပ်ခါထပ်ခါ ဇာတိဖြစ်သည်ဟု ဟောတော်မူလေသည်။ (အနုမတဂ္ဂသုတ်၊ ဇိဝန်ဋီဝဏ္ဏ၊ ဥပသာဠကဇာတ်ကို ရှု)

ဘုရားရှင်နှင့်အရှင်အနုရုဒ္ဓါ

(၁) အပ္ပိစ္ဆ = ပစ္စည်းလေးပါးတို၌ အလိုနည်းခြင်း၊(အရှင်မဟာကဿပ)

မဟိစ္ဆ = ပစ္စည်းလေးပါးတို၌ အလိုများခြင်း၊

(မောဃရာဇထေရ်၊ ကိသာဂေါတမီ၊ သီရိမဟာသောကမင်းကြီး အလှူ၌ အလိုနည်းရဟန်း။ ဇမ္ဗုကရဟန်း၊ လောလတိဿ ရဟန်း တို့ကား လောဘကြီးရဟန်း)

(၂) သန္တုဋ္ဌိ = ရရသမျှနှင့် ရောင့်ရဲခြင်း၊ (ဗာကုလထေရ်)

အသန္တုဋ္ဌိ = ရရသမျှနှင့် မရောင့်ရဲငြခိုး၊ (ဥပနန္ဒ)

(၃) ပဝိဝိတ္တ = ကိုယ်ကင်းဆိတ်ခြင်း ကာယဝိဝေက၊ စျာန်သမာပတ်သည် ဖလဝိဝေက၊ ကုသိုလ်စိတ်သည် စိတ္တဝိဝေက၊ နိဗ္ဗာန်သည် ဥပဓိဝိဝေက။

သင်္ဂဏိကာရာမတာ = အပေါင်းအဖော်၌ မွေ့လျော်ခြင်း။

(၄) ဝီရိယ = ကာယ စေတသိက ဝီရိယ၊ (ဘုရားရှင်၏ဒုက္ကရစရိယ)

ကုသီတ = ပျင်းရိခြင်း၊ (သုဝိရနတ်သား)

(၅) ဥပဋ္ဌိတသတိ = သတိပဋ္ဌာန်လေးပါးရှိခြင်း၊ (အရှင်အာနန္ဒာ)
မုဋ္ဌဿတိ = ကုသိုလ်တရား၌ မေ့လျော့ခြင်း။
(၆) သမာဟိတ = သမာဓိရှိခြင်း၊ (အရှင်ရာဟုလာ)
အသမာဟိတ = သမာဓိမရှိခြင်း။
(၇) ပညာ = ကမ္မဿကတဉာဏ်ရှိခြင်း၊ (အရှင်သာရိပုတ္တရာ)
ဒုပ္ပညာ = ပညာမရှိခြင်း၊ (လာဠုဒါယီ)
(မဟိစ္ဆစသော ဆန်.ကျင်ဘက်ကိုပါ ပြလိုက်သည်)

ဤမဟာပုရိသဝိတက်ခေါ် ယောကျ်ားမြတ်တို့.၏ ကြံစည်ခြင်း ခုနစ်ပါးကို အရှင်အနုရုဒ္ဓါအား သံသရာကို ချဲ့.ထွင်စေတတ်သော တဏှာမာန ဒိဋ္ဌိ သုံးပါးကိုလည်း မဂ်ဖိုလ်ရခြင်းငှာ ဘုရားရှင်သည် ရှစ်ခုမြောက် ကြံစည်စေလေ၏။

* အပ္ပိစ္ဆထုတ်၊ သန္တုဋ္ဌိသာ၊ ပဝိဝိတ္တိ ဝိရိယသာ။
သတိတစ်ဖြာ၊ သမာဟိတာ၊ ပညာရည် ပပဉ္စေဟုလာ။
(အင်္ဂုတ္တရပါဠိတော် ၆၃)

မနောဒွါရလျှင်ခြောက်ခုမြောက်ရှိကုန်သော တရား.တို့.ကို သတိတည်းဟူသော တံခါးရွက်ဖြင့် ပိတ်၍နေသောသူအား ကာမဝိတက်စသော တရား.တို့.သည် မှီရာမရှိကုန်။ ထို.ကြောင့် နေ့ချမ်းဝိတက်အစရှိကုန်သော သမ္မာသင်္ကပ္ပဟု ဆိုအပ်သော ကောင်းသော အကြံအစည်သည်သာလျှင် ဖြစ်လတ္တံ့.ဟု နေတ္တိအဋ္ဌကထာ (၁၇၅)၌ လာပေ၏။

စစ်မြေပြင်၌ စစ်ဗိုလ်ချုပ်သည် ချပ်မိညို့ဝတ်သက့ဲသို့. မိမိနှင့် ပတ်သက်သော ကိလေသာရန်သူတို့.ကိုလည်း သမာဓိတရားဖြင့် ကာကွယ်စေရာသတည်းဟု နေတ္တိအဋ္ဌကထာ (၁၂၃)၌ လာပေ၏။

နိဗ္ဗာန်ကို အာရုံပြုရှုဖြစ်ကုန်သော သမ္မာဒိဋ္ဌိစသော တရားတို့သည် အကြွင်းမဲ့ ကိလေသာကို ဖြတ်ကုန်၍ ဝဋ်ဆုံးပါးကို ကင်းပျောက်စေနိုင်သည်ဟု နေတ္တိအဋ္ဌကထာ (၁၂၅)၌ လာပေ၏။

ထိုးသည် မိမိကိုယ်ကို စောင့်ရှောက်သကဲ့သို့ သူတော်ကောင်းတရားသည်လည်း မိမိကိုယ်ကို အပါယ်လေးဘုံမှ စောင့်ရှောက်တတ်၏ဟု နေတ္တိအဋ္ဌကထာ (၁၂၅)၌ လာပေ၏။

ထို့ကြောင့် အနိစ္စစသည်ဖြင့် ဆင်ခြင်ရာ၏၊ အနိစ္စဟု ရှုသူအား သခ်ါရတရားတို့သည် ကုန်ခန်းတတ်၏၊ ထင်ကုန်၏။ ဒုက္ခဟု ရှုသူအား သခ်ါရတရားတို့သည် ဘေးဟု ထင်ကုန်၏။ အနတ္တဟု ရှုသူအား သခ်ါရတရားတို့သည် သုညအားဖြင့် ထင်ကုန်၏ဟု ပဋိသမ္ဘိဒါမဂ်ပါဠိတော် (၂၄၄) ၌ ဟောတော်မူသည်။

တသ္မာ ရက္ခိတစိတ္တာသ၊ သမ္မာသင်္ကပ္ပကေါစရော။
သမ္မာဒိဋ္ဌိပုရေက္ခာရော၊ ဉတ္တာန ဉဒယဗ္ဗယံ။
ထိနမိဒ္ဓါဘိဘူ ဘိက္ခု၊ သမ္မာ ဒုဂ္ဂတိယော ဇဟေ။
(နေတ္တိပါဠိတော်၊ ၉၀)

တသ္မာ–ထို့ကြောင့်၊ ရက္ခိတစိတ္တာသ–စောင့်ရှောက်အပ်သော စိတ်ရှိသောပုဂ္ဂိုလ်အား၊ သမ္မာသင်္ကပ္ပကေါစရော–ကောင်းသော အကြံအစည်လျှင် အာရုံရှိ၏၊ သမ္မာဒိဋ္ဌိပုရေက္ခာရော–သမ္မာဒိဋ္ဌိတရားလျှင် ရှေ့သွားရှိ၏၊ ဉဒယဗ္ဗယံ–ရုပ်နာမ်တို့၏ အဖြစ်အပျက်ကို၊ ဉတ္တာန–သိ၍၊ ထိနမိဒ္ဓါဘိဘူ–ထိနမိဒ္ဓနှိပ်စက်ကုန်သော၊ ဘိက္ခု–ရဟန်းသည်၊ သမ္မာ–ကောင်းစွာ၊ ဒုဂ္ဂတိယော–မကောင်းသောဘုံတို့ကို၊ ဇဟေ–စွန့်ရာသည်သာတည်း။

* * * *

(၄) 'နာမရူပပစ္စယာ သဠာယတနံ'အကြောင်း သိကောင်းစရာ

44 နာမ်ရုပ်ကြောင့် စက္ခာယတနစသည်ဖြစ်ကြောင်းကို ဘုရားရှင်သည် ဝိဘင်းပါဠိတော် (၁၄၃)၌ ဟောတော်မူ၏။

အာယတနခြောက်ပါး

စက္ခာယတန = မျက်စိ = ရူပါရုံ = စက္ခုဝိညာဏ်၊
သောတာယတန = နား = သဒ္ဒါရုံ = သောတဝိညာဏ်၊
ဃာနာယတန = နှာခေါင်း = ဂန္ဓာရုံ = ဃာနဝိညာဏ်၊
ဇိဝှါယတန = လျှာ = ရသာရုံ = ဇိဝှါဝိညာဏ်၊
ကာယာယတန = ကိုယ် = ဖောဋ္ဌဗ္ဗာရုံ = ကာယဝိညာဏ်၊
မနာယတန = စိတ် = ဓမ္မာရုံ = ကျန်သောစိတ်။

(မျက်စိစသည်နှင့် ပတ်သက်၍ အကျိုးအပြစ်များကို ဇာတ်ဝတ္ထုစသည်ရှု)

အာယတနဟူသည် သံသရာကို ချဲ့ထွင်တတ်သောတရားတို့တည်း။

ဟဒယဝတ္ထု၊ စက္ခုပသာဒရုပ်၊ သောတပသာဒရုပ်၊ ဃာနသာဒရုပ်၊ ဇိဝှါပသာဒရုပ်၊ ကာယပသာဒရုပ်၊ ဣတ္ထိဘာဝရုပ်၊ ပုမ္ဘာဝရုပ်၊ ဇီဝိတရုပ် - ဤကိုးပါးသောရုပ်တို့သည် ကံကြောင့် ဖြစ်ကုန်၏။ သီချင်းဆိုခြင်း၊ စကားပြောခြင်း၊ ငိုခြင်း၊ ရယ်ခြင်းကြောင့်ဖြစ်သော သဒ္ဒရုပ်သည် စိတ်ကြောင့် ဖြစ်၏။ ဝမ်းရှသံ၊ မိုးခြိမ်းသံ၊ သစ်ပင်ကြိတ်သံစသော သဒ္ဒရုပ်သည် ဥတုကြောင့် ဖြစ်၏။ ကိုယ်၏ ပေါ့ပါးခြင်း ကာယလဟုတာရုပ်၊

ကိုယ်၏နှုးညံ့ခြင်း ကာယမုဒုတာရုပ်၊ ကိုယ်၏အမှုဌ် ခန့်ခြင်း ကာယကမ္မညတာရုပ်သည် ဥတု စိတ် အာဟာရကြောင့် ဖြစ်၏။ မြေ ရေ လေ မီး သစ်ပင် တော တောင် နေ လ နက္ခတ်တာရာစသည်တို့သည် ဥတုကြောင့် ဖြစ်ကုန်၏။

စက္ခာယတန စက္ခုပသာဒရုပ်ကား အတူတူတည်း၊ ပသာဒရုပ်ဟူသည် မှန်ပြင်ကဲ့သို့ အကြည်ဓာတ်တည်း၊ အပြင်က ရူပါရုံ အဆင်း၊ အတွင်းက စက္ခုပသာဒရုပ် ပေါင်းက စက္ခုဝိညာဏ်စိတ်ဖြစ်သည်၊ နောက် သောတပသာဒရုပ် စသည်တူ၏။

မုန့်ညက်ရပ်ကြီး

ပထဝီဓာတ်ကား ဆံမုန့်၊ အာပေါဓာတ်ကား ရေ၊ တေဇောဓာတ်ကား အစိုအငွေ့၊ ဝါယောဓာတ်ကား အပူ အရှ၊ ဝဏ္ဏကား နန္ဒင်း၊ ဂန္ဓကား နံ့သာမွှေး၊ ရသာကား သကြား၊ ဩဇာကား နွားနို့၊ ဇီဝိတကား ဆား၊ ကာယပသာဒကား ဆီ၊ ဘာဝရုပ်ကာ ထောပတ်နှင့်တူ၏။

ဤသတ္တဝါများသည် ဆံမှုန့်စသည် စုပေါင်း၍ လူရုပ် နွားရုပ် ဝက်ရုပ်စသည့် မုန့်ပြုလုပ်ကာ စားကြသည်နှင့် တူ၏။ နည်းတူ အဋ္ဌကလာပ်ရုပ်ကို စုပေါင်း၍ လူစသော သက်ရှိ၊ တော တောင် ရေ မြေ စသော သက်မဲ့ဖြစ်နေကြသည်။ စေတနာတည်းဟူသော ကုသိုလ်ကံ အကုသိုလ်ကံ ပစ်ချ၍ ငရဲစသော ဂတိငါးပါးတို့တွင် တစ်ပါးပါး၌ ဖြစ်ရ၏။ ဇာတ်ယောနိ ပဋိသန္ဓေခေါ် အဖိဝမ်းတွင်းစသည်သို့ လိုက်၍ လူသန္တာန် ခွေးသန္တာန် နွားသန္တာန်စသည် ဖြစ်ရသည်ဟု "ကမ္မံ ယောနိံ ဥပပေတိ၊ ယောနိ မူလကော တေသံ စိတ္တာဘာဝေါ"ဟု ခန္ဓဝဂ္ဂသံယုတ် အဋ္ဌကထာ၌ လာ၏။

အဋ္ဌကလာပ်ရပ်ရှစ်ပါး

ဝဏ္ဏ-အဆင်းဓာတ်၊ ဂန္ဓ-အနံ့ဓာတ်၊ ရသ-အရသာဓာတ်၊ သြဇာ အဆီဓာတ်၊ ပထဝီဓာတ်၊ အာပေါဓာတ်၊ တေဇောဓာတ်၊ ဝါယောဓာတ်၊ ၎င်းရုပ်ရှစ်ခုကို ရုပ်ရှစ်ပါး အစုပေါင်းဖြစ်၍ အဋ္ဌကလာပ်ရုပ် ခေါ်သည်။ ပကတိမျက်စိဖြင့် မြင်ကောင်းသောရုပ် ဖြစ်ဖြစ်၊ မမြင်ကောင်းသော ရုပ် ဖြစ်ဖြစ်၊ နံနက်နေထွက်သည့်အခါ ပြူတင်းပေါက်မှ ဝင်လာသည့် မြူမှုန့်၊ လှည်းမောင်းရာ၌ ထလာသော မြူမှုန့်တို့ပင်။ ၎င်းရုပ်ရှစ်ခုထက် နည်းသောရုပ်မရှိ။ သို့သော် ပထဝီဓာတ်က နည်း၍ အာပေါ် တေဇော စသော ရုပ်တို့က များသည်လည်း ရှိသည်။ နည်းတူ သမုဒ္ဒရာတို့၌ အာပေါဓာတ်က များပြီး ကျန်သောဓာတ်က နည်းသည်။

မီးပုံကြီး၌ တေဇောဓာတ်က များပြီး၊ ပထဝီစသောဓာတ်က နည်းသည်။ ကမ္ဘာမြေကြီး၌ ပထဝီဓာတ်က များပြီး၊ အာပေါ် တေဇော စသောဓာတ်တို့က နည်းသည်။ လေမုန်တိုင်းတိုက်ခတ်ရာ၌ ဝါယောဓာတ်က များပြီး၊ ပထဝီဓာတ်စသည် နည်းသည်။ ၎င်းရုပ်ပါးတစ်ပါပါး မရှိကလူနတ်ပြဟ္မာ၊ တော တောင် သမုဒ္ဒရာ ကျောင်း အိမ်စသည် မဖြစ်နိုင်၊ ၎င်းရုပ်ခုစီ ရုပ်ခုစီကြားက အာကာသဟင်းလင်းဓာတ်ခံ၍ စုပေါင်းထားသဖြင့် ထုထယ်ကြီးဖြစ်နေသည်။

ကျောင်တိုင် အိမ်တိုင် မထ္ထပ်တိုင်စသည်တို့၌ အတောင်တစ်ဆယ် နှစ်ဆယ် ရှည်နေသည်ကို လက်ဖြင့် စမ်းသပ်ကြည့်လျှင် အကြမ်းအနေတွေ့ ပထဝီဓာတ်တည်း။ အရှည်အတိုဖြစ်နေသည်က အာပေါဓာတ်တည်း။ အအေး အပူ တွေ့က တေဇောဓာတ်သတ္တိတည်း။ အရှည်အတို ဖြစ်နေအောင် ဓာတ်တရားများကို တွန်းကန်ထောက်ပံ့ထားသည်က ဝါယောဓာတ်တည်း။

ပဓာနကား ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောတည်းဟူသော မဟာဘုတ်လေးပါးတည်း။ ၎င်းမဟာဘုတ်လေးပါးတို့သည် တစ်ခုကို သုံးခု၊ သုံးခုကို တစ်ခု၊ နှစ်ခုကို နှစ်ခု စသည်ဖြင့် တွဲစပ်ဖြစ်နေ၏။ ၎င်းကို သဟဇာတ အညမညပစ္စည်းစသည်ခေါ်၏။ စကြဝဠာအနန္တ ရှိရှိ သမျှသော တရားကို ပေါင်းက ရုပ်နာမ်သာ၊ ၎င်းရုပ်နာမ်တို့၏ ဖြစ်ပျက်နေခြင်း၊ ကောင်းကျိုး မကောင်းကျိုးသောတရားသည် သဟဇာတစသော ပဋ္ဌာန်းချက် ပဋ္ဌာန်းပစ္စည်း၏သတ္တိတည်း။

နည်းတူ ကုသိုလ် စေတနာ သဒ္ဓါစသည်ကြောင့် လူနတ်ဗြဟ္မာသို့ ရောက်နေခြင်းသည်လည်းကောင်း၊ အကုသိုလ်စေတနာကြောင့် ငရဲ တိရစ္ဆာန်စသည်သို့ ရောက်နေခြင်းသည်လည်းကောင်း၊ ကမ္မပစ္စည်း, ဣန္ဒြိယပစ္စည်းစသည်တို့၏ အစွမ်းသတ္တိပေတည်း။ "ငကဲ့ မဟာဘူတံ ပဋိစ္စ တယော မဟာဘူတာ"စသည့် ပဋ္ဌာန်းပါဠိတော် ။ပ။ (၁၉)စသည်၌ ဟောတော်မူ၏။

၎င်းအဋ္ဌကလာပ်ရုပ်ကို ကြားက အာကာသဓာတ်ခံ၍ စုပေါင်းထားသောကြောင့် မြေထု ရေထု လေထု စကြဝဠာအနန္တ၊ တောင်စဉ်ခုနစ်ထပ်၊ သီဒါခုနစ်တန်၊ သုံးဆယ့်တစ်ဘုံ၊ လူနတ်ဗြဟ္မာစသော သတ္တဝါများ ဖြစ်ပျက်နေကြ၏။ ဥပမာ – အာကာသဓာတ်ကြားက ခံနေသည်ကို ရေဖလ်ခွက်ထဲမှာ နို့ရည်ထည့်က ရောနှောသောကြောင့် သိသာနိုင်၏။ သဲအိတ်၊ ဖွဲအိတ်စသည်တို့၏ ကြားကာလခေါ် အာကာသဓာတ်ကိုကား မျက်စိဖြင့် မြင်နိုင်၏။

ပထဝီစသောဓာတ်တို့သည် စင်စစ်အားဖြင့် ပုဂ္ဂိုလ် သတ္တဝါယောကျ်ား မိန်းမ လူနတ် ဗြဟ္မာစသည်မှလည်းကောင်း၊ ကင်းဆိတ်နေသော ပရမတ္ထသဘောတရားဖြစ်၏။ ပထဝီစသော ဓာတ်တရားများကို

စုပေါင်းထားသည်။ စက္ကူအချင်းချင်းကပ်အောင် ကော်စေးသုတ်ထား သည်နှင့်တူ၏။ (ဓာတုဝိဘင်္ဂအဋ္ဌကထာ၊ ၅၂-ကို ရှု)

အပါယ်လေးဘုံ၊ လူနတ်၊ အသညသတ်ပြဟ္မာမှတစ်ပါး ရှုပတစ် 46 ဆယ့်ခြောက်ဘုံတို့၌ ရုပ်ကို စိတ် စေတသိက် နာမ်တရားတို့က မှီနေ၏။ အသညသတ်ဘုံကား ရုပ်သက်သက်၊ အရှုပလေးဘုံကား နာမ်သက်သက် ဖြစ်၏။ လူများစုပေါင်းထား၍ရွာ၊ ရွာများစုပေါင်းထား၍မြို့၊ အုတ်များ စုပေါင်းထား၍ ဘုရားစေတီ၊ သဲများစုပေါင်းထား၍ သဲအိတ်၊ ဆန်များ စုပေါင်းထား၍ ဆန်အိတ် စသည်အလားရှိပေ၏။ စိတ္တဝိပလ္လာသ-စိတ် ဖောက်ပြန်ခြင်း၊ သညာဝိပလ္လာသ-သညာဖောက်ပြန်ခြင်း၊ ဒိဋ္ဌိဝိပလ္လာသ အယူမှားခြင်း ဖောက်ပြန်ခြင်းကြောင့်သာ လူနတ်ပြဟ္မာစသည် မှတ်ထင် နေကြ၏။

ကကကုသမသုတ်၌ ဘုရားရှင်က ကမ္ဘာမြေကြီးစသော အပြင်ဗဟိဒ္ဓ လည်း အကျဉ်းအားဖြင့် ဓာတ်ကြီးလေးပါး၊ သတ္တဝါတို့၏သန္တာန်ခေါ် အဖျတ္တလည်း ဓာတ်ကြီးလေးပါးဖြစ်၏။ ကမ္ဘာမြေကြီးစသော ဓာတ်ကြီး လေးပါး၌ ကျင်ကြီးကျင်ငယ် အညစ်အကြေး စွန့်က သည်းခံနိုင်သလို အဖျတ္တနှင့်ပတ်သက်၍လည်း ဆဲဆိုခြင်းက အစ သည်းခံနိုင်ရာ၏။ အဖျတ္တ ဗဟိဒ္ဓ နှစ်ပါးလုံး ဓာတ်ကြီးလေးပါးသာတည်းဟု အကုတ္တ ရှုပါမှု မိမိခန္ဓာ ကိုယ်ကို လွှနှင့် ပိုင်းဖြတ်၊ ဓာတ်နှင့်ပိုင်းဖြတ်ကလည်း သည်းခံနိုင်ရာ၏ ဟု ဟောတော်မူ၏။

ထို့ကြောင့် သုမေဓာထေရီသည် ခန္ဓာ အာယတန ဓာတ်တရား တို့ကို ကံ စိတ် ဥတု အာဟာရတို့သည် ပြုပြင်ထား၍ ဇာတိစသော ဒုက္ခအပေါင်းတည်း၊ ဤသို့စသည်ဖြင့် ဆင်ခြင်လျက် နောင်ဘဝ မဖြစ်

အောင် တဏှာရာဂစသည်ကို ပယ်စွန့်နိုင်ရာ၏၊ အဘယ့်ကြောင့် ဤခန္ဓာကို အလိုရှိဘိသနည်းဟု လူအပေါင်းတို့အား တရားပြလေသည်။

(အာယတနအကြောင်း သိကောင်းစရာကို ရှု)

အကြောင်းကြောင့် အကျိုးဖြစ်ခြင်း

နာမ်ရုပ်ကြောင့် အာယတနခြောက်ပါးဖြစ်ခြင်းဟူသည် အုန်းသီးအဆံတည်လျှင် အပင်ပေါက်သကဲ့သို့လည်းကောင်း၊ သရက်စေ့စသည်သည် အပင်ပေါက်သကဲ့သို့လည်းကောင်း၊ လေယာဉ် ရေယာဉ်၏ အိမ်မြှောင်တက်ပဲ့ကိုင်သည် လိုရာကို ရောက်စေသကဲ့သို့လည်းကောင်း တူလပေ၏။

သစ်ပင်ရှိက နတ်ရှိသည်၊ အိမ်ရှိက လူရှိသည်၊ ရေရှိ၍ ငါးရှိသည်၊ မြေရှိ၍ သစ်ပင်ပေါက်သည်၊ အိုးခွက်ဖြစ်က ကွဲရသည်၊ သစ်ပင်ဖြစ်က အခက် အလက် အချိုးခံရသည်၊ ရေခွက်ရှိက လူတိုင်းလာသောက်သည်၊ သစ်ရွက်ခြောက်က မီးရှို့ခံသည်၊ ဥယျာဉ်ရှိက ဝင်ထွက်ကြသည်၊ ဇရပ်ရှိက လူတိုင်း တည်းခိုကြသည်၊ တံတားရှိက လူတိုင်းလျှောက်ကြသည်စသည်ဖြင့် ဥပမာကား များလှပေ၏။ တစ်နေရာရာ၌ ဥပမာသည် ပဋိစ္စသမုပ္ပါဒ်အင်္ဂါတိုင်း၌ ရသည်။

* ဗီဇ အိမ်မြှောင်၊ မှတ်လှောင်သစ်ပင်။ အိမ် ရေ မြေအိုး၊ သိမျိုးစေ့ချင်။ သစ်ရွက်ခြောက်မှတ်၊ ဇရပ်အသွင်။ တံတားများစဉ်းစားလောကထင်။

နာမ်ရုပ်ကြောင့် အာယတနခြောက်ပါးဖြစ်ရာ၌ အကြောင်းကြောင့် အကျိုးဖြစ်သည်ဟူသည် လမ်းပေါ်မှာ ချော်လဲသူသည် ရွှေငွေစသည် ကောက်မရဘဲ အနာရသည်နှင့်တူ၏။ စားကာ သောက်ကာ ရယ်မော

ကာဖြင့် နေ၍ကား မဖြစ်၊ ကြိုးစားဖို့ လိုသည်။ အရှင်သာရိပုတ္တရာ အရှင်မောဂ္ဂလာန် အရှင်ဘဒ္ဒိယတို့ နှစ်ပေါင်းသုံးဆယ်၊ အရှင်မဟာကဿပ နှစ်ပေါင်းနှစ်ရာ၊ အရှင်အနုရုဒ္ဓါ နှစ်ပေါင်းငါးဆယ်၊ အရှင်သောဏ တစ်ဆယ့်ရှစ်နှစ်၊ အရှင်ရဋ္ဌပါလ အရှင်ရာဟုလာတို့ နှစ်ပေါင်းတစ်ဆယ့်နှစ်နှစ်၊ အရှင်ဗာကုလ နှစ်ပါင်းရှစ်ဆယ်၊ အရှင်နာဠကထေရ် ရဟန်းအဖြစ်နှင့် တစ်ဘဝပတ်လုံး ကမ္မဋ္ဌာန်းပျောက်မှာစိုး၍ အိပ်ရာမှာ ကြော်မချပေ။ အရှင်နာဠကထေရ်ကား ပရိနိဗ္ဗာန်ပြုရာ၌ပင်လျှင် ဘုရားရှင် ရှိရာဖက်သို့ မတ်တတ်ရှိခိုး၍ ကျောက်ဖျာမှာ မှီပြီး ပရိနိဗ္ဗာန်ပြုသည်။

ကျောက်သံပတ္တမြား ဘယ်လောက်တန်ဖိုးရှိရှိ ကြိုးနှင့်သိမ့ အသုံးကျသည်။ နည်းတူ ခန္ဓာကိုယ်သည်လည်း ဝိပဿနာတရားဖြင့် တန်ဆာဆင်မှ မင်္ဂိုလ်နိဗ္ဗာန် အကျိုးရှိသည်။ ဤခန္ဓာကား အရက်သေစာ သောက်စား၍ သူကြွယ်သားဟုက်စီးသကဲ့သို့ ဟုက်စီးရသည်။ ပြည့်တန်ဆာမကို လင်ယောကျ်ားက ဘယ်လောက်ပြုပြင် ပြုပြင် ဖောက်ပြန်သည်နှင့်တူ၏။

* ခန္ဓာငါးပါး၊ ရန်သူထား၍၊ ခြောက်အာယတန၊ တောင်မှကျချောင်း၊ လှိုင်းက ဩဃာ၊ အမှိုက်မှာမူ၊ မှတ်ပါနိဝရဏာ၊ ရေဝဲကမှာ၊ မာန တဏှာ၊ ဒိဋ္ဌိပါတည်း။ မဂ္ဂါရှစ်လျှင်း၊ ဖောင်ကူးခြင်းတဲ့၊ လက်ဆင်း ဝိရိယ၊ နိဗ္ဗာန၊ ကမ်းရဟိုဖက်ယူ။

ခန္ဓာငါးပါးသည် ရန်သူ၊ အာယတနခြောက်ပါးသည် တောင်ကျချောင်း၊ ဩဃလေးပါးသည် လှိုင်း၊ နိဝရဏခြောက်ပါးသည် အမှိုက်သရိုက်၊ မာန တဏှာ ဒိဋ္ဌိတို့သည် ရေဝဲ၊ မဂ္ဂင်ရှစ်ပါးသည် ဖောင်၊ ဝိရိယကား ကူးခြင်း၊ နိဗ္ဗာန်သည် ဟိုဘက်ကမ်းတည်း။

စိတ်ကို အလိုမလိုက်သင့်

စိတ်ကို အလိုလိုက်သောသူတို့သည် ခန္ဓာငါးပါး၌ ငါ, ငါ၏ဥစ္စာဟု တဏှာ မာန ဒိဋ္ဌိတို့ဖြင့် စွဲလမ်းတတ်ကြသည်။ ထိုသို့စွဲလမ်းတတ်၍လည်း သံသရာမှာ ကျင်လည်ရသည်။ ခန္ဓာငါးပါး၌ စွဲလမ်းခြင်း သက္ကာယဒိဋ္ဌိဟူသည် ဤလောက၌ အကြားအမြင် ဗဟုသုတမရှိသောသူသည် အရိယာပုဂ္ဂိုလ်တို့အား မဖူးမြင်လို၊ အရိယာတရား၌ မလိမ္မာ၊ အရိယာတရား၌ မဆုံးမ၊ သူတော်ကောင်းတို့ကို မဖူးမြင်လို့၊ သူတော်ကောင်းတရားတို့၌ မလိမ္မာ၊ သူတော်ကောင်းတရားတို့၌ မဆုံးမ၊ ရုပ်ကို အတ္တအားဖြင့် ရှု၏။ တစ်နည်းကာ ရုပ်ရှိသောကိုယ်ကို၊ တစ်နည်းကား မိမိ၌ ရုပ်ကို၊ တစ်နည်းကား ရုပ်၌ မိမိကိုယ်ကို ရှု၏။ ဤသို့ ဝေဒနာကွန္ဓာစသည်တို့၌ ပေါင်းက သက္ကာယဒိဋ္ဌိနှစ်ဆယ် ဖြစ်သတည်းဟု ဓမ္မသင်္ဂဏီပါဠိတော် (၂၅၁)၌ ဟောတော်မူ၏။

ခန္ဓာငါးပါး၌ အတ္တစသည်ဖြင့် မီးနှင့် အရောင်၊ သစ်ပင်နှင့်အရိပ်၊ ပန်းနှင့်အနံ့၊ ကြုတ်နှင့်နံ့သာ စသည်သို့ မကွဲမပြားယူတတ်၏။ ဤတရားတို့၌ သေလျှင် ပြတ်၏ဟူသော ဥစ္ဆေဒဒိဋ္ဌိ၊ လောကသည် မြဲ၏ဟူသော သဿတဒိဋ္ဌိပါဝင်၏။ ဤသက္ကာယဒိဋ္ဌိသည် သောတာပတ္တိမဂ်ဉာဏ်စသည်ကို ပိတ်ပင်တတ်၏။ နတ်ရွာသုဂတိစသည်ကို မတားမြစ်တတ်၊ ဤဒိဋ္ဌိတရားကို သောတာပတ္တိမဂ်ဖြင့် ပယ်သတ်အပ်၏။ (ဆင်စမ်း ဥပမာ ရှ)

အကြားအမြင်မရှိသော ပုထုဇဉ်သည် ပရိယတ် ပဋိပတ်၌ အကြားအမြင်မရှိ၊ အကြင်ပုဂ္ဂိုလ်အား ခန္ဓာ အာယတန ဓာတ် ပဋိစ္စသမုပ္ပါဒ် သတိပဋ္ဌာန်စသည်တို့၌ သင်ယူခြင်း၊ မေးမြန်းခြင်း၊ ဆုံးဖြတ်ခြင်းကင်း သည်၏အဖြစ်ကြောင့် မှားသောအယူတည်းဟူသော ရေဖြင့် သွန်းလောင်း

အပ်၏။ ထိုပုဂ္ဂိုလ်သည် အာဂမခေါ် ပရိယတ္တိမရှိသောသူတည်း။ သောဟာ ပတ္တိမဂ်ဉာဏ်ကို မရသောသူသည် အဓိဂမမရှိသောသူတည်း။ ပုထုဇဉ် ဟူသည် များစွာသော လောဘစသော ကိလေသာတို့ကို ဖြစ်စေတတ်၍ လည်းကောင်း၊ ပုထုဇဉ်ပုဂ္ဂိုလ်၌ အတွင်းဝင်၍လည်းကောင်း၊ အရိယာ ပုဂ္ဂိုလ်မှ အသီးခြားဖြစ်၍လည်းကောင်း ပုထုဇဉ်မည်၏။

18 များစွာသော သက္ကာယဒိဋ္ဌိ မကင်းသောကြောင့်လည်းကောင်း၊ များစွာသော ဆရာတို့၏ မျက်နှာကို မော်ကြည့်တတ်သောကြောင့်လည်းကောင်း၊ များစွာသော ဂတိတို့မှ မထသောကြောင့်လည်းကောင်း၊ များစွာသော သခ်ါရတရားတို့ကို ပြုပြင်တတ်သောကြောင့်လည်းကောင်း၊ များစွာသော ဩဃတရားတို့၌ မျောတတ်သောကြောင့်လည်းကောင်း၊ များစွာသော ပူပန်စေတတ်သောတရားတို့ဖြင့် ပူပန်စေတတ်သောကြောင့်လည်းကောင်း၊ များစွာသော ကျွမ်းစေတတ်သောတရားတို့ဖြင့် လောင်ကျွမ်းတတ်သောကြောင့်လည်းကောင်း၊ များစွာသော ကာမဂုဏ်တရားတို့၌ တွေဝေတတ်သောကြောင့်လည်းကောင်း၊ များစွာသော နီဝရဏတရားတို့ဖြင့် ပိတ်ပင်တတ်သောကြောင့်လည်းကောင်း၊ များစွာသော အရိယာတရားတို့ကို မျက်ကွယ်ပြုတတ်သောကြောင့်လည်းကောင်း၊ ယုတ်နိမ့်သောတရားတို့ကို ပြုကျင့်တတ်ကုန်သော သတ္တဝါတို့၌ အကျုံးဝင်သောကြောင့်လည်းကောင်း၊ သီလသောဂုဏ်တို့ဖြင့် မြတ်ကုန်သော အရိယာတို့မှ ကင်းသောကြောင့်လည်းကောင်း ပုထုဇဉ်မည်၏။

(ဝိနိပါတဘေး၊ နာနာသတ္တဉ္ညလ္လောကနဘေး၊ ဒုစ္စရိတဘေး၊ အပါယဘေး၊ အတ္တာနုဝါဒဘေး၊ ပရာနုဝါဒဘေး၊ ဒဏ္ဍဘေး၊ ဒုဂ္ဂတိဘေးကို သိ)။

ပုထုဇဉ်နှစ်မျိုး

ခန္ဓာ အာယတန ဓာတ် ပဋိစ္စသမုပ္ပါဒ်တရားတို့၌ မသိသော ပုထုဇဉ်ကို ပညာမျက်စိအမြင်ကန်း၍ အန္ဓပုထုဇဉ်ခေါ်၏။ သိသော ပုထုဇဉ်ကို သူတော်ကောင်းဖြစ်၍ ကလျာဏပုထုဇဉ်ခေါ်၏။

အရိယာပုဂ္ဂိုလ်တို့ကို သိဖို့ရန် ခဲယဉ်း၏။ ရဟန္တာတစ်ပါးနောက်က လိုက်နေသော ရဟန်းတစ်ပါးက ရဟန္တာဟူသည် ဘယ်လိုပုဂ္ဂိုလ်ပါနည်းဟု မေး၏။ ရဟန္တာမထေရ်က တခို့ပုဂ္ဂိုလ်များ ရဟန္တာနောက်က လိုက်နေလျက် ရဟန္တာကို မသိဟု ပြောဖူးသည်။

သောတာပန်ရဟန်းငယ်တစ်ပါးနှင့် ရဟန္တာတောထွက်ကြီးတစ်ပါး ဆွမ်းခံကြွရာ ရဟန္တာတောထွက်ကြီးက ယာဂုပူပူရ၍ လေနာပျောက်ရန် လမ်းဘေးသစ်တုံးပေါ်၌ သပိတ်ကို စောင်းသောက်၏။ ရဟန်းငယ်က အရှင်ဘုရား ရဟန်း၏ ကျင့်ဇဉ်ကို မစောင့်ပါလားဟု ပြောရာ သင်္ကားကျွန်ုပ်ကို ပြော၏၊ သာသနာတော်မှာ ထောက်တည်ရာ အဘယ်မျှလောက်ရနေသလဲဟု မေး၏။ တပည့်တော်ကား သောတာပန်ဟု ပြော၏။ ရဟန္တာက ဤသို့ဖြစ်ပါမူ ရှေ့ကို ဆက်လက်၍ တရားအားမထုတ်နှင့်ဟု ပြော၏။ အရိယာကို စွပ်စွဲက ဤဘဝ၌ အရိယာမဖြစ်နိုင်ပေ။

မသိမမြင်ဟူသည် ပညာဖြင့် မသိသည်ကို ဆိုလို၏။ ပကတိမျက်စိဖြင့် မသိသည်ကို မယူပါနှင့်၊ ခွေး မြေခွေးစသည်တို့လည်း အရိယာကို မြင်နိုင်သောကြောင့်တည်း။

သူတော်ကောင်းဟူသည် သူကျေးဇူးကို သိ၏၊ ပညာရှိ၏၊ မိတ်ကောင်းရှိ၏။ မှန်ကန်၏၊ ဆင်းရဲသူကို ကူညီတတ်သောသူတည်း။ ဤသူသည် နာမရူပပရိစ္ဆေဒဉာဏ်အစရှိကုန်သော ဝိပဿနာဉာဏ်တို့၏ ဆန့်

ကျင်ဘက်၏အဖြစ်ကြောင့် ဝိပဿနာဆီမီးရောင်ဖြင့်သာလျှင် လောဘစသော အမိုက်ကို ပယ်နိုင်၏။။

စိတ်ကို အလိုမလိုက်ဘဲ ဆုံးမပါမှ မင်္ဂိုလ်နိဗ္ဗာန်ကို ရမည်၊ စိတ်ကို
9 ဆုံးမခြင်း၊ စောင့်စည်းခြင်းကို ဝိနည်းခေါ်၏။။ ၎င်းဝိနည်းသည် ဆုံးမခြင်း သံဝရဝိနည်း၊ ပယ်ခြင်း ပဟာနဝိနည်းဟူ၍ နှစ်ပါးရှိ၏။။ ဤဘုရားသည် အရိယာတရား၌ ဆုံးမသောသူမည်၏။။

သံဝရဝိနည်း၎င်းပါး

ပါတိမောက္ခသံဝရသီလသည် သီလသံဝရ၊ ဣန္ဒြေကို စောင့်စည်းခြင်းသည် သတိသံဝရ၊ ပညာဖြင့် စောင့်စည်းခြင်းသည် ဉာဏသံဝရ၊ အချမ်းအပူကို သည်းခံခြင်းသည် ခန္တီသံဝရ၊ ကာမဝိတက်စသည်ကို စောင့်စည်းခြင်းသည် ဝီရိယသံဝရမည်၏။။

(အသင့်အပြန်ဝတ္ထုသက်သေနေရာတိုင်း၌ ထုတ်နိုင်၏)

ပဟာနဝိနည်း၎င်းပါး

ကာမကုသိုလ်ဖြင့် ပယ်ခြင်းသည် တဒင်္ဂပဟာန်၊ မဟဂ္ဂုတ်ကုသိုလ်ဖြင့် ပယ်ခြင်းသည် ဝိက္ခမ္ဘနပဟာန်၊ မဂ်ကုသိုလ်ဖြင့် ပယ်ခြင်းသည် သမုစ္ဆေဒပဟာန်၊ ဖိုလ်ဖြင့် ပယ်ခြင်းသည် ပဋိပဿဒ္ဓိပဟာန်၊ နိဗ္ဗာန်ဖြင့် ပယ်ခြင်းသည် နိဿရဏပဟာန်မည်၏။။

တဒင်္ဂပဟာန်ဖြင့် ပယ်ပုံအမျိုးမျိုး

နာမ်ရုပ်ကို ပိုင်းခြားမှတ်သားခြင်းဖြင့် သက္ကာယဒိဋ္ဌိကို ပယ်နိုင်၏၊ အကြောင်းကို သိမ်းဆည်းသဖြင့် အကြောင်းမရှိ၊ ဆန့်ကျင်ဘက်အကြောင်း

ဟူသော အယူကို ပယ်နိုင်၏။ ယုံမှားခြင်းကို ဖျောက်တတ်သောဉာဏ်ဖြင့် သို့လောသို့လော ယုံမှားခြင်းကို ပယ်၏။ ကလာပသမ္မသနခေါ် အစုအပေါင်းဟူသော သုံးသပ်ခြင်းဖြင့် ငါ, ငါ၏ဥစ္စာဟု စွဲလမ်းခြင်းကို ပယ်နိုင်၏။ မဂ်ဟုတ်သည်/မဟုတ်သည်ကို ပိုင်းခြားမှတ်သားခြင်းဖြင့် မဂ်မဟုတ်သည်၌ မဂ်ဟူသော အမှတ်သညာကို ပယ်၏။ အဖြစ်ကို ရှုသဖြင့် ဧသလျှင် ပြတ်၏ဟူသော အယူကို ပယ်နိုင်၏။ အဖျက်ကို ရှုသဖြင့် ဘဝသည် မြဲ၏ဟူသော အယူကို ပယ်နိုင်၏။ ဘေးဟု ရှုသဖြင့် ဘေးမရှိဟူသော အမှတ်သညာကို ပယ်၏။ အပြစ်ကို ရှုသဖြင့် သာယာခြင်းဟူသော အမှတ်သညာကို ပယ်၏။ ငြီးငွေ့ဖွယ်ဟု ရှုသဖြင့် မွေ့လျော်ဖွယ်ဟူသော အမှတ်သညာကို ပယ်၏။ သံသရာမှ လွတ်လိုခြင်း၊ ဉာဏ်ဖြင့် မလွတ်ခြင်းဟူသော သညာကို ပယ်နိုင်၏။ သခါရတရား‌တို့၌ လျစ်လျူရှုခြင်းဖြင့် လျစ်လျူရှုမရှုခြင်းကို ပယ်၏။ မဂ်အားလျော်သော အနုလောမဉာဏ်ဖြင့် နိဗ္ဗာန်၌ ဆန့်ကျင်ခြင်းကို ပယ်၏။ ဂေါတြဘူဉာဏ်ဖြင့် သခါရတရား‌တို့၏အကြောင်း၌ ယူခြင်းကို ပယ်၏။ နာမရူပပရိစ္ဆေဒဉာဏ်, ပစ္စယပရိဂ္ဂဟဉာဏ်, ကခါဝိတရဏဉာဏ်, ကလာပသမ္မသနဉာဏ်, မဂ္ဂါမဂ္ဂဝဝတ္ထာနဉာဏ်, ဥဒယဉာဏ်, ဝယဉာဏ်, ဘယဉာဏ်, အာဒီနဝဉာဏ်, နိဗ္ဗိန္ဒာဉာဏ်, မုစ္စိတုကမျတာဉာဏ်, ဥပေက္ခာဉာဏ်, အနုလောမဉာဏ် (ဓမ္မဋ္ဌိတိဉာဏ်) ဂေါတြဘူဉာဏ်တို့တည်း။

(နာ–ပစ်–ကင်–က၊ မဂ်–ဥ–ဝ–အ–အာ–နိဗ်–မုစ်–ဥ–နု–ဂေါ–နာ–ကို နာမရူပပရိစ္ဆေဒဉာဏ်စသည်ကို ယူ)

ဝိကွမ္ဘနုပဟာန်ဖြင့် ပယ်ခြင်းအမျိုးမျိုး

ဝိတက်ဖြင့် ထိနမိဒ္ဓကို၊ ဝိစာရဖြင့် ဝိစိကိစ္ဆာကို၊ ပီတိဖြင့် ဗျာပါဒ ကို၊ သုခဖြင့် ဥဒ္ဓစ္စကုက္ကုစ္စကို၊ သမာဓိဖြင့် ကာမစ္ဆန္ဒကို ပယ်နိုင်၏။

50 (သမထ ဝိပဿနာ စျာန် အဘိညာဉ်အကြောင်းကို ပြောပြနိုင်၏)

သမုစ္ဆေဒပဟာန်ဖြင့် ပယ်ခြင်းအမျိုးမျိုး

အနိစ္စာနုပဿနာဖြင့် နိစ္စသညာကို ပယ်ခြင်း၊ ဒုက္ခာနုပဿနာဖြင့် သုခသညာကို ပယ်ခြင်း၊ အနတ္တာနုပဿနာဖြင့် အတ္တသညာကို ပယ်ခြင်း၊ ငြီးငွေ့ခြင်း, တပ်ခြင်း, ကင်းခြင်း ဝိရာဂါနုပဿနာဖြင့် တပ်ခြင်းကို ပယ် ခြင်း၊ ချုပ်ခြင်း နိရောဓာနုပဿနာဖြင့် ဖြစ်ခြင်းကို ပယ်ခြင်း။ စွန့်ခြင်း ပဋိနိဿဂ္ဂါနုပဿနာဖြင့် စွဲလမ်းခြင်းကို ပယ်ခြင်း။၊ ကုန်ခြင်း ခယာနု ပဿနာဖြင့် အစိုင်အခဲဟူသော အမှတ်သညာကို ပယ်ခြင်း၊ ပျက်ခြင်း ဝယာနုပဿနာဖြင့် အားထုတ်ခြင်းကို ပယ်ခြင်း၊ ဖောက်ပြန်ခြင်း ဝိပရိ ဏာမာနုပဿနာဖြင့် မြဲခြင်းကို ပယ်ခြင်း၊ အကြောင်းမရှိခြင်း အနိမိတ္တာ နုပဿနာဖြင့် အကြောင်းကို ပယ်ခြင်း၊ ဝေဘင်းတခြင်းမရှိခြင်း အပ္ပဏိ ဟိတာနုပဿနာဖြင့် တောင့်တခြင်းကို ပယ်ခြင်း၊ မရှိခြင်း သုညတာနု ပဿနာဖြင့် မှားသော နှလုံးသွင်းခြင်းကို ပယ်ခြင်း၊ လွန်သောပညာ၏ တရားကို ရှုခြင်း အဓိပညာဓမ္မာဝိပဿနာဖြင့် အနှစ်သာရရှိသည်ဟူသော ယုံမှားခြင်းကို ပယ်ခြင်း၊ ဟုတ်မှန်ခြင်း ယထာဘူတဉာဏ်ဖြင့် တွေဝေ ခြင်းကို ပယ်ခြင်း၊ အပြစ် အာဒီနဝါနုပဿနာဖြင့် တပ်နှစ်သက်ခြင်းဌာ မှားသော နှလုံးသွင်းခြင်းကို ပယ်ခြင်း၊ ပညာဖြင့် ဆင်ခြင်ခြင်း ပဋိသင် နုပဿနာဖြင့် ပညာဖြင့် မဆင်ခြင်ခြင်းကို ပယ်ခြင်း၊ ဝဋ်ကင်းခြင်း ဝိဝဋ္ဋနာ နုပဿနာဖြင့် ဝဋ်၌ မှားသော နှလုံးသွင်းခြင်းကို ပယ်ခြင်း။

သောတာပတ္တိမဂ်ဖြင့် ဒိဋ္ဌိ ဝိစိကိစ္ဆာကို ပယ်ခြင်း၊ သကဒါဂါမိမဂ်ဖြင့် ရုန့်ရင်းသော ကိလေသာတို့ကို ပယ်ခြင်း၊ အနာဂါမိမဂ်ဖြင့် သိမ်မွေ့သော ကိလေသာတို့ကို ပယ်ခြင်း၊ အရဟတ္တမဂ်ဖြင့် အလုံးစုံသော ကိလေသာတို့ကို ပယ်သည်သာတည်း။

ဖိုလ်ဖြင့် ပယ်ခြင်း ပဋိပဿဒ္ဓိနဗ္ဗာန်၊ နိဿရဏဗ္ဗာန်ဖြင့် ပယ်ခြင်း နိဿရဏဗ္ဗာန်ကား သမုစ္ဆေဒပဟာန်၌ အကျုံးဝင်၏။

(သင်္ဂါယဒိဋ္ဌိအကြောင်းအရာမှစ၍ ဤအထိကား မူလပဏ္ဏာသအဋ္ဌကထာ၊ မူလပရိယာယသုတ် ၂၄၊ အဋ္ဌသာလိနီအဋ္ဌကထာ ၃၈၆-၌ ရှုပါလေ)

သီဟိုဠ်ခေတ်၌ ရဟန္တာမဖြစ်ဖူးသော ဆွမ်းစားဖရုပ်မရှိ၊ ရဟန်းတော်များ စွာန်ပျံနေကြ၍ လူများ စပါးလှန်းဖို့ပင် မရပေ။

ကိုးကွယ်ရာ တရားဆယ်ပါး

(၁) သီလတရားနှင့် ပြည့်စုံရသည်။

ဘုရားလောင်း ဘူရိဒတ်နဂါမင်း၊ စမ္ပေယျနဂါးမင်းတို့၏ သီလသည် ဘုရားအဖြစ်ကို အကူအညီပေးသည်။ နေမိမင်း၊ သာဓိနမင်းတို့ သီလတန်ခိုးကြောင့် လူ့ဘဝဖြင့် နတ်ပြည်ရောက်ကြသည်၊ ဘုရားအဖြစ်ကို အကူအညီပေးသည်။ (ကုရုဓမ္မဇာတ်စသည်)

(၂) ဗဟုသုတနှင့် ပြည့်စုံရသည်။

အရှင်အာနန္ဒာသည် ဗဟုသုတရှိ၍ ပဋိစ္စသမုပ္ပါဒ်တရားသည် သူများသူတကာထက် ထင်မြင်လွယ်သည်။

(၃) ကလျာဏမိတ္တ-မိတ်ဆွေကောင်းရှိရသည်။

အဇာတသတ်မင်းသားသည် မကောင်းသော မိတ်ဆွေ ဒေဝဒတ်နှင့်ပေါင်း၍ ပိတုဃာတကကံထိုက်သည်။ နောက် ကလျာဏမိတ္တခေါ် မိတ်ဆွေကောင်းနှင့် ဆရာဇီဝကနှင့် ပေါင်း၍ ဘုရားရှင်၏ သာမညဖလသုတ် ဒေသနာတော်ကို နာရသည်။ အကယ်၍ ပိတုဃာတကကံ မထိုက်ငြားအံ့၊ သောတာပန်စသည်ဖြစ်နိုင်သည်။ နောက်ပထမသင်္ဂါယနာတင်ရာ၌ ပစ္စည်းလေးပါးဒကာပြု၍ ပိတုဃာတုကကံကြောင့် အဝီစိငရဲမှာ မခံရဘဲနှင့် အဝီစိငရဲ၏ အခြံအရံဖြစ်သော လောဟကုမ္ဘီငရဲမှာ လူ၏ အရေအတွက်ဖြင့် အောက်ကို အနှစ်သုံးသောင်းဆင်း၍၊ အပေါ်ကို အနှစ်သုံးသောင်းတက်ပြီးလျှင် ဝိဇိတာဝိပစ္စေကဗုဒ္ဓါ ဖြစ်လတ္တံ့။

(၄) သုဝစခေါ် သူတစ်ပါး ဆုံးမသည်ကို နားထောင်ရသည်။

ပရတောဃောသခေါ် သူတစ်ပါး၏ ကရားစကားကို နားထောင်ရမှ သောတာပန်ဖြစ်သည်။ အသည်သတ်ဘုံမှာ တရားနာရန် စိတ်မရှိ၊ အရှပဘုံမှ နားခေါ် သောတပသာဒရုပ် မရှိ၍ တရားမနာရပေ။ တရားနာမှ သုတမယညာဏ်၊ စိန္တာမယညာဏ်၊ ဘာဝနာမယညာဏ်ကို ရသည်။

(၅) သပြဟ္မစာရီနှံ့ သုဝစခေါ် သီတင်းသုံးဖော်တို့မှ အမှုကိစ္စကို ဆောင်ရွက်ရသည်။

သီတင်းသုံးဖော်တို့၏ အမှုကိစ္စကို ဆောင်ရွက်မှ အချင်းချင်း ညီညွတ် ကိုယ်စိတ်ချမ်းသာကာ တရားရမည်။

(၆) ဓမ္မကာမခေါ် တရားတော်ကို အလိုရှိရသည်။

တရားတော်ကို သင်အံ့၊ လေ့လာ၊ ဆွေးနွေး၊ ဟောပြောရသည်။

(၇) သန္တုဋ္ဌိခေါ် ပစ္စည်းလေးပါး၌ ခေါင်းပါးစွာ ကျင့်ရသည်။

(၈) အာရဒ္ဓဝီရိယခေါ် သမ္မပ္ပဓာန်တရားရှိရသည်။

(၉) သတိခေါ် သတိပဋ္ဌာန်းတရားရှိရသည်။

(၁၀) ပညဝါခေါ် ဝိပဿနာတရားရှိရသည်။

* သီလ သုတာ၊ ကလျာဏမိတ္တော။ သုဝစော စ၊ ပြဟ္မစာရေ။
မမ္မကာမ၊ အာရဒ္ဓဆွေ၊ သန္တုဋ္ဌိ၊ သတိ ပညာဝေ။
(သုတ်ပါထေယျသဂီတိသုတ်ပါဠိတော်)

စိတ်သည် မျက်လှည့်ဆရာ

သတ္တောန ဝဋ္ဋိတာ သတ္တာ၊ မာရဿ ဝိသယေ ရတာ။
အနေကဇာတိသံသရံ၊ သန္ဓာဝန္တိ အဝိဒ္ဒသု။
(ကုတ္တာထေရိဂါထာပါဠိတော်၊ ၃၉၇)

သတ္တာ–သတ္တဝါတို့.ကို၊ စိတ္တောန–မျက်လှည့်ဆရာ စိတ်ဝိညာဏ်သည်၊ ဝဋ္ဋိတာ–လှည့်ပတ်အပ်၏။ မာရဿ–ကိလေသာမာရ်မင်း၏၊ ဝိသယေ–အာရုံငါးပါး ကာမဂုဏ်တရား၌၊ ရတာ–မွေ့.လျော်ကြကုန်၏။ အဝိဒ္ဒသု–ပုထုဇဉ် အတ္တသမားတို့.သည်၊ အနေကဇာတိသံသရံ–သံသရာတစ်လျှောက် ကာလပတ်လုံး၊ သန္ဓာဝန္တိ–အပါယ်ကိုရောက် လူနတ်ပြဟ္မာဘုံ ပေါက်ချင်ပေါက်လျက် ကျင်လည်ကြရကုန်သည်သာတည်း။

(ဥပရိပဏ္ဏာသပါဠိတော်၊ မဟာသဉ္စာယတနိကသုတ်စသည်ရှု)

* * * *

(၅) 'သဉ္ဇာယတနပစ္စယာ ဖဿော'အကြောင်း သိကောင်းစရာ

သံသရာစက်ကြီး မရပ်မတည် မပြတ်လည်နေသောသူတို့အား စက္ခုပသာဒရုပ် ရှုပါရုံ စက္ခုဝိညာဏ် ဖြစ်သဖြင့် စက္ခုသမ္ဖဿ စသည် ဖြစ်ရသည်။ ထို့ကြောင့် ဘုရားရှင်သည် ဝိဘင်းပါဠိတော် (၁၄၇)၌ "တတ္ထ ကတမော သဉ္ဇာယတနပစ္စယာ ဖဿော"စသည် ဟောတော်မူ၏။

ဖဿခြောက်ပါး

စက္ခုသမ္ဖဿ-မျက်စိ၌ ရှုပါရုံအတွေ့။ သောတသမ္ဖဿ-နား၌ သဒ္ဒါရုံအတွေ့။ ဃာနသမ္ဖဿ-နှာခေါင်း၌ ဂန္ဓာရုံအတွေ့။ ဇိဝှါသမ္ဖဿ-လျှာ၌ ရသာရုံအတွေ့။ ကာယသမ္ဖဿ-ကိုယ်၌ ဖောဋ္ဌဗ္ဗာရုံအတွေ့။ မနသမ္ဖဿ-စိတ်၌ ဓမ္မာရုံအတွေ့။

ထို့ကြောင့် "စက္ခုံ စ ပဋိစ္စ"စသည် သဉ္ဇာယတနသံယုတ်ပါဠိတော် (၂၆၁)၌ ဟောတော်မူ၏။

နေတို့အဌကထာ (၁၃၂)၌ မြို၌ တံခါးလုံခြုံသည်ရှိသော် လူများ အထွက်အဝင် ပြတ်သကဲ့သို့ နည်းတူ ဤခန္ဓာကိုယ်သဏ္ဌာယမြို့တော်၌ အဝိဇ္ဇာမင်းတုံးချထားက နိဗ္ဗာန်သို့ ရောက်စေတတ်ဉာဏ်သည် ဖြစ်၏။ ထို့ကြောင့် သစ္စာလေးပါးကို မသိတတ်သော မောဟအဝိဇ္ဇာသည် မင်းတုံးမည်၏။

နည်းတူ မျိုးစေ့ပီဇသည် သစ်ပင်အညွှန့်စသည်ကို ဖြစ်စေသကဲ့သို့ အဝိဇ္ဇာစသော အကြောင်းကြောင့် သင်္ခါရစသော အကျိုးတရားများ ဖြစ်သည်။ တစ်နည်း နို့မှ နို့ဓမ်းဖြစ်သည်နှင့်လည်း တူပေ၏။

မှတ်သားဖွယ်ရာ ဥပမာ

စက္ခုပသာဒရုပ်သည် မှန်ဘီလူး၊ ရှုပါရုံစသည်တို့သည် နေရောင်၊ စက္ခုဝိညာဏ်သည် လောင်စာနှင့်တူ၏။ မှန်ဘီလူး, နေရောင်, လောင်စာ သုံးပါးပေါင်းက မီးလောင်သကဲ့သို့လည်းကောင်း၊ စက်ယန္တရာလည်း ဆီစသည် ရသကဲ့သို့လည်းကောင်း တူလှပေ၏။ သောတပသာဒရုပ်စသည် တူ၏။ လယ်ကန်သင်းကို ပိတ်ထားက ရေမဝင်၊ ဖွင့်ထားက ရေဝင်သည်၊ လှေသဘော်ပေါက်က ရေဝင်၏၊ မပေါက်က ရေမဝင်သည်နှင့်လည်း တူပေ၏။ 5

ဘုရားရှင်သည် ဗာဟိယဒါရုစီရိကအား "ဒိဋ္ဌေ ဒိဋ္ဌမတ္တံ" စသည်ဖြင့် ရှုပါရုံစသည်ကို မြင်လျှင် မြင်ရုံသာမှတ်၊ ဖဿစသည် မသီးပွင့်ပါစေနှင့်၊ ရှုပါရုံစသော တရားတို့သည် အမြဲတည်နေသည် မဟုတ်။ ဖြစ်ပြီးပျက်သွားသည်။ နည်းတူ ရှိသောတရားသည် ဘယ်တရားမှ အမြဲမရှိ၊ ရုပ်နာမ်သာ၊ ပုဂ္ဂိုလ် သတ္တဝါ ယောကျ်ား မိန်းမ မရှိ၊ မျက်စိရှိက အသုံးမချတတ်လျှင် လိုချင်သည်၊ စားချင်သည်၊ သောက်ချင်သည်၊ သွားချင်သည်၊ လာချင်သည် စသည်၌ မျက်စိတစ်လုံးကြောင့် သံသရာလည်နိုင်သည်၊ သတိထားက မျက်စိတစ်လုံးတည်းနှင့်လည်း သံသရာဖြတ်နိုင်သည်။ (ဝတ္ထုရှု)

ထို့ကြောင့် ဘုရားလောင်း တေမိမင်းသားကို အမျိုးမျိုး မျိုစားစရာ ကြောက်စရာတို့နှင့် ပြုပါငြားသော်လည်း စကားမပြောပေ။ ဖခင်က အကျဉ်းသားတို့အား အပြစ်ဒဏ်အမိန့်ပေးသည်ကို မြင်၍ သံဝေဂရသည်။

ထို့ကြောင့် ကဿပဘုရားရှင်သာသနာတော်နောက်ပိုင်း ရဟန်းခုနစ်ပါး တောင်ထိပ်ကို လှေခါးနှင့် တက်၍ လှေခါးကို ကန်ချပြီး တရားမရလျှင် အစာမစားဟု ကျင့်ကြံကြိုးစားကြသည်။ ဘုရားအလောင်းသူ

တော်ကောင်းတို့ တောရမှိကြသည်၊ လောကီအာရုံ ကာမဂုဏ်ဟူသည် ကြောက်မက်ဖွယ်ရှိစွ.။ (ချဲ့နှိုင်၏)

မာယာ စေတာ မရီစိ စ၊ သောကော ရောဂေါ ဥပ္ပဒ္ဒဝေါ။
ခရာ စ ဗန္ဓနာ စေတာ၊ မစ္စုပါသာ ဂုဟာသယာ။
(မဟာသံသဇာတ်ပါဠိတော်၊ ၉၃)

ဇော-ရှုပါရုံစသော လောကီအာရုံ ထိုကာမဂုဏ်တရားတို့.သည်၊ မာယာ စ-မျက်လှည့်ပမာ လှည့်လည် လှည့်ပတ်တတ်ပါပေကုန်၏။ သောကော စ-ကိုယ်ကို ညှိုးမှန် စိုးလည်းစိုးရိမ်တတ်ပါပေ၏။ ရောဂေါ စ-ကိုးဆယ့်ခြောက်ဖြာ ဘေးရောဂါကိုလည်း ဖြစ်စေတတ်ပါပေ၏၊ ဥပ္ပဒ္ဒဝေါ-ဒုတ်မားစုံဖွယ် ဘေးအန္တရာယ်လည်း ကျရောက်တတ်ပါ၏။ ဇော-လောကီအာရုံ ထိုကာမဂုဏ်တရားတို့.သည်၊ ခရာ စ-ဆူးချုံပမာ ကြမ်းလည်းကြမ်းတမ်းလှပါပေ၏၊ ဗန္ဓနာ စ-သံသရာရိပ်မြုံ ကရွတ်ခြုံမှ မလွတ်စေရန် နှောင်လည်းနှောင်ဖွဲ့.တတ်ပါပေ၏။ မစ္စုပါသာ-မုဆိုးကျော့ကွင်းအလား သေမင်းကျော့ကွင်းလည်းမည်ပါပေ၏။ ဂုဟာသယာ-လှိုက်ဂုထဲမှ မထွက်နိုင်သည့်ပမာ သံသရာမှလည်း မထွက်စေနိုင်သည့်သာတည်း။

ဇေဝံ အမိတ္တာဇနာ၊ တာပနာ သံကိလေသိကာ။
လောကာမိသာ ဗန္ဓနီယာ၊ ကာမာ မရဏဗန္ဓနာ။
(ထေရီဂါထာပါဠိတော်၊ ၄၁၈)

ဇေဝံ-ဤသို့၊ ကာမာ-လိုချင်စွဲကပ် အာရုံအရပ်ရပ်တို့.သည်၊ အမိတ္တာဇနာ-ကြောက်ဖက်ဖွယ်ကောင်း ရန်သူအပေါင်းသဖွယ်လည်းဖြစ်ပါကုန်၏၊ တာပနာ-ရာဂစသော မီးပူလောင်ခြင်းအသီးသီးကိုလည်း ဖြစ်စေတတ်ပါပေကုန်။ သံကိလေသိကာ-ပူပန်စေတတ် နှိပ်လည်းနှိပ်စက်တတ်ပါ

ပေကုန်၏။။ လောကာမိသာ--လောက၌ ပစ္စည်းတရား အစားစားတို့နှင့်လည်း ဆက်ဆံပါကုန်၏၊ ဗန္ဓနိယာ-နှောင်အိမ်ပမာ နှောင်လည်းနှောင်ဖွဲ့ပါကုန်၏၊ မရဏာဗန္ဓနာ-ကြောက်မက်ဖွယ်အချက် သေမင်းလက်မှလည်း မလွတ်နိုင်ကန်သည်သာတည်း။

အနန္တာဒီနဝါ ကာမာ၊ ဗဟုဒုက္ခာ မဟာဝိသာ။
အပ္ပသာဒါ ရာဂကရာ၊ သုက္ခပက္ခဝိသေသနာ။
(ထေရီဂါထာပါဠိတော်၊ ၄၁၈)

ကာမာ-ရှောင်နိုင်ခဲလှ ကာမဂုဏ်ဟူသမျှတို့သည်၊ အနန္တာဒီနဝါ-မရေတွက်နိုင်အောင် များပြောင်လှစွာသော အပြစ်လည်း ရှိပါပေကုန်၏၊ ဗဟုဒုက္ခာ-ကိုယ့်ဒုက္ခ သူ့ဒုက္ခ သားသမီးဒုက္ခ များပြားလှပါပေကုန်၏၊ မဟာဝိသာ-ဆေးကုမရ ကြီးကျယ်လှသော အဆိပ်တို့ပါတည်း။ အပ္ပသာဒါ-သာယာသလိုလိုလည်းရှိတတ်ပါကုန်၏၊ ရာဂကရာ-ရာဂမွှားခြင်းကိုလည်း ပြုတတ်ပါကုန်၏၊ သုက္ခပက္ခဝိသေသနာ-ခန္ဓာကိုယ်၏ အားအင်ဆုတ်ယုတ်ခြင်းကိုလည်း ပြုတတ်ပါကုန်၏။။

ကေနိပါတ် တေလပတ္တဇာတ်တော်၌ ဘီလူးမ၏ ဣပါရုံစသည်နှင့်လှည့်စား၍ သေကြ၏၊ လောကီအာရုံသို့ မလိုက်လိုသော မင်းသားတစ်ယောက်သာလျှင် ကျန်ရစ်၍ ထီးနန်းကို စိုးမိုးရလေသည်။ ထို့ဇာတ်နှင့် ပတ်သက်၍ ဗုဒ္ဓရှင်တော်က ထိုခေတ်အခါက နှမတော် ဇနပဒကလျာဏီသည် ရုပ်ရည်ချောမွေ့၍ လူတိုင်း၏ နှုတ်ခမ်းဖျား၌ သီးနေစဉ် လူတစ်ယောက်ခေါင်းပေါ်မှာ ဆီပြည့်အိုးကို ရွက်သွားက ဖိတ်မကျစေရန် အရေးကြီးသည့်ထက် ရှုပါရုံစသည်၌ စောင့်စည်းထိုက်ကြောင်း ဟောတော်မူလေသည်။

ဒုတိယသဂါယနာတင်ခါနီး ဝဇ္ဇီတိုင်းသား ရဟန်းများနှင့် ပတ်သက်၍ မြက်ကို အလိုရှိသောသူသည် မြက်ကို ရှာမှီးရသည်။ သစ်သား

ကို အလိုရှိသောသူသည် သစ်သားကို ရှာမှီးရသည်။ လှည်းကို အလို
ရှိသောသူသည် လှည်းကို ရှာမှီးရသည်။ အဖေါ်ကို အလိုရှိသောသူသည်
အဖေါ်ကို ရှာမှီးရသည်ဟု ဟောတော်မူသကဲ့သို့ နိဗ္ဗာန်ကို လိုသောသူ
သည် နိဗ္ဗာန်ကို ရှာမှီးရသည်။

ရဟန်းထူးသုံးပါး

ဥရုဝေဠုတောဟူသည် ရှေးအခါက ရသေ့တို့သည် မိမိအပြစ်ရှိက
သူများပြောစရာ မလို၊ ဒဏ်ထားသောသဘောဖြင့် သဲပုံစုရာ တောတည်း။
ၦင်းတော၌ ရဟန်းသုံးပါးတို့သည် ကာမဝိတက် မဖြစ်စေရန် စောင့်စည်း၍
ဝါဆိုကြ၏။ သီတင်းကျွတ်လပြည့် မဟာပဝါရဏာနေ့၌ မထေရ်ကြီးက
ပထမပုဂ္ဂိုလ်အား မေးရာ တပည့်တော်၏စိတ်သည် ကျောင်းဝင်းအပြင်
မထွက်ပါဟု လျှောက်၏။ ဒုတိယပုဂ္ဂိုလ်က ကျောင်းအပြင်ကို မထွက်ပါ
ဟု လျှောက်၏။ တတိယပုဂ္ဂိုလ်က ခန္ဓာကိုယ်အပြင်သို့ မထွက်ပါဟု
လျှောက်ဖူးသည်။

ဘုရားရှင်သည် စူဠဝါဟိဠိတော် သတ္တသတိကက္ခန္ဓက (၄၉၃)၌
အချို့သောရဟန်းပုဏ္ဏားတို့သည် ရာဂ ဒေါသ ပြိမ်းကုန်၏။ အဝိဇ္ဇာ
နီဝရဏတရားသည် ပိတ်ပင်အပ်ကုန်၏။ သေအရက်သောက်ကုန်၏။
ကာမဂုဏ်ကို လိုက်စားကုန်၏။ ရွှေငွေရတနာတို့၌ သာယာကုန်၏။
မှားသော အသက်မွေးခြင်းရှိကုန်၏။ ထိုပုဂ္ဂိုလ်တို့သည် လောက၌
မတောက်ပ မထွန်းလင်းကုန်၊ မစင်ကြယ်ကုန်၊ ကိလေသာမြူနှင့်တကွ
ဖြစ်ကုန်၏ ကျော့ကွင်းမိသော သားသမင်ကဲ့သို့လည်းကောင်း၊ မှောင်
မိုက်ထဲသို့ ရောက်နေသောသူကဲ့သို့လည်းကောင်း၊ တဏှာကျွန်တည်း၊
သံယောဇဉ်ကြိုးနှင့်တကွဖြစ်ကုန်၏၊ သုသာန်မြေကို ပွားစေသောသူတည်း၊
ဘဝသစ်၌ ဖြစ်မည့်သူတည်းဟု ဟောတော်မူ၏။

စည်ပင်သာယာ ပြည်ခန္ဓာ

ဤခန္ဓာကိုယ်သည်ကား ကသာ လောမာ စသော သုံးဆယ့်နှစ်ပါးသော ကောဋ္ဌာသတည်းဟူသော အိမ် ကျောင်း ဖရုပ် တိုက်တာ ရုံးကန္ထား ဘုရား စေတီတို့ဖြင့် စည်ကားနေသော တိုင်းပြည်မြို့ရွာနှင့် တူပေ၏။ အပါယ်လေးဘုံစသော သုံးဆယ့်တစ်ဘုံတည်းဟူသော မြို့ရွာများလည်းရှိ၏။ ပိုးမျိုးရှစ်ဆယ်တည်းဟူသော အပါယ်လေးဘုံ၌ရှိသော ငရဲသူ ငရဲသား တိရစ္ဆာန် ပြိတ္တာ အသူရကာယ်၊ လူများ နတ်များ ဗြဟ္မာများကား မရေတွက်နိုင်အောင် ပြည့်နှက်နေ၏။

ထိုထိုအာရုံ၌ ကြုံကြိုက်သောအခါ သတ္တဝါများသည် တပ်မက်စွဲလမ်းတတ်သော ကာမုပါဒါန် ဒိဋ္ဌုပါဒါန် သီလဗ္ဗတုပါဒါန် အတ္တဝါဒုပါဒါန် တည်းဟူသော ဥယျာဉ်ပန်းမာလ ရေတွင်း ရေကန်တို့ဖြင့်လည်း ဟော်မြူးရွှင်လန်းစရာ ပေါများပါ၏။

ဘုံအားဖြင့် ဘဝဂ်တိုင်အောင်၊ ဓမ္မအားဖြင့် ဂေါတြဘုတိုင်အောင် ထုံတတ်သော အရက်နှင့်တူသော ကာမာသဝ ဘဝါသဝ ဒိဋ္ဌာသဝ အဝိဇ္ဇာသဝတည်းဟူသော တသွင်သွင်ယိုစီးနေသည့် မြစ်ကြီး ချောင်းကြီး၊ မြစ်ငယ် ချောင်းငယ် အင်းအိုင်များသည် ပြောစရာ မလိုပေ။

ကာမောဃ ဘဝေါဃ ဒိဋ္ဌောဃ အဝိဇ္ဇောဃ တည်းဟူသော လှိုင်းဂယက်များ သွက်သွက်ခါမျှ ဆူညံနေသော သမုဒ္ဒရာကြီးလေးဆင်းလည်း အံ့ဩစရာ။

ကာမယောဂ ဘဝယောဂ ဒိဋ္ဌိယောဂ အဝိဇ္ဇာယောဂတည်းဟူသော ဆင်ယာဉ် မြင်းယာဉ် ရထယာဉ် လယာဉ် မော်တော်ကား မီးရထားအသံများလည်း ပြတ်စဲသည် မရှိ။

စက္ခုစသော ဣန္ဒြေခြောက်ပါး တံခါးကြီးများလည်း ကြီးကြီးကျယ် အံ့သြဖွယ်။

ဂင်းခန္ဓာမြို့ကြီးကို သုံးရာသော အရိုးတည်းဟူသော၊ တိုင်ကိုးရာ
5 သော အကြောတည်းဟူသော သံဆူးကြိုး၊ အသားအသွေးတည်းဟူသော ဘိလပ်မြေ အုတ် ကျောက်တို့ဖြင့် တည်ဆောက်ထား၏။

သီရိမာ ဇနပဒကလျာဏီ ခေမာမိဖုရားတို့အား ဟောပုံကို သတိပြု၊)

အဝိဇ္ဇာက တံခါးတိုင်၊ တံခါးပေါက်ဝတို့၌ နီဝရဏခြောက်ပါး တည်းဟူသော တံခါးစောင့်ခြောက်ယောက်တို့သည် ဒါနစသော ပုညကြိယာ ဝတ္ထုဆယ်ပါး၊ တရားသဖြင့် လက်ဆောင်ပဏ္ဏာဆက်သကြကုန်သော အလောဘ အဒေါသ အမောဟစသော မိမိတို့၊ နှင်းနှင်းသား သူတစ်ပါးတို့၊ နှင်းသားတို့ကို ပိတ်ပင် ဆီးတားတတ်ကုန်၏။

ပါဏာတိပါတစသော ဒုစရိုက်ဆယ်ပါး၊ မတရားသဖြင့် လက် ဆောင်ပဏ္ဏာဆက်သကုန်သော လောဘ ဒေါသ မောဟတည်းဟူသော မိမိနှင်း သူတစ်ပါးနှင်းသားတို့ကို လာလာသမျှ အပိတ်အပင် အဆီးအတား မရှိ၊ လက်ခံဆက်ဆံကုန်၏။

သေနတ် မီးပေါက် ဒုတ် ဓားများကို ကိုင်ဆောင်ထားသော ကြောက် မက်ဖွယ်၊ ကံ စိတ် ဥတု အာဟာရတည်းဟူသော လာလာသမျှ ရုပ်နာမ် တရား၊ တပည့်လက်သမား အခြံအရံများကို မရရအောင် သိမ်းပိုက် ထားတတ်သော ပထဝီ အာပေါ တေဇော ဝါယောတည်းဟူသော ရန်သူ မဟာဘုတ် စစ်သူကြီးလေးယောက်ရှိ၏။ သူတို့ကား စက္ခုပသာဒစသော ရုပ်တရားများ၊ စိတ် စေတသိက်တရား တပည့်များကို လက်တွင်းသို့ သိမ်းသွင်းထားတတ်၏။

မိမိဖက်မှ သတိပဋ္ဌာန်လေးပါးတည်းဟူသော ခြုံစည်းရုံး လုံခြုံဖို့ လိုပေ၏။ မိမိဖက်မှ သမ္မပ္ပဓာန်လေးပါးတည်းဟူသော ဆင် မြင်း ရထား စစ်တပ်၊ ကွင်္ဒိယိဒ်လေးပါးတည်းဟူသော မြို့တော်ဝန်လေးယောက်၊ ကွင်းခြင်းပါးတည်းဟူသော မြို့စားရွာစားငါးယောက်၊ ဗိုလ်ငါးပါးတည်းဟူသော ဗိုလ်ငါးယောက်၊ ဗောဇ္ဈင်ခုနစ်ပါးတည်းဟူသော ရိက္ခာခေါင်းဆောင် ခုနစ်ယောက်ရှိ၏။

သူတစ်ပါးဖက်မှ ဖဿ ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်တည်းဟူသော နာမ်ငါးပါးသည် အပါးတော်မြို့ငါးယောက်၊ အကုသိုလ်အန္ဓရာယ်များ ထွက်မသွားနိုင်အောင် အမြဲတမ်းနောက်က လိုက်၍ စောင့်ရှောက်နေသော ဂန္ဓလေးပါးတည်းဟူသော ထောင်ဗျာတာက လေးယောက်၊ ကိလေသာဆယ်ပါး၊ မိဖုရားကြီးဆယ်ယောက်၊ သံယောဇဉ်ဆယ်ပါး၊ သံခြေချင်းဆယ်၊ အနုသယခုနစ်ပါးတည်းဟူသော ထောင်မှူးခုနစ်ယောက်၊ မိစ္ဆာမဂ္ဂင်ရှစ်ပါးသည် အပါယ်လေးပါးတည်းဟူသော ရန်သူများသွားရာလမ်းရှစ်ခုရှိ၏။ သမ္မာမဂ္ဂင်ရှစ်ပါးသည် လူနတ်ဗြဟ္မာသို့ သွားရာလမ်းရှစ်ခုတည်း။ (ပါဠိများ ရွတ်ပြနိုင်၏)

ပဋိစ္စသမုပ္ပါဒ်နည်းအတိုင်း ဖြစ်ပွားနေခြင်းကား တိုင်းပြည်သာယာခြင်း၊ ကုသိုလ်အကုသိုလ်ကံသည် မိမိတိုင်းပြည် ရန်သူတိုင်းပြည်ကို အုပ်ချုပ်နေသောမင်း၊ မာနတရားကား တိုင်းပြည်အောင်လံ၊ အာရုံငါးပါးကား ပွဲခံခြင်း၊ ဝဋ်သုံးပါးသည် ရွှေထီးရွှေနန်း၊ တဏှာကား လက်သမားကြီး၊ ဇာတိ ဇရာ ဗျာဓိ မရဏတို့ကား ရန်သူစစ်သားများတို့တည်း။

နှစ်ပါးသော ကံမင်း စစ်ခင်းခြင်း

ရန်သူတိုင်းပြည်မှ အကုသိုလ်ကံမင်း၏ ဇာတိ ဇရာ ဗျာဓိ မရဏ၊ စစ်သားများတို့သည် ကပ်သုံးပါး ရပ်ပြစ်ရှစ်ပါး၊ ရန်သူမျိုးငါးပါး၊ ဘေး

ရှစ်ပါး၊ ဒဏ်ဆယ်ပါး အနာအမျိုးကိုးဆယ့်ခြောက်ပါး၊ ဝိပွတ္တိတရားငေးပါး၊ ဗျသနတရားငါးပါးတည်းဟူသော အမြောက်စိန်ပြောင်းပုံးများကို ကိုင်ဆောင်လျက် မိစ္ဆာဒိဋ္ဌိစသော လမ်းရှစ်သွယ်မှ ကုန်းလမ်း ရေလမ်း လေလမ်းတို့ဖြင့် ဝိုင်းဝန်းပစ်ခတ်ကာ တက်လာတော့၏။

56

ထို့ကြောင့် တိုးတက်စည်ကားနေသော ဤခန္ဓာကိုယ်တည်းဟူသော တိုင်းပြည်မြို့ရွာသည် တချို့က အာယုက္ခယ-အသက်ကုန်၍လည်းကောင်း၊ တချို့က ကမ္မက္ခယ-ကံကုန်၍လည်းကောင်း၊ တချို့က ဥဘယက္ခယ-အသက်ကံနှစ်ပါးကုန်၍လည်းကောင်း၊ တချို့က ဥပစ္ဆေဒကကံတစ်ပါးဝင်၍ သတ်သောကြောင့်လည်းကောင်း၊ အမျိုးမျိုးသေကြပျက်စီးကြရသည်။ စကြဝဠာကို မီး ရေ လေ ဖျက်ရသည်၊ သောက ပရိဒေဝစသော တရားတို့နှင့် တွေ့ကြုံရသည်။

တိုင်းပြည်ရွာထူထောင်ခြင်း

သေခြင်းတည်းဟူသော ကမ္ဘာစစ်ကြီးပြီးသွားပြီး၍ နောင်လူများတို့သည် သုံးဆယ့်တစ်ဘုံ မြို့ရွာများမှာ ကံနှစ်မင်းစိမ်သောကြောင့် ပြန်၍ဖြစ်လာကြသည်။ တဏှာယောက်ျား လက်သမားသည် အပါယ်လေးဘုံမှာ ငရဲသူ ငရဲသား တိရစ္ဆာန် ပြိတ္တာ အသူရကာယ် ဖြစ်ကြရသည်။ လူ့ဘုံမှာလည်း ဆင်းရဲသူ ဆင်းရဲသား အရုပ်လှ မလှ၊ သူဌေးသူကြွယ်ဖြစ်ကြရသည်။ နတ်ဘုံမှာ နှတ်မင်း နှတ်မိဖုရား၊ ဗြဟ္မာဘုံမှာ ဈာန်ရ ဈာန်မရ၊ တန်ခိုးကြီးပါဒ်နှင့် ပြည့်စုံ, မပြည့်စုံသော ဗြဟ္မာများဖြစ်ကြရသည်။ ထို့ကြောင့် ဘုရားရှင်သည် အနေကဇာတိသံသာရဲ'စသည်ဖြင့် ခန္ဓာကိုယ်အတ္တဘောတည်းဟူသော အိမ်ကို ဆောက်လုပ်သော တဏှာယောက်ျားလက်သမားကို ရှာမှီးလျက် အစများစွာ သံသရာက စ၍ တပြောင်းပြန်

ပြန် ကျင်လည်ရလေပြီ။ အဖန်တလဲလဲ ဒုက္ခများခဲ့လေပြီ။ ယခုတော့ ငါသည် အတ္တဘောတည်းဟူသော ခန္ဓာကိုယ်ကို တည်ဆောက်တတ်သော တဏှာယောက်ျား လက်သမားကို ငါမြင်အပ်ပြီ။ နောင်တစ်ဖန် ခန္ဓာကိုယ် တည်းဟူသောအိမ်ကို မဆောက်ရလတ္တံ့၊ သင်တဏှာယောက်ျား လက်သမား၏ အလုံးစုံကုန်သော အိမ်ခြင်တို့ကို ဖျက်ဆီးအပ်ကုန်ပြီ၊ အိမ်၏ အထွတ်ကို ဖျက်ဆီးအပ်ပြီ၊ ပြုပြင်တတ်သောစိတ်ကို ကင်းစေအပ်ပြီ၊ တဏှာ၏ကုန်ရာ နိဗ္ဗာန်ကို ငါရပြီဟု ဥဒါန်းကျူးရင့်ခဲ့ပေသည်။

(သံသရာဝဋ်ဆင်းရဲနှင့် ပတ်သက်၍ ဥဒါန်းသုပ်ဝါသာသုတ် အဋ္ဌကထာ၊ ပဋိသမ္ဘိဒါမဂ်ပါဠိတော်၊ မဟာကာရုဏိကနိဒ္ဒေသကို ရှု)

စိတ်အရေးကြီးပုံ

အကြင်သူ၏ စိတ်သည် သမထ ဝိပဿနာတို့ကို မပွားအပ်၊ ထိုသူ၏ စိတ်သည် များစွာသောအကျိုးမဲ့ကို ဖြစ်စေတတ်၏။ အကြင်သူ၏စိတ်သည် သမထ ဝိပဿနာတို့ကို ပွားအပ်၏၊ ထိုသူ၏စိတ်သည် များစွာ လူနတ် နိဗ္ဗာန်အတွက် အကျိုးရှိ၏ဟု ဘုရားရှင်သည် အဂံုတ္တရပါဠိတော် (ပ) (၅)၌ ဟောတော်မူ၏။

ဆူးရှိသော သလေးစပါး၊ မုန့်ယောစပါးတို့ကို သတိမထားမိဘဲ ကိုင်က သွေးထွက်သံယိုဖြစ်စေသကဲ့သို့ မကောင်းသော ကာယကံ ဝစီကံ မနောကံတို့သည် အဂိတ္တာဘသည်ကို ဖြစ်စေတတ်၏ဟု ဂေါဏ်တ္တရပါဠိတော် (၇)၌ ဟောတော်မူသည်။ စိတ်ဖြူစင်ကြည်လင်လာက ရေကြည်အိုင်၌ ငါးများကို မြင်သကဲ့သို့ ရုပ်နာမ်များကို မြင်လာလိမ့်မည်။ ထို့ကြောင့် အပွမာဒတရားလို၏၊ အကုသိုလ် ကာယကံမှု ဝစီကံမှု မနောကံမှုသည် ကောင်းကျိုးကို ပေးသည် ထုံးစံမရှိ။

ဓမ္မဒီပါအလား ဤသတ္တဝါများ

ကေဝုံတ္တရပါဠိတော် (၃၉)၌ ဘုရားရှင်သည် ဤဓမ္မဒီပါ လက်ျာတောင်ကျွန်း၌ နှစ်သက်ဖွယ်ကောင်းသော သစ်သီးပန်းမာလ်ဥယျာဉ်၊ နှစ်သက်ဖွယ်ကောင်းသော တော တောင်၊ နှစ်သက်ဖွယ်ကောင်းသော မြေအပြင်၊ နှစ်သက်ဖွယ်ကောင်းသော ရေကန် ရေအိုင်သည် မပြောပလောက်သာရှိသည်။ စင်စစ်ကား အနိမ့် အမြင့် မြေအပြင်၊ ကောက်ကွေ့သော ချောင်းမြောင်း သစ်ငုတ် ခလုတ် ဆူးခြုံ မညီမညွတ်သော တောတောင်တို့သာ များကုန်၏။ နည်းတူ ကုန်းနေသတ္တဝါ နည်းပါး၍ ရေနေသတ္တဝါတို့သာ များကုန်၏၊ သတ္တဝါတို့သည် ကုသိုလ်တရား နည်းပါးမှုကြောင့် အထက်အထက်ဘုံမှ အောက်အောက်ဘုံသို့သာ အများသည်။ ဤဓမ္မဒီပါကျွန်းသည် တောနေသံးထောင်၊ ရေနေလေးထောင်၊ လူနေသုံးထောင်အားဖြင့် ယူဇနာတစ်သောင်း ကျယ်ပြန့်သည်။ ထို့ကြောင့် ဘုရားရှင်သည် ဟတ္ထကအာဠာဝကမင်းသားအား အကြင်သူကြွယ်သည် လည်းကောင်း၊ သူကြွယ်၏သားသည်လည်းကောင်း ရာဂနှိပ်စက်ခြင်းကို သည်းခံနေကြသည်။ ငါဘုရားရှင်ကား ပယ်အပ်ပြီ၊ ထန်းပင်မြစ်ကို ဖြတ်သကဲ့သို့ ဖြတ်အပ်ပြီ။ အရုပ်မရှိအောင် ထန်းပင်ကို ပြုသကဲ့သို့ ကူးဖော်အပ်ပြီ။ တစ်ဖန်မဖြစ်စေခြင်းကို ပြုအပ်ပြီ၊ နောင်တစ်ဖန်မဖြစ်စေခြင်း သဘောရှိ၏။ ထို့ကြောင့် ငါဘုရားသည် ကောင်းစွာအိပ်ရပြီဟု တိကအင်္ဂုတ္တရပါဠိတော် (၁၃၆)၌ ဟောတော်မူ၏။ ဘုရားရှင်သည် ဝေရဉ္ဇပုဏ္ဏားအားလည်း ဤနည်းအတိုင်း ဟောဖူး၏။ (ပါရာဓိကဏ်ပါဠိတော်ကို ရှု)

အရှင်အာနန္ဒာနှင့် ဆန္နပရိပိုဖ်

အရှင်အာနန္ဒာအား ဆန္နပရိပိုဖ်က အရှင်ဘုရား အာနန္ဒာ အရှင်ဘုရားတို့သည် အဘယ်အပြစ်ကို မြင်၍ ရာဂဒေါသမောဟတို့၏ ပယ်ခြင်းကို ပညတ်ကြပါသနည်းဟု လျှောက်ထားလေလျှင် အရှင်အာနန္ဒာမထေရ်က ဆန္နပရိပိုဖ် ရာဂ ဒေါသ မောဟတို့သည် ပညာမျက်စိအမြင်ကန်းခြင်းကို ပြုတတ်ကုန်၏။ ပညာမျက်စိမရှိသည်ကို ပြုတတ်၏၊ ပညာဉာဏ်ကို မဖြစ်စေတတ်၊ ပညာတရားကို တားမြစ်တတ်၏၊ ကိုယ်စိတ် ပင်ပန်းခြင်းကို ပြုတတ်၏၊ နိဗ္ဗာန်သို့ မရောက်စေတတ်ဟု တိကုံတ္တရပါဠိတော် (၂၁၇)၌ ဟောတော်မူ၏။

ပဋိစ္စသမုပ္ပါဒ်ဉာဏ်ရှိသောသူသည် တန်ဆောင်မုန်းလပြည့်နေ့၌ ဆီးနှင်း မြူတိမ် သူရိန် မီးခိုး ကင်းပျောက်၍ တင့်တယ်ဘိသကဲ့သို့ ကိလေသာကင်းစင်၍ ဤလောကအလယ်၌ တင့်တယ်၏။ အဆင်းအဂါ ခွန်အားနှင့် ပြည့်စုံသော အာဇာနည်မြင်းသည် မင်းအား လျောက်ပတ်သကဲ့သို့ အဆင်း သီလ ဝိရိယအား သစ္စာလေးပါးကို သိခြင်းတည်းဟူသော လျင်မြန်ခြင်းနှင့် ပြည့်စုံသောသူသည် အာဟုနေယျစသော ပူဇော်အပ်သော ဂုဏ်အပေါင်းစသည်တို့နှင့် ပြည့်စုံသည်။

ထို့ကြောင့် ဘုရားရှင်သည် ဗြဟ္မဇာလသုတ်ပါဠိတော် (၄၂) ဒေသနာ၌ ဖဿာယတနခြောက်ပါးတို့၏ ဖြစ်ခြင်း ချုပ်ခြင်း သာယာခြင်း အပြစ်ထွက်မြောက်ရာကို ဟုတ်မှန်တိုင်းသိ၏။ ဤသူသည် အလုံးစုံသော သူ အလုံးစုံသောတရားထက် မြတ်သည်မည်၏ဟု ဟောတော်မူ၏။

ပညာတရားပေါင်းချုပ်ကြိုး

မြစ်ကြီးငါးသွယ် မြစ်ငယ်ငါးရာမှ ရေများသည် မဟာသမုဒ္ဒရာသို့ စီးဝင်သကဲ့သို့ ကာယကတာသတိတရားကို ပွားသည်ရှိသော် ပညာနှင့်

ပတ်သက်သော အလုံးစုံသောတရားများ ပါဝင်လေတော့၏။ ၎င်းကာယ ကတာသတိတရားကို ပွားအပ်သည်ရှိသော် လောကကို ထိတ်လန့်ခြင်း၊ ပစ္စုပ္ပန်သံသရာအကျိုးများခြင်း၊ ယောဂကုန်ခြင်း၊ သတိပညာနှင့် ပြည့်စုံခြင်း၊ လောကီလောကုတ္တရာပညာကို ရခြင်း၊ ပစ္စုပ္ပန်ဘဝ၌ ချမ်းသာစွာ နေရခြင်း၊ ပုဗ္ဗေနိဝါသစသော ဝိဇ္ဇာဉာဏ်၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရခြင်းငှာ ဖြစ်၏။ မျိုးစေ့မကောင်းသည်ကို မီးရှို့ပစ်သကဲ့သို့ ဖဿ ဝေဒနာ စသော အမှိုက်သရိုက်များကို မဂ်မီး ဖိုလ်မီးတို့ဖြင့် ရှို့ပစ်ရာ၏။

* ကာယဂတာ၊ ပွားလေပါ၊ သိရာအကျိုးရှိ။
သံဝေဂဉာဏ်၊ ကျိုးအတွံ့၊ ယောဂံကုန်လေဘိ။
သတိတစ်ဖြာ၊ ကျိုးပညာ၊ ဉာဏဒဿနီ။
ဒိဋ္ဌဓမ္မာ၊ သုခပါ၊ ဝိဇ္ဇာဝိမုတ္တိ။ (ဇကဂံတ္တရပါဠိတော်၊ ၄၉)
(များစွာဆက်၍ ရသည်၊ သတိပဋ္ဌာနသုတ်စသည်ရှု)

နေတ္တိပါဠိတော် (၁၆၀)၌ မိမိနှင့်တူသောချစ်သောသူ မရှိ၊ စပါးနှင့်တူသောဥစ္စာမရှိ၊ ပညာနှင့်တူသော အလင်းရောင်မရှိ၊ မိုးရွာခြင်းသည် အိုင်မှာ ပြည့်၏ဟု လာပေ၏။ ၎င်းအဋ္ဌကထာ (၄၄)၌လည်း မိမိခန္ဓာကိုယ် အတွင်းဘောတည်းဟူသောလှေကို ရေကို ထုတ်ပစ်က ပေါ့ပေါ့ပါးပါး ကမ်းတစ်ဖက်သို့ ရောက်စေသကဲ့သို့ နည်းတူ ကိလေသာတရားတို့ကို ကာမကုသိုလ်စသည်တို့ဖြင့် ပယ်၍ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်သို့ ရောက်နိုင်သည်။

ထို့ကြောင့် အဋ္ဌဂံတ္တရပါဠိတော် (၁၁၄)၌ ဘေးဟူသောသဘော၊ ဆင်းရဲခြင်းသဘော၊ ရောဂါတရား အိုင်အမာဟူသောအမည်၊ မြားဟူသော အမည်၊ ငြိကပ်ခြင်း ညွှန်ဟူသောအမည်၊ တိုက်စန်း၊ တပ်နှစ်သက်ခြင်း ဟူသမျှတို့သည် ကာမဂုဏ်ငါးပါးတရားတို့၏အမည်ပင်တည်းဟု ဟော

တော်မူ၏။ ထို့ကြောင့် မည်သူမဆို အကြင်ပုဂ္ဂိုလ်သည် ကာမဂုဏ်တရား တို့ကို မှီဝဲခြင်းငှာ မထိုက်၊ မြတ်သောအကျင့်သာလျှင်လည်း လျောင်းရာ ရှိသည်ဟု စတုဂုံတ္တရပါဠိတော် (၁၄၅)၌ မိန့်မြွက်တော်မူခဲ့သည်။

ရွှေမြို့တော်ကြီး

တံခါးတည်းဟူသော သဒ္ဓါတရား၊ ကျုံးတည်းဟူသော ဟိရီ၊ လမ်း တည်းဟူသော သြတ္တပ္ပ၊ လက်နက်တည်းဟူသော ဗဟုသုတ၊ စစ်သား တည်းဟူသော ဝီရိယ၊ တံခါးစောင့်တည်းဟူသော သတိ၊ တံတိုင်းတည်း ဟူသော ပညာရှိမှသာလျှင် ကိလေသာရန်သူများ မဝင်နိုင်ပေရာ။

* သဒ္ဓါတံခါး၊ ကျုံးထားဟိရီ၊ လမ်းသြတ္တပ္ပ၊ တိုင်က ဉာဏ်သိ။

ဗဟုသုတက်၊ လက်နက်မှန်းသိ၊ သတိကား၊ တံခါးစောင့်ဟုဘိ။

ဝီရိယ မှတ်ကြစစ်သားသိ။

(သတ္တဂုံတ္တရပါဠိတော် နဂရောပမာသုတ်ကို ရှု။)

ထို့ကြောင့် ခဒိယဝနိယ ရေဝတထေရ်သည် "ယထာ နဂရံ ပစ္စန္တံ" စသည်ဖြင့် အစောင့်အရှောက် လုံခြုံသော တိုင်းပြည်မြို့ရွာသည် စည်ပင်သာယာသကဲ့သို့ မိမိကိုယ်ကို မျက်စိစသော တံခါးပေါက်တို့မှ ဝင်လာသော ရှုပါရုံစသည်တို့ တားမြစ်နိုင်၊ အသာယာဆုံး နိဗ္ဗာန်ရွှေမြို့ တော်ကြီးပေတည်း။

(ဥပရိပဏ္ဏာသပါဠိတော်၊ အနာထပိဏ္ဍိကောဝါဒသုတ်စသည်ကို လည်း ရှုပါလေ။)

အရိယာဝါသတရားဆယ်ပါး

(၁) နိဝရဏပါးပါးကို ပယ်ခြင်း၊ (ချဲ့နိုင်၏) (နိဝရဏအကြောင်း)

(၂) အာရုံခြောက်ပါးဌ ဥပေက္ခာနှင့် ပြည့်စုံခြင်း၊ (အာယတနခြောက်ပါး)

(၃) သတိအစောင့်အရှောက်ရှိခြင်း၊ (မဟာသတိပဋ္ဌာန်အကြောင်း သိကောင်းစရာ)

(၄) ဆင်ခြင်ရာဌ မှီဝဲခြင်း၊ သည်းခံခြင်း၊ ပယ်ခြင်း၊ ရှောင်ကြဉ်ခြင်း၊ (ပစ္စည်းလေးပါး အာသဝတရားများ) (သင်္ဘာသဝသုတ်ကို ရှု)

(၅) ပဏ္ဍုန္နပစ္စေကသစ္စာခေါ် မှားသောအယူသစ္စာတို့ကို ပယ်ခြင်း၊

(၆) ကာမဂုဏ်ဌ ရှာမှီးခြင်းကို စွန့်ခြင်း၊

(၇) ကာမဂုဏ်ဌ ရှာမှီးခြင်းအကြံကို စွန့်ခြင်း၊

(၈) ကာယသင်္ခါရငြိမ်းအေးခြင်းဟူသော ဥပေက္ခာရှိခြင်း၊

(၉) ရာဂ ဒေါသ မောဟမှ လွတ်ခြင်း၊

(၁၀) ရာဂ ဒေါသ မောဟမှ လွတ်ရန် ဥစ္ဆိန္နမူလ အမြစ်ပြတ်ခြင်းစသော တရားရှိခြင်း၊

အရိယာဝါသဟူသည် အရိယာတို့၏တရားတည်း၊ ၎င်းတရားတို့နှင့် ပြည့်စုံသောသူတို့သည် မင်္ဂလစ်ပါးနှင့် ပြည့်စုံစွာနေသည်ဟု အရှင်သာရိပုတ္တရာကိုယ်တော်မြတ် ဟောတော်မူသည်။

ထိုအခါ ဘုရားရှင်သည် ဤဆယ်ပါးသောတရားတို့ကို ချီးကြူးအားထုတ်သည်ရှိသော် ဤသာသနာတော်သည် အရှည်ခန့်ရာ၏၊ ကြာမြင့်စွာ တည်ရာ၏၊ လူနတ်ပြဟ္မာတို့၏ အစီးအပွားဖြစ်၏ဟု ဟောတော်မူပြီ၊ အရှင်သာရိပုတ္တရာ ချီးမွမ်းတော်မူ၏။

* ငါးပယ် ခြောက်ရှိ၊ သတိဆင်ခြင်၊ သစ္စာပယ်မှ၊ ကာမစွန့်သင်။
အကြံ စွန့်ရ၊ ကာယငြိမ်းလျှင်၊ ရာဂလွတ် မှတ်အပ်ပညာရှင်။
(ပါထေယျပါဠိတော်)

ဆ ဖဿာယတနေ ဟိတ္ထာ၊ ဂုတ္တဒ္ဒါရော အနာဝိလော။
အယမ္ပလံ ဝမိတ္ထာန၊ ပတ္တော မေ အာသဝက္ခယော။
(ပါရာပရိယဏေရဂါထာပါဠိတော်၊ ၂၄၅)

ဆ–ခြောက်ပါးကုန်သော၊ ဖဿာယတနေ–ဖဿာယတနတို့ကို၊ ဟိတ္ထာ–ပယ်စွန့်၍၊ ဂုတ္တဒ္ဒါရော–လုံခြုံသော တံခါးရှိသည်ဖြစ်၍၊ သုသံဝုတော–စောင့်စည်းလျက်၊ အယမ္ပလံ–ပြစ်မှားတတ်သော ဒေါသတည်းဟူသော မှုလကို၊ ဝမိတ္ထာန–သီလ သမာဓိ ပညာ အဖြာဖြာတို့ဖြင့် သတ်၍၊ မေ–ငါ့အား၊ အာသဝက္ခယော–အာသဝတရားလေးပါးတို့၏ ကုန်ရာအမှန် မြတ်နိဗ္ဗာန်သို့၊ ပတ္တော–ရောက်ရလေသည်သာတည်း။

* * * *

ပဋိစ္စသမုပ္ပါဒ်အကြောင်း သိဂၤကောင်းစရာ ၁၀၁

(၆) 'ဖဿပစ္စယာ ဝေဒနာ'အကြောင်း သိကောင်းစရာ

ဖဿသည် အာရုံ၌ တွေ့ထိခြင်းသဘောလက္ခဏာရှိ၏၊ ဆိတ်နှစ်ကောင်ခွေ့ခြင်း၊ လင်းကွင်းတီးခြင်း၊ လက်ခုပ်တီးခြင်းကဲ့သို့ တွေ့ထိခြင်းကိစ္စရှိ၏။ တစ်နည်း ချဉ်သီးကို စားသောသူကို မြင်က တံထွေးစသည်ဖြစ်သကဲ့သို့၊ ငါးပွက်ရာ၌ ငါးသည် ဘယ်လောက်ကြီးသည်ဟု သိနိုင်သကဲ့သို့လည်းကောင်း၊ သစ်ပင်တက်သောသူကို မြင်လျှင် ခြေထောက်ယားသကဲ့သို့လည်းကောင်း တူပေ၏။ ဖောဋ္ဌဗ္ဗကား ကုန်ရင် ညောင်စောင်းမှာ အိပ်ရသည်နှင့်တူ၏။ ဖဿကား နာမ်၊ ဖောဋ္ဌဗ္ဗကား ရုပ်တည်း။

ဤဖဿသည် စက္ခု၊ သောတ ဃာန ဇိဝှါ ကာယ မနနှင့် ပတ်သက်၍ ဖဿခြောက်မျိုးရှိကြောင်းကို ဘုရားရှင်သည် ဝိဘင်းပါဠိတော် (၁၄၃)၌ ဟောတော်မူ၏။

ဝေဒနာသည် ချမ်းသာသည်ကို ခံစားခြင်း သုခဝေဒနာ၊ ဆင်းရဲသည်ကို ခံစားခြင်း ဒုက္ခဝေဒနာ၊ လျစ်လျူရှုခြင်း ဥပေက္ခာဝေဒနာ ဟူ၍ သုံးပါးရှိသည်။ တစ်နည်းအားဖြင့် သုခဝေဒနာ ဒုက္ခဝေဒနာ သောမနဿဝေဒနာ ဒေါမနဿဝေဒနာ ဥပေက္ခာဝေဒနာ ဟူ၍ ငါးပါးရှိသည်။

ကိလေသာအား

လောဘစသော ကိလေသာအားဟူသည် မြင်းမိုရ်တောင်ကို ကျွတ်စေတတ်သောလေကား ဆင်လောက်ကြီးသောတောင်ကို တောင်ဟူ၍ မရေတွက်ရာ၊ သပြေပင်ကို လဲစေတတ်သောလေသည် သမန်းမြက်ပင်ကို

အရေးမစိုက်ရာ၊ သမုဒ္ဒရာကို ခန်းစေတတ်သောမီးသည် တစ်ဖက်ဆည်ကန်
ကို အရေးမထားရာ၊ ကမ္ဘာဖျက်မိုး ရေလေမီးသည် ရေကန်သက်ကယ်တဲ
ကို အဘယ်ဆိုဖွယ်ရာရှိအံ့နည်း၊ ဤနည်းပမာတူလှပါ၏။

အရှင်ဘဒ္ဒိယရဟန်းသည် ခဏခဏ အဟောသုခံ-ဩဘော် ချမ်းသာ 6
စွ၊ အဟော သုခံ-ဩဘော် ချမ်းသာစွဟု ဆိုတတ်၏။ ရဟန်းတို့က အရှင်
ဘဒ္ဒိယသည် လူ့ဘဝက စည်းစိမ်ကို အောက်မေ့လျက် ပြောဆိုနေသည်
ဟု ဘုရားရှင်အာ လျှောက်ထားကြလေရာ ဘုရားရှင်က ဘဒ္ဒိယရဟန်း
သည် ရှေးက မင်းဖြစ်ဖူးသည်။ ထိုအခါက အသွားအလာ အနေအထိုင်
စသည်၌ အစောင့်အရှောက်ဖြင့် အစစအရာရာ စိတ်ကြပ်တည်းရ၍၊ ယခု
အခါကား လွတ်လပ် လပ်လပ်နေရသဖြင့် ပြောဆိုကြောင်း မိန့်တော်မူ
ဖူးသည်။ ရှိသမျှဖြစ်လာသမျှ ဒုက္ခသာ၊ ပုထုဇဉ်တို့ကား သုခဒုက္ခပယ်
နိုင်ခဲ၏၊ အမြဲတမ်းလည်း တွေ့နေရသည်။

(ကုဒါလပဏ္ဍိတဝတ္ထု၊ ဂင်္ဂါမာလဇာတ်၊ ကောသဉ္စကပုဏ္ဏား၊ မိမိ၏
လွှင့်ပစ်ခဲ့သောနွားနှင်တံကို မြင်၍ ခုနစ်ကြိမ် လူထွက်သောရဟန်း၊ မစ္ဆရိယ
ကောသိယသူဌေးဝတ္ထုစသည်ရှု)

အာဟာရတရားလေးပါး

ဘုရားရှင်သည် နိဒါနဝဂ္ဂသံယုတ်ပါဠိတော် (၂၅၃၃)၌ သုံးဆယ့်တစ်
ဘုံမှာ ထောင်ထားသော ကဗဠီကာရာဟာရ၊ ဖဿာဟာရ၊ မနောသဉ္စေ
တနာဟာရ၊ ဝိညာဏာဟာရတည်းဟူသော အာဟာရလေးပါးကို ဟော
တော်မူ၏။

ကဗဠီကာရာဟာရသည် အဋ္ဌကလာပ်ရုပ်ကို ဆောင်ထား၏။ ကဗဠီ
ကာရာဟာရာတိ ဩဇဋ္ဌမကရူပံ အာဟာရတိ-ကို ရှုအပ်၏။ "ဖဿပစ္စယာ

ဝေဒနာ''ဟူသည်နှင့်အညီ ဖဿဟာရသည် ဝေဒနာကို ဆောင်ထား၏။ မနောသဉ္စေတနာဟာရသည် ''စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ''ဟူသည်နှင့်အညီ စေတနာတရားသည် သခါရဖြစ်ရကား 'သခါရပစ္စယာ ဝိညာဏံ'' ဟု လာရကား ဝိညာဏ်ကို ဖြစ်စေ၏။ ဝိညာဏာဟာရသည် ''ဝိညာဏ ပစ္စယာ နာမရူပံ''ဟူသည်နှင့်အညီ နာမ်ရုပ်ကို ဆောင်ထားသည်၊ ဖြစ်စေသည်ကို သိအပ်၏။

ဤနေရာ၌ ဖဿဟာရသည် လိုရင်းဖြစ်သော်လည်း ထင်ရှား၍ ကဗဠီကာရာဟာရကို ဖြစ်အပ်၏။ ဗောဇ္ဈင်္သံယုတ်ပါဠိတော် (၅၈)၌ ဤကိုယ်ခန္ဓာသည် အာဟာရလျှင် တည်ရှိ၏။ နည်းတူ နိဝရဏငါးပါးသည် အာဟာရလျှင်တည်ရှိ၏ဟု ဟောတော်မူ၏။ နိဒါနဂဋ္ဌသံယုတ်ပါဠိတော် (၃၂၃)၌ ကဗဠီကာရာဟာရခေါ် အစားအစာကို ပိုင်းခြား၍ သိသည်ရှိသော် ကာမဂုဏ်ငါးပါးကို ပိုင်းခြား၍သိသည်။ ကာမဂုဏ်ငါးပါးကို ပိုင်းခြား၍ သိသည်ရှိသော် သံယောဇဉ်ကင်းသည်၊ သံယောဇဉ်ကင်းကဉ်ဆုံးဆယ့်ဘစ်ဘုံသို့ မလာရာဟု ဟောတော်မူ၏။

နေတ္တိအဋ္ဌကထာ လက္ခဏာဟာရဝိဘင်္ဂဝဏ္ဏနာ (၉၇)၌ သတိပဋ္ဌာန်လေးပါးကို ပွားများသောသူသည် အသုဘ၌ သုဘ၊ အနိစ္စ၌ နိစ္စ၊ ဒုက္ခ၌ သုခ၊ အနတ္တ၌ အတ္တဟူသော ဝိပလ္လာသများကို ပယ်နိုင်သည်။ အာဟာရ တရားလေးပါးကိုလည်း ပိုင်းခြား၍သိနိုင်သည်။ အာဟာရ ပါရားလေးပါးကို ပိုင်းခြား၍ သိက ကာမရာဂစသော တရားများ ကုန်ဆုံးနိုင်သည်ဟု ဖွင့်ဆိုထား၏။

ဤသို့ သမထ ဝိပဿနာ သတိပဋ္ဌာန်၊ ပဋိစ္စသမုပ္ပါဒ်တရားများကို ရှုပွားကုန်သော် သက္ကာယဒိဋ္ဌိတရားများကို ပယ်နိုင်၏၊ သက္ကာယဒိဋ္ဌိကို ပယ်မှ ကာမရာဂစသည် ပယ်နိုင်သည်။

ဤကဗ္ဗိုကာရာဟာရသည် မိကျောင်းစသော တိရစ္ဆာန်၊ ငှက်လူ၊ ငှင်းတို့ထက် နှတ်တို့အား သိမ်မွေ့၏။ ဤအာဟာရတရားမျှားသည် အိမ်ကို ကျားကန်သည်နှင့်တူ၏။ ဤအာဟာရကို မှီဝဲရာ၌ ကန္တာရခရီး ခဲဝယ် စားစရာမရှိ၍ သားကို သတ်စားသည့် သဘောထားရသည်၊ လှပ ခြင်းငှာ မဟုတ်။ ကျန်းမာချမ်းသာ၍ သာသနာ့တာဝန်ကို ထမ်းဆောင်နိုင် ရန် ဖြစ်သည်ဟု အာသာပြတ်ကာ မှီဝဲရာ၏။ အရေမရှိသောနွားသည် ဆူးစသည်ကြောင့် ဒုက္ခရောက်ရသည်နှင့်လည်းကောင်း၊ မီးကိုးတွင်းသည် လောင်စာကို စားပစ်သည်နှင့်လည်းကောင်း၊ လုံပေါင်းများစွာတို့ဖြင့် အထိုး ခံရသည်နှင့်တူ၏။

အာဟာရသည် အမိက သားကို ဖြစ်စေသည်နှင့်လည်းကောင်း၊ အမိသည် ကလေးကို ယုယသည်နှင့်လည်းကောင်း၊ သစ်ပင်များကို ရေ လောင်း မြေတောင်မြှောက်ပေး၊ ဓာတ်မြေဩဇာ ထည့်ပေးသည်နှင့်လည်း တူပေ၏။ အာဟာရနှင့်ပတ်သက်၍ တန်ဆေးလွန်ဘေးလည်း ရှိသည်။ ရှေးအခါက ပုဏ္ဏားများ လုံချည်ကျွတ်အောင်၊ သူများဆွဲထူရအောင်၊ ခံတွင်းကို ကိုင်းနှိုက်စားလောက်အောင်၊ လဲအောင် စားသူများလည်း ရှိသည်။

အရှင်သာရိပုတ္တရာက တရားအားထုတ်နိုင်ရန် "စတ္တာရော ပဋ္ဌ အာလောပ"စသည်ဖြင့် လေးလုတ် ငါးလုတ် စားရမည်။ သို့မဟုတ် ဝအောင် မစားဘဲ လေးလုတ် ငါးလုတ်စာချန်ထား၍ ရေသောက်နေက ကမ္မဋ္ဌာန်းအားထုတ်ရန် ကောင်းသည်ဟု ဟောတော်မူဖူး၏။

အာဟာရဒုက္ခ

ပေါရိုဏဒမင်းကား အသားကို ကြိုက်၍ စားတော်ချက်က တစ်နေ့ သောအခါ အသားမရ၍ လူသားကို ချက်ကျွေးဖူး၏။ အကောင်းဆုံးဟု အာရုံပြုပြီး သုသာန်မှ လူသား ထောင်သား လမ်းသွား လမ်းလာလူများကို

သတ်၍ စား၏။ နောက်လူများသိလာ၍ တောမှာ သွားပြီးနေရသဖြင့် လူများကို ဖမ်း၍ သတ်ကား စားလေသည်။ သုပ္ပိယာဒါယိကာမသည် ရဟန်းတစ်ပါး ဂိလာနပုဂ္ဂိုလ်အတွက် အသားမရ၍ ပေါင်သားကို လှီးပြီး ဆံပြုတ်ပြုတ်သည်။ စူဠပညာဇာတ်၌ ဖခင်ဘုရင်က နန်းလုမှာ ကြောက်၍ သားခုနစ်ယောက်တို့ကို တိုင်းပြည်မှ နှင်ထုတ်ရာ တောထဲ၌ ရိက္ခာကုန်၍ မယားကို သတ်စားကြ၏။ ကြောက်၍ ဘုရားလောင်းစူဠပဒုမမင်းသားလင်မယား ထွက်၍ပြေးရာ မိဖုရားက ရေဆာ၍ မင်းသားက သံလျက်ဖြင့် လက်မောင်းသွေးကို ဖောက်၍ တိုက်ဖူးသည်။ နောက်မှ မင်းဒဏ်သင့်၍ မျောလာသော ငတုံးနှင့်တွေ့၍ ကြိုက်လေသည်။ စကြဝဠာတံတိုင်းသုံးခုကြား လောကန္တရိက် ငရဲသားတို့သည် တံတိုင်းမှာ တွဲလွဲဆွဲကာ အလင်းရောင်မရ၍ တစ်ဦးတစ်ဦး အစာထင်ပြီး ဖမ်း၍ဆွဲရာ ရေထဲသို့ လိမ့်ကျလျက် ကြေမွပျက်စီးကြရသည်။

တိရစ္ဆာန်များ တစ်ကောင်ကို တစ်ကောင်သတ်၍ စားကြ၏။ လူများလည်း တိရစ္ဆာန်များကို သတ်၍ စားကြ၏။။ သတင်းစာ၌ နိုင်ငံခြားမှာ လူတစ်ယောက်၏ အံဖတ်ကို လူတစ်ယောက် ကောက်၍စားသည်ဟုလာ၏။ စစ်ကလည်း ဖြစ်နေ၊ ရေကလည်း ရှား၍ ရှင်ဘုရင်က ကလေးကျင်ငယ်ရေကို သောက်ပါ၊ ကျန်းမာရေး မထိခိုက်ဟု ရေဒီလိုမှ ကြော်ငြာပေး၏။ လူတစ်ယောက် ရေသောက်မည်ပြုစဉ် နောက်တစ်ယောက်က သေနတ်နှင့် ပစ်သတ်၍ လုသောက်၏။ ပြိတ္တာများ ကံအားလျော်စွာ သူများသူတကာ ပါးစပ်ထဲသို့ ရေများသွန်လောင်းပါငြားသော်လည်း ရေတစ်ပေါက်မှ မသောက်ရ။

လူများအစာအာဟာရအတွက် ညမအိပ်ရ၊ နေ့မအိပ်ရ၊ လယ်လုပ်ကုန်သည် စာရေး စာချီ တံငါ စစ်သားစသည်ဖြင့် အသက်မွေးကြရ၏။

အစာအာဟာရအတွက် ရှာရင်း ဖွေရင်း အသက်ကုန်ဆုံးကြရ၏။ တမ္ဗ ဒါဋ္ဌိကသူသတ်ကြီး သူသတ်ရာထူးဖြင့် အသက်မွေးရ၏။ ဥဂ္ဂသေနသူဌေး သား ဇာတ်ကၡ အသက်မွေးရ၏။ ဇနကမင်းသား ပင်လယ်ထဲမှာ သဘော်ပျက်ရ၏။ ဘုရားရှင်သည်ပင် ဝေရဉ္ဇာတိုင်းပြည်၌ ဒုဗ္ဘိက္ခန္တရကပ်နှင့် တွေ့၍ စပါးများကို ထုထောင်းကာ အရှင်အာနန္ဒာက ကပ်ရ၏။ နည်းတူ ဝဇ္ဇီတိုင်းသား ရဟန်းများတို့သည် ဒုဗ္ဘိက္ခန္တရကပ်ဆိုက်နေ၍ ဆွမ်းခံမရ သဖြင့် လူများ မလှူချင် လှူချင်အောင်၊ ဤပုဂ္ဂိုလ်ကား သောတာပန် တည်း၊ ဤပုဂ္ဂိုလ်ကား သကဒါဂါမ်တည်း စသည်ဖြင့် အချင်းချင်း ကြွားဝါး ကြ၏။ သေတဋ္ဌိကာ သေ၍ လူများအရိုးဖွေးဖွေးဖြူနေ၏။ စပါးပင်များ အသီးမရှိဘဲ အရိုးများသာ ဖွေးဖွေးဖြူနေ၏။ သလာကဝုတ္တာ–စာရေးတံ ဖြင့် အသက်မွေးကြရ၏။ ဒွီဟိတိကာ–သေရအံ့လော၊ ရှင်ရအံ့လောဟု နှလုံးနှစ်ခွရှိနေကြရ၏။

သီဟိုဠ်ကျွန်းမှာ ဗြာဟ္မဏတိဿဘေးဖြစ်စဉ် အငတ်ဘေးနှင့် တွေ့ကြုံရသဖြင့် တောင်ချိုင့်တစ်ခုမှာ အရိယာသံဃာတော်များ နှစ်သောင်းလေး ထောင် ပရိနိဗ္ဗာန်ပြုကြရ၏။ သူပန်တစ်ယောက် ရဟန်းတစ်ပါး၏ ပိုက်ကို ဓားနှင့် ခွဲပြီး ထမင်းကို ယူ၍ ရေဆေးစား၏။ ဝေဒဗ္ဗဏဇာတ်၌ သူပုန်ဓားပြ တစ်ထောင် ပစ္စည်းအဝေ မတည့်၍ သတ်ကြရာ နှစ်ယောက်တည်းသာ ကျန်၏။ ၎င်းနှစ်ယောက်သည် တစ်ယောက်တည်းသာ လိုချင်၍ တစ်ယောက်က ထမင်းသွားတောင်းရာ အဆိပ်ထည့်၍လာ၏။ ၎င်းကို နောက်တစ်ယောက် ဓားနှင့် ခုတ်သတ်ပြီး စားရာ အဆိပ်သင့်၍ သေ လေ၏။

* သွားရာ သုံးပေ သည်းခြေ အာသယ၏၊
အစာသစ်အိမ် ကျက်ငြိမ်း မကျက်။

အကျိုးယိုစီး မှတ်ပြီး လိမ်းလျက်၊

အာဟာ ဒုက္ခသံသာစက်။

အစာရှာသွားရာ၌လည်းကောင်း၊ ရှာမှီးရာ၌လည်းကောင်း၊ မှီဝဲသုံး ဆောင်ရာ၌လည်းကောင်း၊ သည်းခြေစသော တည်ရာအားဖြင့်လည်း ကောင်း၊ အစာသစ်အိမ်နှင့် ပတ်သက်၍လည်းကောင်း၊ အစာ၏ ကျက် မကျက်သော အခြင်းအားဖြင့်လည်းကောင်း၊ ပြီးစေအပ်သော အကျိုးအား ဖြင့်လည်းကောင်း၊ ယိုစီးခြင်းအားဖြင့်လည်းကောင်း၊ လိမ်းကျံသောအားဖြင့် လည်းကောင်း ဒုက္ခတရားများကို ရှုဆင်ခြင်အပ်၏။

အစာရှာသွားရာ၌ လူချေး နွားချေး ခွေးချေးစသည် နင်းမိသည်။ ခလုတ်တိုက်မိသည်၊ ရေမြောင်းကူးရသည်၊ မြွေ ကျဲ နွား ခွေး အန္တရာယ် ကို ကြောက်ရသည်။ အစာရှာရာ၌ နေပူမနှောင် မိုးရွာမနှောင် နေထိုင် မကောင်းလည်း သွားရသည်၊ ရချင်မှ ရသည်၊ ဝန်လေးကို ထမ်းရသည်၊ လုပ်ရင်း သေရသည်၊ အချင်းချင်း ခိုက်ရန်ဖြစ်ရသည်၊ မှီဝဲသုံးဆောင် ရာ၌လည်း ခေါင်းစာ ခွက်ထမင်းကဲ့သို့လည်းကောင်း၊ အစာကို အထက်သွား တည်းဟူသော ကျည်ပွေ့ဖြင့် ထုထောင်း၍ လျှာတည်းဟူသော လက်ဖြင့် လှန်လှောလျက် တံထွေးသည် လိမ်းကျံ၏၊ အစာသည် ခွေးအံဖတ်ဘဝ ရောက်ရ၏။ သည်းခြေစသော တည်ရာအားဖြင့် အစာအာဟာရကို မှီဝဲ သော တိရစ္ဆာန်အစ ဘုရားရှင်ထိသည်၊ ခြေလွန်၏။ ထိုသူအား ချဲပစ် သော သစ်မည်စည်ဆီဖြင့် လိမ်းကျံသည်နှင့်တူ၏။ အကြင်သူအား သလိပ် လွန်၏၊ ထိုသူအား ဝက်ချေ၊ ပိန္နဲရွက်ရေဖြင့် လိမ်းကျံသည့်ပမာ ရှိ၏။ တချို့အား ပြည်ယိုတတ်၏။ ထိုသူအား ရည်ပုပ်ဖြင့် လိမ်းကျသည့်အလား တူ၏။ တချို့အား သွေးဖို၏၊ ထိုသူကား ချိပ်ရည်လိမ်းထားနှင့်တူ၏။

အစာသစ်အိမ်နှင့်ပတ်သက်၍ အစာသစ်အိမ်သို့ ရောက်လာက ၎င်းအစာသစ်အိမ်သည် ရွှေခွက်ထဲ၌ထားသော ပစ္စည်းနှင့် တူသည် မဟုတ်၊ ဥပမာ အသက်နှစ်ဆယ်ရှိသူအား အသက်နှစ်ဆယ်ပတ်လုံး မဆေးကြော သော မစင်ကျင်ကြီးအိမ်နှင့်တူ၏။ ကျက် မကျက်သော အခြင်းအရာဖြင့် ကား မျက်မှိ ရွာနားပြို့နားမှ အမြှုပ်တစီစီတက်နေသော တစည်းတွင်းကို ဖုံးအုပ်ထားသည်သို့ ရှိ၏။ ကျက်ပြီးလျှင်လည်း တဖိန်ဖိန်တောက်နေသော ရွှေငွေစိန်ကျောက်သို့ ရောက်နေသည်မဟုတ်၊ ဝါးကျည်တောက်၌ ထည့် ထားသော မြေညက်ကဲ့သို့ ကျင်ကြီးအဖြစ်သို့ ရောက်ရ၏။ ပြီးစေအပ် သော အကျိုးအားဖြင့်ကား ၎င်းအာဟာရသည် ဆံပင် အမွေးစသော ပုပ်သော အရာဝတ္ထုတို့ကိုဖြစ်စေ၏၊ ပွေးနာစသော ရောဂါဝေဒနာတို့ကို ဖြစ်စေတတ်၏။

ယိုစီးခြင်းအားဖြင့်ကား ပါးစပ်တစ်ပေါက်မှစား၊ ကိုးပေါက်မှ ပြန်၍ ထွက်၏။ စားစဉ်ကတော့ သားမယားတို့နှင့် တပြုံးပြုံး ယိုစီးပြန်လျှင်ကား ပုန်းလျှိုး ကွယ်လျှိုး အနံ့မကောင်း၍ နှာခေါင်းပင် ပိတ်ထားရ။

အန္နံ ပါနံ ခါဒနီယံ၊ ဘောဇနဉ္စ မဟာရဟံ။

ကေရတ္တိ ပရိဝါသာ၊ သဗ္ဗံ ဘဝတိ ပူတိကံ။ (ဝိသုဒ္ဓိ၊ ၄၊ ၃၄၁)

မဟာရဟံ-မြတ်သောသူတို့အားသာထိုက်သော၊ အန္နဉ္စ-ထမင်း လည်းကောင်း၊ ပါနဉ္စ-အဖျော်လည်းကောင်း၊ ခါဒနီယဉ္စ-ခဲဖွယ်လည်း ကောင်း၊ ဘောဇနီယဉ္စ-ဘောဇဉ်လည်းကောင်း၊ ကေရတ္တိ ပရိဝါသာ-တစ်ညတာ သိုမှီးခြင်းကြောင်း၊ သဗ္ဗံ-အလုံးစုံသည်။ ပူတိကံ-ပုပ်သည်၊ ဘဝတိ-ဖြစ်သည်သာတည်း။

လိမ်းကျံသောအားဖြင့်ကား နှုတ်ခမ်းလျှာစသည်တို့ကို လိမ်းကျံစေ သည်၊ ဤသို့အားဖြင့် ရှုအပ်၏။

အာဟာရဒုက္ခရွာကျိုး

အာဟာရ၌ တပ်နှစ်သက်ခြင်းတဏှာကင်း၏၊ သားရင်းကို ယက်စား ညှပမာ မာနကင်း၏။ ရွှေပက္ခန္ဓာကို ပိုင်းခြား၍သိ၏။ ကာယဂတာသတိ ၁၂၄ ဘာဝနာပြည့်စုံ၏၊ အသုဘဘာဝနာကို ပွားရာလည်းရောက်၏၊ ကောင်းရာ သုဂတိသို့ ရောက်စေတတ်၏။

သွားခြင်း ရှာခြင်းစသည်ဖြင့် သုံးသပ်သော ယောဂီအား သိသော ဉာဏ်သည် ဉာတပရိညာမည်၏။ လက္ခဏာရေးသုံးပါးဖြင့် သုံးသပ်ခြင်း သည် တီရဏပရိညာမည်၏။ အာဟာရနှင့်ပတ်သက်၍ တဏှာကင်းခြင်း သည် ပဟာနပရိညာမည်၏။ ဤသို့စသည်ဖြင့် သမ္မသနဉာဏ်ပေါက် ရောက်လာ၏။ နောက် ဓာတုသောတာပန်၊ နောက် မဟာသောတာပန် စသည် ဖြစ်လာနိုင်သည်။ ထို့ကြောင့် အာဟာရဒုက္ခ အာဟာရသမုဒယ အာဟာရမဂ္ဂ အာဟာရနိရောဓ ဆိုက်ရောက်အောင် ကြိုးစားအပ်၏။

* အရသာ စ၊ ကာမဂုဏာ၊ တပ်ခါကင်းငြား၊ ပိုင်းခြားရှုပါ၊
ကာယ အသုဘော၊ ကျင့်ပေမည်ကာ၊ သုဂတိ သွားဘိ အာဟာရာ။

ကိုယ်ခန္ဓာတစ်ခုလုံး၌ တသိမ့်သိမ့် တလှုပ်းလှုပ်း တရှိန်းရှိန်း တမိန်း မိန်း တွေ့ခြင်းသည်လည်း ရုပ်တရားများ အဟောင်းအဟောင်းပျောက်၍ အသစ်အသစ်ပေါ်လာခြင်းတည်း။ မြစ်ရေ၌ အဟောင်းအဟောင်းရေကို ရောက်၍ အသစ်အသစ် ၎င်းနေရာ၌ ရောက်နေသည်နှင့်တူ၏။ မျက် စိနှင့်မြင်အောင် လှုပ်ရှားခြင်းသည် ပရမတ္ထသဘာဝအစစ်မဟုတ်၊ အပေါင်း ဖြစ်သော သမ္မဟပညတ်၊ အထည်ဖြစ်တည်းဟူသော သဏ္ဌာနပညတ်၊ အစဉ်အဆက် မပြတ်ခြင်း သန္ဋတိပညတ်တည်း။ နည်းတူ မီးလျှံသည်လည်း အဟောင်းအဟောင်းပျောက်၍ အသစ်အသစ်တောက်လောက်နေခြင်းသာ၊

အမြဲတမ်းတောက်လောင်နေသည် ထင်ရ၏။ နေရောင်ကြောင့် သက်တန့်ရောင်ဖြစ်သည်။ နေရောင်ပျောက်က သက်တန့်ရောင် ပျောက်သည်။ ဆီကြောင့် မီးတောက်သည်၊ ဆီကုန်က မီးပျောက်သည်၊ တိုင်ပျောက်က အိမ်လဲမည်ပမာ ရှိ၏။

စားမျိုအပ်သော အစာသည်လည်း ခန္ဓာကိုယ်တွင်း၌ ငါးမျိုး၊ ငါးဖို့ဝေရသည်။

* ပိုးစာလောင်မီး၊ ကျင်ကြိုးကျင်ငယ်၊ တသွယ်သွေးသား၊ ဖြစ်လေကြားလည်း၊ ငါးပါးအစွဲခွဲဝေတည်း။

စုန္ဒသူကရိကဝက်သတ်သမား ဝက်လိုအော်၍ သေရသည်။ နန္ဒနွားသတ်သမား နွားလိုအော်၍ သေရသည်။ လောကတိဿရဟန္တာ နောက်ဆုံးဘဝမှာ တစ်ခါသာ အရှင်သာရိပုတ္တရာ ကိုယ်တိုင် သပိတ်ကို ကိုင်ပေး၍ စတုမဓုဝအောင် ဘုဉ်းပေးရသည်။ ဇမ္ဗူကပရိဗိုဇ် မစင်ကို စားရသည်၊ တံငါသည် တစ်ယောက် ငါးဟင်းလျှာကို ပါးစပ်၌ တင်စဉ် ယျာဖြတ်ကျသည်။ ဘုရားရှင်ပင် စုန္ဒသူကရိက ဝက်ပျိုသားကို ဘုဉ်းပေး၍ ပရိနိဗ္ဗာန်ပြုတော်မူရရှာသည်။

ဤခန္ဓာကား ရေနံမီးခွက်ပမာ အမြဲတမ်း သတိထားနေရသည်။ ထို့ကြောင့် မာလုက္ကပုတ္တရဟန်းကို ရဟန္တာဖြစ်ပြီး၍ ဆွေမျိုးတို့ အလည်လာရာ ပစ္စည်းများကို ပြ၍ လူထွက်စေ၏။ ၎င်းရဟန်းသည် ကောင်းကင်မှ နေ၍ သာသနာပြုရန်သာ တရားဟောလေသည်။

လူတစ်ယောက်စာ တစ်နေ့ ဆန်နှို့ဆီနှစ်လုံး တစ်လအတွက်၊ တစ် နှစ်အတွက်၊ တစ်သက်စာအတွက်၊ တစ်အိမ်လုံးအတွက်၊ တစ်ရွာလုံးအတွက်၊ တစ်မြို့လုံးအတွက်၊ တစ်တိုင်းပြည်လုံးအတွက်၊ တစ်ကမ္ဘာလုံးအတွက် အာဟာရဒုက္ခ ကြီးကျယ်လှဘိ၏။

နန္ဒာဘယထေရ်

နန္ဒာဘယထေရ်သည် ပေါတလိယကျောင်း၌ နေစဉ် ရောဂါဖြစ်နေ၏။ ညီဖြစ်သူကောလိတကျောင်းနေ နိကာယ်လေးပါးဆောင် တိသရဟန်းကို ခေါ်၍ ကမ္မဋ္ဌာန်းတောင်းသည်။ ညီက ကဗဠိကာရ အာဟာရကို သိမ်းဆည်းစေသည်။ ကဗဠိကာရာဟာရသည် ဥပါဒါန်ရုပ်ကို တစ်ပါးသော ဥပါဒါရုပ်သည် နှစ်ဆယ့်သုံးပါးသော ဥပါဒါရုပ်ကို ထင်ရှားစေသည်ဟု လျှောက်၏။ ဤနည်းကို အားထုတ်ရာ ရဟန္တာဖြစ်၏။ နန္ဒာဘယထေရ်က ညီတိသကို ကျောင်းက မထွက်မိုပင် ပြန်ခေါ်၍ မိုရာဖြစ်ကြောင်း စသည်ဖြင့် မိမိဂုဏ်ကို ပြောကြားလိုက်၏။

သုမနာထေရီသည် "ဓာတုယော ဒုက္ခတော ဒိသွာ" စသည်ဖြင့် ဓာတ်တို့.ကို ဒုက္ခအားဖြင့် မြင်၍ ဇာတိပဋိသန္ဓေကို တစ်ဖန်မလာပါစေလင့်။ ဘဝ၌ ဆန္ဒကို တပ်ခြင်းကင်းစေ၍ ငြိမ်းအေးသည်ဖြစ်လတ္တံ့.ဟု ဟောတော်မူဖူးသည်။

ထို.ကြောင့် ဆွမ်း သက်နှံး ကျောင်း ဆေးတို.၌ ပညာဖြင့် ဆင်ခြင်ရမည်ဟု ဝိသုဒ္ဓိမဂ် အဋ္ဌကထာပါဠိ ။ပ။ (၄၂)၌ လာ၏။ ထို.ကြောင့် ဆရာ ဥပဇ္ဈာယ်တစ်ပါးသည် တပည့်သာမဏေတစ်ပါးအား သလေးဆွမ်းကို ဘဉ်းပေးစဉ် လျှာကို ပြတ်မကျစေနှင့်ဟု ပြောဆိုဖူး၏။

ဝါတမိဂဇာတ်

ရာဇဂြိုဟ်ပြည်၌ သူဌေးသား တိသသည် မိဖတို.အား ရဟန်းပြုရန် ခွင့်တောင်းရာ မိဖတို.က ငါတို.မှာ သင်တစ်ယောက် စားရှိမကုန်အောင် ပစ္စည်းဥစ္စာပေါကြွယ်ဝသည်၊ ရဟန်းမပြုနှင့်ဟု တားမြစ်၏။ ခွင့်မရ၍ သေချင်သေပါစေဟု ခုနစ်ရက် အစာမစားပဲနေ၏။ နောက် မိဖတို. ခွင့်ပြု၍ ရဟန်းပြုပြီး ဓုတင်တစ်ဆယ့်သုံးပါးကို ဆောက်တည်၏။

မိခင် ဖခင်တို့က လူထွက်စေရန် မိန်ကလေးတစ်ယောက် တာဝန်ယူ၍ ကြေးငွေပေးလိုက်၏။ မိန်ကလေးသည် သာဝတ္ထိပြည်သို့ လာ၍၊ ၎င်းတိသရဟန်း၏ ဆွမ်းခံလမ်းတွင် နေ၏။ ကောင်းကောင်းမွန်မွန် ချက်ပြုတ်၍ ဆွမ်းလောင်း၏။ ၎င်းတိသရဟန်းသည် သူမ၏ ဆွမ်းဟင်း အရသာ၌ တပ်မက်မော၍ ရောနှောကာ လူထွက်၏။

ဤအကြောင်းအရာနှင့် ပတ်သက်၍ ဘုရားရှင်က ဤတိသရဟန်းသည် ဤမိန်းကလေးနှင့် ပတ်သက်၍ ယခုအခါသာ လူထွက်သည် မဟုတ်၊ ဤမိန်းကလေးသည် ရှေးအခါကလည်း ဖျက်ဆီးဖူးသည်သာတည်းဟု ဤဝါတမိဂဇာတ်ကို ဟောတော်မူသည်။

ရှေးအခါက မင်း၏ ဥယျာဉ်မှူးတစ်ယောက်သည် ပျားရည်လူးသော မြက်ဖြင့် တဖြည်းဖြည်း မင်း၏နန်းတော်သို့ ရောက်အောင် သမင်တစ်ကောင်အား ခေါ်လာ၏။ ထို့ကြောင့် ဘုရားရှင်သည် အရသာတို့ထက် ယုတ်မာသော တရားကား မရှိ၊ တိုက်အိမ်ဘုံနန်းစသည်တို့ထက်လည်းကောင်း၊ သားမယားစသော ချစ်ကျွမ်းဝင်သော သူတို့ထက်လည်းကောင်း အရသာသည်သာလျှင် ယုတ်မာ၏၊ အရသာနှင့်ပတ်သက်၍ သမင်ပျံကို ဥယျာဉ်မှူးသည် နန်းတော်တွင်းသို့ ရောက်အောင် ခေါ်လာနိုင်၏ဟု ဟောတော်မူလေသည်။

ထို့ကြောင့် နိဒါနဝဂ္ဂသံယုတ်ပါတော် (၂၆၆)၌ အရေ အကြောအရိုး ခန်းခြောက်ပါစေ၊ အသား အသွေး ခန်းခြောက်ပါစေ၊ ကုသိုလ်တရားတို၌ ဝီရိယအားစိုက်သင့်ကြောင်း ဟောတော်မူလေသည်။

ဘုရားရှင်သာသနာတော်နှင့် တွေ့ပါလျက် မိန်းမမြဲကဲ့သို့လည်းကောင်း၊ အသီးမသီးသော သစ်ပင်ကဲ့သို့လည်းကောင်း မဖြစ်စေရာ။ ဖဿ စသည်ကို ဖြစ်စေသောသူသည် ပိတ်ကား၌ လိုချင်သော အရောင်ကို

ဆိုးသည်နှင့်တူ၏။ တစ်နည်း ဖဿစသော အမြစ်ကြောင့် ဝေဒနာစသော အကိုင်း အခက် အသီးကို ဖြစ်စေသည်။ ဖဿစသော အမြစ်ရင်းပြတ်မှ ဝေဒနာစသော အကိုင်း အခက် ခြောက်လိမ့်မည်။ ဖဿစသော အကြောင်း တရားသည် ပြုတင်းပေါက်ပွင့်ထားက မြူဝင်သည်၊ သူခိုးဓားပြဝင်သည် နှင့်တူသည်။

ထို့ကြောင့် နိဗ္ဗာန်လမ်းခရီး၌ ရှာမှီးသင့်၏။ မင်းကျွမ်းဝင်သောသူသည် မင်း၏ နန်းတော်ထဲသို့ မင်းနှင့် တွေ့ရန် သွားတတ်သကဲ့သို့ မဂ္ဂင်ရှစ်ပါးလမ်းခရီးမှ ရောက်မည်၊ အဆိပ်ရောသောရေ၊ အရက်ရောသောရေကို သောက်က ဒုက္ခရောက်သကဲ့သို့ ဖဿစသော တရားများကား ထိုထက်ပင် သံသရာဒုက္ခကို ရောက်စေသည်။

ကျူးစည်း ဝါးစည်းသည် တစ်ချောင်းကို တစ်ချောင်း အထောက် အကူပြုမှ ရပ်တည်နိုင်သကဲ့သို့ ဖဿစသောတရားကား ဝေဒနာစသည်ကို မှီမှ ရပ်တည်နိုင်သည်။ အားလုံးက ဒုက္ခတရားသာတည်း၊ ဘုရားရှင်သည်ပင် ကာယိကဒုက္ခရှိသေးသည်။

ပုဂ္ဂိုလ်တိသဿဒေရ် ရဟန္တာသည် ခန္ဓာကိုယ်မှ ဥသျှစ်သီး ထန်းသီးလုံးမျှ အနာပေါက်၍ ပြုစုမည့်သူ မရှိရကား ဘုရားရှင်ကိုယ်တော်တိုင် ပြုစုရသည်။ ကောကာလိကရဟန်းသည် အရှင်သာရိပုတ္တရာ အရှင်မောဂ္ဂလာန်တို့အား ဆဲရေး၍ ခန္ဓာကိုယ်မှ ဥသျှစ်သီးလောက် အနာပေါက်၏။ နှတ်ခြုတ်ကွာတိုင်အောင် အပုပ်နံ့နံသည်၊ လူများလာကြည့်ကြသည်။ မိတ်ဆွေဖြစ်ဖူးခဲ့သော ငြဟ္မာတစ်ယောက်လာကြည့်သည်။ မတတ်နိုင်၊ သူ့ကံတရားပဲဟု ပြောသွားကြသည်။ အရှင်မောဂ္ဂလာန်သည် ခိုးသားငါးရာ အသတ်ခံရသည်၊ အရှင်သာရိပုတ္တရာ၏ ခေါင်းကို ဘီလူးရိုက်ခံရသည်။

ဘုရားရှင်သည်ပင် ဝိပါက်တော်နှင့် မကင်း၍ ဒေဝဒတ်သည် ဂိဇ္ဈ ကုဋ်တောင်မှ ကျောက်တုံးလိုမ့်ချ၍ ဘုရားရှင်၏ ခြေမသွေးဥရသည်။ ဘုရားရှင်လည်း ကုဋီတက်ရသည်၊ ခေါင်းခဲရောဂါ ခါးနာရောဂါရှိသည်၊ ရေချိုးရသည်၊ ဓာတ်နုတ်ဆေးစားရသည်၊ ဆွမ်းဘုဉ်းပေးပြီး အညောင်းပြေ အညာပြေ အိပ်ရာမှာ လဲလျောင်းရ၏။ ဆရာဇီဝကဓာတ်နုတ်ဆေးကျွေး၍ တစ်နေ့၌ အကြိမ်သုံးဆယ်ဓာတ်သွားရကား အိပ်ရာပက်လက်လန်နေသည်။

နိဒါနဝဂ္ဂသံယုတ်ပါဠိတော် (၄၂၄)၌ ဘုရားရှင်သည် လက်သည်းပေါ်၌ မြေမှုန့်.အနည်းငယ်တင်ပြ၍ ရဟန်းတို့.အား ချစ်သားရဟန်းတို့. ဤငါ၏လက်သည်းပေါ်မှာ တင်ထားသော မြေမှုန့်သည် ယူဇနာပေါင်းနှစ်သိန်းလေးသောင်းအထုရှိသော ကမ္ဘာမြေကြီးနှင့် စာလျှင် မပြောပလောက်သကဲ့သို့. အရိယာတို့.၏ သုခကား ဤလက်သည်းပေါ်တင်ထားသော မြေမှုန့်.လောက်သာ ရှိသေးသည်ဟု ဟောတော်မူ၏။ နည်းတူ သမုဒ္ဒရာရေနှင့် သမန်းမြက်ဖျားရေ၊ ဂင်္ဂါယမုံနာ စသော မြစ်ရေနှင့် သမုဒ္ဒရာရေ မိုးတစ်ပေါက်နှင့် သမုဒ္ဒရာရေ ဂေါလီလုံးလောက် မြေကြီးနှင့်ကမ္ဘာမြေကြီး၊ မုံညင်းစေ့နှင့်မြင်းမိုရ်တောင်၊ ဆီးစေ့ ပဲနောက်စေ့ ကျောက်စရိတ်နှင့် မြင်းမိုရ်တောင်သို့. ရှိ၏ဟု ဟောတော်မူ၏။

ပုထုဇဉ်သတ္တဝါတို့.ကား ရေတွင်းသို့. ငုံကြည်သောသူသည် ရေတွင်းထဲသို့. လိမ့်ကျသည်နှင့် တူ၏။ အိုင်ကြီးကို မှီ၍ ကြာမျိုး ငါးများ ကဲ့ နွား တိရစ္ဆာန်များကြီးပွားသကဲ့သို့. သာသနာတော်ကို မှီ၍ လူနတ် နိဗ္ဗာန် သုံးတန်သောအကျိုးရှိသည်။ ထို့ကြောင့် သာသနာတော်နှင့် တွေ့စည်ဖဿစသော ပဋိစ္စသမုပ္ပါဒ်တရားများကို သိမြင်ဖို့. လိုပေ၏။ ပညတ်ပရမတ် ကွဲဖို့. လို၏။ အနိစ္စစသော လက္ခဏာရေးသုံးပါး ထင်ဖို့. လို၏။ ဥပမာ

လူနတ်ဗြဟ္မာ သတ္တဝါသည် အနိစ္စ ဒုက္ခ အနတ္တမဟုတ်၊ သို့သော်လည်း ၎င်းလက္ခဏာရေးသုံးပါးသည် လူစသည်နှင့် ကင်းရှိမဖြစ်၊ လူနတ်ဗြဟ္မာ သတ္တဝါကား ပညတ်၊ ၎င်းသည် ရုပ်နာမ်ပရမတ်နှင့် ကင်းရှိ မဖြစ်။

7 ဖဿတရားသည် နာမ်တရားတည်း။ သတ္တ အတ္တ ဇီဝ ဝိညာဏ် လိပ်ပြာကောင် မဟုတ်၊ ဥပါဒ် ဌီ ဘင် ခဏအားဖြင့် ဖြစ်ပြီးလျှင် ပျက်တတ်၏။ ဖဿသည် အာရုံကို တွေ့ထိရာ၌ ဖဿကလည်း အာရုံကို ခံစားသည်ဟု မသိ၊ အာရုံကလည်း ဖဿဟု မသိ။ ထို့ကြောင့် ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ ။ပ။ (၁၆၁)၌ "ယံ ပဿတိ န တံ ဒိဋ္ဌံ" စသည်လာသည်။ ပညတ်ကိုသာ မြင်၏။ ထိုသို့ဖြစ်ခြင်းသည်လည်း ပညာဖြင့် မမြင်၊ ထိုသို့ ရုပ်နာမ်စသည်ကို ပညာဖြင့် မမြင်၍ မောဟတဏှာ နှောင်ဖွဲ့ပါ၏။ ထိုကြောင့် သံသရာမှ မလွတ်နိုင်ပေ။

နာဂိတဏှာ

ဘုရားရှင်သည် ကောသလတိုင်း ဂုဇ္ဇာနဂံလရွာသို့ ရောက်စဉ် ဘုရားရှင်၏ သီလတန်ခိုးကြောင့် လူတို့သည် ဘုရားရှင်အား ဘုရားရှင်သည် သာကီဝင်မင်းမျိုးမှ ဖြစ်သည်။ အရဟံစသော ဂုဏ်တော်အပေါင်းနှင့် ပြည့်စုံသည်။ လူနတ်ဗြဟ္မာတို့အား အစ၏ကောင်းခြင်း၊ အလယ်၏ကောင်ခြင်း၊ အဆုံး၏ကောင်းခြင်းတို့ဖြင့် တရားဟောတော်မူသည်ဟု စားဖွယ်သောက်ဖွယ်များဖြင့် ရောက်လာကြ၏။

ထိုအခါ ဘုရားရှင်က နာဂိတဏှာအား -

မာ စ မဟာယသော-အခြံအရံများခြင်းသည် လိုရင်းမဟုတ်၊

နေက္ခမ္မသုခ - ကာမဂုဏ်မှ ထွက်မြောက်ခြင်းကို လိုလားရာ၏။

ပဝိဝေကသုခ – ကိုယ်စိတ် ကင်းဆိတ်ခြင်းသုခကို လိုလားရာ၏။။
ဥပသမသုခ – ကိလေသာငြိမ်းအေးခြင်းသုခကို လိုလားရာ၏၊
သမ္ဗောဓသုခ– သစ္စာလေးပါးကို သိခြင်းသုခကို လိုလားရ၏။။
နိကာမလာဘီ – ကာမဂုဏ်ကင်းခြင်းကို လိုလားရာ၏။။
အကိစ္စလာဘီ – မငြိုမငြင်ခြင်းကို လိုလားရ၏။။
အကာသိရလာဘီ – မပင်ပန်းခြင်းကို လိုလားရာ၏။။
မိဒ္ဓသုခ – ကာမဂုဏ်ချမ်းသာ၊
မိဒ္ဓသုခ – လောကီချမ်းသာ။။
လာဘာသက္ကာရသိလောကသုခ–လာဘ်ပူဇော်သက္ကာရ ကျော်ဇော ခြင်းသာ တောင်းတငြားအံ့၊ ချစ်သား နာဂိတ စားသောက်သူအား ကျင် ကြီးကျင်ငယ်အကျိုး၊ ချစ်တတ်သူအား သောကပရိဒေဝအကျိုး၊ အသုဘ ဟု ရှုသူအား သုဘ၌ တွန့်ခြင်းအကျိုး၊ ဖဿခြောက်ပါးတို့၌ အနိစ္စ ဒုက္ခ အနတ္တဟု ရှုသူအား ဖဿ၌ တွန့်ခြင်းအကျိုး၊ ဥပါဒါနက္ခန္ဓာတို့၌ အပြစ်အပျက်ကို ရှုသူအား ဥပါဒါနက္ခန္ဓာတို့၌ စိတ်က တွန့်ခြင်းအကျိုး ရှိ၏ဟု ပဋ္ဌာန်တွင်ရပါဦးတော် (၂၆)၌ ဟောတော်မူလေသည်။။

ဆန္နောဝါဒသုတ်

ဘုရားရှင်သည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ နေတော်မူစဉ် အရှင်သာရိပုတ္တရာ အရှင်စုန္ဒ အရှင်ဆန္နသည် ဂိဇ္ဈကူဋ်တောင်၌ နေ၏။။ အရှင်ဆန္နသည် ရောဂါဖြစ်၏။။ အရှင်သာရိပုတ္တရာနှင့်အရှင်စုန္ဒသည် ရောဂါ၏အခြေအနေကို မေးကြ၏။။ အရှင်ဆန္နက တပည့်တော်၏ ရောဂါသည် ဆိုသည်မရှိ၊ အားရှိသော ယောကျ်ားသည် ခေါင်းကို သံစူးဖြင့် ထိုးသကဲ့သို့လည်းကောင်း၊ သားရေလွန်းဖြင့် ခေါင်းကို ရစ်ပတ်သကဲ့သို့

လည်းကောင်း၊ နွားသတ်ယောကျ်ားသည်လည်းကောင်၊ နွားသတ်ယောကျ်ား၏တပည့်သည်လည်းကောင်း ထက်လွန်သော သားလိုးမားဖြင့် ဝမ်းကို လိုးဖြတ်သကဲ့သို့လည်းကောင်း၊ လက်မောင်းနှစ်ဖက်ကို ကိုင်၍ မီးကျီးတွင်းသို့ ချသကဲ့သို့လည်းကောင်း ရှိပါသည်။ အရှင်ဘုရား သာရိပုတ္တရာ တပည့်တော်သည် မိမိကိုယ်ကို ဓားဖြင့် သတ်အံ့ဟု လျှောက်၏။

အရှင်သာရိပုတ္တရာနှင့်အရှင်စုန္ဒတို့က ငါ့ရှင် လျှောက်ပတ်သော ဘောဇဉ်ကို ပေးပါမည်။ အလုပ်အကျွေးကိုလည်း ပေးပါမည်၊ သတ်၍ မသေပါနှင့်ဟု ပြောကြ၏။ ထိုအခါ အရှင်ဆန္နက တပည့်တော်ကား အစားအစာ အလုပ်အကျွေးတို့သည် ပြည့်စုံပါ၏။ ဘုရားရှင်သည် တပည့်တော်အား စိတ်နှလုံးကို နှစ်သက်စေသဖြင့် လုပ်ကျွေးပါ၏။ တပည့်တော်သည်လည်း ဘုရားရှင်အား စိတ်ကို နှစ်သက်စေသဖြင့် လုပ်ကျွေးပါ၏။ ဤသို့ လုပ်ကျွေးခြင်းသည် လျှောက်ပတ်လည်း လျှောက်ပတ်ပါ၏ဟု လျှောက်၏။ အရှင်သာရိပုတ္တရာသည် အရှင်ဆန္နအား ငါ့ရှင် စကျွပသာဒရုပ် စကျွဝိညာဏ်၊ စကျွဝိညာဏ်ဖြင့် သိအပ်ကုန်သော တရားတို့သည် ငါ၏ဥစ္စာမဟုတ်၊ ငါမဟုတ်၊ ငါ၏ကိုယ် မဟုတ်ဟု ရှုပါလော့။ နှည်းတူသောတ စသည်တို့ကိုလည်း ရှုပါလော့ဟု မိန့်တော်မူ၏။

ထိုအခါ ဆန္နထေရ်က တပည့်တော်သည် မရှုပါဟု လျှောက်၏။ အဘယ်ကြောင့် မရှုသနည်းဟု မိန့်တော်မူရာ ဤစကျွပသာဒရုပ်စသည်တို့သည် ချုပ်တတ်သည်ကို ဉာဏ်ဖြင့် မြင်၍ မရှုပါဟု လျှောက်၏။

ဤသို့ လျှောက်သည်ရှိသော် အရှင်စုန္ဒသည် အရှင်ဆန္နကို ငါ့ရှင် ဆန္န ဤသာသနာတော်၌ တဏှာ ဒိဋ္ဌိတို့ဖြင့် မှီသောသူ၏ကိုယ်၌ တုန်လှုပ်၏၊ မမှီက တုန်လှုပ်ခြင်းမရှိ၊ တုန်လှုပ်ခြင်းမရှိက ကိလေသာငြိမ်းအေး၏၊ ကိလေသာငြိမ်းအေးသော် တဏှာညွတ်ခြင်းမရှိ၊ တဏှာမညွတ်က

ပဋိသန္ဓေမရှိ၊ ပဋိသန္ဓေမရှိက စုတိမရှိ၊ ပဋိသန္ဓေ စုတိမရှိက ဤလောက တမလွန်လောကဌ မဖြစ်၊ မဖြစ်က ဒုက္ခကုန်၏။ ဤသည်ကား ဘုရားရှင်၏အလိုတော်တည်း။ အမြဲနှလုံးသွင်းအပ်၏ဟု ဟောတော်မူပြီ။ ထိုနောက် အရှင်သာရိပုတ္တရာ အရှင်စုန္ဒတို့ ဖဲသွားကြ၏။ မကြာမီ အရှင်ဆန္နသည် ဓားဖြင့် လည်မျိုကို လိုး၏။ အရှင်ဆန္နဏ၏ ဂတိကို ဘုရားရှင်အား မေးကြ၍ တစ်ဖန်မဖြစ်ခြင်းကို ပြောကြားခဲ့သည် မဟုတ်လော့ဟု မိန့်တော်မူ၏။ 6

အရှင်ဆန္နသည် လည်မျိုကို ဓားနှင့် လိုးစဉ် သောဝေးကို ကြောက်၍ ဂတိနိမိတ်ထင်၏။ အရှင်ဆန္နသည် ပုထုဇဉ်၏အဖြစ်ကို သိ၍ ထိတ်လန့်ကာ ဝိပဿနာကို ဖြစ်စေပြီး သခါရတရားတို့ကို သုံးသပ်သော် သမသီသိရဟန္တာဖြစ်၍ ပရိနိဗ္ဗာန်ပြုလေသည်။

(ဤနေရာနှင့်ပတ်သက်၍ လည်ပင်းကို သင်းတုံးဓားနှင့် လိုးဂေါဓိကရဟန်း၊ ဤဆန္နရဟန်းစသည်တို့သည် အာဏာဝိတိက္ကမန္တရာယ်ရှိသော်လည်း မဂ်ဖိုလ်ရကြောင်း ထင်ရှား၏။ ဤဆန္နရဟန်းသည် ဖွားဖက်တော် ဆန္နရဟန်းမဟုတ်။ (ဥပရိပဏ္ဏာသပါဠိ၊ ၌၊ ဆန္နောဝါဒသုတ်ကို ရှု)

ထို့ကြောင့် ခြောက်ပါးသော ဖဿာယတနတရားတို့ကို မဖြစ်စေကာ နိဗ္ဗာန်ရောက်နိုင်သည်။

ထွေ စ ယသ သတိ ကာယဂတာ ဥပဋ္ဌိတာ၊ သော ဘိက္ခု ဆသု ဖဿာယတနေသု သုသံဝုတော၊ တတော ဇဝ သတတံ သမာဟိတော အတ္တာပစ္စက္ခကရဏေန နိဗ္ဗာနံ အတ္ထတော ဇာနေယျာတိ။ (ဥဒါန်းအဋ္ဌကထာပါဠိ၊ ၁၇၂)

ဇော စ-ဤပဋိစ္စသမုပ္ပါဒ်တရားတို့၌လည်း၊ ယသ-အကြင်သူ
အား၊ သတိ-သတိတရားသည်၊ ကာယဂတာ-ကိုယ်၌ တည်သည်ဖြစ်၍၊
ဥပဋ္ဌိတာ-ထင်မြင်လာ၏။ သော ဘိက္ခု-ထိုရဟန်းသည်၊ ဆသု-ခြောက်
ပါးကုန်သော၊ ဖဿာယတနေသု-ဖဿာယတနတရားတို့၌၊ သုသံဝု
9 တော-စောင့်စည်း၏။ တတော-ထိုနောက်မှသာလျှင်၊ သတတံ-အမြဲ၊
သမာဟိတော-တည်ကြည်သည်ဖြစ်၍၊ အတ္တပစ္စက္ခကရဏေန-မိမိကိုယ်
ကို စွန့်လွှတ်ခြင်းဖြင့်၊ နိဗ္ဗာနံ-နိဗ္ဗာန်ကို၊ အတ္ထတော-တကယ်ကျေးဇူး
ရှိသောအားဖြင့်၊ ဇာနေယျ-သိရတော့သည်သာတည်း။

* * * *

(၇) 'ဝေဒနာပစ္စယာ တဏှာ'အကြောင်း သိကောင်းစရာ

ဝေဒနာသည် ခံစားခြင်းလက္ခဏာရှိ၏။ ဖဿသည် တွေ့ထိကာ မျှသာဖြစ်၏။ သညာသည် မှတ်သားကမျှသာဖြစ်၏။ စေတနာသည် စေ့ဆော်ကာမျှသာဖြစ်၏။ ဝိညာဏ်သည် သိကာမျှဖြစ်၏။ ဝေဒနာသည် မင်းနှင့်တူ၏။ ဖဿစသော တရားတို့သည် စဖို့သည်နှင့်တူ၏။ မင်းသည် အစိုးရသည်၏အဖြစ်ဖြင့် အရသာကို ခံစားသည်နှင့် တူ၏။

ထိုဝေဒနာကြောင့် တဏှာဖြစ်သည်ကို ဘုရားရှင်သည် ဝိဘင်းပါဠိတော် (၁၄၃)၌ ရူပတဏှာ သဒ္ဒတဏှာ ဂန္ဓတဏှာ ရသတဏှာ ဖောဋ္ဌဗ္ဗတဏှာ ဓမ္မတဏှာ ဟူ၍ ခြောက်ပါးရှိကြောင်း ဟောတော်မူသည်။

ဝေဒနာစသည့် ဥပမာ

ထမင်းပူ၌ ထောပတ်လောင်းလိုက်လျှင် ပျံ့နှံ့သွားသကဲ့သို့ ဝေဒနာသည် ရူပါရုံစသည်တို့၌ တိုက်ဆိုင်မိက ခန္ဓာကိုယ်၌ ပျံ့နှံ့သွား၏။ သူရဲပူးသူသည် ပြောချင်ရာပြော၊ ဆိုချင်ရာဆို၊ ငိုချင်ရာငိုသကဲ့သို့ ဝေဒနာသည် ရူပါရုံစသည်တို့၌ တပ်မက်မော၏။ လူတစ်ယောက်သည် အနာကို ခလုတ်တိုက်မိ၍ နာကျင်သကဲ့သို့လည်းကောင်း၊ မီးလောင်၍ ဒုက္ခခံနေရသကဲ့သို့လည်းကောင်း၊ ဝေဒနာလည်း ဤသို့သဘောရှိ၏။ မြေရေလေစသည်ကြောင့် သစ်ပင်များ ကြီးပွားရသကဲ့သို့ ဝေဒနာသည် ခန္ဓာကိုယ်ကို မှီ၍ ကြီးပွားနေ၏။ သုံးဆယ့်တစ်ဘုံသည် မစင်တွင်းနှင့်တူ၏။ ဝေဒနာ တဏှာစသည်တို့သည် မစင်နှင့်တူ၏။ ၎င်းဝေဒနာ တဏှာ

စသည်တို့ကား သံသရာ၌ ကောင်းကျိုးမပေး။ မစင်တွင်းမှ လွှက်လို သကဲ့သို့ သံသရာမှ လွတ်လိုရာ၏။

မြို့သူမြို့သားများသည် ကား ရထားများနှင့် လှလှပပ ဝတ်စား ဆင်ယင်၍ သစ်ပင်ပန်းမာလ်နှင့် ပြည့်စုံလှသော ဥယျာဉ်တစ်ခုသို့ ဝင်ကာ လှည့်လည်ကြည့်ရှုနေသကဲ့သို့ မဟာဘုတ်တရားသည် ဥယျာဉ်နှင့် တူ၏။ သတ္တဝါတို့သည် ၎င်းမဟာဘုတ်လေးပါးကို ကြည့်ရှုနေကြ၏။ တစ်နေရာ၌ မစင်ကြယ်သော မစင်ရွံ့ရေကို မြင်ရသကဲ့သို့ ကသော လောမာ စသော သုံးဆယ့်နှစ်ပါးသော ကောဋ္ဌာသကို မြင်ကြရသည်။ လူများသည် အဖြူ အနီစသော ပန်းများကို မြင်နေရသကဲ့သို့ စက္ခုဒွါရစသည်ဖြင့် ရှုပါရုံ စသည်ကို မြင်နေကြရ၏။ သစ်သီးများကို စား၊ ပန်းများကိုပန်ကာ သစ် ပင်ရင်း၌ ဇိမ်ရှိရှိ အရိပ်ခို အနားယူနေရသကဲ့သို့ ဝေဒနာ တဏှာစသည် ဖြစ်နေသည်နှင့် တူ၏။ ဥယျာဉ်တံခါးကို ပိတ်ထားထားခြင်းသည် ရှုပါရုံ စသည် ဝေဒနာ တဏှာစသည် မဖြစ်စေဘဲ သတိပဋ္ဌာန်တရား ဖြစ်သည် နှင့် တူ၏။ မိုးရွာ၍ ဟန်ကျပန်ကျ ပြန်ရသကဲ့သို့ သူတော်ကောင်း တရားကို ရ၍ သံသရာမှ လွတ်ရသည်နှင့် တူပေ၏။

* ထောပတ်ပူပဲ၊ သူရဲပူးသူ၊ ခလုတ်တိုက်မိ၊ ဒုက္ခီမီးပူ၊ သစ်ပင် ကြီးများ၊ ဘင်လားတမူ၊ ဥယျာဉ်လှည့် ရှုကြည့်အလားတူ။

ဝေဒနာပျောက်မှ နိဗ္ဗာန်ရောက်မည်

သုခဝေဒနာ၏အပြစ်ကို ရှုက ရာဂါနှသယကို၊ ဒုက္ခဝေဒနာ၏ အပြစ် ကို ရှုက ပဋိဃာနုသယကို၊ ဥပေက္ခာဝေဒနာ၏အပြစ်ကို ရှုက အဝိဇ္ဇာ နုသယကို ပယ်၍ ဝိဇ္ဇာဉာဏ်ကို ဖြစ်စေပြီး ပစ္စုပ္ပန်ဘဝ၌သာလျှင် ဒုက္ခ၏

အဆုံး နိဗ္ဗာန်ကို ရောက်နိုင်သည်ဟု ဥပရိပဏ္ဏာသပါဠိတော် ဆဆက္ကသုတ် (၃၃၄)၌ လာပေ၏။

(ပေါင်ကျိုးတိသရဟန်း၊ ကျားစားရဟန်း၊ လှံထိုးခံရဟန်း၊ သိကြားမင်း၊ သုဇြဟ္မာနတ်သား ဝတ္ထုစသည်ရှု)

ဝေဒနာ၏အဆက်အနွယ်များ

ခံစားခြင်းဝေဒနာကြောင့် တပ်နှစ်သက်ခြင်းတဏှာ၊ တဏှာကြောင့် ရှာမှီးခြင်း ပရိယေသန၊ ပရိယေသနကြောင့် ရခြင်း လာဘ၊ လာဘကြောင့် ဆုံးဖြတ်ခြင်း ဝိနိစ္ဆယ၊ ဝိနိစ္ဆယကြောင့် တပ်ခြင်း ဆန္ဒရာဂ၊ ဆန္ဒရာဂကြောင့် တိုက်တွန်းခြင်း အဇ္ဈောသန၊ အဇ္ဈောသနကြောင့် သိမ်းဆည်းခြင်း ပရိဂ္ဂဟ၊ ပရိဂ္ဂဟကြောင့် ဝန်တိုခြင်း မစ္ဆရိယ၊ မစ္ဆရိယကြောင့် စောင့်ရှောက်ခြင်း အာရက္ခ၊ အာရက္ခကြောင့် ငြင်းခုံခြင်း သတ်ဖြတ်ခြင်း ကုံးတိုက်ခြင်း မဟုတ်မမှန်ပြောဆိုခြင်း စသော များစွာသော အကုသိုလ် ဖြစ်လေသည်။

ဝေဒနာ–တဏှာ၊ ပရိယာ၊ လာဘာ ဝိနိစ္ဆယ။

ဆန္ဒ အဇ္ဈော၊ ပရိဂ္ဂေါ၊ မုတ်လော မစ္ဆရိယ။

အာရက္ခဆို၊ အကုသိုလ်၊ နောက်ကို မှတ်ကုန်ကြ။

"ဝေဒနာပစ္စယာ ပဋိဃံ၊ ပဋိဃပစ္စယာ အဓိမောက္ခော၊ အဓိမောက္ခ ပစ္စယာ ဘဝေါ" စသည်ဖြင့် ဘုရားရှင်ဟောတော်မူသောကြောင့် ဝေဒနာကြောင့် ဒေါသ၊ ဒေါသကြောင့် ဆုံးဖြတ်ခြင်း အဓိမောက္ခ၊ အဓိမောက္ခကြောင့် ဘဝဖြစ်သည်လည်း ရှိ၏။ "ဝေဒနာပစ္စယာ ဝိစိကိစ္ဆာ၊ ဝိစိကိစ္ဆာ ပစ္စယာ ဘဝေါ" စသည်ဖြင့် ဘုရားရှင် ဟောတော်မူသောကြောင့် ဝေဒနာကြောင့် ဝိစိကိစ္ဆာ၊ ဝိစိကိစ္ဆာကြောင့် ဘဝဖြစ်သည်လည်း ရှိ၏။

ဝါတော်ခြောက်ဆယ်ရ မထေရ်ကြီး

ကန္ဒရသာရလှိုဏ်နေ ဝါတော်ခြောက်ဆယ်ရ မထေရ်ကြီးတစ်ပါး သည် ရောဂါဖြစ်နေစဉ် မင်းသည် ဖူးမျှော်ရန် လာသော် ညည်းညူးသံကို ကြားရ၍ ဝါတော်ခြောက်ဆယ်ရ မထေရ်ကြီးသည်ပင်လျှင် ဝေဒနာကို မသိမ်းဆည်းပါတကားဟု မရှိခိုးဘဲ ပြန်ကာ မဟာဇောဓိသို့ ဘုရားဖူးရန် သွားလေသည်။ နောက်အလုပ်အကျွေး ပဉ္စင်းငယ်တစ်ပါးက ၎င်းမထေရ်သို လာ၍ အကြောင်းအကျိုးကို ပြောပြသည်။ မထေရ်ကြီးသည် ဝေဒနာကို အာရုံမပြုဘဲ တရားအားထုတ်ရာ ရဟန္တာဖြစ်လေသည်။

၎င်းမထေရ်ကြီးသည် ၎င်းပဉ္စင်းငယ်အား မင်းကို လာ၍ ရှိခိုးရန် ပြော၏။ မင်းသည် လာ၍ ရှိခိုးလျက် တပည့်တော်သည် အရှင်ဘုရား၏ အရဟတ္တဖိုလ်ကို ရှိမခိုး၊ ပုထုဇဉ်ဘဝက သီလကိုသာ ရှိခိုးသည်ဟု ပြော လေ၏။

နတ်တို့အား ရုပ်ကမ္မဋ္ဌာန်းထက် နာမ်ကမ္မဋ္ဌာန်း ထင်ရှားသည်။ နာမ်ကမ္မဋ္ဌာန်းလည်း ဝေဒနာတရား ထင်ရှားသည်။ အဘယ်ကြောင့် ဆိုသော် နတ်တို့အား ကရဇကာယခေါ် ဟဒယဝတ္ထုရုပ် သိမ်မွေ့သည့် ကံကြောင့်ဖြစ်သောရုပ်တရား အားရှိသည်၊ ကရဇကာယခေါ် ဟဒယ ဝတ္ထုရုပ် သိမ်မွေ့သည်၏အဖြစ်ကြောင့် ကမ္မဇရုပ်အားရှိသည်၏အဖြစ် ကြောင့် တစ်ထပ်သောအစာမျှကိုလည်း မစားဘဲ နေ၍မရပေ။ ပူသော ကျောက်ဖျာပေါ် ထားအပ်သော ထောပတ်စိုင်ခဲ ကြေမွသည်နှင့်တူသည်။ ထို့ကြောင့် ဘုရားရှင်သည် နတ်တို့အား ဝေဒနာသုံးပါးနှင့်ပတ်သက်၍ ဟောတော်မူသည်။

ကမ္မဋ္ဌာန်းသည် ရုပ်ကမ္မဋ္ဌာန်း နာမ်ကမ္မဋ္ဌာန်းဟူ၍ နှစ်မျိုးနှစ်စား ရှိသည်။ ဘုရားရှင်သည် အကြင်ယောဂီအား ရုပ်တရားထင်ရှား၏၊ ထိုသူ

အား အကျဉ်းနှလုံးသွင်းသည်၏အစွမ်းဖြင့်လည်းကောင်း၊ အကျယ်နှလုံးသွင်းသည်၏အစွမ်းဖြင့်လည်းကောင်း ဓာတ်လေးပါးကို ချဲ့လျက် ရုပ်ကမ္မဋ္ဌာန်းကို ဟောတော်မူသည်။ အကြင်ယောဂီအား နာမ်တရားထင်ရှား၏။ ထိုသူအား နာမ်ကမ္မဋ္ဌာန်းကို ဟောတော်မူသည်။ ထိုသို့ ဟောတော်မူသည်ရှိသော် ထိုယောဂီ၏ ဝတ္ထုရုပ်ဖြစ်သော ရုပ်ကမ္မဋ္ဌာန်းကို ပြ၍ ဟောတော်မူသည်၊ နတ်တို့အားကား အရူပဓါဝ် နာမ်တရားထင် ရှား၏။ ထို့ကြောင့် အရူပကမ္မဋ္ဌာန်း၏အစွမ်းဖြင့် ဝေဒနာနုပဿနာကို ဟောတော်မူသည်။

နာမ်ကမ္မဋ္ဌာန်း၌ နှလုံးသွင်းခြင်းသည် ဖဿ ဝေဒနာ စိတ်၏အစွမ်းဖြင့် သုံးပါးရှိ၏။ တချို့ပုဂ္ဂိုလ်အား ဖဿထင်ရှားသည်၊ တချို့ပုဂ္ဂိုလ်အား ဝေဒနာထင်ရှားသည်၊ တချို့ပုဂ္ဂိုလ်အား ဝိညာဏ်ထင်ရှားသည်၊ ဖဿထင်ရှားသောသူအား ဖဿတစ်ခုတည်းမဟုတ်၊ ဖဿ ဝေဒနာ သညာ စေတနာ ဝိညာဏ်ဟု ဆိုအပ်သော ဖဿပဉ္စကဓါဝ် ဖဿလျှင် ငါးခုသောတရားများဖြစ်သည်။ ဝေဒနာသည် ထင်ရှားသောသူတို့အားလည်း ဤနည်းတည်း။

ထိုယောဂီသည် ထိုဖဿစသော တရားငါးပါးအပေါင်းကား ဘယ်ကို မှီသနည်းဟု စူးစမ်းဆင်ခြင်သည်ရှိသော် ဟဒယဝတ္ထုရုပ်ကို မှီသည်ဟု သိ၏။ ထိုဟဒယဝတ္ထုရုပ်သည် ဘူတရုပ် ဥပါဒါရုပ်တည်းဟု သိ၏။ ဤသို့ ဟဒယဝတ္ထုရုပ်တည်းဟူသော ဘူတရုပ်၊ ဥပါဒါရုပ်တို့ကား ရုပ်၊ ဖဿလျှင်ငါးခုပြောက်သော တရားအပေါင်းကား နာမ်ဖြစ်၍ နာမ်ရုပ်မျှသာတည်းဟု သိမြင်လာ၏။ ရုပ်သည် ရူပက္ခန္ဓာ၊ ဖဿစသော တရားငါးပါးအပေါင်းကား နာမ်ခန္ဓာလေးပါးဟု သိလာ၏။ ရုပ်နာမ်မှလွတ်သော ခန္ဓာမရှိ၊ ခန္ဓာမှလွတ်သော ရုပ်နာမ်ရှိဟု ယူဆလာ၏။

ဤခန္ဓာငါးပါးတို့သည် အဘယ်ကြောင်းရှိသနည်းဟု ရှာသည်ရှိသော် အဝိဇ္ဇာစသောအကြောင်းတို့ မြင်လာ၏။ ထိုနောက် ပစ္စည်းပစ္စယုပ္ပန်အကြောင်းအကျိုးသာတည်း။ တစ်ပါးသောပုဂ္ဂိုလ်သတ္တဝါ မရှိ၊ သက်သခါရအစုမျှသာတည်းဟု အကြောင်းနှင့်တကွ ဖြစ်သော ရုပ်နာမ်၏ အစွမ်းဖြင့် လက္ခဏာရေးသုံးပါးသို့ တင်၍ ဝိပဿနာအစဉ်အတိုင်း အနိစ္စဒုက္ခ အနတ္တဟု ရှုဆင်ခြင်၏။ ထိုယောဂီသည် ယခုပင်လျှင် လောကုတ္တရာတရားကို ထိုးထွင်း၍သိခြင်းကို အလိုရှိသည်ဖြစ်၍ ထိုထိုသို့သော နေ့တို့၌ ဥတုသပ္ပါယ ဘောဇနသပ္ပါယ ဓမ္မသဝနသပ္ပါယကို ရသောကြောင့် တစ်ထိုင်တည်းဖြင့်သာလျှင် ဝိပဿနာ၏အထွတ်အထိပ်သို့ ရောက်စေ၍ ရဟန္တာအဖြစ်၌ တည်၏။

72

ဤသို့ ဘုရားရှင်သည် ဤသုံးယောက်သော ယောဂီတို့အား အရဟတ္တဖိုလ်တိုင်အောင် ကမ္မဋ္ဌာန်းကို ဟောတော်မူသည်။ ဖဿ ဝိညာဏ်တို့ကား အမိုက်တိုက်ပမာ ထင်ရှားခဲ့၏။ ဝေဒနာကား ထင်ရှားလွယ်သည်၊ ဝေဒနာသုံးပါးတို့တွင် သုခဝေဒနာ ဒုက္ခဝေဒနာ နှစ်ပါးကား ထင်ရှားလွယ်၏။ ဥပေက္ခာဝေဒနာကား မထင်ရှား။ သုခဝေဒနာဖြစ်သည်ရှိသော် အလုံးစုံသောကိုယ်၌ ထောပတ်အကောင်းစားကို စားသကဲ့သို့လည်းကောင်း၊ အကြိမ်တစ်ရာချက်ထားအပ်သောဆီကို လိမ်းသကဲ့သို့လည်းကောင်း၊ မီးပူကို ရေအိုးတစ်ထောင်ဖြင့် လောင်းသကဲ့သို့လည်းကောင်း၊ ညြော် ချမ်းသာစွ၊ ချမ်းသာစွဟုပင် နှုတ်က ထွက်လာတတ်သည်။

ဒုက္ခဝေဒနာဖြစ်သည်ရှိသော် တစ်ခန္ဓာလုံးကို ထွန်သွားနှင့် လယ်ထွန်သကဲ့သို့လည်းကောင်း၊ သံပူရေဖြင့် လောင်းသကဲ့သို့လည်းကောင်း၊ မြက်သစ်ရွက်ခြောက်တောင်၌ သစ်တုံး အမှိုက်ကို ပစ်ချသကဲ့သို့လည်းကောင်း ညြော် ဒုက္ခ ဒုက္ခဟုပင် နှုတ်က ထွက်လာတတ်၏။

ဥပေက္ခာဝေဒနာသည် သုခ ဒုက္ခ ကင်းသည်ရှိသော် သာယာမသာယာသော ဆန့်ကျင်ဘက်၏အစွမ်းဖြင့် လျစ်လျူရှုသော အခြင်းအရာဖြင့် ဖြစ်၍ဖြစ်သော အဒုက္ခမသုခဝေဒနာတည်းဟု သိမ်းဆည်းသော ယောဂီအား ထင်ရှားသည်။ ကျောက်ဖျာ၌ တက်ရာ ဆင်းရာ ခြေရာကို မြင်သဖြင့် ကျောက်ဖျာပေါ်၌လည်း သမင်ခြေရာရှိသည်ဟု သိအပ်သည်နှင့် တူ၏။ တက်ရာသမင်၏ ခြေရာကား သုခဝေဒနာ၊ ဆင်းရာသမင်၏ ခြေရာကား ဒုက္ခဝေဒနာ၊ ကျောက်ဖျာပေါ်၌ သမင်၏ ခြေရာကား ဥပေက္ခာဝေဒနာနှင့်တူ၏။ 7.

ဤသို့ ဘုရားရှင်သည် ရှေးဦးစွာ ရုပ်ကမ္မဋ္ဌာန်းကို ဟောတော်မူပြီး၍ နောက်မှ နာမ်ကမ္မဋ္ဌာန်းကို ဥပေက္ခာဝေဒနာ၏အစွမ်းဖြင့် ပြန်၍ ဟောတော်မူ၏။

ဤသက္ကပဉ္ဉသုတ်၌သာလျှင် ဘုရားရှင်သည် ဤသို့ ဟောတော်မူသည်မဟုတ်၊ မဟာသတိပဋ္ဌာန်သုတ်၊ စူဠဒုတဏှာသင်္ခယသုတ်၊ မဟာတဏှာသင်္ခယသုတ်၊ စူလဝေဒလ္လသုတ်၊ မဟာဝေဒလ္လသုတ်၊ ရဋ္ဌပါလသုတ်၊ မာဂဏ္ဍိယသုတ်၊ ဓာတုဝိဘင်္ဂသုတ်၊ အာနေဉ္ဇသပ္ပါယသုတ်၊ ဝေဒနာသံယုတ်တို့၌လည်း ဟောတော်မူသည်။

ရူပါရုံစသည်တို့၌ လောဘတဏှာစသည်တို့၏အစွမ်းဖြင့်ကား မမှီဝဲအပ်သော သောမနဿဝေဒနာမည်၏။ ၎င်းကို ဂေဟသိတ ကာမဂုဏ်ကို မှီသောဝေဒနာခေါ်သည်။ ရူပါရုံစသည်တို့၌ အနိစ္စစသည်တို့၏အစွမ်းဖြင့်ကား မှီဝဲသော သောမနဿဝေဒနာမည်၏။ ၎င်းကို ကာမဂုဏ်မှ ထွက်မြောက်ကြောင်း နေက္ခမ္မဝေဒနာမည်၏။ ဤနေက္ခမ္မဝေဒနာကို ဝိပဿနာ အနုဿတိ ပထမစျာနာဒိဥပ္ပဇ္ဇနက သောမနဿဝေဒနာ ခေါ်လေသည်။

ဝိတက် ဝိစာရ စသော တရားတို့၌လည်း ဖဿပဉ္စမကၠ်ကဲ့သို့ ဤသောမနဿဝေဒနာသည် အဘယ်ကို မှီသနည်းဟု စူးစမ်းသည်ရှိသော် ဟဒယဝတ္ထုကို မှီသည်စသည်ဖြင့် သိမ်းဆည်းအပ်၏။ ဒေါမနဿဝေဒနာ စသည်တို့၌လည်း ဤနည်းတည်း။

မဟာသီဝထေရ်

မဟာသီဝထေရ်သည် တစ်ဆယ့်ရှစ်ဂိုဏ်းတို့ကို စာပေပို့ချသည်။ သူ၏သြဝါဒ၌တည်၍ တပည့်ရဟန်းသုံးသောင်း ရဟန္တာဖြစ်ပြီးပြီ။ တပည့်တစ်ပါးသည် ဆရာ၏ဂုဏ်ကို မှီ၍ ငါမှာ များစွာအကျိုးရှိသည်၊ ငါ၌ရှိသောဂဏစ်များ၊ ငါ၏ဆရာ ရှိလေသလောဟု စဉ်းစားရာ မရှိသည်ကို သိလာ၍ စာတစ်ဝါတက်ရန် လျှောက်ထားလေသည်။

ဆရာက သင့်ကို ငါစာတစ်ဝါ အသီးအသန့်ချပေးရန် မအား၊ ဟု မိန့်တော်မူရာ တပည့်က တပည့်တော်ကို စာချဖို့ မအားက အရှင်ဘုရားသည် သေဖို့ကိုကား အားပါ့မလား၊ ဟု လျှောက်ပြီး စွာန်ဖြင့် ပျံ၍သွားလေ၏။ ဆရာက ဤကိုယ်တော်သည် စာတက်ဖို့လာသည် မဟုတ်ဟု သိ၍ တစ်ဆယ့်ရှစ်ဂိုဏ်း စာသင်သားများကို ထားပစ်ခဲ့ပြီး တစ်ပတ်တစ်လုံး သက်နှံးသုံးထည်ယူ၍ တောရဆောက်တည်ကာ တရားအားထုတ်၏။ နှစ်ပေါင်းသုံးဆယ် တရားအားထုတ်ရာ တရားမရ၍ ထိုင်ရင်း၏။ ထိုအခါ အနီး၌ နတ်သမီးတစ်ယောက်လည်း ငိုနေ၏။ မထေရ်က အဘယ်ကြောင့် ငိုသနည်းဟု မေးရာ မင်္ဂလိတရားကို မရ၍ ငိုနေသည်ဟု လျှောက်၏။

မထေရ်သည် ငိုနေ၍ကား တရားမရ၊ အားထုတ်မှ ရသည်ဟု သတိရကာ အားထုတ်ရာ ရဟန္တာဖြစ်လေသည်။ နောက်ဆုံး၌ နှစ်ပေါင်းသုံးဆယ်ပတ်လုံး မဆေးသောခြေကို သိကြားမင်းလင်မယား လာ၍

လေ၏။ ဤဒေသနာတော်၏အဆုံး၌ သိကြားမင်းသည် သောတာပန် ဖြစ်လေသည်။

အရှင်သာရိပုတ္တရာ

မီးသည် စင်ကြယ်သောဝတ္ထု၊ မစင်ကြယ်သောဝတ္ထုကို လောင် ကျွမ်းလေသည်။ ကြီးငယ်သော အရာဝတ္ထုတို့ကို လွှင့်စေ၏။ ဖုံသုတ် သည်၊ စင်ကြယ်သော အရာဝတ္ထု၊ မစင်ကြယ်သော အရာဝတ္ထုကို အသုတ် ခံရ၏။ သူတောင်းစားသည် အောက်ကျနောက်ကျ တောင်းစားရ၏။ ချိုကျိုးနွားသည် တခြားသောနွားတို့ကို အရှုံးပေးရသည်။ ရေချိုးပြီး သူသည် အကောင်ပုပ်ကို စက်ဆုတ်၏။ အစွယ်ကျိုးမြွေသည် ဒေါသနည်း လေ၏။ မြေထု ရေထုများသည် စင်ကြယ် မစင်ကြယ်သော အရာဝတ္ထု များကို အချခံရ၏။ ဤနည်းအတူ အရှင်သာရိပုတ္တရာသည် လောကီ အာရုံများကို သည်းခံသည်။

နဝဂုံတွာရပါဠိတော် (၁၈၃)၌ အရှင်သာရိပုတ္တရာသည် ဘုရားရှင် အား အရှင်ဘုရား တစ်စုံတစ်ယောက်သောသူသည် အပေါက်ကြီးငယ် ရှိသော အထက်ကလည်း ယိုဖိတ်၊ အောက်ကလည်း ယိုစီးသော ဆီ ပြည့်အိုးကို ဆောင်ရွက်ထားရသကဲ့သို့ အထက်သို့လည်း ဆက်တက်၊ အောက်သို့လည်း ယိုစီးသော ကိုးပေါက်ဒွါရအမာဝရှိသော ဤခန္ဓာကိုယ် ကြီးကို ဆောင်ရွက်ထားရပါသည်ဘုရားဟု လျှောက်ထားသည်။

ထို့ကြောင့် သံယောဇဉ်ကြီးဖြတ်သောသူ၊ ၎င်းသံယောဇဉ်တရား တို့၌ ငြီးငွေ့သောသူသည်သာလျှင် ရာဂစသည်ကို ပယ်နိုင်သည်ဟု ဒုက ဂုံတွာရပါဠိတော် (၅၂)၌ လာပေ၏။ ပိန်းကြောဖက်တွင် ရေမတင် လျှော ကျဘိသကဲ့သို့ ရာဂကင်းစင်ဖို့ လိုသည်ဟူ၍လည်း ခန္ဓဝဂ္ဂသံယုတ် ပါဠို

တော် (၁၁၄)၌လည်း လာပေ၏။ လက်သည်းပေါ်တင်ထားသော မြေမှုန့်သည် မမြဲသကဲ့သို့ ရုပ်နာမ်များ မမြဲဟုဟု ၎င်းပါဠိတော် (၁၂၀)၌ ဟော တော်မူသည်။

ထိုင်တစ်ခုခု၌ ခွေးဝက်စသော သတ္တဝါခြောက်ကောင်ကို ချည်ထားသည်ရှိသော် ၎င်းသတ္တဝါခြောက်ယောက်တို့သည် အရုပ်တစ်မျက်နှာထဲသို့ မသွားဘဲ မိမိတို့လိုရာနေရာသို့သာ သွားနေကြမည်။ နည်းဟူအထူးထူးသော အဖျာသယောတ်ရှိသောသူတို့သည်လည်း မိမိအလိုရှိရာအာရုံကြောင့် မိမိလိုရာဘုံဘဝသို့ သွားရောက်ကြမည်။ အလုံးစုံသော နာမ်ရုပ်တရားတို့သည် အိုခြင်း ဇရာဓမ္မ၊ နာခြင်း ဗျာဓိဓမ္မ၊ သေခြင်း မရဏဓမ္မ၊ စိုးရိမ်ခြင်း သောကဓမ္မ၊ ကိလေသာနှင့်တကွဖြစ်သော သံကိလေသိကဓမ္မ၊ ကုန်ခြင်း ခယဓမ္မ၊ ပျက်ခြင်း ဝယဓမ္မ၊ ဖြစ်ခြင်း သမုဒယဓမ္မ၊ ချုပ်ခြင်း နိရောဓဓမ္မ၊ မမြဲခြင်း အနိစ္စဓမ္မ၊ ဆင်းရဲခြင်း ဒုက္ခဓမ္မ၊ အစိုးမရခြင်း အနတ္တဓမ္မ၊ ထူးသောဉာဏ်ဖြင့် သိအပ်သော အဘိညေယျဓမ္မ၊ ပိုင်းခြားရှင်သိအပ်သော ပရိညေယျဓမ္မ၊ ပယ်အပ်သော ပဟာတဗ္ဗဓမ္မ၊ နှိပ်စက်တတ်သော ဥပ္ပဒ္ဒုတဓမ္မ၊ မချီးမွမ်းအပ်သော နှိပ်စက်တတ်သော ဥပသဋ္ဌဓမ္မတို့တည်း။

မြက်သစ်ရွက်ပမာ ဤခန္ဓာ

ဘုရားရှင်က ချစ်သားရဟန်းတို့ ဤဇောတဝန်ကျောင်းတော်ဝင်း၌ မြက်သစ်ရွက်ခြောက်တို့ကို ယူဆောင်ချင်သလို ယူဆောင်၊ မီးရှို့လျှင်လည်း အလိုရှိတိုင်း ပြုလိုမူ ပြုနိုင်သကဲ့သို့ ဤခန္ဓာကိုယ် နာမ်ရုပ်တရားတို့သည်လည်း သင်တို့၏ဥစ္စာမဟုတ်၍ ပယ်စွန့်ကြပါကုန်လော၊ ထိုသို့ပယ်ခြင်းသည် ချမ်းသာခြင်းဖြစ်လတ္တံ့ဟု သဉ္ဇာယတနသံယုတ်ပါဠိတော် (၃၀၃) ခန္ဓဝဂ္ဂသံယုတ်ပါဠိတော် (၂၈)၌ ဟောတော်မူသည်။

ဉာတပရိညာ

ဉာတပရိညာဟူသည် ဖဿ ဝေဒနာစသည်တို့၏အကြောင်းအကျိုး၊ သာယာခြင်း အသာဒ၊ အပြစ် အာဒီနဝစသည်ကို သိခြင်းတည်း။ လူနတ်ဗြဟ္မာတို့၏ စည်းစိမ်ချမ်းသာတို့၌ သာယာခြင်း အသာဒဖြစ်၏။ နောက် အာဒီနဝ အပြစ်ဖြစ်လာသည်။ လူများမှာ အမြင့်ဆုံး စကြာမင်းလည်း သေရ၏။ ဘုရားရှင်လည်း ပရိနိဗ္ဗာန်ပြုရ၏။ ရန်သူမျိုးငါးပါးစသည်နှင့်လည်း မကင်းပေ။ သိကြားမင်းလည်း မိမိ၏ ပဏ္ဍုကမ္ဗလမြကျောက်ဖျာကို လုယက်မှာ ကြောက်ရသည်။ ဝိသယှသူဌေးဘုရားလောင်းကား လှူ၍ကုန်နေပြီ။ နောက် မြက်ရိတ်၍ အဘိုးအခငွေနှင့် လှူနေသည်။ ဘုရားလောင်း၏ တန်ခိုးကြောင့် ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာမှာ တင်းမာ၍ သိကြားမင်းသည် မလှူရန် သွား၍တားသည်။ သင်၏ ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာလောက်ကို ရည်ရွယ်၍ လှူသည်မဟုတ်၊ သဗ္ဗညုတဉာဏ်ကို လိုလားတောင့်တ၍ လှူသည်ဟု ပြောလိုက်မှ ပြန်လာသည်။ ကောင်းစွာကျင့်ကြံနေသော ဣသိသိင်္ဂရသေ့ကို မြကျောက်ဖျာကို လုမှာ ကြောက်၍ အလမ္ဘူသာနတ်သမီး၊ နီလိနီကာမင်းသမီးနှင့် ဖျက်ဆီးစေသည်။

ခိဏာပဒေါသိကာနတ်များ ပျော်လွန်းအားကြီး၍ သေရသည်။ မနောပဒေါသိကာနတ်များ သူများကို ငြူစူစောင်းမြောင်း၍ သေရသည်။ ဗြဟ္မာတို့မှာလည်း ရပြီးသောစျာန် အဘိညာဉ်တရားကို မပျောက်ပျက်ရအောင် ဒုက္ခ၊ အထက်အထက်စျာန်အဘိညာဉ်များကို ရဖို့အတွက် အားထုတ်ရခြင်းဒုက္ခရှိ၏။

တိုက်ကြီးသုံးတိုက်၏ အနောက်နားမှာ သူသတ်စခန်းထား၏။ လှံစက် ဓားစက် မီးပုံကြီး ချောက်ကြီး ကျီးလင်းတ ခွေးစသည် ရှိ၏။

အရက်သေစာ မိန်းမများနှင့် ပျော်ပါးရန် လာသောသူများကို ၎င်းနေရာသို့ ပို့၏။ နောက်နောက်ရောက်လာသောသူများတို့သည် ၎င်းတို့ကြိုးသုံးတို့၏ နောက်ဘေးမှာ ပျော်ပါးနေကြသည် ထင်၏။ ထိုသူတို့ကို လည်း ထိုနေရာသို့ ပို့၏။ နည်းတူ လူနတ်ပြဟ္မာ စည်းစိမ်ချမ်းသာတို့ကို ဆုတောင်း၍ ရောက်လာသောသူတို့နှင့်တူ၏။ ရေရှိသောအိုင်၌ ငါးများကာ ပျော်ရွှင်နေကြ၏။ နောက်ငါးများဖန်များ၍ အပူရှုပ် အအေးမိကာ သေကြသူများနှင့် ဤလောကကြီးတူလှ၏။ ယားနာနူနာရှိသူသည် ယား၍ တိုက်နံ့ရံစသည်ကို ပွတ်တိုက်နေရ၏၊ သွေးထွက်၏၊ ဤနည်းအတူ လောကဟူသည် ကာမဂုဏ်တရားတို့၌ သာယာခြင်း အသာဒ၊ ဇာတိဧသော အပြစ်အာဒီနဝရှိကြ၏။

တီရဏပရိညာ

လွတ်မြောက်ခြင်းကို သိခြင်းသည် တီရဏပရိညာမည်၏။ ၎င်း တီရဏပရိညာသည် အနိစ္စပရိညာ၊ ဒုက္ခပရိညာ၊ အနတ္တပရိညာဟု သုံးပါးရှိ၏။ အကျဉ်းအားဖြင့် နာမရူပပရိစ္ဆေဒဉာဏ်စသည် တီရဏပရိညာမည်၏။ ဥပမာ – ခြေထောက်ခလုတ်တိုက်မိ၏၊ ဒုတ်ထိုးမိ၏၊ ခုတ်မိ၏။ ထိုအခါ ခြေထောက်ကား ရှုပ်၊ ဒုတ်မားကား ရှုပ်တည်း၊ နာကျင်ခြင်းကား ဒုက္ခဝေဒနာတည်းဟု သဘာဝတရားကို မိအောင် ဖမ်းမိသောဉာဏ်သည် ဓမ္မဝဝတ္ထာနဉာဏ်မည်၊ တရားကို သိမ်းဆည်းတတ်သော ဓမ္မပရိဂ္ဂဟဉာဏ်လည်းမည်၏၊ ရုပ်နာမ်ကို ပိုင်းခြား၍သိတတ်သော နာမရူပပရိစ္ဆေဒဉာဏ်လည်းမည်၏။

ထိခိုက်မှု ဝေဒနာဖြစ်ရခြင်းအကြောင်းရင်းမှာ ဒုတ် ကျောက်စသည်ကို သိရသည်။ "ဖဿပစ္စယာ ဝေဒနာ"ဟု ဘုရားရှင် ဟောတော်မူသည့်အတိုင်း ဖဿကို မြင်နိုင်၏။ ၎င်းအကြောင်းကို သိမ်းဆည်းတတ်

သောဉာဏ်သည် ပစ္စယပရိဂ္ဂဟဉာဏ်မည်၏။ ယုံမှားခြင်းကို လွန်မြောက်တတ်သော ကင်္ခါဝိတရဏဉာဏ်မည်၏။ တရားဌိတည်သော ဓမ္မဋ္ဌိတိဉာဏ်လည်းမည်၏။ အကြောင်းကြောင့် အကျိုးဖြစ်သည်ဟု သိတတ်သော ပဋိစ္စသမုပ္ပါဒ်ဉာဏ်လည်းမည်၏။ ဟုတ်မှန်တိုင်းသိတတ်သော ယထာဘူတဉာဏ်လည်း မည်၏။

ဤသို့. ဒုက္ခဝေဒနာ၌ ဉာဏ်ကို ဆုပ်ကိုင်မိက အနိစ္စလက္ခဏာထင်အောင် ရှုရာ၏။ နောက် ဝေဒနာတဏှာစသော တရားတို့၌လည်း ဤနည်းသာတည်း။ နာကျင်မှု ဒုက္ခဝေဒနာသည် ပဋိသန္ဓေကစ ဤတစ်ဘဝလုံးမှာ အမြဲရှိနေသောတရားမဟုတ်၊ ဖဿဖြစ်ခိုက်မှာသာ ဖြစ်၍ မမြဲသော အနိစ္စတရားတည်း။ လျှပ်စစ်ပြက်သည်နှင့်တူ၏ – စသည်ဖြင့် သိခြင်းသည် အဖြစ်အပျက်ကို သိသော ဥဒယဗ္ဗယဉာဏ်လည်းမည်၏။ နောက်ခန္ဓာကိုယ်ခေါင်းစသည် ရုပ်နာမ်ဖြစ်ရာ၌လည်း နည်းတူစွာ ရှုကြည့်ကာ ပတ္တမြားကို လက်ဝယ်တင်ထားသဲ့သို့. မြင်ရလတ္တံ့။ ဤကဲ့သို့. ရှုမှတ်ပါမှ ငါ နာသည်ဟု ထင်မှတ်သော မိစ္ဆာဉာဏ်သည် ငါနာသည်ဟု သိသော မိစ္ဆာစိတ်၊ ငါ နာသည်ဟု မြင်သော မိစ္ဆာဒိဋ္ဌိ၊ ဤသုံးပါးပျောက်ရန်ကား အနိစ္စာနုပဿနာဉာဏ် မမြဟု အဖန်တလဲလဲ ရှုတတ်သောပညာတရားသာတည်း။

ဣတိဝုတ်ပါဠိတော် (၂၂၇)၌ အကြင်ယောဂီသည် ကာမဂုဏ်သုခကို ဒုက္ခအားဖြင့် မြင်ပြီ၊ ဒုက္ခကို ငြောင့်တံသင်းအားဖြင့် မြင်ပြီ၊ အဒုက္ခမသုခဝေဒနာသည် ငြိမ်သတ်လတ်၏။ ထိုဥပေက္ခာဝေဒနာကို အနိစ္စအားဖြင့် မြင်ပြီဟု ဟောတော်မူ၏။ ဝေဒနာသုံးပါးကို ဒုက္ခဟူ၍လည်းကောင်း၊ သုခဒုက္ခဟူ၍လည်းကောင်း ရှုအပ်၏။

အနိစ္စကို မြင်က ဒုက္ခ အနတ္တကိုလည်း မြင်တတ်သည်၊ သစ်ပင်တက်သောသူသည် ကျိုးမည့်သစ်ကိုင်းကို မြင်လျှင် လိမ့်ကျ၍ သေမည့် ဒုက္ခကိုလည်း မြင်သည်။ ဘုရားရှင်က မေးယိယထေရ်အားလည်း ဤနည်း အတိုင်း ဟောတော်မူ၍ ကျောင်းအိမ်စသည်၌ ကြိုးကို တက်သောသူ သည် ပြုတ်ကျမည့်ကြိုးကို မြင်က ပြုတ်ကျ၍သေမည့် ဒုက္ခကိုလည်း မြင်နိုင်သည်။ လှည်း လှေ သဘော်ကား ရထား လေယာဉ်ပျံကို စီးရာ ပျက်မည်ကို မြင်သဖြင့် သေမည့်ဘေးကိုလည်း မြင်နိုင်သည်။ ဤသို့ ဝေဒနာစသည်တို့၏အနိစ္စကို မြင်လျှင် အပါယ်ကျမှု၊ လောကဘေးရောက်မှု ဒုက္ခဘေးစသည်ကိုလည်း မြင်နိုင်သည်။

6

ထန်းတောကြိုးပမာ

ထန်းတော၌ ထန်းရည်စသည်ဖြင့် မူးယစ်ဖျော်ပါးနေသောသူသည် ထန်းပင်တက်ရာ ဒုတ် ကြိုးစသည် ပြုတ်ကျ၍သေရသည်။ ဒုတ်ကြိုးစသည် ပြုတ်ကျ၍ သေရခြင်းသည် လူနတ်ပြဟ္မာတို့၏ ချမ်းသာနှင့်တူ၏။ အဝိဇ္ဇာ တဏှာ စသည်သည် ထန်းပင်သမားနှင့်တူ၏။

* ထန်းတောကစ၊ လောကသဲ့သရာ၊ ထန်းရည်မှန်ပြီ၊ လောကီရမ္မဏာ၊ လှေခါးထစ်မျိုး၊ အကျိုးဝဋ်မှာ၊ ထန်းတက်သူ မှတ်ယူကိလေသာ။

လူနတ်ပြဟ္မာတို့အား ပဋိသန္ဓေစိတ်၏ ဘင်ခဏမှစ၍ ဝေဒနာစသော တရားတို့၏ ခဏတိုင်း ခဏတိုင်း အပါယ်တံခါး ခဏခဏ ပွင့်နေ၏။ သို့သော်လည်း တစ်ပါးသော အာဟာရစသည်တို့က ဆောင်ထား၍ မသေဘဲနေရ၏။ တစ်နပ်စာစား အာဟာရ၏ ကုန်သည်နှင့် တစ်ပြိုင်နှင့် သေကိန်းဆိုက်လာ၏။ ထို့ကြောင့် တစ်ထပ်ပြီး တစ်ထပ်၊

တစ်ရက်ပြီး တစ်ရက်၊ တစ်လပြီး တစ်လ၊ တစ်နှစ်ပြီး တစ်နှစ်၊ အသက်ဆက်ထားရသည်။ ဤကား အနိစ္စဒဏ်ချက်တည်း များလှ၏။ အနိစ္စကို မြင်က အနတ္တကို မြင်နိုင်ပုံကား – ဝေဒနာသည် လူနတ် ဗြဟ္မာ ယောက်ျား မိန်းမ ပုဂ္ဂိုလ် သတ္တဝါ မဟုတ်၊ အစိုးရသော အတ္တမဟုတ်၊ အသက်ဇီဝ မဟုတ်၊ တစ်ထိုင်တည်းမှာပင် ခဏခဏအသစ် ဖြစ်သည်ဟု မြင်၏။ ထိုအခါ နိစ္စသညာ အတ္တသညာ ကွယ်ပျောက်လေသည်။

ဒုက္ခပရိညာ

အကျဉ်းအားဖြင့် ဇာတိစသည်ကို သိခြင်းသည် ဒုက္ခတိရဏပရိညာမည်၏။ ပြုပြင်တတ်သော သင်္ခါရဒုက္ခစသည်ကို မြင်အောင် ရှု။ စာရေးစာချီ ကုန်သည် လယ်လုပ် ဒါန သီလ သမထမှုဟူသမျှသည် ပြုပြင်တတ်သော သင်္ခါရဒုက္ခတည်း။ ရသောပစ္စည်းကို စောင့်ရခြင်းသည်လည်း သင်္ခါရဒုက္ခတည်း။ ဇာတိစသည်ဖြင့် ဖောက်ပြန်ခြင်းသည် ဝိပရိဏာမဒုက္ခတည်း။ အနမတဂ္ဂသုတ်ဒေသနာတော် သတ္တသူရိယသုတ် ဒေသနာတော်စသည်တို့နှင့်အညီ ဖောက်ပြန်နေခြင်း၊ ကမ္မာပျက်ခြင်းစသည်တို့သည် သင်္ခါရဒုက္ခတို့တည်း။ အနာဂါမ်တို့သည် ကာမဘုံဒုက္ခကိုသာ ထင်သည်၊ ရူပဘုံ အရူပဘုံဒုက္ခကို မထင်နိုင်သေး။ ထို့ကြောင့် ဝိသာခါစသည်တို့သည် ဘုံစဉ်စံနေကြသည်။

အနတ္တပရိညာ

ဝေဒနာစသည်တို့ကား ဥပါဒ် ဌိ ဘင် ခဏခဏပြောင်းနေ၍ အစိုးရသော အတ္တမဟုတ်၊ ပူသောအခါ လေ၊ အေးသောအခါ နေကို အသုံးပြုရသကဲ့သို့ သုခဝေဒနာကို အမြဲရှာရခြင်း သင်္ခါရဒုက္ခရှိနေ၍ အတ္တမဟုတ်၊ လူနတ်တို့၏ စည်းစိမ်ချမ်းသာလည်း ပျက်စီးတတ်၍ အတ္တ

မဟုတ်၊ သစ်ပင်ရိပ်သည် မြေကြီးပေါ်မှာ ထင်သော်လည်း သစ်ပင်ရိပ်သည် မြေကြီးမဟုတ်၊ ဒုတ်ဓားအရပ်၊ မီးလောင်ရာသည် ကိုယ်ပေါ်၌ ထင်နေသော်လည်း ဒုတ်ဓားမဟုတ်၊ မှန်မှာ လူရိပ်ထင်နေသော်လည်း လူရိပ်သည် မှန်မဟုတ်၊ ရေမှာ လူရိပ်ထင်နေသော်လည်း လူရိပ်သည် ရေ မဟုတ်၊ အနာမှာ ယင်အုံသော်လည်း အနာတခြား၊ ယင်တခြား ကဲ့သို့ ဝေဒနာသည် သူပိုင် ငါပိုင်မဟုတ် အနတ္တလက္ခဏာသုတ်အတိုင်း သိအပ်၏။

ပဟာနပရိညာ

အရှင်မဟာကဿပကိုယ်တော်မြတ်ကြီး၏တပည့် ပဉ္စင်းငယ်တစ်ပါး သည် စွာန်ရပြီးမှ ဦးရိုးသမီးကို နှစ်သက်၍ လူထွက်၏။ ခိုးမှဖြင့် ဖမ်းမိ၏။ မင်းချင်းများ သတ်ခြင်းငှာ မြို့ပြင်ထုတ်သွားသည်။ အရှင်မဟာကဿပကိုယ်တော်ကြီးမြင်၍ ရှေ့၌ လေ့ကျက်အပ်ပြီးသောတရားကို နှလုံးသွင်းလော့ဟု ဆုံးမရာ နှလုံးသွင်း၍ စွာန်သမာပတ်ကို ရလေ၏။ အမှန်မှာ ပဟာနပရိညာဟူသည် ပဟာနငါးပါးအတိုင်း ပယ်ခြင်းဟုဆိုသည်။ ထို့ကြောင့် သဉ္ဇာယတနပါဠိတော် (၄၅၆)၌ ဝေဒနာသုံးပါးသည် အမြဲမရှိ အနိစ္စ၊ အကြောင်းတရားပြုပြင်အပ်၍ သခ်ံတ၊ အကြောင်းကို စွဲ၍ ပဋိစ္စသမုပ္ပန္န၊ ကုန်တတ်၍ ခယဓမ္မ၊ ပျက်တတ်၍ ဝယဓမ္မ၊ တပ်ခြင်း၍ ဝိရာဂဓမ္မ၊ ချုပ်တတ်၍ နိရောဓဓမ္မဟု ဟောတော်မူ၏။ မူလပဏ္ဏာသ အဋ္ဌကထာ မူလပရိယာယသုတ် (၃၁)၌ နာမ်ရုပ်တို့ကို ပိုင်းခြားမှတ်သားတတ်သော နာမရူပဝဝတ္ထာနဉာဏ်သည် ဉာတပရိညာ၊ ကလာပသမ္မသနဉာဏ်အစ အနုလောမဉာဏ်အဆုံးရှိသောတရားသည် တီရဏပရိညာ၊ အရိယမဂ်ဉာဏ်သည် ပဟာနပရိညာမည်၏။

မဂ္ဂင်တစ်ပါးဖြစ်က နောက်ခုနစ်ပါးဖြစ်ခြင်း

ဝိဇ္ဇာဉာဏ်သည် ကုသိုလ်တရားဖြစ်ခြင်း၏ ရှေ့သွားဖြစ်၏။ ဝိဇ္ဇာသည် သမ္မာဒိဋ္ဌိတည်း၊ သမ္မာဒိဋ္ဌိဖြစ်သောသူအား သမ္မာသင်္ကပ္ပစသည် ဖြစ်။ ဤပုဂ္ဂိုလ်တို့အား ကလျာဏမိတ္တစသည်ရ၍ မဂ္ဂင်ရှစ်ပါး ပွားလာနိုင်သည်။ ၎င်းမဂ္ဂင်ရှစ်ပါးကို မြတ်သောယာဉ်၊ ဓမ္မယာဉ်၊ ကိလေသာစစ်ပွဲကို နိုင်၍ အနုတ္တရသင်္ဂါမဝိဇယခေါ်သည်။

မဂ္ဂင်ရှစ်ပါးသည် မိစ္ဆာမဂ္ဂင်များကို ပယ်၏။ အဝိဇ္ဇာကို ဖောက်ခွဲ၍ ဝိဇ္ဇာဉာဏ်ပေါက်ကား နိဗ္ဗာန်ရောက်တတ်သည်။

ဘုရားရှင်သာသနာတော်မှာသာ မဂ္ဂင်ရှစ်ပါးရှိသည်။ ၎င်းကို သီလကွန္ဓ သမာဓိကွန္ဓ ပညာကွန္ဓလည်း ခေါ်သည်။ မဂ္ဂင်ရှစ်ပါးမှ ကိလေသာကင်းသည်၊ သူတော်ကောင်းခေါ်သည်။ ဝေဒနာသုံးပါးကို ပိုင်းခြား၍ သိနိုင်၏။ ကာမဂုဏ်တရားများကို ပယ်နိုင်သည်။ ကာမဂုဏ်ကို ရှာမှီးခြင်းကား ကာမေသနာ-ဘဝကို ရှာမှီးခြင်း၊ အဇေသနာ-မြတ်သောအကျင့်ကို ရှာမှီးခြင်း၊ ပြဟ္မစရိယေသနာ-ဤသုံးပါးတို့ကို သိခြင်းငှာ မဂ္ဂင်တရားများကို ပွားအပ်၏။

စတ္တာရိ အရိယသစ္စာနိ၊ ကုန္ဒြိယာနိ ဗလာနိ စ။
ဗောဇ္ဈင်္ဂင်္ဂါကံ မဂ္ဂံ၊ ဥတ္တမတ္ထသ္သ ပတ္တိယာ။

စတ္တာရိ-လေးပါးကုန်သော၊ အရိယသစ္စာနိ-အရိယသစ္စာတို့သည်လည်းကောင်း၊ ကုန္ဒြိယာနိ စ-ကုန္ဒြေတို့သည်လည်းကောင်း၊ ဗလာနိ စ-ဗိုလ်တို့သည်လည်းကောင်း၊ ဗောဇ္ဈင်္ဂင်္ဂါကံမဂ္ဂံ-ဗောဇ္ဈင်ခုနစ်ပါး မဂ္ဂင်ရှစ်ပါး တရားသည်လည်းကောင်း၊ ဥတ္တမတ္ထသ္သ-မြတ်သောနိဗ္ဗာန်သို့၊ ပတ္တိယာ-ရောက်ခြင်းငှာ၊ ဟောတိ-မုချဇကန် အမှန်စင်စစ်ဖြစ်နိုင်သည်သာတည်း။

(၈) 'တဏှာပစ္စယာ ဥပါဒါနံ'အကြောင်း သိကောင်းစရာ

သမုဒယသစ္စာ တဏှာ ရာဂ လောဘ နန္ဒီ ဟူသည် အတူတူတည်း။ ၎င်းလိုချင်ခြင်းတရားသည် အာရုံကို ယူခြင်းလက္ခဏာရှိ၏။ မျှော်၍နှစ်သက်စေနှင့်တူ၏။ ဝိဘင်းပါဠိတော် (၁၄၃)၌ ၎င်းတဏှာဟူသော အကြောင်းကြောင့် ကာမုပါဒါန် လောဘ, ဒိဋ္ဌုပါဒါန် ဒိဋ္ဌိ, သီလဗ္ဗတုပါဒါန် ဒိဋ္ဌိ, အတ္တဝါဒုပါဒါန် ဒိဋ္ဌိဖြစ်ကြောင်း ဟောတော်မူသည်။ ၎င်းဥပါဒါန်တရားဟူသည် လောဘ ဒိဋ္ဌိတည်း။ ကာမုပါဒါန်ကား လောဘ၊ ဒိဋ္ဌုပါဒါန်ကား ကုသိုလ် အကုသိုလ်အကြောင်း မရှိ၊ အကျိုးမရှိ၊ အကြောင်းအကျိုးမရှိဟု ယူဆသော နတ္ထိကဒိဋ္ဌိ, အဟေတုကဒိဋ္ဌိ, အကိရိယဒိဋ္ဌိတည်း။ သီလဗ္ဗတုပါဒါန်ကား ခွေးနွားအကျင့်၊ အတ္တဝါဒုပါဒါန်ကား ရုပ်နာမ်ကို ရုပ်နာမ်ဟု မယူဆပဲ သတ္တ အတ္တ ဇီဝ ဝိညာဉ် လိပ်ပြာကောင် ယူဆ၏။

တဏှာ၏ဥပမာများ

ရွှပါရုံစသည်ကို တပ်နှစ်သက်တတ်၍ သံလိုက်ဓာတ် မခွာနိုင်၍ မျောက်နဲ့စေး စွဲမိက ဖြုတ်မရ၍ ငါးများချိတ် သောက်လေ သောက်ငတ် မပြေသော ဆားငံရေ၊ ခဏခဏလာ၍ တောင်းနေသော ကြွေးမြီရှင်ပြေး၍ မလွတ်နိုင်သော အချုပ်ထောင်၊ ကြောက်မက်ဖွယ်ကောင်းသော မိကျောင်းသားရဲတိရစ္ဆာန်၊ တဏှာမျက်လုံးအဆုံးမရှိအောင် ကောင်းကင်၊ တဏှာကျွန်စသည်ဖြင့် များလှ၏။ ဥပါဒါန်တရားတို့ကား ဖားကို မြွေခဲ၊ ကြွက်ကို ကြောင်ခဲသကဲ့သို့ ဖြုတ်ဖို့ရန် ခဲယဉ်းလှ၏။

"ယေန လောဘေန လုဒ္ဓါသေ"စသည်ဖြင့် ဣတိဝုတ်ပါဠိတော် (၁၉၅)၌ လောဘတဏှာရှိသောသူတို့သည် အပါယ်ရောက်တတ်၏။

ထိုလောဘအကြောင်းကို သိကုန်၍ ဝိပဿနာအားထုတ်ကုန်သော သူတို့သည် ထိုလောဘကို စွန့်ကြကုန်၏။ ထိုသို့ ပယ်စွန့်ခြင်းကြောင့် ဤသုံးဆယ့်တစ်ဘုံသို့ မလာကုန်ဟု ဟောတော်မူ၏။

"လုဒ္ဓါ အတ္ထံ နဂဏာတိ" စသည်ဖြင့် ကွတိဝုတ်ပါဠိတော် (၂၅၂)၌ 79
လောဘတဏှာတရားသည် အကျိုးရှိသည်/မရှိသည်ကို မသိတတ်၊ အကြောင်းဟုတ်သည်/မဟုတ်သည်ကို မသိတတ်။ အကြောင်းအခါ၌ လောဘတဏှာတည်းဟူသော အမိုက်တိုက်ဖြစ်ငြားအံ့၊ ထိုလောဘတဏှာသည် သတ္တဝါတို့ကို နှိပ်စက်တတ်၏ဟု ဟောတော်မူ၏။

အံ့သြဖွယ်ရာ ဤတဏှာ

သိကြားမင်း၏ ဝရဖိန်လက်နက်သည် ယူဇနာပေါင်း ရှစ်သောင်း လေးထောင်ထက်အောက် ဆောင်သည်။ မြင်းမိုရ်တောင်ကို မုံ့မုံ့ညက်ညက် ချေဖျက်နိုင်၏။ ဝေဿဝဏ်နတ်မင်း၏ ဂျန်းတောင်းလက်နက်သည် တစ် ခါတည်း ဘီလူးတစ်ထောင်ခေါင်းကို ဖြတ်နိုင်၏။ ယမမင်း၏ မျက်လုံးလက်နက်သည် ထောင်ပေါင်းများစွာသော ကုမ္ဘဏ်တို့ကို အိုးကင်းပူကျနမ်းပမာ တဖျတ်ဖျတ်မည်၍ ကွဲစေနိုင်၏။ အာဠာဝကဘီလူး၏ ဖဲဖြူပုဆိုးလက်နက်သည် ကောင်းကင်ပေါ်သို့ လွှင့်ပစ်က တစ်ဆယ့်နှစ် ယူဇနာတိုင်တိုင် မီးမရှောနိုင်။ ဗြဲသို့ ပစ်ချအံ့၊ နည်းတူ တစ်ဆယ့်နှစ်ယူဇနာတိုင်တိုင် သစ်ပင်များ မပေါက်နိုင်။ သမုဒ္ဒရာ၌ ကျအံ့၊ သတ္တဝါများ အိုးကင်ပူကျမိုးပေါက်ပမာ ဖြစ်နိုင်သည်။ မြင်းမိုရ်တောင်ထိပ်သို့ ကျအံ့၊ အစိတ်စိတ် အမွှာအမွှာ ကွဲနိုင်သည်။ ယုဂန္ဓရ်စသော တောင်များကို အဘယ်ဆိုဖွယ်ရာရှိအံ့နည်း၊ သို့သော်လည်း ၎င်းလက်နက်များသည် လောဘစသော ကိလေသာများကိုကား မဖြိုခွင်းနိုင်။

ကာမစ္ဆန္ဒသည် စက်ဆုတ်ရွံရှာဖွယ်မရှိဟူသော အမှတ်သညာဖြင့် လှည့်ပတ်တတ်သည်။ ဗျာပါဒခေါ် ဒေါသသည် စက်ဆုတ်ရွံရှာဖွယ်ရှိဟူသော အမှတ်သညာဖြင့် လှည့်ပတ်တတ်သည်။ ထိနမိဒ္ဓသည် သမာဓိလိုလိုဖြင့် လှည့်ပတ်တတ်သည်။ ဥဒ္ဓစ္စသည် ဝိရိယလိုလိုဖြင့် လှည့်ပတ်တတ်သည်။ ကုက္ကုစ္စသည် အကျိုးကို အလိုရှိသကဲ့သို့ လှည့်ပတ်တတ်သည်။ ဝိစိကိစ္ဆာသည် နှစ်ဖက်ကို စူးစမ်းသလိုလို လှည့်ပတ်တတ်သည်။ မာနသည် မိမိကိုယ်ကို သိသကဲ့သို့ လှည့်ပတ်တတ်သည်။ မိစ္ဆာဒိဋ္ဌိသည် ပညာလိုလိုလှည့်ပတ်တတ်သည်။ သတ္တဝါတို့၌ မသနားခြင်းသည် သံယောဇဉ်ကင်းသကဲ့သို့ လှည့်ပတ်တတ်သည်။ ကာမဂုဏ်ကို ခံစားခြင်းသည် ခွင့်ပြုခြင်း၌ မှီဝဲခြင်းသဘောဖြင့် လှည့်ပတ်တတ်သည်။ သူတစ်ပါးအား ခွဲခြမ်းဝေဖန်မပြုခြင်းသည် အာဇီဝပါရိသုဒ္ဓိခေါ် အသက်မွေးစင်ကြယ်သည်၏သဘောဖြင့် ဖုံးလွှမ်းတတ်သည်။ မိစ္ဆာဇီဝခေါ် မှားသော အသက်မွေးခြင်းသည် ခွဲခြမ်းဝေဖန်ခြင်းသဘောဖြင့် လှည့်ပတ်တတ်သည်။

သူတစ်ပါးကို မချီးမြှောက်ခြင်းအလေ့သည် မရောနှောခြင်းလိုလို လှည့်ပတ်တတ်သည်။ မလျော်သော ဆက်ဆံခြင်းသည် ချီးမြှောက်တတ်သော အလေ့လိုလို လှည့်ပတ်တတ်သည်။ အကျိုးကို အလိုမရှိခြင်းသည် ကုံးမတိုက်တတ်သလို လှည့်ပတ်တတ်သည်။ (စာရေးကမျှတာ) မြှောက်ပင့်ခြင်းသည် ချစ်ဖွယ်သောစကားကို ဆိုလို လှည့်ပတ်တတ်သည်။ ဝမ်းမမြောက်ခြင်းသဘောသည် နှိုင်းနှိုင်းချိန်ချိန် ပြောဆိုသလို လှည့်ပတ်တတ်သည်။ ကောက်ကျစ်ခြင်းသည် ဝမ်းမြောက်ဝမ်းသာ ဆက်ဆံသလို လှည့်ပတ်တတ်သည်။ ကြမ်းကြမ်းတမ်းတမ်း ပြောဆိုခြင်းသည် နှိပ်ချေ ပြောသလိုလှည့်ပတ်တတ်သည်။ သူတစ်ပါးအပြစ်ကို ရှုခြင်းသည် မကောင်းမှု

ကို ကဲ့ရဲ့ခြင်းကဲ့သို့. လှည့်ပတ်တတ်သည်။ ကုလမစ္ဆရိယသည် အမျိုးကို သနားသည့်ပမာ လှည့်ပတ်တတ်သည်။ အာဝါသမစ္ဆရိယသည် နေရာထိုင်ခင်းများကို တာရှည်တည်စေသကဲ့သို့. လှည့်ပတ်တတ်သည်။ ဓမ္မမစ္ဆရိယသည် တရားကို စောင့်ရှောက်ခြင်းကဲ့သို့. လှည့်ပတ်တတ်သည် စကားများသည် တရား၌ မွေ့.လျော်သကဲ့သို့. လှည့်ပတ်တတ်သည်။

အပေါင်းအဖော်၌ မွေ့.လျော်ခြင်းသည် ကြွမ်းတမ်းသောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်သကဲ့သို့. လှည့်ပတ်တတ်သည်။ အလုပ်များခြင်းသည် ကုသိုလ်ကောင်းမှုကို အလိုရှိသယောင်ယောင် လှည့်ပတ်တတ်သည်။ စိတ်၏ ပူပန်ခြင်းသည် သံဝေဂသဘော လှည့်ပတ်တတ်သည်။ ပစ္စည်းတို့၌ မစောင့်စည်းခြင်းသည် သဒ္ဓါရှိသလိုလို လှည့်ပတ်တတ်သည်။ သဒ္ဓါမရှိခြင်းသည် စူးစမ်းသည့်သဘောလိုလို လှည့်ပတ်တတ်သည်။ ဆရာသမားတို့၏ အဆုံးအမကို မနာယူခြင်းသည် မိမိကိုယ်ကို အကြိုးအမှုးပြုသလို လှည့်ပတ်တတသည်။ သီတင်းသုံးဖော်တို့. မရိုသေခြင်းသည် တရားကို အကြိုးအမှုးပြုသလို လှည့်ပတ်တတ်သည်။ မိမိ၌လည်းကောင်း၊ တရား၌လည်းကောင်း ဖျက်ဆီးခြင်းသည် လောကကို အရေးမစိုက်သလို လှည့်ပတ်တတ်သည်။ ရာဂသည် မေတ္တာလိုလို လှည့်ပတ်တတ်သည်။ သောကသည် ကရုဏာလိုလို လှည့်ပတ်တတ်သည်။ ရည်ရွယ်ခြင်းသည် မုဒိတာလိုလို လှည့်ပတ်တတ်သည်။ ကုသိုလ်ဆန္ဒသည် ဥပေက္ခာလိုလို လှည့်ပတ်တတ်သည်ဟု နေတ္တိအဋ္ဌကထာ (၉၀)၌ လာ၏။

ဤလောဘ ရာဂတရားစသည်နှင့် ပတ်သက်၍ ကုသိုလ်ကြောင့် အကုသိုလ်ဖြစ်သည်၊ အကုသိုလ်ကြောင့် ကုသိုလ်ဖြစ်သည်ကို ပဋ္ဌာန်းပဋ္ဌာဝါရပါဠိတော် ။ပ။ (၁၃၃)၌ "ကုသလော ဓမ္မော ကုသလသဿ ဓမ္မဿ" စသည်ဖြင့် ကုသိုလ်တရားသည် ကုသိုလ်တရားအား အာရမ္မဏ

ပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။ ဒါနကို ပြု၊ သီလကို ဆောက်တည်၊ ဥပုသ်ကံကို ပြု၍ ထိုလူနတ်ပြဟ္မာတို့၏ ဘဝကို သာယာသည်၊ နှစ်သက်သည်၊ ထိုဒါနစသည်ကို အကြောင်းပြု၍ ရာဂ ဒိဋ္ဌိ ဝိစိကိစ္ဆာ ဥဒ္ဓစ္စ ဒေါမနဿဖြစ်ကြောင်း ဟောတော်မူ၏။

ကွတိဝုတ်ပါဠိတော် (၂၃၁)၌ "မံသစက္ခုသေ ဥပ္ပါဒေါ" စသည်ဖြင့် ပကတိမျက်စိသည် ဒိဗ္ဗစက္ခုအဘိညာဉ်ကို ရရန် ဖြစ်၏။ ၎င်းမံသစက္ခု ဒိဗ္ဗစက္ခုနှင့် ပတ်သက်၍ မဂ်ဉာဏ်စက္ခုကို ရနိုင်၏ ထိုဉာဏ်မျိုးကို ရမှ ဆင်းရဲမှ လွတ်တော့မည်ဟု ဟောတော်မူသည်။

* ကိလေသာချောင်း၊ စိတ်ပေါင်းကိုယ်မှာ၊
မိစ္ဆာဝိတက်၊ ကြမ်းလျက် လေလာ၊
ပညာပဲ့ကိုင်၊ ခွဲနိုင်လူပါ၊
တက်မကြိုး၊ ယူမိုး ယောနိသာ၊
လော်ခတ်ရာ သမ္မာဝိတက်သာ။

အကြင်သူသည် ရုပ်ကို နှစ်သက်၏၊ ထိုသူသည် ဒုက္ခကို နှစ်သက်သည်မည်၏။ ထိုဒုက္ခကို နှစ်သက်သောသူသည် ဒုက္ခမှ မလွတ်နိုင်ဟု ခန္ဓဝဂ္ဂသံယုတ်ပါဠိတော် (၂၆)၌ ဟောတော်မူသည်။ အကြင်သူသည် အောက်မေ့ဖြင့် ပယ်အပ်ကုန်သော သံယောဇဉ်ငါးပါးတို့ကို မပယ်ရသေး၊ ထိုသူသည် အထက်ဘဝ်မှာ ဖြစ်သော်လည်း ငါးမျှားချိတ်မိနေသော ငါးကဲ့သို့လည်းကောင်း၊ ခြေထောက်ကို ကြိုးချည်လွှတ်ထားသောငှက်ကဲ့သို့လည်းကောင်း၊ ကာမဂုတ်သို့သာ ရောက်လာတတ်သည်ဟု ပုဂ္ဂလပညတ်အဋ္ဌကထာ (၄၈)၌ လာ၏။ ခန္ဓဝဂ္ဂသံယုတ်ပါဠိတော် (၅၈)၌လည်း ရူပက္ခန္ဓာသည် ရဲရဲပြောင်ပြောင် မီးတောက်လောင်နေ၏။ နည်းတူ ကျန်ခန္ဓာလေးပါးစသည်တို့သည်လည်း ရဲရဲပြောင်ပြောင် မီးတောက်လောင်

နေကြောင်းကို ဟောတော်မူ၏။ ထို့ကြောင့် စက္ခုပသာဒရုပ်စသည်ကို အနိစ္စစသည်ဖြင့် ရှုသောသူအား အဝိဇ္ဇာကိုပယ်၊ ဝိဇ္ဇာဉာဏ်ဖြစ်နိုင်ကြောင်းကို သဉ္ဇာယတနသံယုတ်ပါဠိတော် (၅၉)၌ ဟောတော်မူ၏။ ဤသို့ ရှုကြွေးငွေ့၏၊ ငြီးငွေ့က တပ်ခြင်းကင်း၏ စသည်ဖြင့် "ပဿံ ဘိက္ခဝေ သုတဝါ အရိယသာဝကော"စသည်ဖြင့် ဟောတော်မူပုံကို သိပါလေ။

ဇရကရဟန်း

ဘုရားရှင်သည် ဇရကရဟန်းအား ဇရကရဟန်း ကာမဂုဏ်ငါးပါးတို့သည် ဒုက္ခတို့တည်း၊ သုခမဟုတ်ကုန်။ အကြင်သူသည် ကာမဂုဏ်တို့ကို အလိုရှိ၏၊ ထိုသူသည် ဒုက္ခကို အလိုရှိသောသူမည်၏။ ကာမဂုဏ်ကို အလိုမရှိသောသူကား ဒုက္ခကို အလိုမရှိသောသူတည်းဟု ထေရဂါထာပါဠိတော် (၂၄၀)၌ လာပေ၏။

နေတွင်အဋ္ဌကထာပါဠ် (၂)၌ တဏှာတရားသည် ကာမဘုံစသည်သို့ ဆောင်တတ်၍ ကြိုးနှင့်တူသကဲ့သို့ သူတော်ကောင်းတရားသည်လည်း အရိယာတရားသို့ ဆောင်တတ်၍ ကြိုးနှင့် တူကြောင်းလာပေ၏။ လောကီအာရုံတရားဟူသည် လှည်းမောင်းရာ၌ ထသောမြူမှုန့်ပမာ သတ္တဝါတို့အား လောဘစသော ကိလေသာတရား ကပ်ငြိတတ်သည်။ မိုင်သွားထားသော မီးပုံးပျံသည် အထက်ကိုသာ တက်လိုက်သကဲ့သို့ လောဘတဏှာ ကိလေသာမိုင်းသည်လည်း တစ်သံသရာလုံးပတ်လုံး လည်ပတ်တတ်သည်။

မရောင့်ရဲနိုင်သောတရား

လောဘကြီးသူသည် လောကီအာရုံများဖြင့် မရောင့်ရဲနိုင်၊ သမုဒ္ဒရာသည် ဆားငံရေဖြင့် ပြည့်၍ မရောင့်ရဲနိုင်။ မီးသည် လောင်စာဖြည့်၍

မရောင်ရဲနိုင်။ မင်းသည် ပြည်၏စည်းစိမ်ဖြင့် မရောင့်ရဲနိုင်။ လူမိုက်သည် မကောင်းမှုဖြင့် မရောင့်ရဲနိုင်။ မိန်းမများသည် မေထုန်မှီဝဲခြင်းဖြင့် မရောင့်ရဲနိုင်။ ပုဏ္ဏားသည် ပေဒင်ဖြင့် မရောင့်ရဲနိုင်။ စာန်ရသူသည် စာန်ကစား၍ မရောင့်ရဲနိုင်။ သောတာပန်စသည်သည် နိဗ္ဗာန်ဖြင့် မရောင့်ရဲနိုင်။ ပစ္စည်း၌ အလိုနည်းသူသည် ဓနတင်ဆောင်ခြင်းဖြင့် မရောင့်ရဲနိုင်။ ဝိရိယရှိသူသည် ကြိုးစား၍ မရောင့်ရဲနိုင်။ တရားဟောပုဂ္ဂိုလ်သည် တရားဆွေးနွေး၍ မရောင့်ရဲနိုင်။ ရဲရင့်သူသည် ပရိသတ်အလယ်၌ စကားပြော၍ မရောင့်ရဲနိုင်။ သဒ္ဓါတရားရှိသူသည် သံဃာကို လုပ်ကျွေး၍ မရောင့်ရဲနိုင်။ အလှူပေးတတ်သူသည် လှူဒါန်း၍ မရောင့်ရဲနိုင်။ ပညာရှိသူသည် တရားနာခြင်း, ဘုရားဖူးခြင်းစသည်ဖြင့် မရောင့်ရဲနိုင်။

ဈေးသည်သည် နေ့တိုင်း ဈေးမှ ပြန်လာလျှင် ကြေးငွေများကို ရေတွက်စဉ်းစားသကဲ့သို့. ယောဂီသည် ထိုထက်ပင် သံသရာလွတ်ရေးစဉ်းစားရာ၏။ စကြာမင်းသည် မင်းကျင့်တရားနှင့် ပြည်စုံမှ စကြာရတနာလည်နိုင်သကဲ့သို့. ကာယက် ဝစီက် မနောက် ကုသိုလ်ရှိမှ အရိယာဘဂကို ရောက်နိုင်သည်။ လှည်းလုပ် လှေလုပ်သမားများသည် မကောင်းသောသစ်များကို ပယ်၍ ကောင်းသော သစ်များကို ရွေးချယ်ပြုလုပ်သကဲ့သို့, အကုသိုလ်ကို ပယ်၍ ကုသိုလ်ကို ပြုသင့်သည်။ ထို့ကြောင့် ဘုရားရှင်သည် တိကဂ်တ္တရပါဠိတော် (၁၁၁)၌ အာသဝတရားကုန်ခြင်းငှာ အလိုရှိသောသူသည် ကာမဋ္ဌိတရားတို့၌ လုံခြုံရသည်။ ဘောဇ္ဈင်၌ မျှတခြင်းကို သိရသည်။ နှီးနှီးကြားကြားရှိသည်ဟု ဟောတော်မူ၏။ (ဝတ္ထုသက် သေရှု)

ခန္ဓဝဂ္ဂသံယုတ်ပါဠိတော် (၂၂)၌လည်း အကြင်သူသည် ရုပ်နာမ်တရားကို မသိဘဲ တပ်ခြင်းမကင်းဘဲ ဒုက္ခကုန်ခြင်းငှာ မဖြစ်နိုင်ဟုလည်း

ဟောတော်မူ၏။ သဒ္ဓာယတနသံယုတ်ပါဠိတော် (၂၉၉)လည်း အကြင်သူသည် ရူပါရုံစသည်တို့၌ သံယောဇဉ်ဖြစ်တတ်၏၊ မစွန့်၊ မချေဖျောက်ကုန်ဆုံးအောင် မပြု၊ တစ်ဖန်ပြန်မလာခြင်းကို မပြု၊ ထိုသူသည် ကုသိုလ်တရားတို့မှ ဆုတ်ယုတ်တတ်ကြောင်း ဟောတော်မူ၏။ ၈

ဘုရားရှင်က မာရ်နတ်သားအား မာရ်နတ် .. ဂဏန်းများကို လက်မဖဲထားက ချောင်းထဲသို့ ပြန်၍ မဆင်းနိုင်သကဲ့သို့ ငါဘုရားရှင်သည် ရူပါရုံစသည်၌ တပ်တတ်သော ရာဂစသော တရားများကို ဖဲ့ထားပြီးပြီ၊ ပယ်ထားပြီးပြီဟု ဟောတော်မူ၏။

ရာဓထေရ်နှင့်ဘုရားရှင်

ရာဓရဟန်း အကြင်သူသည် ရွပ် ဝေဒနာ စသော ခန္ဓာငါးပါးတို့၌ ဆန္ဒရာဂဖြင့် တပ်တတ်၏။ ထို့ကြောင့် ထိုသူ့ကို သတ္တဝါဟု ခေါ်၏။ ရာဓရဟန်း ကလေးများတို့သည် မြေမှုန်များကို အိမ်စသည် ဆောက်လုပ်၍ ကစား၏။ နောက်ဆုံး၌ ထိုကလေးများတို့သည် ထိုသဲမှုန့်အိမ်စသည်တို့၌ တပ်ခြင်းကင်းကာ ခြေထောက် လက်များဖြင့် လွှင့်ကြဲ၍ သွားကြကုန်သကဲ့သို့ သင်တို့သည်လည်း ခန္ဓာငါးပါးတို့၌ ရာဂစသည် ကင်းဖို့လိုကြောင်း ခန္ဓဝဂ္ဂသံယုတ်ပါဠိတော် (၁၅၅)၌ ဟောတော်မူသည်။

ဒုကဂုတ္တရပါဠိတော် (၅၉)၌လည်း အရှင်အာနန္ဒာအား ဘုရားရှင်သည် ချစ်သားအာနန္ဒာ ငါဘုရားသည် ကာယဒုစ္စရိုက်စသော တရားတို့ကို မပြုအပ်၊ ပြုသည်ရှိသော် အပါယ်စသောအပြစ် ရောက်တတ်သည်။ မိမိကိုယ်ကိုလည်း စွပ်စွဲသည်ဖြစ်၏။ လူများကဲ့ရဲ့တတ်၏၊ ကောင်းသတင်းကျော်စောတတ်၏၊ တွေဝေခြင်းသေရတတ်၏၊ သေက အပါယ်ရောက်တတ်၏ဟု ဟောတော်မူ၏။

သူမိုက်တို့အားသာ ဘေးဖြစ်ကုန်၏။ ပညာရှိတို့အား မဖြစ်၊ ကျွတ်တော မြက်တော မီးလောင်သကဲ့သို့ အမှိုက်ကစ ပြာသာဒ်မီးလောင်သည်နှင့် တူ၏။ လူမိုက်တို့ကား မီးလောင်၍ ပြာကျသည်နှင့်တူ၏။ ပညာရှိတို့ကား မိုးရွာ၍ သစ်ပင်များ စိမ်းစိုသည်နှင့်တူ၏။ ဆင်းရဲသားသည် မင်းအဖြစ်ကို မတောင်းတ၊ မင်းသားသည်သာ တောင်းတ၏။ အာဘိသိက် သွန်းပြီးသူသည် နောက်ထပ် မင်းအဖြစ်ကို မတောင်းတသကဲ့သို့ သီလ မရှိသောသူသည် မင်္ဂလာကို မတောင်းတ၊ သီလရှိသောသူသာ တောင်းတ၏။ အရိယာဖြစ်သူသည် နောက်ထပ် မင်္ဂလာကို မတောင်းတသည်နှင့် တူ၏။

ဤခန္ဓာကား စက်ဆုတ်စရာ

ဤသတ္တဝါတို့သည် ပဒုံးရည်ဖြင့် ပြည့်သောဗူးကဲ့သို့လည်း ကောင်း၊ ရက်တက်ရည်ဖြင့် ပြည့်သောအိုးကဲ့သို့လည်းကောင်း၊ ငါးဆီပဲဆီတို့ဖြင့် လိမ်းကပ်နေသော အဝတ်စုတ်ကဲ့သို့လည်းကောင်း၊ အိုးဆေးဖြင့် လိမ်းကျံသောလက်ကဲ့သို့လည်းကောင်း၊ ကိလေသာဖြင့် ပြည့်ကုန်သည် ဖြစ်၍ ညစ်နွမ်းကုန်၏။ ရာဂဆိုးရည်ဖြင့် ဆိုးထားကုန်၏၊ ဒေါသဖြင့် ပြစ်မှားကုန်၏။ မောဟဖြင့် တွေဝေကုန်၏ဟု သုတ်မဟာဝါအဋ္ဌကထာ မဟာပဒါနသုတ်၊ ဗြဟ္မယာစနအဋ္ဌကထာပါဠိ (၅၇)၌ လာပေ၏။

ပညာမပါသော သဒ္ဓါက ဆင်းရဲတွင်းနက်လှ၏။ သဒ္ဓါမပါသော ပညာက ကောက်ကျစ်တတ်၏။ သမာဓိများက ပျင်းရိတတ်၏၊ ဝီရိယလွန်က သူခိုးဖြစ်သည်။ ပညာဖြင့် ဆေးကုမှားသူကို နောက်ပုဂ္ဂိုလ် အကုခက်၏။ ဆားမပါသောဟင်းပေါ့ပျက်ပျက်နေ၏။ ထို့ကြောင့် အစစအရာရာ မျှတဖို့ လို၏။ လောဘစသည့်တရား ဝင်ရောက်လာမှု ကမ်းမှာ တင်ထားသော မိကျောင်း၊ ညွှန်မှာ နစ်သောဆင်းများပမာ လိုရာမပေါက်

ဒုက္ခရောက်မည်၊ ကဋ္ဌုန်ရန်ကို ကြောက်သော နဂါးထက် ကြောက်စရာ ကောင်း၏။။

မဥ္ဇလိန္ဒနဂါးမင်းနှင့်ဘုရားရှင်

ဂေါတမဘုရားရှင်သည် ဘုရားဖြစ်ခါစ မဥ္ဇလိန္ဒအိုင်၌ သီတင်း သုံးနေတော်မူစဉ် ခုနစ်ရက်ပတ်လုံး မိုးရွာသည်။ ထိုအခါ မဥ္ဇလိန္ဒနဂါး မင်းသည် ဘုရားရှင်အား မိုးမစိုစေရန် အခွေများဖြင့် ခုနစ်ရစ်ပတ်ခါ အပေါ်က ပါးပျဉ်းမိုးထားသည်။ ဘုရားရှင်က လောက၌ ရာဂကင်းခြင်း သည် ချမ်းသာ၏၊ ကာမဂုဏ်တို့.ကို လွန်မြောက်ခြင်းသည် ချမ်းသာ၏။။ ငါဟူသောမာနကို ချေဖျက်ခြင်းသည် မြတ်၏ဟု ဥဒါန်းကျူးရင့်တော် မူ၏။။ (ဥဒါန်းပါဠိတော်၊ ၈၈)

အရှင်ပုဏ္ဏမထေရ်နှင့်ဘုရားရှင်

ဘုရားရှင်သည် အရှင်ပုဏ္ဏမထေရ်အား အောက်ပါဒေသနာတော်ကို ဟောတော်မူ၏။။ ပုဏ္ဏရဟန်း အလိုရှိအပ် နှစ်သက်အပ် နှလုံးကို ပွားစေ အပ်၊ ချစ်အပ် သာယာအပ်ကုန်သော သဘောရှိကုန်သော ကာမဂုဏ်တို့.၏ အစီးအပွားလည်း ဖြစ်ကုန်သော၊ တပ်လည်းတပ်စွဲအပ်၊ စက္ခုဝိညာဏ်ဖြင့် လည်း ဒဿိအပ်ကုန်သော ရူပါရုံတို့.သည် ရှိကုန်၏။။ ထိုရူပါရုံတို့.ကို နှစ် သက်အံ့၊ ချမ်းသာ၏ဟူ၍ အကယ်၍ ပြောဟောအံ့၊ ထိုသူအား နန္ဒီရာဂ စွဲလမ်းတတ်သည်။။ ၎င်းသမုဒယသစ္စာကြောင့် ဒုက္ခသစ္စာဖြစ်သည်ဟု ဥပရိ ပဏ္ဏာသပါဠိတော် (၃၁၁)၌ ဟောတော်မူကုန်၏။။ နှလုံးတူ သောတပသာဒ ရှုပ်စသည်တို့.ကို သိအပ်ကုန်၏။။ (အဋ္ဌကထာ၌ စက်တော်ရာအကြောင်း ပါ၏)

အရှင်ပုဏ္ဏမထေရ်သည် မိမိအရပ်သို့. ပြန်လို၍ ဘုရားရှင်က သင်၏ မွေးရာဇာတိသည် လူများစရိုက်ကြမ်း၏။။ လူများဆဲက သင်သည် သည်းခံ

နိုင်ပါမလားဟု မေးရာ ဆဲက ဆဲရုံသာ၊ ငါ့ကို မရိုက်သေး၊ ရိုက်က ရိုက်ရုံသာ၊ လက်နက်နှင့် မသတ်သေး၊ သတ်က သတ်ရုံသာ၊ ငါကား မသေသေး၊ သည်းခံမည်ဟု လျှောက်၏။ ထိုအခါ ဘုရားရှင်က လွှတ်၏။

3

ဘုရားရှင်နှင့်လောဘတရား

ဘုရားရှင်အား မာရ်မင်းဖခင်စေခိုင်းချက်အရ တဏှာ အရတိ ရဂါ သမီးသုံးယောက်တို့သည် ဖြားယောင်းလာကြသည်။ ဘုရားရှင်က အကြင် ဘုရားရှင်အား ပိုက်ကွန်၌ တူသော ကာမဂုဏ်၌ ငြိကပ်တတ်သော တဏှာသည် မရှိ၍ တစ်စုံတစ်ရာ ယုတ်မာသော တရားသို့ ဆောင်ခြင်းငှာ မတတ်နိုင်။ တဏှာကင်းပြီးသော ငါဘုရားရှင်အား သင်နှတ်သမီးဝို့သည် မဆွဲဆောင်နိုင်ရာဟု ဓမ္မပဒပါဠိတော် (၄၀)၌ ဟောတော်မူလေသည်။

အနုတ္တရိယခြောက်ပါး

အနုတ္တရိယဟူသည် မဂ်ဖိုလ်နိဗ္ဗာန်ကို ရခြင်းအကွက် ဤတရားကာ အမြတ်ဆုံးတရားဟု ဆိုလို၏။

ဒဿနာနုတ္တရိယ = ရှုပါရုံသည် ကြည့်ရှုရာ၌လည်း၊ ကောင်းကျိုး မကောင်းကျိုး ရှိတတ်၏၊ ပွဲလမ်းသဘင် သွားလာရာ၌ကား လောဘ တဏှာ၏ အာရုံသာ၊ ဘုရားဖူးစသည်တို့၌ကား ဗုဒ္ဓါနုဿတိဖြစ်သည်။

သဝနာနုတ္တရိယ = သီချင်းနားထောင်ရာ၌ကား အကျိုးမရှိ၊ တရား နားထောင်ရာ၌ကား အကျိုးရှိ၏။

လာဘနုတ္တရိယ = လောကီစည်းစိမ်ရရာ၌ကား ဝဋ်ဆိုးတရားသာ၊ သူတော်ကောင်းတို့နှင့် တွေ့ရခြင်းကား ကုသိုလ်ဖြစ်၏။

သိက္ခာနုတ္တရိယ – စာရေးစာချီအတတ် ပန်းရံ ပန်းပုအတတ်သည်။ မဂ်ဖိုလ်နိဗ္ဗာန်၏အကျိုးမဟုတ်၊ သမထ ဝိပဿနာ၏အတတ်သည်သာ၊ မဂ်ဖိုလ်နိဗ္ဗာန်၏အကျိုးဖြစ်၏။

ပါရိစရိယာနုတ္တရိယ = မင်းအမတ်တို့၏အလုပ်အကျွေးဟူသည် လောကီအကျိုးသာ၊ ရတနာသုံးပါးနှင့် ပတ်သက်၍ လုပ်ကျွေးခြင်းသည် ဝေယျာဝစ္စကုသိုလ်ဖြစ်သည်။

အနုဿတာနုတ္တရိယ = ရွှပါရုံစသည်ကို အောက်မေ့ခြင်းသည် ဓမ္မာနုဿတိမဖြစ်၊ သမထ ဝိပဿနာကို အောက်မေ့ခြင်းသည် ဓမ္မာနုပဿနာဖြစ်သည်။

* ဒဿနာ စ၊ သဝနာပါ၊ လာဘာသိက္ခိ ပါရိစရိယာ။

အနုဿတာ၊ မှတ်ပါခြောက်ခြာ၊ အနုတ္တ ရိယကျင့်ဖွယ်လာ။

ထို့ကြောင့် တဏှာစသည် မဖြစ်စေဖို့ အရေးကြီး၏။ သီရိမာ ရွှပနန္ဒာ ခေမာမိဖုရားစသည်တို့ကား တဏှာစွဲ။ ကပိလရဟန်း၊ ပေါဋ္ဌိလ ရဟန်းစသည်တို့ကား မာနစွဲ။ ဗကဗြဟ္မာ သစ္စကပရိဗိုဇ်စသည်တို့ကား ဒိဋ္ဌိစွဲတို့တည်း။ (တဏှာဝဂ်စသည်ရှု)

တဏှာယ ဇာယတိ သောကော၊ တဏှာယ ဇာယတိ ဘယံ။
တဏှာယ ဝိပ္ပမုတ္တဿ၊ နတ္ထိ သောကော ကုတောဘယံ။

(ဓမ္မပဒပါဠိတော်၊ ၄၅)

တဏှာယ-တဏှာကြောင့်၊ သောကော-ဉာတိဗျသနစသည်ကြောင့် စိုးရိမ်ခြင်းသည်၊ ဟောတိ-ဖြစ်၏။ တဏှာယ-လိုချင်တတ်စွာ ထိုတဏှာကြောင့်၊ ဘယံ-ဘေးအတန်တန် ရန်အသွယ်သွယ် ဟူသမျှသည်၊ ဇာယတိ-ဖြစ်၏။ တဏှာယ-လိုချင်တတ်စွာ ထိုတဏှာမှ၊ ဝိပ္ပမုတ္တဿ-ထိုထိုမက်ဩဇာ အတန်တန်ဖြင့် လွတ်သောသူအား၊ သောကော-စိုးရိမ်ခြင်းသည်၊ နတ္ထိ-နောက်နောင်တစ်ဖန် အမှန်မရှိသည်သာတည်း။ ဘယံ-ဘေးအတန်တန် ရန်မာန်ဟူသမျှသည်။ ကုတော-အဘယ်မှာရှိနိုင်ပါတော့အံ့နည်း။

(၉) 'ဥပါဒါနုပစ္စယာ ဘဝေါ'အကြောင်း သိကောင်းစရာ

စွဲလမ်းခြင်း ဥပါဒါန်ကြောင့် စေတနာဟူသော ကမ္မဘဝ၊ ကိုယ်ထင်ရှားဖြစ်ခြင်း ဥပပတ္တိဘဝဟူ၍ နှစ်ပါးဖြစ်သည်။ ဥပပတ္တိဘဝဟူသည် ကာမဘဝ ရူပဘဝ အရူပဘဝ သညီဘဝ အသညီဘဝ နေဝသညီနာသညီဘဝ ဧကဝေါကာရဘဝ စတုဝေါကာရဘဝ ပဉ္စဝေါကာရဘဝ ဟူ၍ ကိုးပါးရှိ၏။ ဤဌာနကား ကမ္မဘဝလိုရင်းဖြစ်၏။

ကာမုပါဒါန်

သုံးဆယ့်တစ်ဘုံမှာလည်း သုခ ဒုက္ခ, အရုပ် အတို အရှည်, အမည်း အဖြူ, ရုပ်ရည်ချော မချောစသည် မတူပေ။ ဘုရားရှင်အား သုဘဟုဏ်ထား က အရှင်ဘုရား လောကဌ် တချို့ အသက်ရှည် အသက်တို၊ ချမ်းသာဆင်းရဲ မတူကြခြင်းသည် အဘယ်ကြောင့်နည်းဟု လျှောက်လေလျှင် သတ္တဝါတို့သည် ကံသာလျှင်အမိ၊ ကံသာလျှင်အဖ၊ ကံသာလျှင်ဆွေမျိုး၊ ကံသာလျှင် ကိုးကွယ်ရာတည်းဟု ဟောတော်မူ၏။

ဘုရားရှင်က သုဘဟုဏ်ထား အချို့သောသူတို့သည် ရှေးဘဝက ပါဏာတိပါတစသည် ပြုဖူး၏။ ထိုသူသည် အသက်တို၏၊ ပါဏာတိပါတစသည် မပြုဖူးသူသည် အသက်ရှည်၏၊ အဒိန္နာဒါနပြုဖူးသူသည် ဆင်းရဲ၏၊ မပြုဖူးသူသည် ချမ်းသာ၏စသည် ဟောတော်မူလေသည်။

အလုံးစုံသောကံတို့၏ အကြောင်းအကျိုးကိုကား ဘုရားရှင်သည်သာ အကုန်အစင် သိတော်မူ၏။ သို့သော် ဘုရားရှင်သည်ပင်လျှင်

''ကမ္မဝိပါကော အစိန္တေယျော''ဟု ကံတရားကို အဆုံးရောက်အောင် ကြံစည်က ရှုးသွပ်ဖွယ်ရာရှိ၏ဟု ဟောတော်မူသည်။

ဥပါဒါန်ဖြစ်က ဘဝဖြစ်၍ သံသရာစက်လည်ရပြန်သည်။ သံသရာမပြတ်၍ နကုလပိတာသည် ဘုရားရှင်နှင့် ဘဝမခြား ဘဝငါးရာ အဖ၊ ဘဝငါးရာ ဖထွေး၊ ဘဝငါးရာ ဘကြီး၊ ဘဝငါးရာ ဦးရီးဖြစ်ဟူသည် နကုလမာတာလည်း နည်းတူ၊ ဘဝငါးရာစီ အမိစသည် ဖြစ်ဖူးသည်။

ပညောင်ပင်ကြီး စသည်အလား

ဘုရားရှင်သည် သဗ္ဗာယတနသံယုတ်ပါဠိတော်၌ လောကီအာရုံကာမဂုဏ်တရားတို့သည် ပညောင်ပင်၏ အစေးနှင့်တူ၏ဟု ဟောတော်မူ၏။ ပညောင်ပင်စသော အသီးရှိသော သစ်ပင်တို့ကို လူတို့သည် ဓားစသည်ဖြင့် ခုတ်သည်ရှိသော် အစေးထွက်၏။ ထိုအစေးတို့သည် လူစသော သတ္တဝါတို့၏ မျက်စိကို ဝင်က ကန်းတတ်၏။ ခန္ဓာကိုယ်ကို ထိက ငြိစွဲမ်းတတ်၏။ ကျိုးငှက်စသည်တို့ ထိက မပျံနိုင်၍ သေရတတ်၏။ နည်းတူ ရှုပါရုံစသော အစေးတို့ကို ကျိုးငှက်နှင့်တူသော ပုထုဇဉ် သတ္တဝါတို့သည် ရာဂ ဒေါသ မောဟ ခန္ဓာကိုယ်နှင့် ထိမိအံ့၊ အပါယ်စသော ဘေးထိ ရောက်တတ်သည်။

နွားနက် နွားဖြူနှစ်ကောင်ကို ကြိုးတစ်ပင်စီနှင့် တိုင်တစ်ချောင်းတည်းမှာ ချည်ထားသော်လည်း နွားနက်ကို နွားဖြူဖြင့် ချည်ထားသည် မဟုတ်၊ နွားဖြူကို နွားနက်ဖြင့် ချည်ထားသည် မဟုတ်၊ ကြိုးဖြင့်သာ ချည်ထားသည်၊ နည်းတူ မျက်စိစသည်သည် ရှုပါရုံစသည်တို့၏ အနောင်အဖွဲ့မဟုတ်။ ရာဂစသော သံယောဇဉ်စသည်တို့၏ အနောင်အဖွဲ့သာ ဖြစ်သည်ဟု ဟောတော်မူ၏။

သစ်ပင်၏အနှစ်ကို ရှာသူသည် ဓားကို ကိုင်၍ တောထဲ၌ လက်ပံပင်များ၊ ငှက်ပျောပင်၊ ကျူပင်၊ ဝါးပင်များကို ခုတ်၍ အနှစ်ကို မရနိုင်သကဲ့သို့ ခန္ဓာငါးပါးတို့ကို တဏှာ မာန ဒိဋ္ဌတို့ဖြင့် စွဲလမ်းနေသောသူအား
5 မင်္ဂုလ် နိဗ္ဗာန်တည်းဟူသော အနှစ်သာရကို ရှာ၍ ရနိုင်မည် မဟုတ်ပေ။

ရဲရဲပြောင်ပြောင် တောက်လောင်နေသော သံပြားကို မျက်စိဖြင့် ကြည့်၊ နားဖြင့်ကပ်၊ နှာခေါင်းဖြင့် နမ်း၊ လျှာဖြင့်လျက်၊ ကိုယ်ဖြင့် ထိကြည့်က မြတ်သေး၏။ မျက်နှာ လက်ခြေစသည်တို့၌ လူပ်ခြင်းစသည်ကို ပြုသောအခါ ယောကျ်ားမိန်းမတို့အား နန္ဒီရာဂ စသည်ဖြစ်သည် ရှိသော် အပါယ်စသည်သို့ ရောက်တတ်ပေမည်။

လက်ရှိသူအား ထိထိအရာဝတ္ထုကို ယူခြင်း၊ ထိထိအရာဝတ္ထုများကို ချထားခြင်းစသည် ဖြစ်တတ်သည်။ ခြေထောက်ရှိသောသူတို့အား ရှေ့သို့ လှမ်းတက်ခြင်း၊ နောက်သို့ ဆုတ်ခြင်းစသည် ဖြစ်တတ်သည်၊ လက်ဆစ် ခြေဆစ်ရှိ၍ လက်ခြေစသည်တို့ကို ဆန့်ခြင်း၊ ကွေ့ခြင်းစသည် ဖြစ်တတ်သည်။ ဝမ်းဗိုက်ရှိသော သတ္တဝါ စားချင်ခြင်း၊ သောက်ချင်ခြင်းစသည် ဖြစ်တတ်သည်။ နည်းတူ မျက်စိ နား နှာခေါင်း လျှာ ကိုယ် စိတ်ရှိသူအား ဖဿ ဝေဒနာ တဏှာ ဥပါဒါန် ဘဝ ဇာတိ ဇရာစသည် ဖြစ်တတ်သည်။

လှည်းမောင်းသူသည် လှည်းပေါ်မှာနေ၍ နွားများ လှည်းရထား များကို လိုရာသို့ ကောင်းမွန်စွာ ရောက်စေသကဲ့သို့ မျက်စိစသော ကုန်ခြင်း တရား၊ နွားများကို သတိပညာတရား လက်ကိုင်ထားက ခန္ဓာကိုယ်တည်း ဟူသော လှည်းများကို အလိုရှိရာ နိဗ္ဗာန်တည်းဟူသော ရွှေမြို့တော်သို့ ရောက်အောင် မောင်းနှင်ဖို့ လို၏၊ မရောက်က လမ်း၌ အန္တရာယ် တွေ့တတ်၏။

ဆက်ကာဆက်ကာ လင်ကို သတ်ခြင်း

ရှေးအခါက မိန်းမတစ်ယောက်သည် မတ်နှင့်ပြစ်မှား၍ လင်ကို သတ်ရန် ခိုင်းစေရာ လင်ကြီးကာ လင်ငယ်မတ်သတ်၍ သေလေ၏။ မယားဌ စွဲလမ်းသော ဥပါဒါန်ကြောင့် မြွေဖြစ်လေသည်။ မယားဌ စွဲလမ်း၍ ရစ်ဝဲရစ်ဝဲသွားလာနေစဉ် မယားက တစ်ခါသတ်ပြန်၍ ၎င်းအိမ်ဌ ခွေးဖြစ်လေ၏။ နောက်က မကွာလိုက်နေပြန်၏၊ ရှက်နီးသဖြင့် သတ်ရာအိမ်ဌ နွားပြန်ဖြစ်၏။ တစ်ခါသတ်ပြန်ရာ မယားဝမ်းဌ ပဋိသန္ဓေနေပြန်၏။ နောက် ဇာတိသရဉ်ဉာဏ်ကို ရ၍ ရဟန္တာဖြစ်လေသည်။ ကိုးဆယ့်ကိုးဇာတ် လင်ကို သတ်၊ အကျွတ်မဂ်ဖိုလ်ဝင်လည်း ရှိ၏။ (ဓမ္မပဒ အဋ္ဌကထာ စိတ္တဝဂ်ကို ရှုအပ်၏)

ဒိဋ္ဌုပါဒါန်

သီလက္ခန်အဋ္ဌကထာ (၁၁၆)ဌ မိစ္ဆာဒိဋ္ဌိအယူရှိကုန်သောသူတို့သည် ဘုံသုံးပါး ယောနိလေးပါး ဂတိငါးပါး သတ္တဝိညာဏ်ဌိတိခုနစ်ပါး သတ္တာဝါသကိုးပါးတို့ဌ ထပ်ကာထပ်ကာသော်လည်းကောင်း ဟိုရောက်သည် ရောက်သော်လည်းကောင်း ကျင်လည်ကြရသည်။ စက်ယန္တရား ဆီဆုံဌ ကသောနွားကဲ့သို့လည်းကောင်း၊ တိုင်ဌ ချည်ထားသောခွေးကဲ့သို့လည်းကောင်း၊ တိုင်မှာ ချည်ထားသောလှေကဲ့သို့လည်းကောင်း၊ ဝဋ်ဆင်းရဲသို့သာ ပြန်ကျတတ်သည်၊ ဝဋ်ဆင်းရဲမှ ဦးခေါင်းကို ချီခြင်းငှာ မတတ်နိုင်ရာ။

နိဒါနဝဂ္ဂသံယုတ်အဋ္ဌကထာ (၁၈)ဌ ဝဋ်သုံးပါးကို တောင်းတ၍ ပြုအပ်သော ယုတ်စွအဆုံး အဘိညာဉ်ငါးပါး သမာပတ်ရှစ်ပါးတို့သည်လည်းကောင်း၊ ထိုအလုံးစုံသည် ဝဋ်ဆင်းရဲ၏ အသင်းအပင်းဖြစ်၏၊ ဝဋ်ဆင်းရဲ၏ ဦးခေါင်းဖြစ်သောကြောင့် မှားသောအကျင့်သည်သာတည်း၊ ဖွဲ့ဌ စိုက်အပ်သောတိုင်ကဲ့သို့ဟု လာရှိပေ၏။

အကျင့်အမျိုးမျိုး

သတ္တဝါတို့ကား မရေတွက်နိုင်အောင် များပြားသည့်အားလျော်စွာ အဖျာသယောတ်ကလည်း တစ်ယောက်နှင့်တစ်ယောက် မတူပေ။ မျှော်မှန်းချက်လည်း များပြားလှပေ၏။ အကြောင်းအကျင့်အမျိုးမျိုးကိုလည်း ကျင့်ကြံကြိုးစားကြသည်။

(၁) ပစ္စုပ္ပန်၌ ချမ်းသာ၍ နောင်ဆင်းရဲသောအကျင့်လည်း ရှိ၏၊ ရွှေပါရုံစသည်ကို လိုက်စား၍ ဒါနစသည် မပြုသောသူတို့တည်း။ အင်ကြင်းဝင်သည် မာလောနွယ်တက်၍ သေရသည်နှင့် တူ၏။ အဆိပ်ရော အဖျော်ရည်သောက်သောသူနှင့်လည်း တူ၏။

(၂) ပစ္စုပ္ပန်၌ ဆင်းရဲ၍ နောင်သံသရာ၌လည်း ဆင်းရဲသောအကျင့်လည်း ရှိ၏၊ ဒိဋ္ဌတို့၏အကျင့်တည်း၊ အဆိပ်ရော ဟူးခါးရည်သောက်သောသူနှင့် တူ၏။

(၃) ပစ္စုပ္ပန်၌ ဆင်းရဲ၍ နောင်ချမ်းသာသောအကျင့်လည်း ရှိ၏၊ ရာဂစသည်ပြု၍ ကုသိုလ်ပြုခြင်းတည်း၊ နွားကျင်ငယ်နှင့် ရောသောဆေးကို သောက်သည်နှင့်တူ၏။

(၄) ပစ္စုပ္ပန်၌ ချမ်းသာ၍ နောင်သံသရာ၌ ချမ်းသာသောအကျင့်လည်း ရှိ၏၊ ဝမ်းမြောက်ဝမ်းသာ၊ ရာဂစသည် နည်း၍ ကုသိုလ်ပြုခြင်းတည်း၊ ထောပတ်ဆီဦးစားသူနှင့် တူ၏။

(စူဠကမ္မသမာဒါန မဟာကမ္မသမာဒါနသုတ်ကို ရှု)

တစ်နည်း အကျင့်လေးမျိုး

(၁) မိမိကိုယ်ကို ပူပန်စေတတ်သောအကျင့်ရှိ၏၊ အဝတ်မဝတ်ခြင်းစသည်ဖြင့် ဒိဋ္ဌတို့၏အကျင့်တည်း။

(၂) သူတစ်ပါးကို ပူပန်စေတတ်သောကျင့်လည်း ရှိ၏၊ တိရစ္ဆာန်မွေးမြူ၍ အသက်မွေးခြင်းတည်း။

(၃) မိမိကိုယ်ကိုလည်း ပူပန်စေတတ်၊ သူတစ်ပါးကိုလည်း ပူပန်စေတတ်သော အကျင့်လည်းရှိ၏။ မိမိကိုယ်ကို ညှဉ်းဆဲလျက် ကြက် ၈
ဝက်သတ်ကာ ယဇ်ပူဇော်ခြင်းတည်း။

(၄) မိမိကိုယ်ကိုလည်း မပူပန်စေတတ်၊ သူတစ်ပါးကိုလည်း မပူပန်စေတတ်သောအကျင့်လည်း ရှိ၏။ ဒါန သီလ ဘာဝနာအမှုတည်း။
(ကန္ဒရသုတ်ကို ရှု)

မိစ္ဆာဒိဋ္ဌိတရားဟူသည် မဖြစ်သေးသော အကုသိုလ်တရားများကို ဖြစ်စေကုန်၏၊ ဖြစ်ပြီးသော အကုသိုလ်တရားများကို တိုးပွားစေကုန်၏၊ မဖြစ်သေးသော ကုသိုလ်တရားများကိုလည်း မဖြစ်စေကုန်၊ ဖြစ်ပြီးသော အကုသိုလ်တရားများကိုလည်း လွန်စွာတိုးပွားစေတတ်သည်ဟူ၍ ဘုရားရှင်သည် ကေဂုတ္တရပါဠိတော် (၃၃)၌ ဟောတော်မူ၏။

မိစ္ဆာဒိဋ္ဌိအယူရှိသောပုဂ္ဂိုလ်အား ကာယက် ဝစီက် မနောက်သည်မှားသောအယူပြည့်စုံ၏၊ မှားသောအယူကို ဆောက်တည်၏၊ ထိုသူအား အကြင်စေတနာ၊ အကြင်တောင်းတခြင်း၊ အကြင်ဆုတောင်းခြင်း၊ အကြင်ပြုပြင်ခြင်း သခါရတရားတို့သည် အလိုမရှိအပ်၊ မနှစ်သက်အပ်၊ နှလုံးကို မပွားစေအပ်၊ အစီးအပွားကို မဖြစ်စေတတ်ကုန်၊ မကောင်းသောမျိုးစေ့နှင့်လည်းကောင်း၊ ငါးမြှုတောင်ထားသည်နှင့်လည်းကောင်း တူလှ၏။

ဒိဋ္ဌုပါဒါန်၌ မိစ္ဆာဒိဋ္ဌိသည် သက္ကာယဒိဋ္ဌိနှစ်ဆယ်၊ ဒသဝတ္ထုဆယ်ပါး၊ ဒိဋ္ဌိကြီးသုံးပါး၊ ခြောက်ဆယ့်နှစ်ပါးသော မိစ္ဆာဒိဋ္ဌိတို့တည်း၊ ဤနေရာ၌ နာရဒဇာတ်၊ ပကပြဟ္မာ၊ ဥဂ္ဂဝေလကဿပ၊ ဇမ္ဗုကရဟန်း၊

ကောရက္ခတ္တိယ၊ သစ္စကပရိဗ္ဗိုဇ် အစေလက၊ ပါယာသိရာဇညမင်း၊ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ ဒိဋ္ဌဝိသုဒ္ဓိစသည် ယူပါလေ။

ကြောက်မက်ဖွယ်ရာ သမုဒ္ဒရာ

7 သုံးဆယ့်တစ်ဘုံ၌ လူစသော သတ္တဝါတို့. ဖြစ်ရခြင်းသည် မြစ်ထဲ၌ ဗော့တိုက်ခေါ် ပေဒါပင်စသော အမှိုက်သရိုက်များ စုပေါင်း၍ မျောလာသည်ကို လှေသင်္ဘောပျက်စီး၍ တက်စီးမိသည်နှင့် တူ၏။ ညဉ့်အမှောင်သည် အဝိဇ္ဇာ၊ မြစ်၏ကမ်းသည် နိဗ္ဗာန်၊ မဟာသမုဒ္ဒရာသည် သံသရာ၊ ငါးလိပ် မကာရ်းစသည်သည် ဇာတိဒုက္ခစသည်။ အမှိုက်သရိုက်ပေါ်၌ လူသည် ဥပါဒါနက္ခန္ဓာ၊ အမှိုက်သရိုက်ဆူးများသည် ကိုးဆယ့်ခြောက်ပါးသော ဘေးရောဂါ၊ အမှိုက်ပုံ၌ပါလာသော မြွေသည် ကိလေသာ၊ အမှိုက်ပုံပျက်စီးလုလု ဖြစ်ခြင်းသည် ခန္ဓာ၏ အနှစ်သာရမရှိခြင်း၊ လေလှိုင်းဟူသည် ဘေးဒုက္ခ၊ အမှိုက်ပုံကို အားကိုးခြင်းသည် ခန္ဓာကိုယ်၌ အထင်ကြီးခြင်း၊ အမှိုက်ပုံ၌ စီး၍ သမုဒ္ဒရာသို့. ရောက်သွားခြင်းသည် သာသနာအပသို့. ရောက်ခြင်း၊ အမှိုက်ပုံပျက်၍ သေသူနှင့် ပုထုဇဉ်ဘဝနှင့် သေသူ၊ ကမ်းသို့. မရောက်သမျှသည် အနမတဂ္ဂသံသရာတည်း။

ဆီကို လိုသူသည် သဲကို ရေထည့်ပြီး ညှစ်၍မရ၊ နွားကျဲချို့ကို နို့ညှစ်၍မရ၊ ထောပတ်ကို လိုသူသည် ရေကို ညှစ်၍မရ၊ မီးကို ထင်းစိမ်းဖြင့် မွှေ၍မရ၊ မိန္ဆာဒိဋ္ဌကြောင့် နိဗ္ဗာန်ကို မရဟူ၍ မှတ်ယူသင့်ပေ၏။

အာသဝတရားမဖြစ်နိုင်ပုံ

ဤလောဘစသော တရားတို့.ကို ဘုရားရှင်သည် ပုထုဇဉ်တို့.အား ကုသိုလ်တရား မပြုအောင်, အကုသိုလ်တရားများကို အားထုတ်အောင် အောက်တန်းစားဘဝ၊ အောက်တန်းစားဘုံစသော သံသရာမှာ ကျင်လည်

စေအောင် အရက်သေစာမူးယစ်သောသူသည် လမ်းမှန်ဟုတ်သည် မဟုတ်သည်, အကျိုးရှိသည် မရှိသည်ကို မသိမမြင်အောင် မူးယစ်ထိုင်းမှိုင်းစေတတ်သည်ဖြစ်၍ အရက်သေစာနှင့်တူသောကြောင့် အာသဝတရား ဟုဟောတော်မူခဲ့သည်။ ဤတရားမျိုး ခန္ဓာမှာ မကိန်းမှသာလျှင် သံသရာမှ လွတ်ကြမည်။ ၎င်းလောဘ ဒိဋ္ဌိ မောဟသည် သံသရာမှာ သတ္တဝါတစ်ဦးတစ်ယောက်၏ ရေသောက်မြစ်ဖြစ်သည်။ "အဝိဇ္ဇာတဏှာဝသေန ဒွေ မူလာနိ စ ဝေဒိတဗ္ဗာနိ"ဟု လာပေ၏။ "အာသဝါနံ သမုပ္ပါဒါ၊ အဝိဇ္ဇာ စ ပဝတ္တတိ"ဟူသည်နှင့်အညီ ဤလောဘ ဒိဋ္ဌိ မောဟဟူသော အာသဝတရားတို့ကြောင့် အဝိဇ္ဇာဖြစ်၏၊ ထို့ကြောင့် အာသဝတရားတို့ မဖြစ်ဖို့လိုသည်။

အာသဝတရားတို့ကို နှလုံးမသွင်းခြင်း၊ မျက်စိစသော ဣန္ဒြေကို စောင့်စည်းခြင်း၊ ပစ္စည်းလေးပါးဌိ ဆင်ခြင်၍ မှီဝဲခြင်း၊ အချမ်းအပူ စသည်ကို ဆင်ခြင်ခြင်း၊ ကြမ်းသော တိရစ္ဆာန်တို့မှ ရှောင်ကြဉ်ခြင်း၊ ဝိတက်တရားများကို ချေဖျက်ခြင်း၊ ဗောဇ္ဈင်တရားများကို ပွားများခြင်း၊ ဤတရားတို့ကြောင့် အာသဝတရားများ မဖြစ်စေနိုင်။ အကျဉ်းအားဖြင့်ကား ပယ်ခြင်း၊ ဝိတ်ပင်ခြင်း၊ မှီဝဲခြင်း၊ သည်းခံခြင်း၊ ရှောင်လွှဲခြင်း၊ ပျက်ခြင်း၊ ရှာမှီးခြင်းတို့သည်။

* ပယ် ဝိတ် မှီဝဲ၊ သည်းခံဆဲ၊ ရှောင်လွှဲ ဖောက်ပါ အာသဝါ။
အာသဝဆုံး၊ နှလုံးမသွင်း၊ ချမ်းပူနှည်းထွေ၊ ဣန္ဒြေစောင့်ခြင်း၊
ပစ္စည်းလေးဆစ်၊ တိရစ်ရှောင်လျင်း၊ ဝိတက်နှင့် ဗောဇ္ဈင်ဆင်ခြင်ခြင်း။ (မူလပဏ္ဏာသပါဠိတော်အဋ္ဌကထာ၊ သဗ္ဗာသဝသုတ်ကို ရှု)

(၁) အာသဝတရားကို နှုတ်မသွင်းခြင်း

ရဟန်းတစ်ပါးသည် ခဏ္ဍာစေလကျောင်း၌ တရားနာနေစဉ် မြွေဟောက်ကိုက်သည်၊ မထေရ်သည် သိလျက် တရားနာသည်ကို မဖျက်ပေ။ မြွေဆိပ်သည် ပြင်းစွာတက်လာ၏။ ထိုမထေရ်သည် ငါကား ရဟန်းဖြစ်သည်မှစ၍ ဤနေ့ရက်ထိ သီလ၌ စင်ကြယ်သည်ကို နှုတ်သွင်းသည်၊ နောက်ပိတိဖြစ်၍ မြွေဆိပ်သည် မြေကြီးထဲသို့ ဝင်သွားလေသည်။

(နေရာတိုင်း၌ အကျိုးအပြစ်ဝတ္ထုကို သိအပ်၏)

(၂) မျက်စိစသော ကွန်ဒြေကို စောင့်စည်းခြင်း

မျက်စိ နား နှာခေါင်း လျှာ ကိုယ် စိတ်နှင့် ပတ်သက်၍ အကုသိုလ်မဖြစ်ရအောင် စောင့်စည်းဖို့ လိုသည်။ ၎င်းကို ကွန်ဒြေယသံဝရသီလ ခေါ်၏။ ဤတရားတစ်ခုခုကြောင့် သံသရာမှာ ကျင်လည်ပေါင်းများလှလေပြီ။ ဇာတ်တော်စသည်တို့၌ အကျိုးအပြစ်ဝတ္ထုတို့ကား များလှ၏။

ဓမ္မပဒပါဠိတော် (၄၃)၌ "နတ္ထိ ရာဂသမော အဂ်ိ" စသည်ဖြင့် ရာဂနှင့်တူသောမီးမရှိ၊ ဒေါသနှင့်တူသောအပြစ် မရှိ၊ ခန္ဓာနှင့်တူသော ဒုက္ခမရှိ၊ နိဗ္ဗာန်နှင့်တူသော ချမ်းသာမရှိဟု ဟောတော်မူ၏။ တရားနာစဉ် ငိုက်မျည်းလျက် လက်ဖြင့် မြေကို ခြစ်လျက် သစ်ကိုင်းကို လှုပ်လျက်၊ ကောင်းကင်ကို ကြည့်လျက် အရိုအသေပြုလျက် နာကုန်သော ဥပါသကာငါးယောက်တို့အား အခြားမရှိ၊ ဘဝငါးရာပတ်လုံး မြွေဘဝ၊ တိဘဝ၊ မျောက်ဘဝ၊ နက္ခတ်ကြည့် ပုဏ္ဏားဘဝ၊ ဗေဒင်တတ်ဘဝတို့၌ ဖြစ်ဖူးကြောင်းကို "နတ္ထိ ရာဂသမော အဂ်ိ" စသည်ဖြင့် ဓမ္မပဒပါဠိတော် (၄၉)၌ ရာဂနှင့်တူသောမီး မရှိ၊ ဒေါသနှင့်တူသော ဖမ်းတတ်သော တရားမရှိ၊ မောဟနှင့်တူသော ပိုက်ကွန်မရှိ၊ တဏှာနှင့်တူသော မြစ်မရှိဟု ဟောတော်မူ၏။

ဘုရားရှင်၏ ဒေသနာတော်သည် အထူးထူးသောနည်းတို့ဖြင့် သိမ်မွေ့နက်နဲသည်၊ ထို့ကြောင့် ဗုဒ္ဓရှင်တော်သည် ဓမ္မပဒပါဠိတော် (၅၅)ဋ္ဌပင် အဓိနှင့်တူသော တဏှာကိုလည်းကောင်း၊ အဖနှင့်တူသော မာန ကိုလည်းကောင်း၊ မင်းနှစ်ယောက်ဖြစ်ကုန်သော သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ တို့ကိုလည်းကောင်း၊ အခွန်သိမ်းတတ်သော အမတ်နှင့်တကွဖြစ်သော တိုင်းနိုင်ငံနှင့်တူသော အာယတန တစ်ဆယ့်နှစ်ပါးတို့ကိုလည်းကောင်း၊ သတ်သောကြောင့် ဆင်းရဲကင်းသော ပုဏ္ဏားတည်းဟူသော ရဟန္တာ ဖြစ်သည်သာတည်းဟု ဟောတော်မူ၏။ ကျားရဲစသည်ရှိသော ခရီးခဲနှင့် တူသော ဝိစိကိစ္ဆာ နီဝရဏကို သတ်သောကြောင့် ဆင်းရဲကင်းသော ပုဏ္ဏားတည်းဟူသော ရဟန္တာဖြစ်သည်ဟုလည်း ဟောတော်မူ၏။

(၃) ပစ္စည်းလေးပါးဌိ ဆင်ခြင်မှီဝဲခြင်း

ရဟန်း ရှင်လူမည်သူမဆို ဆွမ်းသင်္ကန်းကျောင်းဆေး ပစ္စည်းလေး ပါးဌိ ဆင်ခြင်ရသည်။ လောလုပ်တဏှာခေါ် လျှပ်ပေါ်လော်လီသော လောဘတဏှာ မဖြစ်စေရ၊ ကချေသည် လက်ဝှေ့သမားစသည်ကဲ့သို့ အားရှိအောင် သူတစ်ပါးကို သတ်ပုတ်နိုင်အောင်၊ လှပစေလိုရှိ သုံးစွဲသည် မဟုတ်၊ အပူဒဏ် အအေးဒဏ်၊ မှက်ခြင်ယင်လေ နေပူ မြွေ ဟူး ကင်း သန်း စသည်တို့၏ ဘေးရန်မှ ကာကွယ်နိုင်အောင်၊ သာသနာ့တာဝန်ကို ထမ်း ဆောင်နိုင်အောင် မှီဝဲသုံးဆောင်ရသည်။

တောရဆောက်တည်နေသော တောင်ဖီလာဆရာတော်ကို တခြား ရဟန်းတော်များက တစ်ပါးတည်း တောရဆောက်တည်နေသည်။ မကြောက်လားဟု မေးရာ ကြောက်၍ တောရဆောက်တည်နေသည်ဟု ပြန်ပြောဖူးသည်။

ဓုတင်အရာ တေဒဂ်ရသော အရှင်မဟာကဿပကိုယ်တော်ကြီး သည် နှုန်နာတစ်ယောက် ဆွမ်းလောင်းရာ သပိတ်ထဲသို့ လက်ပြတ်ကျသည်၊ ၎င်းလက်ပြတ်ကို လွှင့်မပစ်ဘဲ ဆွမ်းနှင့်ရောကာ ဓုတင်ဟုက်မှာ ကြောက်၍ ဘုဉ်းပေးဖူးသည်။

9 သုတ်မဟာအဋ္ဌကထာ၊ မဟာဂေါဝိန္ဒသုတ် (၂၅၀)၌ လက်ဝဲဘက်က ဝက်၊ လက်ျာဘက်က ဆိတ်၊ အသံကား သိုးသံ၊ ချိုကား နွားအိုပုံပမာ ဝက်ပြိတ္တာသည် ဝက်တွေ့က လက်ဝဲဘက်ကို ပြ၍စား၏။ ဆိတ်ကို မြင်က လက်ျာဖက်က ဆိတ်၊ သိုးကို မြင်က သိုးသံကို ပြု၍စား၏၊ နွားမျှားကို မြင်က ချိုကို ပြ၍ စား၏။

ကျီးတစ်ကောင်ပါးစပ်ကို ဖွင့်ထား၍ တခြားငှက်များလာက သတ္တဝါကို မစား၊ လေကိုသာ စားသည်ဟု ပြော၏။ ခြေထောက်တစ်ဖက် မချသည်ကို မေးရာ သတ္တဝါတို့ကို နင်းမိမှာကို စိုးသည်ဟု ပြောပြီး ဖမ်းစား၏။

အကြည်ညိုခံလိုရှိ သုသာန်မှာနေစဉ် နွားတစ်ကောင်ကို သိကြားမင်းသည် ငါ့အကြောင်းကို သိသည်ဟု တစ်ညလုံး ရှိခိုး၏၊ မနက်ကျမှ နွားမှန်းသိသည်။ အကြည်ညိုခံလိုရှိ ရဟန်းတစ်ပါး တစ်ညလုံး ဓုကင်ဆောင်တည်သလို ကျောက်ဖျာပေါ်မှာ လမ်းလျှောက်နေရာ ချော်လဲ၏။

အိုးစရည်းရဟန္တာ၊ ကြိမ်လျှောက်ရဟန္တာတို့ကဲ့သို့ မပြုအပ်ပေ။

(၄) အချမ်းအပူစသည်ကို သည်းခံခြင်း

ပုထုဇဉ်တို့မှာ ကျောင်း အမျိုး လာဘ်ရခြင်း၊ ဂိုဏ်းအမှူလုပ်ခြင်း၊ ခရီးသွားခြင်း၊ အဆွေ အမျိုး ရောဂါ စာပေသင်အံခြင်း၊ ပုထုဇဉ်တို့၏ တန်ခိုးဟူ၍ ပလိဟေဝ တရားရကြောင်း အနှောင့်အယှက်ဆယ်မျိုးရှိသည်၊ ဤဆယ်ပါးကို သည်းခံရသည်။

အဆွေခင်ပွန်းကောင်းအင်္ဂါ

သီလစင်ကြယ်၍ ချစ်အပ်သောဂုဏ်ရှိသူ၊ သီလ သမာဓိစသော ဂုဏ်ရှိသူ၊ မေတ္တာတရားထားရှိသောသူ၊ ဆုံးမတတ်သောသူ၊ ဆုံးမ စကား ကို နားထောင်သောသူ၊ နက်နဲသော သဘောတရားရှိသူ၊ စကားပြောတတ် သူ၊ နေရာတိုင်း၌ မတိုက်တွန်းတတ်သောသူဟူ၍ ဆယ်ယောက်ရှိသည်။

ကမ္မဋ္ဌာန်းအားထုတ်ရန် လျောက်ပတ်သောကျောင်း

ကြီးလွန်းသောကျောင်း၊ အသစ်ဖြစ်သောကျောင်း၊ ဟောင်းနွမ်း သောကျောင်း၊ လမ်းခရီးကိုမှီသောကျောင်း၊ ရေကန်ရှိသောကျောင်း၊ ဟင်းရွက်တောနှင့်နီးသောကျောင်း၊ ပန်းဥယျာဉ်ခြံနှင့်နီးသောကျောင်း၊ သစ်သီးခြံနှင့်နီးသောကျောင်း၊ လူတို့ချီးမွမ်းအပ်သောကျောင်း၊ မြို့ရွာနှင့် နီးသောကျောင်း၊ သစ်တောကို မှီသောကျောင်း၊ လယ်ကိုမှီသောကျောင်း၊ ရန်သူရှိသောကျောင်း၊ ဆိပ်ကမ်းကို မှီသောကျောင်း၊ ပစ္စန္တရစ်ကို မှီသော ကျောင်း၊ တိုင်းပြည်အပိုင်းအခြားကို မှီသောကျောင်း၊ မလျောက်ပတ် သောကျောင်း၊ မိတ်ဆွေကောင်းမရနိုင်သောကျောင်းတို့သည် ကမ္မဋ္ဌာန်း အားထုတ်ရန် မလျောက်ပတ်သောကျောင်းတို့မည်ကုန်၏။

မဝေးလွန်းသောကျောင်း၊ မနီးလွန်းသောကျောင်း၊ သွားခြင်းလာ ခြင်းငှာ လျောက်ပတ်သောကျောင်း၊ လူသံတိတ်ဆိတ်သောကျောင်း၊ ပစ္စည်းလေးပါးရလွယ်သောကျောင်း၊ ဗဟုသုတရှိသောရဟန်းတို့နေထိုင် သောကျောင်း၊ မေးသည်ကို ဖြေစွမ်းနိုင်သောရဟန်းရှိသောကျောင်း၊ ဤကျောင်းတို့သည် ကမ္မဋ္ဌာန်းစီးဖြန်းခြင်းငှာ လျောက်ပတ်သောကျောင်း တို့တည်း။

(၅) ကြမ်းတမ်းသော တိရစ္ဆာန်စသည်တို့.မှ ရှောင်ကြဉ်ခြင်း

ကြမ်းတမ်းသော ကျွဲနွားတိရစ္ဆာန်စသည်တို့.ကား ဤသူကား သူတော်ကောင်းတည်းဟု သိမည်မဟုတ်၊ ရှောင်လွဲသွားမည် မဟုတ်၊ သူတို့.နှင့်တွေ့.က အာသက်အန္တရာယ်ရှိတတ်၏။ စွာန်မဂ်ဖိုလ်တရားများ လွဲဖယ်သွားနိုင်သည်။ တောရဆောက်တည်နေစဉ် ကျားစားခိုက် တရားအားထုတ်ရာ ရဟန္တာဖြစ်သူလည်း ရှိသည်။ နေရာတိုင်း၌ အသိဉာဏ် ပညာလိုသည်၊ မဟုတ်လျှင် မောဟမီးလောင်ကျွမ်းမည်၊ ထို့ကြောင့် ဘုရား ရှင်သည် ကုတိဝုတ်ပါဠိတော် (၂၅၇)၌ မောဟမီးဖြင့် တွေဝေသည်ရှိသော် အရိယာတရား၌ မလိမ္မာပါမူ ထိုတရားတို့.ကို မသိသည်ဖြစ်၍ ပုထုဇဉ်တို့.သည် သက္ကာယတရား၌ ပျော်မွေ့.တတ်၏။

(၆) ဝိတက်တရားကို ချေဖျက်ခြင်း

လောဘတည်းဟူသော ကာမဝိတက်၊ ဒေါသတည်းဟူသော ဗျာပါဒဝိတက်၊ ညှဉ်းဆဲခြင်းတည်းဟူသော ဝိဟိသဝိတက်၊ ဤတရားများကင်းရှင်းဖို့. လိုသည်။ ထို့ကြောင့် အရှင်မေယိယသည် ဥယျာဉ်တစ်ခုသို့. သွား၍ တရားအားထုတ်ရာ သူသည် ဘဝပေါင်းများစွာက ရှင်ဘုရင်ဖြစ်ဖူး၍ မိဖုရားတို့.နှင့် ပျော်မြူးခြင်း၊ ကာမဝိတက် ဒေါသတည်းဟူသော ဗျာပါဒဝိတက်၊ မင်းဒဏ်ပေးခြင်း ဝိဟိသဝိတက်တရားတို့.၌ စိတ်၌ ပေါ်လာ၏။ ဘုရားရှင်အား တရားမရ၍ သွားပြီး လျှောက်ရာ ဘုရားရှင်က ချစ်သားမေယိယ သင်သည် တရားထူးရလိုသော် ကလျာဏမိတ္တရှိရမည်၊ သီလရှိရမည်၊ အလိုနည်းခြင်း အပို့စ္ဆတရားရှိရသည်၊ ဝီရိယရှိရသည်၊ ပညာ ရှိရသည်ဟု ဟောတော်မူ၏။

* ကလျာဏမိတ္တ၊ ကျင့်သီလနှင့်၊ အပ္ပိစ္ဆကထာ၊ ဝိရိယာ၊ ပညာ မေယိယ။ (အကျယ်ကို နိဒါန်းပါဠိတော် အဋ္ဌကထာ၌)

(၇) **ဖောဖျံတရားများကို ဆင်ခြင်ရသည်။**

ဖောဖျံစသော တရားကို ဆင်ခြင်မှ သံသရာက လွတ်သည်။ ထို့ကြောင့် ဥတ္တရာထေရိသည် ငါသည် ခန္ဓာငါးပါးတို့ကို ပိုင်းခြား၍ သိအပ်ပြီး တဏှာကို ပယ်စွန့်ပြီးပြီ၊ ဖောဖျံတရားတို့ကိုလည်း ပယ်စွန့်ပြီးပြီ၊ ထို့ကြောင့် ငါသည် အာသဝတရားတို့၏ကုန်ရာ နိဗ္ဗာန်ကို ငါရပြီဟု ဟောတော်မူသည်။ (ဖောဓိပက္ခိယတရားသုံးဆယ့်ခုနစ်ပါးကို ၌)

အနာမဲ့သူ ရှင်ဗာကူ

အရှင်ဗာကူလသည် ကာမဝိတက် ဗျာပါဒဝိတက် ဝိဟိံသဝိတက်၊ ဒါယကာတို့လှူသောသင်္ကန်း၊ ဓားဖြင့် ဖြတ်သောသင်္ကန်း၊ ချုပ်ခြင်း ဆိုးခြင်း ကထိန်သင်္ကန်း၊ သီတင်းသုံးဖော်တို့အား သင်္ကန်းဌ စီစဉ်ခြင်း၊ ပင့်ဖိတ်ခြင်းကို သာယာခြင်း၊ ပင့်ဖိတ်ရန် တောင်းတခြင်း၊ ရွာထဲ၌ နေခြင်း၊ ရွာထဲ၌ စားခြင်း၊ ဘိက္ခုနီမကျောင်းသို့ ကပ်ခြင်း၊ ဘိက္ခုနီမ သိက္ခာမာန် သာမဏေ မိန်းမတို့အား တရားဟောခြင်း၊ ရှင်ပြုခြင်း၊ ရဟန်းခံခြင်း၊ နိဿယပွဲဦးပေးခြင်း၊ သာမဏေကို လုပ်ကျွေးစေခြင်း၊ ခွေးဇရုံအိမ်၌ ရေချိုးခြင်း၊ ကသည်းမှုန့်ဖြင့် ရေချိုးခြင်း၊ သီတင်းသုံးဖော်တို့အား ဆုတ်နယ်ခြင်း၊ နွားနို့တစ် ညှစ်ခန့်မျှလည်း ရောဂါမဖြစ်ခြင်း၊ ဆေးဆောင်ခြင်း၊ မိုဃဲခြင်း၊ အိပ်ခြင်းများကို မပြုဖူး၊ ရွာကျောင်းသို့ ကပ်ခြင်းမရှိ ရဟန်းပြုကာ ပုထုဇဉ်ဘဝနှင့်သာ ပြည်သူတို့၏ ဆွမ်းကို စားဖူး၏ဟု အစေလအား ပြောဖူး၏။ သူများအား ဒုက္ခမပေးဟု ရဟန်းပရိသတ်အလယ်၌ ထိုင်လျက်

ပဂိုနိဗ္ဗာန်ပြု၏။ မြတ်လေးပန်းအင်္ဂနှင့်တူသော ဓာတ်တော်တို့သာ ကြွင်းကျန်၏။

(အကျယ်လိုမူ ဥပရိပဏ္ဏာသအဋ္ဌကထာကို ရှု)

1 ထို့ကြောင့် အရှင်မောဂ္ဂလာန်သည် အောက်ပါအတိုင်း ဟောတော်မူခဲ့သည်။

နယိဒံ သိထိလမာရဗ္ဘ၊ နယိဒံ အပ္ပေန ထာမသာ။
နိဗ္ဗာနမာဓိဂန္တုံ၊ သဗ္ဗဂန္ထပမောစနံ။

(မောဂ္ဂလ္လာနတ္ထေရဂါထာ၊ ၃၆၇)

သဗ္ဗဂန္ထပမောစနံ–အလုံးစုံသော လောဘ ဒေါသ ဒိဋ္ဌိဟူသော ဂန္ထ တရားမှ လွတ်သော၊ ဣဒံ နိဗ္ဗာနံ–ရုပ်နာမ်ပြတ်ရာ မြတ်ချမ်းသာကို၊ သိထိလံ–ပေါ့ပေါ့ဆဆ၊ အာရဗ္ဘ–အားထုတ်၍၊ နု ဂန္တုံ–မရောက်အပ်၊ ဣဒံ နိဗ္ဗာနံ–ဤနိဗ္ဗာန်တရားကို၊ အပ္ပေန–အနည်းငယ်သော၊ တမသာ–အစွမ်းဖြင့်၊ နု ဂန္တုံ–တကယ်ပင် မရောက်အပ် မသွားလာအပ်သတည်း။

* * * *

(၁၀) 'ဘဝပစ္စယာ ဇာတိ'အကြောင်း သီကောင်းစရာ

ဘဝကြောင့် ဇာတိဖြစ်ရာ၌ ဘဝဟူသည် ကမ္မဘဝ ဥပပတ္တိဘဝ ဟူ၍ နှစ်ပါးရှိ၏၊ ထိုနှစ်ပါးတို့တွင် ကမ္မဘဝဟူသည် အကုသိုလ်စိတ် တစ်ဆယ့်နှစ်ခု၊ မဟာကုသိုလ်စိတ်ရှစ်ခု၊ ရူပကုသိုလ်ငါးခု၊ အရူပကုသိုလ် လေးခု၌ရှိသော စေတနာတရားတည်း။ ဥပပတ္တိဘဝဟူသည် ဇော ဝေါကာရဘဝစသည်ဖြင့် ကိုးပါးရှိသည်၊ အကျဉ်းချုပ်အားဖြင့်ကား ကမ္မဘဝကြောင့် ရုပ်၏ ဇာတိ၊ နာမ်၏ဇာတိဟူ၍ နှစ်ပါးရှိ၏။ ဤ၌ ဥပပတ္တိဘဝကို အကြောင်းဟူ၍ မယူအပ်ပေ။

ဝိဘင်းပါဠိတော် (၁၄၄)၌ ထိုထိုသို့သော သတ္တဝါတို့၏ ထိုထိုသို့ သော သတ္တဝါအပေါင်း၌ အကြင်ရုပ်နာမ်တရားသည် ဖြစ်၏၊ ခန္ဓာတို့၏ ထင်ရှားဖြစ်ခြင်းတည်း၊ စက္ခုစသော အာယတနတို့ကို ရခြင်းလည်း မည်၏။

သီလက္ခန်ပါဠိတော်၌ "ကတမာ ဇာတိ စိတ္တဿ လောကသမညာ ။ပ။ ဝေါဟာရတိ ပရာမာသန္တိ"ဟူ၍ ဟောတော်မူသောကြောင့် ဘုရားရဟန္တာ တို့လည်း တဏှာ မာန ဒိဋ္ဌိတို့ဖြင့် မသုံးသပ်ဘဲ လောက၌ ပြောရိုး ဆိုစဉ် လောကပညတ်များကို ခေါ်ဝေါ်သုံးနှုန်းတော်မူသည်။

လောကသုံးပါး

သာရတ္ထဒီပနီကာ (၂၄၂)၌ ကုန်ခြေနှင့်စပ်ကုန်သော ခန္ဓာတို့၏အပေါင်း သည်လည်းကောင်း၊ သန္တာန်သည်လည်းကောင်း သတ္တလောကမည်၏။

ကွဲကွေနှင့်မစပ်ကုန်သော ရုပ်တို့၏အပေါင်းသည်လည်းကောင်း၊ သန္တာန်သည်လည်းကောင်း ဩကာသလောကမည်၏။ နှစ်ပါးသော ခန္ဓာတို့သည် သင်္ခါရလောကမည်၏။ အကြောင်းတရားတို့သည် ပေါင်းဆုံပြုပြင်အပ်ကုန်၏၊ ပျက်တတ်, အပြားအားဖြင့် ပျက်တတ်သောကြောင့် လောကမည်ကုန်၏။

12

သဉ္ဇာယတနသံယုတ်ပါဠိတော် (၃၆၇)၌ မျက်စိစသည်၌ အရာကျယ်ဝန်းသောကြောင့် သမုဒ္ဒရာဟု ဟောတော်မူ၏။ (၂၇၈)၌ မျက်စိသည် ပျက်စီးတတ်၍ လောကဟု ဟောတော်မူ၏။

လယ်တီဆရာတော်ဘုရားကြီး၏ အနုတ္တရိဘာဝနီ၌ သတ္တလောကသည် အနှစ်သာရကင်း၏၊ အချည်းအနှီး ဘာမှ မရှိ သုညဖြစ်၏။ နည်းတူ ဩကာသလောက သင်္ခါရလောကကို ပြတော်မူ၏။

* ကုန်ရွေခုနစ်၊ သန်းမှာ တစ်၊ သိန်းရှစ်သောင်းပဉ္စာ။
ထောင်မှာကားဆ၊ လူနေက၊ ဝေးလှယူဇနာ။

ဤသုံးဆယ့်တစ်ဘုံ၌ အထက်ဆုံး နေဝသညာနာသညာယတနဘုံမှ အထွတ်ခုနစ်ခုရှိသော ကျောက်တုံးတစ်ခုကို ချသည်ရှိသော် လူ့ပြည်သို့ လေလေးလလောက်ကြာမြင့်က ရောက်လိမ့်မည်ဟု မဟာသမယသုတ် အဋ္ဌကထာ၊ သံယုတ်အဋ္ဌကထာ၊ မိလိန္ဒပဉ္ဟာတို့က မိန့်ကြ၏။ ဤသုံးဆယ့်တစ်ဘုံကား အိုးထိန်းစက်ပမာတူလှ၏။ ဘီလုံးငှက်သည် ကျက်စားနေကျနေရာ မဟုတ်ဘဲ တခြားနေရာ၌ ကျက်စားက သိန်းငှက်ထိုးသုတ်ခံရသကဲ့သို့ မကျက်စားအပ်သော လောကီအာရုံ ကာမဂုဏ်၌ ကျက်စားသော ပုထုဇဉ်သည် ဇာတိဇရာမရဏာ သိန်းငှက်အထိုးသုတ်ခံရတတ်သည်။

(ဩကာသလောကအကြောင်းကို အာဇာနာဇီယသုတ်၊ ဥပရိပဏ္ဏာသပါဠိတော် ဒေဝဒူတသုတ်၊ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊ ပါရာဇိကဏ်အဋ္ဌကထာ၊ သာရတ္ထဒီပကာ၊ ပါထေယျပါဠိတော် အဂ္ဂညသုတ်၊ နေမိဇာတ်၊ သံကိစ္စဇာတ်စသည်တို့၌ ရှုပါကုန်)

လိပ်သတ္တဝါသည် ခြေနှစ်ချောင်း၊ လက်နှစ်ချောင်း၊ ခေါင်းတည်းဟူသော ခက်မငါးဖြာ ထွက်သည်ရှိသော် မြေခွေးအစားခံရသည်ပမာ ကာမဂုဏ်ငါးပါးကို လိုက်စားသည်ရှိသော် တဏှာဖြစ်ကာ သံသရာ၌ ကျင်လည်ရတတ်သည်ဟု သဉ္ဇာယတနသံယုတ်ပါဠိတော် (၃၈၅)၌ ဟောတော်မူသည်။

ပကတိသာဝကတို့၌ ပထဝီစသော ရုပ်တစ်ခုခု၊ ဖဿ ဝေဒနာစသော နာမ်တစ်ခုခု မြင်သိက ရဟန္တာဖြစ်နိုင်၏။ သောတာပန်ကျင့်အပ်သော တရားကို သကဒါဂါမ်စသည် မကျင့်အပ်ဟူ၍ မရှိပေ။ ထို့ကြောင့် အရွက်ကို မြင်လာသူလည်း ပေါက်ပင်ကို မြင်လာသူ၊ အသီးကို မြင်လာသူလည်း ပေါက်ပင်ကို မြင်လာသူ၊ ပင်စည်ကို မြင်လာသူလည်း ပေါက်ပင်ကို မြင်လာသူနှင့် တူကြောင်း ဘုရားရှင်သည် ကိသကောပမသုတ်။ ကိသကောပမာဇာတ်ကို ဟောတော်မူသည်။

သာဝကာ ဟိ စတုန္နံ ဓာတူနံ ကေဒေသမေဝ သမ္မသိတ္ဝာ နိဗ္ဗာနံ ပါပုဏန္တိ၊ ဗုဒ္ဓါနံ ပန အဏုပမာဏမွိ သဒ္ဓါရဂတံ ဉာဏေန အဒိဋ္ဌ မတု လိတမတီရိတမသစ္ဆိကတံ နတ္ထိ။

(မူလပဏ္ဏာသ အဋ္ဌကထာ မူလပရိယာယသုတ်၊ ၅၄)

ဟိ–သစ္စံ–မှန်၏၊ သာဝကာ–ဘုရားတပည့်သားတို့သည်၊ စတုန္နံ–လေးပါးကုန်သော၊ ဓာတူနံ–ဓာတ်တို့တွင်၊ ကေဒေသမေဝ–တစ်စိတ် တစ်ဒေသကိုသာလျှင်၊ သမ္မသိတ္ဝာ–သုံးသပ်၍၊ နိဗ္ဗာနံ–နိဗ္ဗာန်သို့၊ ပါပုဏန္တိ–

ရောက်ကုန်၏။ ဗုဒ္ဓါနံ ပန-ဘုရားရှင်တို့.အားကား၊ အဏုပမာဃန္တိ-အနုမြူမျှလည်းဖြစ်သော၊ သဒ္ဓါရဂတံ-ရုပ်နာမ်သဒ္ဓါရကို၊ ဉာဏေန-ဉာဏ်ဖြင့်၊ အဒိဋ္ဌံ-မမြင်အပ်သည်၊ အတုလိတံ-မနှိုင်းယှဉ်အပ်သည်၊ အတီရိတံ-မလွန်မြောက်အပ်သည်၊ အသစ္ဆိကတံ-မျက်မှောက်မပြု အပ်သည်၊ နတ္ထိ-မရှိသည်သာတည်း။

ဘုရားရှင်က လေးသချေ်နှင့်ကမ္ဘာတစ်သိန်း၊ ပစ္စေကဗုဒ္ဓါက နှစ်သချေ်နှင့်ကမ္ဘာတစ်သိန်း၊ အဂ္ဂသာဝကနှစ်ပါးက တစ်သချေ်နှင့်ကမ္ဘာတစ်သိန်း၊ အသီတိမဟာသာဝကနှင့်ဘုရားလောင်းမယ်တော် ခမည်းတော်သားတော် မိဖုရားတို့.က ကမ္ဘာတစ်သိန်း၊ ပကတိသာဝကမှာ ကောသနေနိသီနွှာဝ-တစ်ထိုင်တည်းနှင့် ရနိုင်သည်။ သဗ္ဗာယတနသံယုတ်ပါဠိတော်တို့၌ ဆူးတော လက်ပံတောသို့ ဝင်သောသူအား ဆူးစူး၍ ဒုက္ခရောက်ရသည်ထက် လောကီအာရုံကား ဒုက္ခပေးတတ်၏ဟု ဟောတော်မူ၏။

လယ်တောယာတော

* လယ်တော ပုထု၊ ထွန်ပြုကုသိုလ်၊ မြက်ပေါင်းသည်က၊ မှတ်အကုသိုလ်၊ ဓားပေါက်ဆိန်မှာ၊ ရှစ်ဖြာမဂ်ဆို၊ စပါးသီး၊ ယူမှီးမြတ်ထိုထို။

လယ်တောသည် ပုထုဇဉ်၊ လယ်ထွန်ခြင်းသည် ကုသိုလ်၊ မြက်ပေါင်းသည် အကုသိုလ်၊ ဓားပေါက်ဆိန်သည် မဂ္ဂင်ရှစ်ပါး၊ စပါးသီးခြင်းသည် နတ်ရွာသုဂတိရောက်ခြင်းစသည်တည်း။

ကောက်လိုင်းတစ်ခုကို ထမ်းပိုးခြောက်ခုနှင့် ရိုက်ပုတ်သကဲ့သို့. ပုထုဇဉ်တို့.အား အာရုံခြောက်ပါးတို့.က ရိုက်ပုတ်နေ၏။ တစ်နည်း ကောက်

လှိုင်းများကို နွားများလာ၍ စားသည်နှင့်လည်း တူပေ၏။ အသုရာတို့ကို စစ်နိုင်၍ သိကြားမင်းသည် နတ်၏စည်းစိမ်ကို ခံစားရသကဲ့သို့ စားလာကို အာရုံကို ပယ်နိုင်က မဂ်ဖိုလ်နိဗ္ဗာန်ကို ရတတ်၏။ အသုရာတို့စစ်ရှုံး၍ နတ်တို့၏စည်းစိမ်မှ ဆုတ်ယုတ်သကဲ့သို့ ရူပါရုံစသည်ကို မစောင့်စည်း သောသူတို့သည် မဂ်ဖိုလ်မှ ဆုတ်ယုတ်သည်။ 9

နွားကျောင်းသားပမာ

နွား၏အဆင်းကို မှတ်ခြင်းသည် ရုပ်ကို သိခြင်း၊ နွား၏လက္ခဏာကို သိခြင်းသည် ဗာလပဏ္ဍိတကို သိခြင်း၊ နွား၏ယင်ဥကို သိခြင်းသည် ဝိတက်ခြောက်ပါးကို သိခြင်း၊ နွား၏အနာကို ဖုံးခြင်းသည် ဣရိယာပုထ်ကို ဆုံးမခြင်း၊ မီးခိုးကို ပြုခြင်းသည် တရားဟောခြင်း၊ ရေဆိပ်သည် တရားဆွေးနွေးခြင်း၊ ရေသောက်ခြင်းသည် တရားကျင့်ခြင်း၊ လမ်းကို သိခြင်းသည် မဂ္ဂင်ရှစ်ပါးကို သိခြင်း၊ ကျက်စားရာကို သိခြင်းသည် သတိပဋ္ဌာန်လေးပါးကို သိခြင်း၊ နို့ညှစ်ခြင်း၌ သိခြင်းသည် သစ္စာလေးပါး၌ သိခြင်း၊ ချီးမြှောက်အပ်သောနွားကို သိခြင်းသည် ကာယက် ဝစီက် မနောက်၌ မေတ္တာထားခြင်းတည်း။ (အကျယ်ကို လိုမူ ကောဒသဂုံတွဲရပါဦးတော်၌ ယူ)

* အဆင်း လက္ခဏာ၊ ယင်ဥပါ၊ အနာ မီးဖိုပြု။
ရေဆိပ် ရေသောက်၊ လမ်း စားလျှောက်၊ ချီးမြှောက် နို့ညှစ်မှု။

တစ်နည်း နွားဥပမာ

ပုထုဇဉ်သတ္တဝါများသည် နွားအုပ် နွားများ ထင်ရှားသွားနေကြသကဲ့သို့ သတ္တဝါများ သုံးဆယ့်တစ်ဘုံမှာ ကျင်လည်နေကြ၏၊ နွား

ကျောင်းသား၏ ဒုတ်ကား မဂ္ဂင်ရှစ်ပါး၊ နွားတင်းကုတ်သည် သံသရာ နွားဖဲလှောင်ထားခြင်သည် တဏှာ၊ နွားများအချင်းချင်းခွေ့ခြင်း ခတ်ခြင်း တို့သည် လောဘ ဒေါသ မောဟစသည် တို့ပေါ်။

* သတ္တဝါ နွား၊ လျှောက်သွား ဘုံမှာ၊ မဂ္ဂင် တုတ်ထုတ်၊ တင်းကုတ် သံသာ။

တဏှာလှောင်ထား၊ နွားများ ရန်မှာ၊ လောဘစ များလှ ကြောက် ဖွယ်ရာ။

ဘုရားရှင်သည် ဝိသာခါဒါယိကာမကြီး၏ ဥပုသ်သည်မ ငါးရာ တို့အား တချို့က အိမ်ရှင်နှင့် ကင်းလို၍။ တချို့က လူ့စည်းစိမ်ကို လို ချင်၍၊ တချို့က နတ်စည်းစိမ်ကို လိုချင်၍ တချို့ သားသမီးလိုချင်၍၊ တချို့က အဖော်ကို လိုချင်၍ ဥပုသ်စောင့်ကြသည်ကို နွားကျောင်းသား သည် နံနက်တိုင်း တုတ်တစ်ချောင်းဖြင့် အမြဲတမ်း မောင်းနှင်ဘိသကဲ့သို့ ဇရာ ဗျာဓိ မရဏ စသော တရားတို့သည် အသက်ကို အမြဲတမ်းမောင်း နှင်နေသည်ဟု "ယထာ ဒဏ္ဍေန ဂေါပါလော" စသော ဓမ္မပဒပါဠိတော် (၃၃)ကို ဟောတော်မူသည်။

ဘုရားရှင်နှင့် ဓနိယနွားကျောင်းသား

ဓနိယနွားကျောင်းသားသည် ကဿပဘုရားရှင်သာသနာတော်၌ အနှစ်နှစ်သောင်းပတ်လုံး နှစ်ဆယ်ကုန်သော စာရေးတံဆွမ်းတို့ကို ပေး လှူဖူးသည်။ ထိုကောင်းမှုကြောင့် နတ်ပြည်၌ ဖြစ်၍ ဂေါတမဘုရားရှင် လက်ထက်တော်ဝယ် ဓမ္မကောရက္ခာပြု၌ ဓနိယမည်သော သူဌေးသား နွားကျောင်းသားဖြစ်လာသည်။ နွားပေါင်းသုံးသောင်းရှိသည်၊ နှစ်သောင်း ခုနစ်ထောင်သော နွားမတို့ကို နို့ညှစ်သည်။

ငှက်များသစ်ပင်ဖျားဌ အသိုက်တင်ခြင်း၊ ပုဖွန်လုံးခေါ် ဂဏန်းများ ကုန်းပေါ်တက်၍ အခေါင်းပြုခြင်းတို့.ကို မြင်၍ ယခုနှစ် မိုးကြီးသည်း ထန်မည်ဟု သိ၏။ ငှက်များ သစ်ပင်ရင်းဌ အသိုက်တင်ခြင်း၊ ဂဏန်း များ ချောင်းထဲ မြစ်ထဲသို့. ဆင်း၍ အခေါင်းပြုခြင်းတို့.ကို မြင်၍ နွားကျောင်း သားပီပီ မိုးနည်းမည်ဟု သိ၏။ ၎င်းရာသီဥတုနှင့်လျော်ညီစွာ နွားများကို မွေးမြူတတ်၏။ 9

၎င်းဓနိယနွားကျောင်းသား ငါသည် ထမင်းချက် နို့ညှစ် အိမ်မိုး မီးထွန်းပြီး အခြံအရံနှင့်နေသူဖြစ်၍ မိုးရွာပါလော့ဟု ဆို၏။

ဘုရားရှင်က ငါသည် အမျက်မထွက်သူ၊ စိတ်ဌ ကိလေသာငြောင့် တံသင်းကင်းပြီးသူဖြစ်၏။ ငါ၏ ခန္ဓာကိုယ်ဌ ကိလေသာအမိုး ဖွင့်ထားသူ၊ မီးဆယ်တစ်ပါးငြိမ်းသူဖြစ်၍ ကိလေသာမိုးရွာပါလော့ဟု ဆို၏။

နွားကျောင်းသားက ဤအရပ်ဌ မှက်ခြင် မရှိ၊ နွားစားကျက် ကောင်း၏၊ မိုးများကို သည်းခံနိုင်၏ဟု ဆို၏။

ဘုရားရှင်က အရိယာမဂ်ဖောင်ကို ဖွဲ့ပြီးပြီ၊ ညြဴယလေးပါး ရေအယဉ် ကို ကူးမြောက်ပြီးပြီ၊ ဖောင်ဖြင့် အကျိုးမရှိပြီဟု ဆို၏။

နွားကျောင်းသားက မယားဂေါပီသည် ကျင့်ဝတ္တရားနှင့်ညီ၏ဟု ဆို၏။

ငါ့အား ကိလေသာအနှောင်အဖွဲ့.ကင်း၏၊ ကုသိုလ်များ ပွားများပြီး၍ ယဉ်ကျေးပြီးပြီဟု ဆို၏။

နွားကျောင်းသားက ငါ့အား ကိုယ်ပိုင်အလုပ်ရှိ၏၊ သားသမီးများနှင့် အတူနေ၏၊ ကျန်းမာကြ၏ဟု ဆို၏။

ဘုရားရှင်က ငါသည် သူများအခစားမဟုတ်။ သဗ္ဗညုတဉာဏ် လောကုတ္တရာ သမာဓိဖြင့် လှည့်လည်နိုင်သူဖြစ်၍ အဖိုးအခအားဖြင့် ငါ့အား ကျေးဇူးမရှိဟု ဆို၏။

နွားကျောင်းသားက ငါ့အား မသင်းကွပ်ရသေးသော နွားပေါက် နို့.စို့.နွားငယ်၊ ကိုယ်ဝန်ဆောင်နွားမ၊ အရွယ်ရောက်နွားမ၊ နွားလားဥသဘ ရှိကုန်၏ဟု ဆို၏။

ဘုရားရှင်က ငါ့အား မသင်းကွပ်ရသေးသော နွားပေါက်တည်းဟူသော ပရိယုဋ္ဌာနကိလေသာ၊ နို့.စို့.နွားငယ်တည်းဟူသော အနုသယကိလေသာ၊ ကိုယ်ဝန်ဆောင်နွားမတည်းဟူသော ပုညာဘိသင်္ခါရ၊ အစွယ်ရောက်သောနွားမတည်းဟူသော တဏှာ၊ နွားလားဥသဘတည်းဟူသော အဘိသင်္ခါရဝိညာဏ်ရှိ မကုန်ဟု ဆို၏။

နွားကျောင်းသားက နွားများကို ကောင်းစွာ ချည်ထားကုန်ပြီ၊ ကြိုးသစ်ကျစ်ထားကုန်ပြီ၊ နွားများ မဖြစ်နိုင်ကုန်၏ဟု ဆို၏။

ဘုရားရှင်က နွားလားဥသဘသည် နွားကြိုးကို ဖြတ်သကဲ့သို့ အထက်ပိုင်းသံယောဇဉ်တို့ကို ဖြတ်ပြီးကုန်၏၊ ဆင်ပြောင်ကြီးသည် ဆင်တုံးမနွယ်ကြိုးတို့ကို ဖြတ်သကဲ့သို့ အောက်ပိုင်းသံယောဇဉ်များကို ဖြတ်ပြီးပြီ၊ ပဋိသန္ဓေနေခြင်းမရှိတော့ပေဟု ဆို၏။ ထိုခဏ၌ မိုးကြိုး သည်းထန်စွာ ရွာ၍ နွားကျောင်းသားသည် ဘုရားရှင်၏ ဒေသနာတော်ကို သဘောပေါက်၏။ ထို့ကြောင့် ဘုရားရှင်အား ဆည်းကပ်လေပြီ၊ နွားကျောင်းသားသည် သူ၏ဖနီး ဂေါပိနှင့်တကွ နိဗ္ဗာန်ကို ရည်ရွယ်၍ ရဟန်းပြုကာ နိဗ္ဗာန်ရောက်ကြသည်။ ထိုအခါ မာရ်နတ်သားက သားသမီးရှိသူအား သားသမီးကို နှစ်သက်ရ၏၊ နွားရှိသူသည် နွားကို နှစ်သက်ရ၏၊

ဥပမိတို့သည် လူကို နှစ်သက်စေကုန်၏၊ မရှိသူသည် မနှစ်သက်ရဟု ဆို၏။

ဘုရားရှင်က သားသမီးရှိသူ သားသမီးကို စိုးရိမ်ရ၏၊ နွားရှိသူ နွားကို စိုးရိမ်ရ၏၊ ဥပမိတို့ဖြင့် လူတို့စိုးရိမ်ရ၏၊ မရှိသူ မစိုးရိမ်ရဟု ဟောတော်မူလေသည်။ (သုတ္တနိပါတ်၊ ဓနိယသုတ်ပါဠိ၊ ၌ ကို မှီ၏) 9

ပုထုဇဉ်တို့သည် ရောဂါဖြစ်နေသူနှင့်တူ၏၊ ရောဂါဖြစ်နေသူသည် မှီခိုစရာမရှိ၊ ဒုက္ခရောက်နေ၍၊ နောက်တစ်ရွာမှာရှိသော ဆွေမျိုးအိမ်သို့သွား၏၊ မရောက်မီ ဒုက္ခအမျိုးမျိုးနှင့် တွေ့ရတတ်၏။ ၎င်းရွာသို့ ရောက်မှ ကျန်းမာချမ်းသာသကဲ့သို့ သံသရာမှ မလွတ်သမျှ ကာလပတ်လုံး ဇာတိဒုက္ခစသည်နှင့် တွေ့ရတတ်၏။ ဆေးဆရာတည်းဟူသော ဘုရားရှင် ပေးတော်မူသော မဂ္ဂင်ရှစ်ပါးဆိုး သောက်သုံးမှ ကျန်းမာ ချမ်းသာခြင်းတည်းဟူသော နိဗ္ဗာန်ရောက်မည်။

ကေဂံတ္တာရပါဠိတော် ။ပ။ (၃၆)၌ ဘုရားရှင်က မစင်ကျင်ကြီးဟူသည် အနည်းငယ်ဖြစ်သော်လည်း စက်ဆုတ်ရွံရှာဖွယ် မကောင်းသော အနံ့ရှိသကဲ့သို့ ဤလောကကို အနည်းငယ်မျှလည်း ချီးမွမ်းတော်မမူ၊ လက်ဖျစ်တတွက် လျှပ်တစ်ပြက်ခဏမျှလည်း ချီးမွမ်းတော်မမူပေ။

ဘုရားရှင်သည် မဟာဝုန်တော၌ သီတင်းသုံးနေတော်မူစဉ် အသုဘတရားကို ဟောတော်မူရာ ရဟန်းများသည် ရုက်နိုးသည်ဖြစ်၍ လောက၌ မနေလိုရကား အချင်းချင်းသတ်၍သေကြ၏။ သပိတ်သက်နှံးပေး၍ သတ်စေ၏။ မိဂလဏ္ဍိကရှင်ယောင်ရဟန်း ရဟန်းတော်တို့ထံမှ သပိတ်သက်နှံးကို ယူ၍ ဓားတစ်ချောင်းဖြင့် သတ်ရာ သွေးချောင်းစီးသည်၊ ဤသို့သေပြီး၍ တစ်ဖန်ပြန်ဖြစ်ခြင်းကို ဘုရားရှင် ချီးမွမ်းတော်မမူပေ။ နောက်

ထပ်ပြန်၍မဖြစ်သော သေခြင်းမျိုးကိုသာ ဘုရားရှင် ချီးမွမ်းတော်မူသည်။ ထို့ကြောင့် ဘုရားရှင်သည် အာနာပါနတရားကို ဟောတော်မူရလေသည်။

အင်္ဂတရုပ်ပမာ

ရုပ်တရားတို့တွင် အင်္ဂတေမှုန့်အရုပ်ကဲ့သို့ ဆီမျှားလောင်းထည့်လိုက်လျှင် စိမ့်ဝင်သွားသကဲ့သို့ ဘဝဟူသော စေတနာကံကြောင့် ရုပ်အချို့ဖြစ်၏၊ ၎င်းကို ကမ္မဇရုပ်ခေါ်သည်။ ဆီမျှားရေမျှား ခန်းခြောက်သကဲ့သို့ ကမ္မဇရုပ်ချုပ်ခြင်းတူ၏။ ဆီခန်း ရေခန်းသော အင်္ဂတရုပ်သည် လက်ကျိုး ခြေကျိုး နားရွက်ပဲ့သကဲ့သို့ ရုပ်နာမ်တရားများ ပျက်စီးသည်နှင့် တူ၏။

ရုပ်နာမ်များ ဆက်ကာဆက်ကာ ဖြစ်ပျက်နေခြင်းသည် ယမ်းမှုန့်အစီအတန်းကို မီးရှို့သော် ပထမယမ်းမှုန့်ကို စ၍မီးလောင်၏၊ နောက် ဒုတိယ တတိယ ယမ်းမှုန့်စသည်တို့ကို လောင်၏။ ဤနည်းပမာတူလှ၏၊ တစ်နည်းအားဖြင့် နွေတစ်ခုၦ နှစ်နေရာ၊ သုံးနေရာ ဆီဆွတ်ကာ မီးရှို့ပြီးလျှင် လက်ဖြင့် လှည့်ပတ်ကာ မီးဝိုင်းသည်ဟု ထင်သည်နှင့်လည်း တူပေ၏။ တစ်နည်းအားဖြင့် မီးဖလံချောင်းကို ဖွင့်ထားသောနေရာ၌ ဖွင့်ထားခြင်း၊ ပိတ်ထားသောနေရာ၌ ပိတ်ထားသော်လည်း မြန်၍ တစ်ဆက်တည်း မီးသွားသည်ဟု ထင်ရ၏။ နည်းတူ မြစ်ရေစီးခြင်း၊ ဆီမီးတိုင် မီးတောက်နေခြင်းကား တူလှ၏။ ရုပ်တရားတို့သည် ရှေးအဖောင်းအဖောင်းပျောက်၍ အသစ်အသစ်ပေါ်လာခြင်းပင်တည်း၊ မဟာဘုတ်တရားတို့၏ ဖြစ်ပျက်ခြင်းကား အလွန်လျင်မြန်၏။

ဘဝအမျိုးမျိုးကြောင့် ဇာတိအမျိုးမျိုးဖြစ်ပုံ

စေတနာဟူသော ကမ္မဘဝကြောင့် အပါယ်လေးဘုံမှာ ပုံပန်းသဏ္ဌာန် အမျိုးမျိုး၊ ဒုက္ခအမျိုးမျိုး၊ လူ့ဘုံမှာလည်း ဆင်းရဲ ချမ်းသာ ရုပ်လှ ရုပ်ဆိုးစသည်ဖြစ်ရသည်။ ထို့ကြောင့် ကမ္မဘဝ စေတနာကောင်းဖို့ အရေး ကြီးသည်။ စက္ခုပါလထေရ်အလောင်း လင်မယားတို့ ဆေးသမားဘဝနှင့် လူတစ်ယောက်၏ မျက်စိရောဂါကို ဆေးကုရ ပျောက်သော်လည်း သူနာက အခကြေးငွေပေးရမှာ ကြောက်၍ မပျောက်ဟု ပြောသောကြောင့် ဒေါသ ပွားကာ မျက်စိကို ဆေးဖြင့် ပြန်၍ ကွယ်စေသောကြောင့် ရဟန္တာဖြစ်သည့် နောက်ဆုံးဘဝ၌ပင် မျက်စိကွယ်ရသည်။ လကုဏ္ဌာဘဒ္ဒိယထေရ်အလောင်း သည် ရှေးက စေတီတည်ကြရာ ပြစ်မှားလိုသောစိတ်ကြောင့် ဤစေတီကား ကြီး၏ဟု စေတီငယ်ကို တည်ထားစေသောကြောင့် ရဟန္တာဘဝ၌ ခါးကုန်းရသည်။

သံဃဘေဒကံကြောင့် ဒေဝဒတ်ရဟန်း အဝီစိငရဲရောက်သည်။ ဘုရားရှင်ကို ပြစ်မှား၍ စိဉ္စမာဏ အဝီစိငရဲရောက်ရသည်။ နည်းတူ သောရေယျဝတ္ထု အဇာတသတ်စသည်ကို ရှုအပ်၏။

ရုပ်နာမ်တရားတို့၏ အပြစ်အပျက်ကို မမြင်က လောကီကုသိုလ် အကုသိုလ် ကမ္မဘဝဖြစ်တတ်သည်။ ဘူရိဒတ်ဇာတ်တော်ကြီး၌ နဂါးမင်းနှင့် မိဖုရား၊ သမုဒ္ဒဇာတို့ အကြောင်းဆက် ပေါင်းဖက်ကြ၍ နဂါးသဘွာဝါဖြစ်သော သုဒဿနဘူရိဒတ်၊ ဘုဘော၀၊ ကာဏရိဋ္ဌ ဟူသော လေးဦးမွေးမွာသည်၊ နဂါမင်းမှ လူဖြစ်သော သာဂရမင်းသားကို မွေးဖွားသည်။

မြင်း၏မျက်နှာနှင့်တူသော မျက်နှာရှိသော အာဿမုခီမြင်းဘီလူးမှ ပဒလက္ခဏာမန္တန်ကို တတ်သော ဘုရားလောင်းကို မွေးဖွားသည်။

ကိန္နရာမက သုမိတ္တာ တိသ ညီနောင်လူနှစ်ယောက်ကို မွေးဖွားသည်။ သမင်းမက ဦးခေါင်းဌ ဖြူငယ်၊ အရောင်အဖုနှစ်ခုရှိသော မိင်္ဂသိင်္ဂရသွေးကို မွေးဖွားသည်။ ရဋ္ဌဝတီမည်သော ကိန္နရာမသည် ဝစ္ဆမည်သော ရှင်ရသေ့နှင့် သင့်မြတ်၍ လောကသံသရာ၌ ကျင်လည်ကြကုန်သော သတ္တဝါတို့အား ကြောက်စရာလည်းကောင်း၊ အံ့သြဖွယ်လည်းကောင်း၏။ သတိသံဝေဂရသင့်လှပေသည်။

ထို့ကြောင့် ရရှိလာသော ဤရုပ်တရားတို့ကို အသုဘထင်အောင် စွဲစွဲမြဲမြဲ ရှုသင့်၏။ သို့မှ 'ဘဝနိရောဓာ ဇာတိရောဓော'စသည်ဖြင့် ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်ကြီး အလည်ရပ်တော့မည်။ ဤသတ္တဝါတို့၏ စိတ်သည်ကား မြစ်ရေကြမ်းရာ ထိုးဝါးစိုက်၍ မရသည်နှင့်တူ၏။ မစင်ကျုံးသမားသည် အခကြေးငွေကို မြင်၍ ပြုံးပြုံးရွှင်ရွှင်ရှိသကဲ့သို့ တူရမည်။ အနာရောဂါပျောက်ကင်းလိုသောသူသည် အော့အန်သည်။ ဆေးကို မရွံရှာသည်နှင့်လည်း တူရမည်။ သေတ္တာထဲမှာ ရှိသော ရွှေငွေကို အလိုရှိသောသူသည် ညဉ့်အခါ၌ မြွေကင်းများကို မကြောက်ဘဲ အမှောင်ထဲ၌ ဖွင့်ယူသည်နှင့်လည်း တူရမည်။

ဤရုပ်နာမ်တရားတို့၏ ဒုက္ခ၊ အကြောင်းသမုဒယ၊ ချုပ်ရာနိဗ္ဗာန်၊ နိဗ္ဗာန်သို့ ရောက်ကြောင်း မဂ္ဂသစ္စာတရားတို့ကိုလည်းကောင်း၊ ၎င်းရုပ်နာမ်တရားတို့၏ အနိစ္စ ဒုက္ခ အနတ္တကိုလည်း မြင်ဖို့ လိုသည်။ ရန်သူတို့ကို တိုက်ခိုက်၍ မင်းလုပ်သကဲ့သို့ အဝိဇ္ဇာစသော ရန်သူတို့ကို ပဋိစ္စသမုပ္ပါဒ်တရားလက်နက်တို့ဖြင့် တိုက်ခိုက်၍ ဝိဇ္ဇာဉာဏ်ဦးစီးကာ တရားမင်းအဖြစ်ဖြင့် အုပ်ချုပ်ဖို့ လိုသည်။ အဝိဇ္ဇာအမှောင်ပျောက်၍ ဝိဇ္ဇာဉာဏ်အလင်းရောင်ရောက်ဖို့ လိုသည်။ ကိလေသာရောဂါပျောက်ရန် ပဋိစ္စသမုပ္ပါဒ်

ဆေးကို စားဖို့ လိုသည်။ တောလမ်းခရီး၌ သွားရာ ကျွမ်းကျင်လိမ္မာသည်ထက် သံသရာခရီး၌ လိမ္မာဖို့လိုသည်။

ထို့ကြောင့် ဥပရိပဏ္ဏာသအဋ္ဌကထာ (၂၃၂)၌ "နိရောဓံ ဒိသွာတိ" စသည်ဖြင့် ရုပ်နာမ်တို့၏ ကုန်ခြင်း ပျက်ခြင်းကို သိ၍ ဤရုပ်နာမ်နှစ်ပါးသည် ငါ၏ဥစ္စာမဟုတ်၊ ငါမဟုတ်၊ ငါ၏ကိုယ်မဟုတ်၊ ဤသို့ ရှုရမည်။

သတ္တဂုံတ္တရပါဠိတော် (၅၁၁) အရကဆရာသည် လူတို့၏အသက်သည် နည်း၏၊ ပေါ၏၊ များသောဒုက္ခရှိ၏၊ များသောပူပန်ခြင်းရှိ၏၊ စဉ်း စားဉာဏ်ဖြင့် ထိုးထွင်း၍သိအပ်၏။ ကုသိုလ်ကောင်းမှုပြုအပ်၏၊ ဖြစ်သောသတ္တဝါအား မသေသော သတ္တဝါသည် မရှိဟု ဟောလေသည်။

အဂိါရကာသု ဝိယ တေဘူမကဝဋ္ဋံ ဒဋ္ဌဗ္ဗံ"စသည်ဖြင့် နိဒါနဝဂ္ဂ သံယုတ်အဋ္ဌကထာ၌ လာရကား ဘုံသုံးပါးကို မီးကျီးတွင်း လောက် ကုသိုလ် အကုသိုလ်နှစ်ပါးကို လက်မောင်းနှစ်ဖက်ကို ကိုင်ဆွဲ၍ ခသူဟု ဟောတော်မူ၏။

မဟာသာရောပမသုတ်ပါဠိတော် (၂၅၅၇)၌ ဘုရားရှင်သည် သမထဝိပဿနာတရားကား မြတ်သောအကျင့်တည်း။ မပျက်သောစိတ်၏ ကိလေသာမှ လွတ်ခြင်းတည်း၊ ဤတရားသည် အကျိုးရှိ၏၊ အနှစ်သာရရှိ၏၊ ဘဝကုန်ဆုံးခြင်းအကျိုးရှိ၏ဟု ဟောတော်မူ၏။ သစ်ပင်၏အနှစ်ကို အလိုရှိသောသူသည် သစ်ပင်၏ အကိုင်း အခက် အလက် အသီး အဖွင့်ကို သိဖို့လိုသည်။ နည်းတူ ယောဂီသည် ဇာတိစသော တရားတို့၏ အဖြစ်ကိုလည်း သိဖို့လိုသည်။ ရှုပါရုံသော တရားတို့၏ အဖြစ်ကိုလည်း မြင်ဖို့ လို၏။ လာဘ်သပ္ပကာကိုလည်း ငဲ့ကွက်ခြင်း ကင်းရှင်းရမည်။ မိမိကိုယ်ကို ချီးမွမ်းခြင်း အတ္တုက္ကံသနံ၊ သူတစ်ပါးကို ကဲ့ရဲ့ခြင်း ပရဝမ္ဘနလည်း ကင်းရှင်းဖို့ လိုသည်။ သတိ သမာဓိ ပညာတရားလည်း ပြည့်

စုဖို့ လို၏။ ကောဒသင်္ဂုတ္တရပါဠိတော် (၅၂၈)၌ ဘုရားရှင် ဟောတော်မူသည့်အတိုင်း သာသနာတော်သည် သီလအစ သမာဓိအလယ် ပညာအဆုံးဖြစ်ကြောင်း ဟောတော်မူ၏။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ သီလနိဒ္ဒေသ၌ လည်း နည်းတူလာ၏။ သီလဖြင့် အပါယ်ဘေးမှ လွတ်စေသည်၊ သမာဓိဖြင့် ကာမဓာတ်မှ လွတ်စေသည်၊ ပညာဖြင့် အလုံးစုံသောဘဝတို့မှ လွတ်စေသည်။

မင်္ဂဝင်ရှစ်ပါးနှင့် သီလ သမာဓိ ပညာ အတူတူတည်း။

မဟာသမုဒ္ဒရာရေကို ညှစ်၍ အဆီကို ယူခြင်းငှာ မတတ်နိုင်၊ မြင်းမိုရ်တောင်ခြေမှ သဲကို ယူခြင်းငှာ မတတ်နိုင်၊ တောင်ကို ညှစ်၍ အရသာကို ယူခြင်းငှာ မတတ်နိုင်။ နည်းတူ သစ္စာလေးပါးကို သိမြင်ခြင်းငှာ ခဲယဉ်း၏။

မြင်းမိုရ်တောင်ကို ဖြိုခွင်ခြင်းငှာ တတ်ကောင်း၏၊ မဟာပထဝီမြေကြီးကို ကြိတ်ချေခြင်းငှာ တတ်ကောင်း၏၊ မဟာသမုဒ္ဒရာ ရေကို ခန်းခြောက်စေခြင်းငှာ တတ်ကောင်း၏၊ အတ္တကို ပယ်ခြင်းငှာ မလွယ်ကူလှပေ။

နေတ္တိပါဠိတော် (၁၄၄)၌ ခန္ဓာငါးပါးကို အနိစ္စ ဒုက္ခ အနတ္တဟု သိအပ်သည်ကား ဥယျောတရား ခန္ဓာငါးပါး၌ အနိစ္စ ဒုက္ခ အနတ္တဟု သိခြင်းသည် ဉာဏတရားမည်၏။ ခန္ဓာငါးပါး ဆင်းရဲဒုက္ခမှ လွတ်ခြင်းသည် ဉာဏတရား ဥယျောတရားမည်၏။

လောကီအာရုံ ကာမဂုဏ်ငါးပါးကို မလွတ်နိုင်သမျှ သမာဓိပညာ မရနိုင်၊ ခိုးသူများ တောကို မှီသကဲ့သို့ ပုထုဇဉ်များ လောဘစသည်ကို မှီသည်။ အင်ကြင်းတော၌ ကြက်ဆူးပင်ကို ရှင်းသကဲ့သို့ ခန္ဓာ၌ ကိလေသာ

ကို ရှင်းရာ၏။ အိမ်ရှင်မသည် သဘောထားကောင်းသော်လည်း ချွေးမ ကြောင့် ကြမ်းရသကဲ့သို့. လောဘစသည်ကြောင့် ကိုယ်စိတ်ကြမ်းရသည်။ မြေကြီးကို တူးပစ်သကဲ့သို့. ကိလေသာကို ပညာဖြင့် တူးရာ၏။ ကောင်း ကင်မှာ ဆေးရေး ရုပ်ရေး၍ မရနိုင်သကဲ့သို့. ကုသိုလ်မရှိသူသည် နိဗ္ဗာန်ကို မရနိုင်၊ လဲထည့်သော တောင်းကို တုတ်ချောင်းဖြင့် မွှေသော်လည်း အသံမမြည်သကဲ့သို့. သမထ ဝိပဿနာမရှိက သံသရာက မကူးမြောက် နိုင်။ 9

ထို့ကြောင့် မူလပဏ္ဏာသပါဠိတော် အလဂဒ္ဒူပမသုတ်၌ ရာဂစသည် ကင်းရှင်းသောသူတို့. မြောက်အပ်သော တံခါးကျည်မင်းတုံးရှိသောသူ ဟူ၍လည်းကောင်း၊ အဆီးအတား ကျုံးမြောင်းကို ဖျက်ဆီးပြီးသူဟူ လည်းကောင်း၊ တံခါးတိုင်ကို နုတ်ပြီးသောသူဟူ၍လည်းကောင်း၊ တံခါး ရွက်ကို ဖျက်ပြီးသောသူဟူ၍လည်းကောင်း၊ ကိလေသာကင်းရှင်းသူဟူ၍ လည်းကောင်း၊ အောင်လံချပြီးသောသူဟူ၍လည်းကောင်း၊ ဝန်ချပြီးသော သူဟူ၍လည်းကောင်း၊ မာန်မာနကင်းပြီးသောသူဟူ၍လည်းကောင်း ခေါ်ဆိုအပ်၏ဟု ဟောတော်မူသည်။

အရှင်သမိဒ္ဓိနှင့် နတ်သားတစ်ယောက်

ဘုရားရှင်သည် ရာဇဂြိုဟ်ပြည် တပေါဒါရုံကျောင်း၌ နေတော်မူ၏။ တပေါဒါရုံဟူသည် ရေပူအိုင်အနီး၌ ဆောက်ထားအပ်သော ကျောင်းတည်း၊ ဝေဘာရတောင်အောက် ယူဇနာငါးရာရှိသော နဂါးဘုံရှိ၏၊ နတ်ဘုံနှင့် တူ၏၊ အာရာမ်စသည် ပတ္တမြားဖြင့် ပြီး၏။ နဂါးတို့. ကစားရာရေအိုင် ကြီးရှိ၏၊ ထိုမှ တပေါဒါမြစ်စီး၏၊ ကျစ်ကျစ်ဆူသော ရေပူရှိ၏။ ၎င်း အရပ်သည် ရာဇဂြိုဟ်ပြည်ကို ခြံရံ၍ ပြိတ္တာဘုံကြီးရှိ၏။ ထိုအရပ်ကား လောဟကုမ္ဘိငရဲနှစ်ခုတို့.၏အကြားဖြင့် ဤတပေါဒါရုံဖြစ်လာ၏။

အရှင်သမိဒ္ဓိသည် ရူပကာယတင့်တယ်၏၊ ရေချိုးနေစဉ် နတ်သား တစ်ယောက်က လာလတ်၍ အောက်ပါစကားကို ဆိုလေသည်။

အဘုတ္တာ ဘိက္ခတိ ဘိက္ခု၊ နု ဟိ ဘုတ္တာန သိက္ခတိ။

ဘုတ္တာန ဘိက္ခု ဘိက္ခသု၊ မာ တံ ကာလေန ဥပဇ္ဈဂါ။

ဘိက္ခု-အရှင်သမိဒ္ဓိ၊ အဘုတ္တာ-ရူပ သဒ္ဒ စသည်အာရုံ ကာမဂုဏ် ငါးပါးကို မခံစားဘဲ၊ ဘိက္ခတိ-ဆွမ်းခံ၍သာ ဘုဉ်းပေးပါ၏။ ဟိ သစ္စံ-တပည့်တော် ပြောသောစကားသည် မှန်လှပါ၏၊ ဘုတ္တာန-လောကီ အရသာ ခံစားပါ၍၊ နု သိက္ခတိ-မကျင့်။ ဘိက္ခု-အရှင်သမိဒ္ဓိ၊ ဘုတ္တာန-ငါးဖြာအာရုံ ကာမဂုဏ်ကို ခံစားပြီး၍၊ ဘိက္ခသု-ဆွမ်းဘုဉ်းပေးပါလော့၊ တံ-ထိုငါးဖြာအာရုံ ကာမဂုဏ်ကို၊ ကာလော-အရွယ်ရှိစဉ် ခံစားအပ်သော ကာလသည်၊ မာ ဥပဇ္ဈဂါ-အချိန်ရှိခိုက် လုံ့လစိုက်ကာ မလွန်ပါစေလင့် ဘုရား။

နတ်သားအား အရှင်သမိဒ္ဓိသည် အောက်ပါအတိုင်း ဖြေဆိုလေသည်။

ကာလံ ဝေါဟံ နု ဇာနာတိ၊ ဆန္နော ကာလော နု ဒိဿတိ။

တသ္မာ အဘုတ္တာ ဘိက္ခာမိ၊ မာ မံ ကာလော ဥပဇ္ဈဂါ။

အဟံ-သမိဒ္ဓိမည်မှန်း ငါရဟန်းသည်၊ ကာလံ-အသက် အနာသေရာကာလ ပစ်ချရာသုသာန် သွားရန်ကတိ ငါးပါးရှိသော ဤကာလကို၊ နု ဇာနာမိ-အမှန်တကယ် မသိသည်မှန်ပါ၏၊ ဆန္နော-အဝတ်စသည် ဖုံးအုပ်ထားဘိသကဲ့သို့ အဝိဇ္ဇာတရား ဖုံးအုပ်ထားသော၊ ကာလော-ဤ ငါးပါးသော ကာလသည်၊ နု ဒိဿတိ-ဉာဏ်၌မထင် မသိမြင်၊ တသ္မာ-ထိုကြောင့်၊ အဘုတ္တာ-ဒုက္ခပေးငြား ကာမဂုဏ်တရားကို မခံစားဘဲ၊

ဘိက္ခာမိ–သာသနာအလုပ် အားထုတ်ရန်အလို့ငှာ ဆွမ်းခံ၍စားပါ၏။ မံ–ငါ့ကို၊ ကာလော–အဆိုပါတရားငါးပါးသော ကာလသည်၊ မာ ဥပဇ္ဈာဂါ–ယခုအခါ သတိပညာရှိသည်ဖြစ်ပါ၍ မလွန်ပါစေသတည်း။

ဤသို့ ပြောသောအခါ နတ်သားသည် အရှင်ဘုရားကား လူတို့၏ ကာမဂုဏ်ကို ပယ်ရှား၍ နတ်တို့၏ ကာမဂုဏ်ကို တောင်းတကာ ရဟန်းတရားကို ကြိုးစားနေသည်ဟု လျှောက်၏၊ ထိုအခါ အရှင်သမိဒ္ဓိက – နတ်သား မြတ်စွာဘုရားသည် ကာလသုံးပါးနှင့်ယှဉ်သော အာရုံငါးပါး ကာမဂုဏ်ကရားကို များသောဒုက္ခ၊ များသောပင်ပန်းခြင်းရှိကုန်၏ဟူ၍ ဟောတော်မူကုန်၏။ ဤကာမဂုဏ်ငါးပါးတို့၌ အပြစ်သည် များလှပါ၏။ မဂ်ဖိုလ်နိဗ္ဗာန် လောကုတ္တရာတရားသည်ကား မျက်မှောက်၌ အကျိုးပေးတတ်၏။ မဂ်တရားပြီးလျှင် အခါမနှောင်း ဖိုလ်တရားဖြစ်တတ်၏။ လာလှည့် ရှုလည့်ဟူသော အစီအရင်ထိုက်၏။ ပုဆိုးမီးလောင်သော်လည်းကောင်း၊ ဦးခေါင်းမီးလောင်သော်လည်းကောင်း ဘာဝနာတရားကို ရှုခြင်းငှာ ထိုက်၏။ အသီးသီးရအပ်သော စျာန်မဂ်ဖိုလ်တရားကို သိအပ်၏ဟု ပြောလေသည်။

နတ်သားစိတ်ကြိုက် အရှင်သမိဒ္ဓိသည် မရှင်းပြတတ်သဖြင့် နတ်သားနှင့် အရှင်သမိဒ္ဓိပါ တရားလာနာ၍ ဘုရားရှင်သည် အောက်ပါဒေသနာတော်ကို ဟောတော်မူလေ၏။

အက္ခေယျသညိနော သတ္တာ၊ အက္ခေယျသ္မိ ပတိဋ္ဌိတာ။
အက္ခေယျံ အပရိညာယ၊ ယောဂမာယန္တိ မစ္စုနော။

အက္ခေယျဉ္စ ပရိညာယ၊ အကွာတာရံ နမညတိ။
တံ ဟိ တဿ နဟောတိတိ၊ ယေန နံ ဝဇ္ဇာ နတဿ အတ္ထိ။

အကွေ့ယျသည်ဖြစ်နော-လူနတ်ရဟန်း ပုဂ္ဂိုလ် တိသ ဖုသ စသည်တို့၏ တည်ရာ ခန္ဓာငါးပါးဖြစ်ကုန်သော၊ သတ္တာ-သတ္တဝါတို့သည်၊ အကွေ့ယျသို့-ခန္ဓာငါးပါးဌ၊ ပတိဋ္ဌတာ-ရာဂ ဒေါသ မောဟစသည့်အမျာ့ တရားတို့တည်ကုန်၏။ အကွေ့ယျံ-ခန္ဓာငါးပါးကို၊ အပရိညာယ-ဉာတတီရဏ ပဟာန ပရိညာတို့ဖြင့် မသိဘဲ၊ မစ္စုနော-ကြောက်ဖက်ဖွယ်ကင်းရှင်သေမင်း၏၊ ယောဂံ-ကာမယောဂ စသည်တရားသို့၊ အာယန္တိ-လာကုန်သည်သာတည်း။

အကွေ့ယျဿ-ခန္ဓာငါးပါးကိုလည်း၊ ပရိညာယ-ပရိညာသုံးပါးဖြင့် သိ၍၊ အက္ခာတာရံ-တိသ ဖသ စသော အမည်အနွယ်ဖြင့် ကြားအပ်သည်ကို၊ နမည္တိ-မထင်၊ ဟိ သစ္စံ-မှန်၏၊ တံ-ထိုတိသ ဖုသစသောသူကို၊ တသ-ထိုရဟန္တာပုဂ္ဂိုလ်အား၊ နဟောတိ-မဖြစ်၊ ကုတိ တသ္မာ-ထို့ကြောင့်၊ ယေန-အကြင်ရာဂဒေါသမောဟဖြင့်၊ နံ-ထိုအကြောင်းကို၊ ဝဇ္ဇာ-ဆိုရာ၏။ တသ-ထိုရဟန္တာပုဂ္ဂိုလ်အား၊ နအတ္ထိ-မရှိသည်သာတည်း။

ဤဒေသနာတော်၏အဆုံး၌ နတ်သားသည် သောတာပန်ဖြစ်လေသည်။

(အကျယ်ကို သဂါထာဝဂ္ဂသံယုတ်ပါဠိတော်၌ ရှုအပ်၏)

အရှင်သမိဒ္ဓနှင့်အရှင်သာရိပုတ္တရာ

မေး အရှင်သာရိပုတ္တရာက တရားအားထုတ်သော ယောဂီအား အဘယ်အာရုံဖြင့် (သက်ပွဝိတက်) ကောင်းသောအကြံအစည်ဖြစ်ကုန်သနည်း။

ကိမာရမ္မဏာ သမိဒ္ဓိ ပုရိသဿ သမ္မာသက်ပွဝိတက္ကာ ဥပ္ပဇ္ဇန္တီ။

ဖြေ နာမရူပါရမ္မဏာ ဘန္တေ -- နာမ်ရုပ်အာရုံပြုသည်ဘုရား။

မေး တေ ပန သမိဒ္ဓိ ကွ နာနုတ္တံ ဂစ္ဆန္တီ - ငါရှင်သမိဒ္ဓိ ထိုတရားတို့သည် အဘယ်အထူးသို့ ရောက်ကုန်သနည်း။

ဖြေ ဓာတုသော ဘန္တေ - မိမိသဘောအားဖြင့်ဖြစ်သော ဓာတ်တို့၌ ရောက်ပါသည်ဘုရား။

မေး တေန ပန သမိဒ္ဓိ ကိံ သမုဒယာတိ - ငါရှင်သမိဒ္ဓိ ထိုတရားတို့သည် အဘယ်ကို တောင်းတသနည်း။

ဖြေ ဖဿသမုဒယာ ဘန္တေ - ဖဿကို တောင်းတပါသည်ဘုရား။

မေး တေ ပန သမိဒ္ဓိ ကိံသမောသရဏာ - ငါရှင်သမိဒ္ဓိ ထိုတရားတို့သည် အဘယ်ကို ပေါင်းသနည်း။

ဖြေ ဖဿသမုဒယာ ဘန္တေ - ဖဿကို တောင်းတပါသည်ဘုရား။

မေး တေ ပန သမိဒ္ဓိ ကိံသမောသရဏာ-ငါရှင်သမိဒ္ဓိ ထိုတရားတို့သည် အဘယ်ကို ပေါင်းသနည်း၊

ဖြေ ဝေဒနာသမောသရဏာ ဘန္တေ - ဝေဒနာမှာ ပေါင်းပါသည်ဘုရား။

မေး တေ ပန သမိဒ္ဓိ ကိံပမုခါတိ - ငါရှင်သမိဒ္ဓိ ထိုတရားတို့သည် အဘယ်ကို မျက်မှောက်ပြုသနည်း။

ဖြေ သမာဓိပမုခါ ဘန္တေ – သမာဓိမျက်မှောက်ဖြစ်ပါသည်ဘုရား။

မေး တေ ပန သမိဒ္ဓိ ကိံအဓိပတေယျာတိ – ဥ၌ရှင်သမိဒ္ဓိ ထိုတရား တို့သည် အဘယ်ကို အကြီးအမှူးပြုသနည်း။

)1 **ဖြေ** သတ္တာဓိပတေယျာ ဘန္တေ – သတိအကြီးအမှူးဖြစ်ပါသည်ဘုရား။

မေး တေ ပန သမိဒ္ဓိ ကိံ ဥတ္တရာတိ – ဥ၌ရှင်သမိဒ္ဓိ ထိုတရားတို့သည် အဘယ်အမြတ်ဖြစ်သနည်း။

ဖြေ ပညုတ္တရာ ဘန္တေ – ပညာမြတ်ပါသည်ဘုရား။

မေး တေန ပန သမိဒ္ဓိ ကိံသာရာတိ – ဥ၌ရှင်သမိဒ္ဓိ ထိုတရားတို့သည် အဘယ်အနှစ်သာရဖြစ်ပါသနည်း။

ဖြေ ဝိမုတ္တိသာရံ ဘန္တေ – တဏှာလွတ်ခြင်းအနှစ်သာရရှိပါသည်ဘုရား။

မေး တေ ပန သမိဒ္ဓိ ကိံသြဂဓာတိ – ဥ၌ရှင်သမိဒ္ဓိ ထိုတရားတို့သည် အဘယ်ကို ကျင်လည်သည်မည်သနည်း။

ဖြေ အမတောဂဓာ ဘန္တေ – နိဗ္ဗာန်၌သာလျှင် ကျင်လည်ရပါသည် ဘုရား။

သမ္မာသက်ပွကား နာမ်ကို အာရုံပြု၏၊ ဓာတ်အထူးသို့ ရောက်၏၊ ဖဿကို တောင်းတ၏၊ ဝေဒနာကို ပေါင်း၏၊ သမာဓိကို မျက်မှောက်ပြု၏၊ သတိအကြီးအမှူးဖြစ်သည်။ ပညာမြတ်သည်၊ ဝိမုတ္တိသာရ ဖြစ်သည်၊ နိဗ္ဗာန်၌ ကျင်လည်သည်။ (နဝဂ်ုတ္တရပါဠိတော်၊ ၁၉၀)

သမ္မောဟဝိနောဒနီအဋ္ဌကထာ (၁၄၂)၌ 'ခန္ဓာနဉ္စ ပဋိပါဋိ' စသည် ခန္ဓာ အာယတန ဓာတ်တို့၏ မပြတ်ဖြစ်ရာကို သံသရာခေါ်ဟု လာ၏။ မပြတ်လည်သော ဘုံသုံးပါး၌ဖြစ်သော အစမထင် ဝဋ်တရားကို ပဋိစ္စသမုပ္ပါဒ်တရားဟု ဘုရားရှင် ဟောတော်မူသည်။

ဝဋ္ဋမာဗန္ဓမိစ္စေဝံ၊ တေဘူမကမနာဒိကံ။
ပဋိစ္စသမုပ္ပါဒေါတိ၊ ပဋ္ဌပေသိ မဟာမုနိ။ (သင်္ဂဟပါဋ္ဌ)

ကုစ္စေဝံ-ဤသို့၊ အာဗန္ဓံ-မရပ်မတည် မပြတ်လည်ထသော၊ တေဘူမွကံ-ကာမရူပ အရူပတည်းဟူသော ဘုံသုံးပါး၌ဖြစ်သော၊ အနာဒိကံ-ဘယ်ဘုရား ဘယ်မင်းလက်ထက်က ဖြစ်သည်ဟု အစမထင်သော၊ ဝဋ္ဋံ-ကမ္မဝဋ် ဝိပါကဝဋ် ကိလေသာဝဋ်တရားကို၊ ပဋိစ္စသမုပ္ပါဒေါတိ-အကြောင်းကို စွဲ၍ အကျိုးဖြစ်သည်ဟူသော ပဋိစ္စသမုပ္ပါဒ်တရားဟူ၍၊ မဟာမုနိ-မုနိငါးပါးသခင် ဘုရားရှင်သည်၊ ပဋ္ဌပေသိ-သတ္တဝါများ ကရုဏာထားကာ ဟောကြားတော်မူသည်သာတည်း။

* * * *

(၁၁) 'ဇာတိပစ္စယာ ဇရာမရဏသောကပရိဒေဝဒုက္ခ ဒေါမနဿုပါယာသာ'

02

အကြောင်း သိကောင်းစရာ

သတ္တဝါတို့၏ အိုခြင်း၊ နာခြင်း၊ သေခြင်းဟူသည် လေ့ကျက်အပ်ပြီးသော လေးသမား၏ မြားသည် အလွန်လျင်မြန်၏။ ထိုထက် လနေအသွား မြန်၏။ ထိုထက် လနေရှေ့က သွားနိုင်သော နတ်သားစသည်တို့ လျင်မြန်၏။ ထိုထက် ရုပ်နာမ်တရားတို့၏ ဖြစ်ပျက်ခြင်း၊ ဥပါဒ် ဋ္ဌိဘင်ခဏသည် အလွန်လျင်မြန်သည်။ မျက်စိတစ်မှိတ် လျှပ်တစ်ပြက် ခဏမှာ ကုဋေတစ်သိန်းမက ဖြစ်ပျက်မြန်သည်။ ထို့ကြောင့် သေခြင်းဟူသည် အလွန်လျင်မြန်၍ ကြောက်စရာကောင်း၏၊ သေခြင်းနှင့် အလွန်နီးစပ်၏၊ ဇာတိရှိကလည်း ဇရာမရဏာရှိသည်။

ဇာတိ=လူသတ္တဝါသည် အမိဝမ်း၌ ဖြစ်သည်ရှိသော် အနုမွှေးကြွေင်သော ကြာအမျိုးမျိုးတို့၏အလယ်၌ ဖြစ်သည် မဟုတ်၊ စင်စစ်သော်ကား အစာသစ်အိမ်၏အောက် အစာဟောင်းအိမ်၏အထက် ဝမ်းလွှာကျောက်ဆူးရိုးတို့၏အလယ်၌ ဖြစ်၏။ ကျဉ်းလည်း ကျဉ်းမြောင်း၏၊ မှောင်လည်း မှောင်၏၊ သည်းခြေသလိပ်ပြည်သွေး အစာသစ်အစာဟောင်းတို့ အနံ့ကား ပုပ်လှ၏၊ ကြာ၍ ပြုပျက်နေသော ရေအိမ်ပမာ အိမ်ဝမ်းခေါင်း၌ နေရ၏။ ငါးပုပ် မုယောပုပ် တံစီးအိုင်စသည်တို့၌ ပိုးလောက်သဖွယ် နေရ၏။ ဆယ်လတိုင်တိုင် အမိဝမ်းတွင်း၌ တဖောတော်ငွေ့ဖြင့် ချက်ပြုတ်အပ်သော ဟင်းမျိုးအထုပ်နှင့်တူ၏၊ ကျက်၍ပေါင်းထင်ထားသော မုန့်ညက်နှင့်လည်း တူ၏။ ကွေး၍မရ၊ ဆန့်၍မရ ဒုက္ခကြီးလှ၏။

အမိသည် အဆောတလျင် သွားလာသောအခါတို့၌ အရက်သမားလက်ထဲသို့ ရောက်သောဆိတ်သူငယ်နှင့်တူ၏၊ အလမ္ဘာယ်လက်ထဲသို့ ရောက်သော မြွေအလားလည်း ရှိ၏။ အမိသည် ရေအေးကို သောက်သော အခါ လောကန္တရိက်ငရဲမှာ ခံနေရသည်နှင့် တူ၏။ ထမင်းပူပူ ဟင်းပူပူ မျှားကို စားမျိုသောအခါ မီးကျီးမိုးရွာချသည်နှင့် တူ၏။ အင်နှီးအချဉ် အရသာကို သုံးဆောင်သောအခါ အရေကို ဓားဖြင့် ခွာ၍ အင်နှီရေအချဉ်ရေပက်ဖြန်းသည်နှင့်လည်း တူ၏။ မတရားသောအိမ်၏ ဝမ်းတွင်း၌ နေရသောသူငယ်အားကား ဆေးမျှား လက်မျှားစသည့်အမျိုးမျိုးဖြင့် ဖျက်ချသဖြင့် ဒုက္ခအမျိုးမျိုးကို ခံကာ သေရရှာ၏။

ဖွားခါနီး ကမ္မဇလေတို့သည် နှင်ထုတ်အပ်သည်ဖြစ်၍ ဇောက်ထိုးပြောင်းပြန် နက်လှစွာသောချောက်သို့ တွန်းချသည်နှင့်တူ၏၊ သေးငယ်သော သံကောက်ပေါက်မှ ဆင်ပြောင်ကြီးကို သံကောက်ဖြင့် ဆွဲထုတ်သည်နှင့်တူ၏၊ တောင်ကြီးတို့ဖြင့် အကြိတ်ခံရသော ငရဲသားများ မှုန့်မှုန့်ညက်ညက်ဖြစ်ရသည့်ပမာ ဒုက္ခများလှပါ၏။

မွေးဖွားခါစ သူငယ်၏ကိုယ်သည် အသားနုတက်သည်နှင့်တူ၍ မွေးခါစ ကလေး၏ကိုယ်ကို ရေဆေးခြင်း၊ အဝတ်များနှင့်သုတ်ခြင်း စသည်တို့၌ အပ်ဖျား၊ သင်ဓုန်ဓားများနှင့် လှီးခြင်းခံရသည်နှင့် တူ၏။

မွေးဖွားပြီး၍ မိမိကိုယ်ကို မိမိသတ်သောသူအားလည်းကောင်း၊ တိတ္ထိတို့ကဲ့သို့ ရေငုပ် တုံးခုန် မီးလှုံစသည်ပြုသောသူအားလည်းကောင်း၊ ဒေါသထွက် စိတ်ညစ်၍ မစားမသောက်ဘဲနေသောသူအားလည်းကောင်း ဒုက္ခကား ကြီးကျယ်လှပါ၏၊ သူတစ်ပါး၏ အသတ်ခံရခြင်းစသော ဒုက္ခတို့ဖြင့်လည်း များပြားလှ၏။

ငရဲဌဖြစ်သောသူအား ငရဲမီးလောင်ခြင်း၊ တိရစ္ဆာန်တို့အား အရိုက်ခံရခြင်း၊ ပြိတ္တာတို့အား မွတ်သိပ်ဆာလောင်ခြင်း၊ အလင်းရောင် မရှိသော လောကန္တရိက်ငရဲဌ စကြဝဠာသုံးခုတို့၏ တံတိုင်းအကြား နံရံ

)3 များကို ချိတ်ကာ အစာရှာစဉ် တစ်ဦးနှင့်တစ်ဦး တွေ့၍ အစာထင်ပြီး လှမ်းဆွဲရာ ဆားနေရထဲသို့ ပက်လက်လန်ကျ၍ မုန့်ညက်ပမာ ကြေမွကုန်သည်၊ ဘင်ဟုပ်ငရဲစသည်တို့၌လည်း နည်းတူ၏။ ဤကား ဇာတိဒုက္ခတို့တည်း၊ ဇာတိမရှိက ဇာတိဒုက္ခစသည် မရှိရာ။

ဇာတိဟူသော အကြောင်းကြောင့် မြင်မြင်သမျှ သတ္တဝါ၊ ရုပ်နာမ်တရားများ တစ်နေ့ကျ ပျက်စီးရသည်၊ ဖြစ်က ပျက်ရသည်၊ ဘယ်တရားမှ မြဲသော တရားကာ မရှိ၊ ဖြစ်သောတရားကလည်း ရုပ်နာမ်သာ၊ တခြားသော တရားကား မရှိ။

လောကဟူသည် ဇာတ်ကသကဲ့သို့ အစက နှစ်ပါးသွားက၍ ရယ်ကြရပျော်ကြရ၏။ သန်းခေါင်ကျော်လျှင် ဇာတ်ကွက်ဇာတ်လမ်းနှင့် ကပြရာ လင်ကွဲ သားကွဲ အသတ်ခံရ နတ်စိမ်းဖြစ်စသည်ကြောင့် ငိုပွဲဆင်ကြရသည်။ နည်းတူ သတ္တဝါများသည် ပထမအရွယ် ပျော်ပျော်ပါးပါးနှင့် ဒုတိယအရွယ်မှာလည်း သား လင် မယား သားသမီးများနှင့် ပျော်ကြရသည်။ တတိယအရွယ်၌ကား သားသေ လင်သေ သားသမီးသေစသည်ဖြင့် ငိုပွဲဆင်ကြရသည်။ ကြောက်စရာကောင်းလေစွ၊ ဇာတိစသော မဟာဘုတ်လေးပါးကို ရက်လန့်စ်များက လွှန်ဖြတ်သကဲ့သို့ ကုန်ဆုံးခဲ့ကြရသည်။

ဇာတသ မရဏံ ဟောတိ၊ ဇာတော ဒုက္ခာနိ ဖုသတိ။

ဗန္ဓံ ဝဓံ ပရိက္လေသံ၊ တသ္မာ ဇာတိ နာ ရောစယေ။

(သဂါထာဝဂ္ဂသံယုတ်ပါဠိတော်၊ ၁၃၃)

ဇာတသေ-ခန္ဓာငါးပါးဖြစ်သောသူအား၊ မရဏံ-သေခြင်းသည်၊ ဟောတိ-ဖြစ်၏၊ ဇာတော-ဖြစ်သောသတ္တဝါသည်၊ ဒုက္ခာနိ-ဆင်းရဲဟူသမျှ ဒုက္ခအပေါင်းတို့.ကို၊ ဖုသတိ-ရောင်ရှားမရ တွေ့.ထိရတတ်ပါ၏။ ဝဓံ-ခန္ဓာငါးပါးသည် သတ်တတ်၏၊ ပရိက္ခေသံ-သဿတဒိဋ္ဌိ စသည်ဖြင့် စွဲလမ်းတတ်ပါ၏၊ တသ္မာ-ထိုသို့.သံသရာ၌ ဒုက္ခအမျိုးမျိုးတို့.ကို ပေးတတ်သည်၏အဖြစ်ကြောင့်၊ ဇာတိ-သုံးဆယ့်တစ်ဘုံမှာ ဇာတိတရားကို။ နု ရောစယေ-ဝိပဿနာဉာဏ် ထက်ထက်သန်သန်ဖြင့် စဉ်းစားဝေဖန်ကာ မနှစ်သာစေရာသတည်း။

ပါသရာသိသုတ်ပါဠိတော် (၂၁၇)၌ ရာမိုးခြင်းတို့.သည် မြတ်သော ရာမိုးခြင်း၊ မမြတ်သော ရာမိုးခြင်းဟူ၍ နှစ်ပါးရှိ၏၊ ဤသတ္တဝါတို့.သည် မိမိကား ဇာတိတရားဖြစ်လျက် နောက်ထပ် ဇာတိတရားကိုပင် ရာမိုးကြ၏။ ဒုက္ခနှင့်အရင်းအနှီးဖြင့် ဒုက္ခတရားများကို ရာမိုးသည်နှင့်တူ၏။ ၎င်းသည် မမြတ်သော ရာမိုးခြင်းမည်၏။ မိမိသည် ဇာတိဒုက္ခဖြစ်လျက် ဇာတိဒုက္ခကင်းရာ နိဗ္ဗာန်ကို ရာမိုး၏၊ ၎င်းသည် မြတ်သော ရာမိုးခြင်းမည်၏၊ အဆိုးအကောင်း ရွေးတတ်ပါစေ။

လောက၌ သားမယား သားသမီး သားလင် မိဖဆွေမျိုး ဆရာသမား ကျွန်မိန်းမ ကျွန်ယောကျ်ား ဆိတ်မြန်မ ဆိတ်ကုလား ခွေး ဝက် ကြက် ငှက် ဆင် မြင်း ကျွဲ နွား မြည်း တောခွေး ခြေခွေး သမင် ဒရယ် ချေငယ် စိုင်ဆတ် ဖွယ် ပဒပ် ရွေ့ ငွေ စိန် ကျောက် ပုလဲ ပတ္တမြား သန္တာ ဂေါမုတ် စသည်တို့.သည် ဇာတိတရားတို့.တည်း။ ဇရာ မရဏာ စသော ဒုက္ခတရားတို့.တည်း။ ဤတရားတို့.ကာ ကာမဂုဏ်၏အစီးအပွားတို့.တည်း၊ ဖြတ်တတ် ပျက်တတ် တွေဝေတတ် လွန်ကျူးခြင်း ကျင့်တတ်သည်သာတည်း။

ဂေါတမဘုရားရှင် အလောင်းတော်သည်ပင်လျှင် နောက်၌ ဇာတိစသည် ကင်းရာကို ရှာမှီး၏။ အစဉ် အာဉာရ ဥဒကတို့ထံသို့ ဆည်းကပ်ဖူး၏။ လောကီစျာန် လောကီအဘိညာဉ်ကို ရ၏။ သူတို့က ခေါင်းဆောင်လုပ်ရန် တိုက်တွန်းကြ၏၊ နိဗ္ဗာန်ရောက်နိုင်သောတရားမဟုတ်၍ သူတို့မှ ခွဲခွာခဲ့၏။။

ဇာတိပဋိသန္ဓေနှင့်ပတ်သက်၍ သိဝလိထေရ်၊ သံကိစ္စထေရ်၊ သောပါကထေရ်၊ ဗာကုလထေရ် အလောင်းတော်တို့ကိုလည်းကောင်း ဇရာဗျာဓိနှင့်ပတ်သက်၍ ကောကာလိကရဟန်း၊ ပူတိဂတ္တတိဿရဟန်းတို့ကိုလည်းကောင်း၊ မရဏနှင့် ပတ်သက်၍ ဇိဝန္တီဝတ္ထု၊ ဥပသာဠကဇာတ်စသည်တို့ကိုလည်းကောင်း၊ သောကစသည်နှင့်ပတ်သက်၍ ပဋာစာရီသန္တတိအမတ်စသည်တို့ကိုလည်းကောင်း၊ အနမတဂ္ဂသုတ် သုတ္တသူရိယသုတ်စသည်တို့ကိုလည်းကောင်း ထေရဂါထာ ထေရီဂါထာစသည်တို့ကိုလည်းကောင်း ရှုအပ်၏။။

ဇရာ = ဇရာတရားဟူသည် မိမိ၏သဘာဝကို စွန့်ခြင်းတည်း၊ ဆံဖြူ။ သွားကျိုး အသားအရေတွန့်ခြင်း၊ ခါးကိုင်းခြင်း၊ နားထိုင်းခြင်း စသည်တို့သည် ထင်ရှား၍ ပါကဋဇရာမည်၏၊ ရေ လေ မီးကြောင့် သစ်ပင်စသည်တို့၏ ကျိုးပျက်ခြင်း၊ ဇရာသည်လည်း ထင်ရှား၍ ပါကဋဇရာမည်၏။။ ဆံဖြူ။ သွားကျိုးခြင်းစသည်သည် မဖုံးလွှမ်း၍ အပွင့်ဆန်းဇရာမည်၏။။ နာမ်တရားတို့၏ ဇရာသည် ဖုံးလွှမ်း၍ ပဋိစ္ဆန္နဇရာမည်၏။။ သွားကျိုးခြင်း၊ ဆံဖြူခြင်းစသည်တို့၌ စက္ခုဝိညာဏ်ဖြင့် အဆင်းကို မြင်ရသည်။။ မနောဒွါရဖြင့် သိအပ်, တောလမ်းခရီး၌ ရေရှိကြောင်း သိအောင် တစ်ယောက်ယောက်သောသူက နားခေါင်းရိုး၊ သစ်ခက်စသည် ဆွဲထားသည်နှင့် တူ၏။။

ရွှေငွေကျောက်သံပတ္တမြားစသည်၌လည်းကောင်း၊ နေလစသည်၌လည်းကောင်း၊ ကလေးသူငယ်တို့၏ တစ်နှစ်ပြီးလျှင် တစ်နှစ်စသည် ကြီးပြင်းလာရ၌လည်း အသီး အပွင့်စသည်တို့၌လည်းကောင်း ဇရာတရား သည် အကြားမရှိသည်၏အဖြစ်ကြောင့် အဝိစိဇရာမည်၏။ ကြားကာလ ရှိသော သဝိစိဇရာကား အသက်ရှိ အသက်မရှိ သန္တာန်တို့၌ ရအပ်၏။ ကလေးငယ်တို့၏ ငယ်သွားသည် ကျိုး၏၊ နောက်ပေါက်သောသွားတို့သာ တာရှည်ခံ၏၊ ဇရာတည်းဟူသောလေသည် ပုတ်ခတ်၍ သွားများမည်း ကုန်၏၊ ဆံပင်တို့ကား အမည်း အဖြူ ကြေးရောင်စသည် ဖြစ်လာကုန်၏။

ကလေး၏ အသားအရေသည် အစဉ် သွေးရောင်၊ နောက်၌ကား အဖြူ အမည်းစသည် ထင်ရှားလာသည်။ ဆံတို့ကား ဇရာလေပုတ်ခတ်၍ တွန်းလိပ်လာသည်။ ကောက်စပါးစသည်တို့သည် စိုက်ခါစ၌ အဖြူ နောက် နီလာသည်။ နောက် ဇရာလေပုတ်ခတ်၍ ဖြောတောသောအဆင်းရှိ၏၊ သရက်ညွှန့်စသည်တို့၌ ဤနည်းတူး။

ဇရာတရားသည် ခန္ဓာကိုယ်ရင့်ကျက်စေခြင်းလက္ခဏာရှိ၏၊ သေခြင်းသို့ ကပ်ရောက်စေခြင်းကိစ္စရှိ၏၊ အရွယ်၏ ပျက်စီးခြင်းလျှင် ရှေးရှု ထင်တတ်၏၊ အိုမင်းရင့်ရော်သောသူ၏ ခန္ဓာကိုယ်သည် လှည်းအို အိမ် အိုပမာရှိ၏၊ သွားလာခြင်းစသည်တို့၌ ဒုက္ခကို ဖြစ်စေတတ်၏၊ အိုမင်း သောသူသည် သားသမီးသားမယားစသည်တို့၌ ဒေါမနဿဖြစ်တတ်၏၊ သားသမီး သားမယားကလည်း မရိုမသေပြုတတ်၏။ ဤသို့စသည်တို့ ကြောင့် ကာယိကဒုက္ခ စေတသိကဒုက္ခကို ဖြစ်စေတတ်၏။

ဇရာတရားကား ပွဲမီးပမာ တင်ွေ့ငွေ့ လောင်ကျွမ်းနေ၏။ ဘယ် လောက်ပင် အစားအဝတ်တို့ဖြင့် ပြုပြင်ပါငြားသော်လည်း ရေအိုး၏ ကရွတ်ခွေပမာ ဆွေးမြေ့မှန်း မသိ၊ ဆွေးမြေ့ရ၏၊ ပဋိသန္ဓေနေပြီးသည်

ကစ၍ အမြဲတမ်း အိုကိန်း နာကိန်း သေကိန်း ဆိုက်နေ၏။ ကမ္ဘာကို မီးရေလေပျက်စဉ် ဘယ်သူမှ တစ်ယောက်ကို တစ်ယောက် မကယ်နိုင်သကဲ့သို့ ဇရာဗျာဓိမရဏတရားတို့ကား ထိုထက်ပင် ကြောက်စရာကောင်း၏။

)5

ဘုန်းတော် ကံတော် ဉာဏ်တော်များ ဘယ်သူမှ မတုပနိုင်သော ဘုရားရှင်ကအစ တစ်လောကလုံး သက်ရှိ သက်မဲ့ တစ်ကမ္ဘာပတ်လုံး တည်နိုင်သော ဇမ္ဗူသပြေပင် သခွပ်ပင် ကုက္ကိုပင် ထိန်ပင် နတ်ပြဟ္မာတို့လည်း ဇရာတရားရှိသည်၊ ဤဇာတိကြောင့် ဖြစ်လာသော ဇရာမရဏာတို့ကား ရေနွေးအိုး မီးထိုးထားသည်နှင့် တူပေ၏။ ပုထုဇဉ်များ လောဘ ဒေါသ မောဟ စသော ဝေဒနာရှိသည်။ မီးပုံမှာ ထင်းထည့်က လောင်ကျွမ်းနေသကဲ့သို့ ဇာတိကြောင့် ဇရာမရဏာဖြစ်ရသည်။ စမ်းမှ ရေထွက်နေသည်နှင့်တူ၏။ ဇရာစသော တရားတို့သည် ဆေးစားမှား၍ ရောဂါဖြစ်နေသည်နှင့် တူ၏။

မရဏာ = သတ္တဝါတို့၏ သေခြင်းဟူသည်ကား ရုပ်ဇီဝိတ နာမ်ဇီဝိတ တရားနှစ်ခုတို့၏ အလုပ်မလုပ်ခြင်းတည်း၊ ရေအိုးကွဲကျသည်နှင့် တူ၏။ သလ္လသုတ် ဝိသုဒ္ဓိမဂ်မှ မရဏာနုဿတိကို ရှုအပ်၏။ နာမ်ရုပ်တရားတို့၏ ပျက်စီးခြင်းသည် ခဏိကမရဏာမည်၏၊ ငါဖြူ သေသည်၊ ငမဲ သေသည်ဟူသည် သမ္မုတိမရဏာတည်း၊ ဘုရားရဟန္တာတို့၏ သေခြင်းသည် နောင်တစ်ဖန်မဖြစ်တော်၌ သမုစ္ဆေဒမရဏာမည်၏။ ဤနေရာ၌ကား သမ္မုတိမရဏာကို လိုအပ်၏။ ၎င်းကို ဇာတိက္ခယမရဏာ၊ သရသမရဏာ၊ အာယုက္ခယမရဏာ၊ ပုညက္ခယမရဏာလည်း ခေါ်သည်။

ဤမရဏတရားသည် စုတိခြင်း၊ ရွေ့လျော့ခြင်းလက္ခဏာရှိ၏၊ ကွေ့ကွင်းခြင်းကိစ္စရှိ၏၊ ကင်းရှင်နေခြင်းလျှင်ထင်ခြင်းရှိ၏၊ ကိုယ်၌ ဖြစ်သော ဝေဒနာသည် မြက်မီးရှူး ဝါးမီးရှူးတို့ဖြင့် မီးရှို့သကဲ့သို့ ကိုယ်ကို လောင် ကျွမ်းစေ၏၊ ငရဲနိမိတ်ထင်သောသူအား အကြီးအကျယ်၊ နှလုံးမသာယာ ခြင်း ဒေါမနဿဖြစ်သည်။ သေခါနီး တချို့သောသူတို့အား သားသမီး စသည် သံယောဇဉ်ကြောင့် ကြီးကြီးကျယ်ကျယ် ဒုက္ခဖြစ်တတ်သည်၊ လေနာနှိပ်စက်သောသူတို့အား ကိုယ်တစ်ခြမ်းသေ လက်ခြေတစ်ခြမ်း သေ၊ တစ်ခါတည်း သေသောသူတို့အား နတ်ဆေး နတ်ဝါး နတ်မန္တရားတို့ ဖြင့် ကုစား၍ မရ၊ ဆင်းရဲဒုက္ခ ခံစားရသည်။ ထို့ကြောင့် မရဏာဒုက္ခ မည်၏။

ဇာတိ ဇရာ မရဏ သုံးပါးသည် ရန်သူသုံးယောက်နှင့် တူ၏။ ၎င်းရန်သူသုံးယောက်တို့တွင် သတ်လိုသောသူတစ်ယောက်အား ဇာတိ တည်းဟူသော ရန်သူက တိုင်ပင်ပြီး လှည့်ပတ်ကာ တောထဲသို့ ခေါ် လာ၏၊ ဇရာရန်သူက ထိုသူအား မလွှဲနိုင်အောင် ရိုက်ပုတ်၏၊ မရဏ ရန်သူက သေအောင် သတ်သူနှင့်တူ၏။

သောက = ပျက်စီးခြင်းတရားသည် ဉာတိဗျသန–ဆွေမျိုးပျက် စီး၊ ဘောဂဗျသန–စည်းစိမ်ဥစ္စာပျက်စီးခြင်း၊ ရောဂဗျသန–ရောဂါကြောင့် ပျက်စီးခြင်း၊ သီလဗျသန–သီလပျက်ခြင်း၊ ဒိဋ္ဌိဗျသန–အယူပျက်ခြင်း ဟူ၍ ငါးပါးရှိ၏။ ၎င်းသောကဟူသည် ဤငါးပါးတွင် တစ်ခုခုကြောင့် စိုးရိမ် ခြင်းတည်း၊ မီးလောင်ကျွမ်းသည်နှင့်တူ၏၊ ဒေါမနဿဝေဒနာတည်း၊ ငြောင့် တံသင်းနှင့်တူ၏။ သောကအားကြီးသောပုဂ္ဂိုလ်အား နှလုံးသား၌ အနာ ပေါက်ကာ ဒုက္ခရောက်တတ်သည်၊ ပါးစပ်မှ မည်းသောသွေးများ ထွက်

တတ်သည်၊ ကိုယ်ကိုအားကြီးစွာ ဒုက္ခပေးတတ်၏။ အဆိပ်လူး မြားစူး ဝင်သည်နှင့်တူ၏။ မီးရဲရဲ ပူသောစဉ်းသွားကဲ့သို့ တစ်ဖန်တလဲလဲ ပူလောင်တတ်သည်၊ ဖျားနာခြင်းကို ဖြစ်စေတတ်၏။ အိုခြင်း၊ နာခြင်း သေခြင်းကို ဆောင်တတ်၏။

06

ပရိဒေဝ = ငိုမယား၊ ငိုလင်စသည်ဖြင့် ငိုကြွေးခြင်းသည် ပရိဒေဝမည်၏။ ဤပရိဒေဝသည် ဉာတိဗျသနစသည်ကြောင့် အဖန်တလဲလဲ ငိုမြည်တမ်းခြင်းလက္ခဏာရှိ၏။ ငါ၏သား လင်သား မယားကား ဘယ်ကဲ့သို့ ဘယ်ညာကဲ့သို့စသည်ဖြင့် ပြောကြားခြင်းကိစ္စရှိ၏။ စီးပွားစသည်ရှိ မရှိကိုလည်းကောင်း၊ ရှက်ကြောက်သင့်သည်ကိုလည်းကောင်း မစိစစ် မဝေဖန်ပဲ ပုဂ္ဂိုလ်အား ဝေနောက်စေတတ်၏ဟူ၍ ဉာဏ်အားထင်တတ်၏။ သခါရဒုက္ခ၏အဖြစ်ကြောင့်လည်းကောင်း၊ ဆင်းရဲခြင်းတည်ရာ၏အဖြစ်ကြောင့်လည်းကောင်း ဒုက္ခမည်၏၊ ငိုကြွေးသောသူသည် လည်ချောင်း အာစောက် နှုတ်ခမ်းတို့၏ ခြောက်သွေ့ခြင်းကြောင့် ကြီးစွာသောဒုက္ခဖြစ်၏၊ ထိုထက်လည်း အဆပေါင်းများစွာ ဒုက္ခကို ပေးတတ်လေ၏။

ဒုက္ခ = လက်ခြေစသည် အဖြတ်ခံရ၍လည်းကောင်း၊ အနာစသည်ကြောင့်လည်းကောင်း အနာဖြစ်တတ်သည်၊ ပိုးလောက်ကျတတ်သည်၊ ခွက်လက်စွဲကာ တောင်းစားရသည်၊ ဇရုပ်၌ နေရ၏။

ဒေါမနဿ = နှလုံးမသာယာသောသူသည် ဆဲပင်ကို ဖားရားချ၍ ရင်ကိုလည်း ထုတတ်သည်။ မြေ၌ လူးလိမ့်တတ်သည်၊ ကမ်းပါးပြတ်မှ ခုန်ချတတ်သည်၊ ဓားဖြင့် ထိုးတတ်သည်၊ အဆိပ်ကို စားမျိုတတ်သည်၊ ဆွဲကြိုးချသေတတ်သည်၊ မီးရှို့တတ်သည်၊ ဤသို့ အမျိုးမျိုးကို ကြံစည်စိတ်ကူးတတ်သည်။

ဥပါယာသ = ကိုယ်စိတ်ပင်ပန်းခြင်းသည် ဥပါယာသမည်၏။ လူတစ်ယောက်ကို မင်းသည် သူ၏စည်းစိမ်ကို ယူတတ်သည်၊ သားသမီးများကို သတ်သည်၊ ထိုသူသည် မင်းဒဏ်ကိုကြောက်၍ ထွက်ပြေးရသည်။ တောထဲ၌ အစာရေစာငတ်ပြတ်သည်၊ အနေအထိုင် အစားအသောက် အိပ်ခြင်းမှစ၍ ဒုက္ခရောက်ရသည်။ ထိုသူသည် မင်းသည် ငါ၏ ဆွေမျိုးများကို သတ်၏၊ ငါ၏ ဆွေမျိုးများ၏ ပစ္စည်းဥစ္စာကို လု၊ယူ၏ဟု များစွာသော ဒေါမနဿ နှလုံးမသာယာခြင်းဖြစ်သည်။

သောကသည် ဆီအိုးကျက်နေသည်နှင့်တူ၏။ ပဋိဃသည် ဆီအိုးဝေကျသည်နှင့်တူ၏။ ဥပါယာသသည် ဆီကျန်ကား အိုးထဲ၌ပင် ပန်းခြောက်ရသည်နှင့်တူ၏။

အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခ = မချစ်မနှစ်သောသူနှင့် အတူနေရ၍ စိတ်စသည် ဆင်းရဲခြင်းသည် အပ္ပိယေဟိ သမ္ပယောဂ ဒုက္ခမည်၏။ မချစ်နှစ်သောသူတို့နှင့်အတူ နေရ၍ ဤသူက ငါ၏အကျိုးစီးပွားမဲ့ကို ပြုတတ်သည်စသည်ဖြင့် စိတ်မချမ်းသာခြင်းဖြစ်သည်။ ဤသူသည် လည်း ကာမယောဂစသော တရားတို့နှင့် မကင်းသည်ဖြစ်၍ နိဗ္ဗာန်မဖေး၏။ တချို့သောသူတို့အား ထိုသူ၏ မကောင်းကျိုးကိုလည်း ကြံစည်စိတ်ကူးပြုလုပ်တတ်၏။ မိမိ၏ သဒ္ဓါစသော သူတော်ကောင်းတရားကို ပျက်စီးစေတတ်သည်။ ထိုဥပါယာသတရားသည် မကောင်းသောအာရုံများ စုဝေးစေတတ်သည်။ စိတ်၏ ပင်ပန်းခြင်းကိစ္စရှိ၏။ အနိဋ္ဌာရုံစသည် ကြောင့် မိမိကိုယ်ကိုလည်းကောင်း၊ သူတစ်ပါးကိုလည်းကောင်း သတ်ခြင်း ဖြတ်ခြင်းစသည်ဖြင့် ဒုက္ခပေးတတ်သည်။

ဝိယေဟိ ဝိယောဂ ဒုက္ခ = ဤတရားသည် ဤသည်ကား ငါ၏ အမိ၊ ငါ၏ အဖ၊ ငါ၏ လင်းမယား သားသမီး၊ ဥစ္စာဓနဥစ္စာကျောင်း

ငံ့ကျွဲ ငံ့လယ် စသည်ဖြင့် စွဲလမ်းတတ်သည်။ ဤတရားကား အလိုရှိအပ်သောဝတ္ထုတို့မှ ကွေကွင်းခြင်းလက္ခဏာရှိ၏၊ သောကကို ဖြစ်စေခြင်းကိစ္စရှိ၏၊ ပျက်စီးခြင်းလျှင် ရှေ့ရှုထင်၏၊ မိမိခန္ဓာကိုယ်ကို ခန်းခြောက်စေတတ်၏။

ယမ္မိစ္ဆံ န လဘတိ၊ တမ္မိ ဒုက္ခံ = ဤတရားကား တောင်းတသည်ကို မရ၍ ဆင်းရဲခြင်းဒုက္ခဖြစ်ရသည်။ မိမိကိုယ်ကို မအိုပါစေနှင့်၊ မနာပါစေနှင့်၊ မသေပါစေနှင့် စသည်ဖြင့် တောင်းတတ်သည်၊ သူ့ဌေးသူကြွယ် ပဒေသရာဇ် ကေရာဇ်မင်း၏အဖြစ်ကို တောင်းတ၍ မရခြင်းကြောင့် ကိုယ်စိတ်ဆင်းရဲရသည်၊ လောကဌ် တချို့လူများတို့ကား ပစ္စည်းဥစ္စာလိုချင် ခိုးခြင်း မားပြတိုက်ခြင်းအမှုကို ပြုကြသည်။ မင်းပြစ်မင်းဒဏ်သင့်သည်၊ တစ်တိုင်းပြည်နှစ်တိုင်းပြည် လက်နက်အမျိုးမျိုးဆင်ကာ စစ်ဖြစ်ကြသည်။ တချို့ကာ မင်းကို ပုန်ကန်၍ တောထဲမှာနေရ သည်။ အစားဆင်းရဲ အဝတ်ဆင်းရဲ အနေဆင်းရဲ သားကွဲ မယားကွဲ အိမ်ပစ်ယာပစ်နေကြသည်။ နောက်ပိတ်ဆုံး ဟိုဘက်သည်ဘက် ခြေကျိုးလက်ကျိုး အသက်ဆုံးကြရသည်။ တချို့က မိမိတိုင်းပြည်ကို စွန့်ခွာ၍ တစ်တိုင်းတစ်ပြည်မှာ နေကြရသည်။ ပုထုဇဉ်တို့ကား ကြောက်ဖွယ်ကောင်း၏၊ ရွံဖွယ်ကောင်း၏။

သံဒိဋ္ဌေန ပဋ္ဌပါဒါနက္ခန္ဓာ ဒုက္ခာ = အကျဉ်းအားဖြင့်ကား ဤခန္ဓာငါးပါးနှင့် ပတ်သက်သမျှ ဒုက္ခသတည်း။ မီးသည် မီးစာကို နှိပ်စက်သည်၊ လက်ရိုက်သည့်တံဆိပ်ကို နှိပ်စက်သည်။ ခြင်မှက်စသည်တို့သည် နွားများကို နှိပ်စက်သည်။ စပါးရိတ်သောသူတို့သည် စပါးပင်ကို နှိပ်စက်သည်။ ခိုးသူဓားပြတို့သည် မြို့ရွာကို နှိပ်စက်သည်၊ မင်းသည် မင်းဒဏ်သင့်သူကို နှိပ်စက်သည်။ နည်းတူ ဇာတိစသော တရားတို့သည်

ခန္ဓာငါးပါးကို နှိပ်စက်တတ်သည်။ မြက်နွယ်စသည်တို့သည် မြေ၌ ဖြစ်ကုန်သကဲ့သို့လည်းကောင်း၊ အသီးအပွင့်စသည်တို့သည် သစ်ပင်၌ ဖြစ်ကုန်သကဲ့သို့လည်းကောင်း၊ ဤခန္ဓာငါးပါးတို့သည် ဇာတိအစ ဇရာအလယ် မရဏအဆုံးရှိကုန်၏။

* မီး တံဆိပ် ခြင်၊ မြက်ရိတ်ပင်၊ ခိုးလျှင် မင်းနှိပ်စက်။

မီးပုံကြီးပမာ ဤသံသရာ

ရှုပါရုံစသော လောကီအာရုံ ကာမဂုဏ်တရားတို့၏တည်ရာ သားသမီး သားမယား လယ်ယာကျွဲနွား ရွှေငွေဥစ္စာများ အိမ်ကျောင်း ပြာသာဒ် အဆောက်အဦး မြေ ရေ လေ မီးခေါ် ဤသုံးဆယ့်တစ်ဘုံလောကကြီး သည်ကား လိုက်စားသမျှ သတ္တဝါတို့အား သက်သာရ မပေးပေ။ အကျိုးနည်းအောင် လုပ်တတ်၏။ မသိမလိမ္မာ ဉာဏ်ပညာနည်းသောသူတို့ကား သခ်ါရနယ်ရှိသမျှ လိုက်စားကြ၏။ သူငွေး သူကြွယ် ပဒေသရာဇ် ကေရာဇ် မန္ဒာတ်မင်းတို့၏ စည်းစိမ်၊ သိကြားသုရာ သန္ဓာသိတ သုနိမ္မိတစသော နတ်မင်း နတ်မိဖုရားတို့၏ စည်းစိမ်၊ ရူပဗြဟ္မာ အရူပဗြဟ္မာတို့၏ လောကီစွာန် လောကီအဘိညာဉ်ကို ရခြင်းထက် မီးပုံကြီးကို ဖက်၍နေခြင်းကမြတ်သေး၏။

ခွန်အားရှိသော ယောကျ်ားသည် သားရေကြိုးဖြင့် ခြေသလုံးကို ပွတ်တိုက်၍ အရေထူ အရေပါး အကြော အသား အရိုး ရိုးတွင်းခြင်ဆီတို့၏ ဖြတ်ခြင်းကို ခံရက မြတ်သေး၏။ လောကီအာရုံ ကာမဂုဏ်ကို လိုက်စားခြင်းက မမြတ်ပေ။ အားရှိသောယောကျ်ားသည် လှံဖြင့် ရင်ဝကို အထိုးခံရက မြတ်သေး၏။ လောကီအာရုံ ကာမဂုဏ်ကို လိုက်စားက မမြတ်ပေ။ တပြောင်ပြောင်တောက်လောင်နေသော သံပြားပူဖြင့် ခန္ဓာ

ကိုယ်ကို အကပ်ခံက မြတ်သေး၏။ ကာမဂုဏ်ကို လိုက်စားခြင်းက မမြတ်ပေ၊ တပြောင်ပြောင်တောက်လောင်နေသော သံတွေခဲကို ပါးစပ်မှာ အထည့်ခံရခြင်းက မြတ်သေး၏။ ကာမဂုဏ်ကို လိုက်စားခြင်းက မမြတ်ပေ။

အားရှိသောယောကျ်ားသည် အလှျံပြောင်ပြောင် တောက်လောင်နေသော ညောင်စောင်းမှာ အိပ်နေခြင်းက မြတ်သေး၏။ ကာမဂုဏ်ကို လိုက်စားခြင်းက မမြတ်ပေ။ သံရေပူအိုးထဲမှာ အထည့်ခံရခြင်းက မြတ်သေး၏။ ကာမဂုဏ်ကို လိုက်စားခြင်းက မမြတ်ပေ။ ဓားစက်လှံစက်ထဲမှာ အထည့်ခံရခြင်းက မြတ်သေး၏။ ကာမဂုဏ်ကို လိုက်စားခြင်းက မမြတ်ပေ။ ချောက်ကမ်းပါးသို့ တွန်းချခံရခြင်းက မြတ်သေး၏၊ ကာမဂုဏ်ကို လိုက်စားက မမြတ်ပေ။

တိကဂုတ္တရပါဠိတော် (၁၃၃)၌ ပုထုဇဉ်တို့ကား တဏှာ မာန ဒိဋ္ဌိ လမ်းကြ၏၊ ဝိပဿနာပညာဖြင့်သာလျှင် ကိလေသာမှ လွတ်တတ်၏ဟု ဟောတော်မူ၏။

* သားရေ လှန်ထား၊ သံပြားများ၊ အိပ်ငြား သံတွေခဲ။

ညောင်စောင်း သံ ရေ၊ ဓားစက်ပေ၊ တွန်းလေချောက်ကမ်းထဲ။

ဥပဝါဏရဟန်းနှင့် ဘုရားရှင်

ဥပဝါဏရဟန်းက မေး၍ ဘုရားရှင်းက ဖြေတော်မူသည်။

မေး ဒုက္ခသည် မိမိကြောင့် ဖြစ်လေသလော။

ဖြေ မဟုတ်။

မေး သူများကြောင့် ဖြစ်လေသလော၊

ဖြေ မဟုတ်။

မေး အလိုအလျောက်ဖြစ်လေသလော၊

ဖြေ မဟုတ်။

မေး ဒုက္ခမရှိသလော။

ဖြေ လောဘစသော ဥပါဒါန်တရားတို့၏အာရုံဖြစ်သည်။ ဤဥပါဒါန်ကွန္ဓာကား အနိစ္စ ဒုက္ခ အနတ္တတရားဖြစ်၍ ပဋိစ္စသမုပါဒ်တရားကြီးသည် ဒုက္ခကို ပြုတတ်၏ဟု "ဇာတသ မရဏံ ဟောတိ" စသော သဂါထာဝဂ္ဂသံယုတ်ပါဠိတော် လာ (၁၁၃) ဒေသနာတော်ကို ဟောတော်မူလေသည်။

အရှင်သာရိပုတ္တရာနှင့်သာမေဏကပရိဗိုဇ်

သာမေဏကပရိဗိုဇ်သည် အရှင်သာရိပုတ္တရာအား အရှင်ဘုရား နိဗ္ဗာန်ဟူသည် အဘယ်ကို ခေါ်ပါသနည်း၊ နိဗ္ဗာန်ကို ရောက်ကြောင်း လမ်းခရီးကား ရှိပါ၏လောဟု လျှောက်၏။ အရှင်သာရိပုတ္တရာက နိဗ္ဗာန်ဟူသည် ရာဂ ဒေါသ မောဟကုန်ခြင်းကို ခေါ်သည်။ ၎င်းနိဗ္ဗာန်သို့ ရောက်ကြောင်းခရီးသည် မဂ္ဂင်ရှစ်ပါးတည်းဟု သဉ္ဇာယတနသံယုတ် ပါဠိတော် (၄၅၅)၌ ဟောတော်မူသည်

ဒုက္ခကင်းစင် နိဗ္ဗာန်ဝင်

တိကဂုံတ္တရပါဠိတော် (၂၆၁)၌ ဘုရားရှင်သည် ငါကား သုခသောမနဿတည်းဟူသော သာယာခြင်း အသာဒ၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဝိပရိဏာမတည်းဟူသော အပြစ် အာဒီနဝ၊ ဆန္ဒရာဂစသည်မှ လွတ်

မြောက်ရာ နိဗ္ဗာန်တည်းဟူသော နိဿရဏကို သိ၍ သမ္မာသမ္ဗုဒ္ဓအမည် ရသည်ဟု ဟောတော်မူ၏။။

ပျော်ပျော်ပါးပါး နိဗ္ဗာန်များ

အကြင်သူသည် လောဘစသော အာသဝတရားတို့၏ ကုန်ခြင်းငှာ ထိတ်လန့်အပ်သော ရွံပါရုံစသည်တို့၌ ထိတ်လန့်ရသည်၊ ထိတ်လန့်အပ်သော တရားတို့၏လည်း အားထုတ်ခြင်းရှိရသည်။ ပစ္စုပ္ပန်ဘဝ၌ပင် ဝမ်းမြောက်ဝမ်းသာနေရသည်ဟု ကွတိဝုတ်ပါဠိတော် (၂၁၅)၌ ဟောတော်မူသည်။

ဤကာမာသဝစသည်တို့.ကို စက္ခုပသာဒရုပ်တို့.မှ ယိုစီးတတ်သောကြောင့် အာသဝဟု ခေါ်၏။ အရက်နှင့်လည်း တူ၏၊ မူးယစ်စေတတ်၏၊ သံသရာဆင်းရဲကို ယိုစီးစေတတ်သောကြောင့်လည်း အာသဝခေါ်၏။။

ဤတရားသည် ပစ္စုပ္ပန်ဘဝ၌ သူတစ်ပါး မတရားစွပ်စွဲခြင်းကို ခံရတတ်၏၊ နှလုံးမသာရွှင်ခြင်းကိုလည်း ဖြစ်စေတတ်၏၊ အချင်းချင်း သတ်ဖြတ်ခြင်း၊ နှောင်ဖွဲ့ခြင်းကိုလည်း ဖြစ်စေတတ်၏၊ သံသရာ၌ကား အပါယ်သို့ ကျရောက်တတ်၏၊ ဖြစ်လေရာဘဝတို့၌ အစစအရာအရာ အောက်တန်းစားဘဝတို့၌ ကျရောက်စေတတ်၏။။ ထို့ကြောင့် ဤတရားများ ကင်းပျောက်ဖို့လည်း လို၏၊ ကင်းပျောက်မှ ပစ္စုပ္ပန်၌ ဝမ်းမြောက်ဝမ်းသာနေရ၍ သံသရာမှ လွတ်မည်။။

ထို့ကြောင့် ဇာတိ ဇရာ ဗျာဓိ မရဏ၊ အပါယ်ဒုက္ခ၊ အတိတ်ဝဋ်ဆင်းရဲဒုက္ခ၊ အနာဂတ်ဝဋ်ဆင်းရဲဒုက္ခ၊ ပစ္စုပ္ပန်၌ အာဟာရကို ရှာမှီးရခြင်းဒုက္ခစသည်တို့.ကို ပညာဉာဏ်ဖြင့် ရှုဆင်ခြင်ရသည်။။ တစ်နည်းအားဖြင့်ကား ရာဂမီးစသည်ဖြင့် ရဲရဲပြောင်ပြောင်တောက်လောင်နေ၏။။ မဟုတ်

သည်၌ အားထုတ်တတ်၏။ အကုသိုလ်တရားကို ကြိုးစားတတ်၏၊ အပါယ်လမ်းအဟုက် ကျင့်ကြံကြ၏။ သံသရာကို အဓွန့်ရှည်စေတတ်၏၊ စောင့်ရှောက်ခြင်းကင်း၏၊ ကိုယ်ပိုင်အစိုးရခြင်းဟူသော ဘယ်တရားမှ မရှိ၊ ကိုယ်ပိုင်ဥစ္စာမရှိ၊ အလုံးစုံကို ထားခဲ့၍ သွားရ၏။ ဤလောကီတရားကား လောကုတ္တရာတရားမှ ဆုတ်ယုတ်၏။ ကာမဂုဏ်ကို ခံစား၍ ရောင့်ရဲခြင်းမရှိ၊ တဏှာကျွန်တည်း၊ ထို့ကြောင့် သံသရာတို့ ငြီးငွေ့ကာ ဝိပဿနာတရားကို ပွား၍ ပဋိစ္စသမုပ္ပါဒ်ကို ရပ်စေရာ၏။

ဘုရားရှင်၏ တရားတော်ဟူသည် မကောင်းသော ရွှပါရုံစသော တရား‌တို့ကို မကောင်းသောအကျိုးကို ပေးတတ်၏ဟု ရှုရသည်။ လောက၌ ရွှပါရုံစသော တရား‌တို့ကို ငြီးငွေ့အောင် ကျင့်ဆောင်သည်၊ သို့မှသာ လောဘစသော အာသဝ၊ ကိလေသာတရား‌တို့မှ လွတ်ရမည်ဟု ဘုရားရှင် ဟောတော်မူသည်။ ဣတိဝုတ်ပါဠိတော် (၂၁၈) ၌ ရှု။

ဣတိဝုတ်ပါဠိတော် (၂၂၀)၌လည်း ဘုရားရှင်သည် "အတ္ထိ ဘိက္ခဝေ အဇာတံ" စသည်ဖြင့် ဤသတ္တဝါတို့အား အကယ်၍ ရုပ်နာမ်တရားများ မဖြစ်ငြားအံ့၊ ဖြစ်အောင် အကြောင်းတရားများကို မပြုငြားအံ့၊ ထိုသို့မပြုသောသူအား ရုပ်နာမ်တရားများ မဖြစ်သည်ရှိသော် နိဗ္ဗာန် ဟူ၍ ဟောတော်မူ၏။

ပုထုဇဉ်သတ္တဝါတို့သည်ကား ဘုံသုံးပါး၌ မွေ့လျော်တတ်ကြ၏၊ ဘုံသုံးပါး၌ တဝဲလည်လည် ကျင်လည်တတ်ကြ၏။ ထိုပုထုဇဉ်တို့အား ဘယ်သူဖြစ်ဖြစ် ဝဋ်ကင်းရာ တရားများကို ဟောသည်ရှိသော် စိတ်သည် မသက်ဝင် မကြည်လင် မယုံကြည်တတ်၊ သမာဓိမရ၊ နားမထောင်စိတ်ကား တွန့်တတ်၏။ တချို့ကား ဝဋ်ကင်းရာ တရားများကို ဟောကြားသည်ရှိသော် ဤလောကသည် မြဲ၏၊ ဤလောကသည် မမြဲ၊ ဤလောက

သည် သေလျှင်ပြတ်၏၊ ဤလောကသည် သေလျှင် မပြတ်စသည်ဖြင့် စိတ်သည် ပြေးလွှားတတ်၏၊ ပညာစက္ခုအမြင်ရှိသောသူတို့သည်သာလျှင် ဟုတ်မှန်သည့်အတိုင်း မြင်၏။ ဟုတ်မှန်သည့်အတိုင်း မြင်သောကြောင့် လောကသံသရာ၌ ငြီးငွေ့ခြင်းငှာ, ရာဂကင်းခြင်းငှာ, ရုပ်နာမ်များချုပ်ခြင်းငှာ ကျင့်တတ်ပေ၏။ ထို့ကြောင့် ပညာစက္ခု အသိရှိဖို့ လိုသည်၊ သို့မှသာ သံသရာက လွတ်ပေမည်။

10

ဘုရားရှင်နှင့်ဇာတသောဏိပုတ္တား

ဇာတသောဏိပုတ္တားက ဘုရားရှင်အား နိဗ္ဗာန်သည် မျက်မှောက်၌ အကျိုးရှိ၏ဟု ဆို၏။ အဘယ်သို့ အကျိုးရှိသနည်း၊ အခါမလင့် အကျိုးကို ပေးခြင်း၊ လာလှည့် ရှုလည့်ဟု ခေါ်ခြင်း၊ ကပ်၍ဆောင်ခြင်း ပညာရှိတို့သည် အသီးအသီးသိအပ်သောသလောဟု လျှောက်၏။

ဘုရားရှင်က ဇာတသောဏိပုတ္တား အကြွင်းမဲ့ ရာဂ ဒေါသ မောဟ ကုန်ခြင်းကို ခံစားရ၏။ ဤသို့ နိဗ္ဗာန်သည် 'သွာက္ခာတော ဘဂဝတာ ဓမ္မော'ဟူသည်နှင့်အညီ ဘရားဂုဏ်တော်ခြောက်ပါးနှင့် ပြည့်စုံသည်ဟု တိကဂုတ္တရပါဠိတော် (၁၅၉)၌ ဟောတော်မူ၏။

ကျောက်တုံး၏ ရေ၌ ပေါခြင်း၊ ထောပတ်၏ ရေ၌ မြုပ်ခြင်း မဖြစ်နိုင်သကဲ့သို့ မဂ္ဂင်ရှစ်ပါးကို မပွားဘဲ နိဗ္ဗာန်ကို မရနိုင်၊ မဂ္ဂင်ရှစ်ပါးကို ပွားများက တောင်ထိပ်၌ ရွာသောမိုးသည် တောင်အောက်ရှိ ရေအိုင်ငယ်၊ ထိုနောက် ရေအိုင်ကြီး၊ ထိုနောက် ချောင်းမြောင်း၊ ထိုနောက် မြစ်သမုဒ္ဒရာတို့ကို ပြည့်စေသကဲ့သို့ နိဗ္ဗာန်သို့ ပြည့်စေနိုင်သည်။

(သံသရာဒုက္ခကို သာမာဝတီမိဖုရား၏ ဒုက္ခ၊ သောရေယျသူဌေးသား၏ ဒုက္ခ၊ ဝိဇ္ဇုဇျောတို့၏ဒုက္ခ၊ ဒု-သ-နု-သော သူဌေးသားလေး

ယောက်တို့.၏ဒုက္ခ၊ အရှင်မောဂ္ဂလာန်၏ဒုက္ခ၊ ဗိမ္မိသာရမင်း၏ဒုက္ခ၊ သုပ္ပဗုဒ္ဓ၏ စသည်တို့.ကို သိပါလေ)

* * * *

တိုက်တွန်းချက်

သီလက္ခန္ဓေ ပတိဋ္ဌာယ၊ သတိပညဉ္စ ဘာဝယံ။
ပါပုဏိ အနုပုပ္ပေန၊ သဗ္ဗသံယောဇနက္ခယံ။
(ကာဠိဂါဓယုတ္တာဘဒ္ဒိယထေရဂါထာပါဠိတော်၊ ၃၃၇)

သီလက္ခန္ဓေ–ပါတိမောက္ခသံဝရသီလ ဣန္ဒြိယသံဝရသီလ အာဇီဝ ပါရိသုဒ္ဓိသီလ ပစ္စယသန္နိဿိတသီလစသော သီလတရားအကြောင်းများ၌၊ ပတိဋ္ဌာယ–မျက်စိတစ်လုံးရှိသောသူသည် ထိုမျက်စိတစ်လုံးကို ပို၍ ချစ်သည်၊ စာမရှိသားကောင်သည် သူ၏အမြီးကို ပို၍ချစ်ခင်သည်၊ သားတစ်ယောက်တည်းသာရှိသော မိခင်သည် ထိုသားကို ပို၍ချစ်ခင်သည်ထက် အဆပေါင်းသိန်းသောင်းမက မိမိ၏ သီလကို ချစ်ခင်၍တည်၍၊ သတိဉ္စ–မက်ဖိုလ်ဉာဏ်ကို ရခြင်းငှာ ဗောဓိပက္ခိယတရား သုံးဆယ့်ခုနစ်ပါးအပါအဝင် သတိပဋ္ဌာန်ဘာဝနာကိုလည်းကောင်း၊ ပညဉ္စ–မက်ဖိုလ်နိဗ္ဗာန် ရောက်ဖို့.အလို့.ငှာ မဂ္ဂင်ရှစ်ပါးအပါအဝင် သမ္မာဒိဋ္ဌိမဂ္ဂင်ကိုလည်းကောင်း၊ ဘာဝယံ ဘာဝယန္တော–အရိုးကြေကြေ အရေခန်းခန်း မနေမနား တကယ်တမ်း ကြိုးစား၍၊ အနုပုပ္ပေန–နာမရုပ ပရိစ္ဆေဒဉာဏ်ကစ၍ အစဉ်အတိုင်း၊ သဗ္ဗသံယောဇနက္ခယံ–အလုံးစုံသောသတ္တဝါတို့.ကို သံသရာ၌ ဖွဲ့.ချည်တတ်ညစ်နွမ်းစေတတ်သော လောဘစသော သံယောဇဉ်ကို ကိလေသာတရားတို့.၏ ကုန်ရာခန်းရာ မြတ်ခေမာသို့.၊ ပါပုဏိ–ရဟန္တာဖြစ်၍ နောင်တစ်

ဖန် ဒုက္ခပေးတတ်သော ဇာတိ ဇရာ မရဏတရားများ ပြန်၍မလာသော အားဖြင့် ရောက်ပြီးသည်သာတည်း။

* * * *

11

ကျမ်းပြီးနိဂုံး

ကြာမိနာ ပုညကမ္မေန၊ ပညာမိကော ဘဝါမဟံ။
ကြာန္တိတ္ထော စ ပါဏီနံ၊ သုခေနေဝ သမိဖ္ဖတု။

(ပထျာဝတ္တုဂါထာ)

အဟံ–ရူပ်နာမ်နှစ်ဖြာ ခေါ်ကာသမုတ် အကျွန်ုပ်သည်၊ ကြာမိနာ ပုညကမ္မေန–ပဋိစ္စသမုပ္ပါဒ်အကြောင်း သိကောင်းစရာ မှတ်ဖွယ်သာသည့် သညာတင့်ဆန်း ဤမည်သောကျမ်းကို ကြိုးပမ်းအားထုတ် ပြုလုပ်ရသော ကောင်းမှုရှိန်ဝါ စေတနာကြောင့်၊ ပညာမိကော–နန်းနိဗ္ဗာန်မရမချင်း ဘဝ တိုင်းဘဝတိုင်းအတွင်း၌ ဝရဖိန်စက်ပမာ ပညာဉာဏ်ရောင် လက်လက် ဝေ၍ ထိန်ထိန်ပြောင်သော အမျိုးကောင်းသားသည်၊ ဘဝါမိ–ကြံတိုင်း အောင် ဆောင်တိုင်းမြောက် စိတ်ဆင်တိုင်းပေါက်ရောက်ရပါလို၏၊ ပါဏီနံ–ကြင်းကျန်များစွာ မိဖဆရာ အစ်ကိုညီမ အစ်မစသည့် အလုံးစုံသော သတ္တဝါတို့.အား၊ ကြာန္တိတတ္ထော စ–ကြဲစည်တောင်းတ လုံးဝအကျိုး ပြည့်ဖြိုးကြွယ်စုံ ကုံလုံခြင်းသည်လည်း၊ သုခေနေဝ–စိတ်ချလက်ချ ကိုယ်စိတ် ချမ်းသာသုခဖြင့်သာလျှင်၊ သမိဖ္ဖတု–ကိုယ့်နည်းကိုယ့်ဟန် ကိုယ်အကြံ ဖြင့် အလိုရှိတိုင်း မဆုတ်ဆိုင်းဘဲ ပြီးပြည့်စုံပါစေသတည်း။

ပဋိစ္စသမုပ္ပါဒ်အကြောင်း သိကောင်းစရာ ပြီး၏။

* * * *

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ

အလှူတကာတို့တွင် တရားအလှူသည် အမြတ်ဆုံးဖြစ်၏။

ဣဆ္ဆာသယပိဋကတ်စာအုပ်ဆိုင်